
www.burmeseclassic.com

# ဘိုးမင်းခေါင်

## ဂန္ဓာရီခရီးသွားမှတ်တမ်းများ



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၄၈၀၀၅၀၄
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၅၇၄၀၅၀၅
ပုံနှိပ်ခြင်း - (ပထမအကြိမ်)
ထုတ်ဝေသည့်လ - ၂၀၀၅-ခုနှစ်၊ ဇွန်လ၊ ဇူလိုင်လ
တန်ဖိုး - ၁၀၀၀ ကျပ်
အုပ်ရေ - ၅၀၀
အတွင်း+အဖုံးပုံနှိပ်သူ - ဦးမောင်မောင်လေး (၀၇၀၅၁)
စန္ဒာဝင်းပုံနှိပ်တိုက်
၂၀၉/ ၃၆လမ်း
ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။
ထုတ်ဝေသူ - ဦးနှင်းဆွေ (၀၉၈၃)
ပန်းလက်ဆောင်စာပေ
၅၁၆(ခ)၊ ပုလဲ ၄-လမ်း။
၅-ရပ်ကွက်၊ မ/ဥက္ကလာပ
ရန်ကုန်မြို့။

တစ်နေ့သောအခါ ကျွန်ုပ် ဂမ္ဘီရစာရေးဆရာကြီး အိမ်းကြာသိုက်သည် ထူးခြားဆန်းကြယ်လှသော ရသေ့ကြီးတစ်ပါးနှင့် တောတောင်တစ်နေရာရှိ စေတီလေးတစ်ဆူတွင် အမှတ်မထင် ပုတီးစိပ်တရားထိုင်ရင်း မမွှမိတ်ဆွေ ဖြစ်သွားခဲ့ကြရာ ထိုရသေ့ကြီး စတုရင် ပြန်လည်ပြောပြသည်တို့ကို ဂမ္ဘီရစာဖတ်ပရိသတ်ကြီးအတွက် မှတ်တမ်းတင် ရေးသားပြုစုလိုက်ပါ၏။

ထိုကဲ့သို့ မှတ်တမ်းတင်ရေးသားပြုစုရာတွင် ကျွန်ုပ်အိမ်းကြာသိုက်၏ဝတ္ထုများ ရေးသားနေကြပုံပန်ပန် မျိုးဖြင့် မဟုတ်ဘဲ ရသေ့ကြီး စတုရင်၏မှတ်တမ်းအဖြစ် မျိုးဖြင့်သာ ရေးသားတင်ဆက်လိုက်လေရာ ဂမ္ဘီရစာဖတ်ပရိသတ်ကြီးအဖို့ ဖိုမိုခံစားရလိမ့်မည်ဟု မှတ်ထင်ယုံကြည်ယူဆမိပါကြောင်း။

ဂမ္ဘီရစာရေးဆရာကြီး
အိမ်းကြာသိုက်

www.burmeseclassic.com

www.burmeseclassic.com

ရှေ့လူများစွာ
လေ့ကျက်ရာ
လိုက်ပါမမှားကြောင်း။
ကောင်းမှုဖြာဖြာ
　　ကိုယ့်ကံသာ
မြဲကာထပ်ဆင့်လောင်း။

ရသေ့ကြီး စတုရင်္ဂသည် သီလသမာဓိ ရင့်ကျက်လာသည့်အလျောက် ပညာစခန်းသို့ဝင်ရန် ကြိုးပမ်းလျက် ရှိနေလေသည်။

ထိုအခါ အစဉ်အဆက် ဆုံးမခဲ့သော သူတော်စင်အပေါင်း ဆရာကောင်းတို့၏ စကားကို ပြန်လည်ကြားယောင်လာ၏။ ရှေးသူတော်ကောင်းတို့လျှောက်လှမ်းသော လမ်းစဉ်အတိုင်း တသွေမတိမ်း လိုက်ပါဆောင်ရွက်ပါက မှားယွင်းချွတ်ချော်နိုင်မည် မဟုတ်ပေ။

သူတော်ကောင်းတို့က အပြစ်ရှိသည်ဟုဆိုကာ ပယ်ရှားထားခဲ့သော အရာတို့ကို မိမိလည်း ပယ်ရှားရပေမည်။ ရှေးသူတော်ကောင်းတို့



က အလေးထားလိုက်နာသော သီလနှင့်ပတ်သက်သည့် ဆင်ခြင်စောင့်ထိန်းစရာများကို ဈာန်လမ်းနှင့် ကံလမ်း လိုက်သော ဂန္ထိရကျင့်စဉ်ကျင့်သူတိုင်း လိုက်နာဆောင်ရွက်ရပေမည်။ သူတော်ကောင်းတို့သည် အပြစ်ရှိသော အကုသိုလ်ဒုစရိုက်လုပ်ငန်းကို လုပ်လေ့မရှိပေ။

သို့သော် မဂ်ဖိုလ်နှင့် မသက်ဆိုင်သော မိစ္ဆာဒိဋ္ဌိ(၆၂)ပါးနောက်သို့ကား လိုက်ကောင်းလိုက်မိကြမည်သာ ဖြစ်သည်။ ရသေ့ကြီးစတုရင်္ဂက မိစ္ဆာဒိဋ္ဌိ(၆၂)ပါးကိုပါ ဆင်ခြင်ကာ ဖြူစင်သောလမ်း(ဝိသုဒ္ဓိမဂ်)အတိုင်း သီလသမာဓိပညာစခန်းကို တက်လှမ်းရန် ကြိုးစားနေသူသာ ဖြစ်လေသည်။

ပါရမီ ၁၀-ပါးကျင့်စဉ်များကို တတ်အားသမျှ ဖြည့်ကျင့်ရာ၌ 'အနန္တနယ' ဆရာသခင်၏ လမ်းညွှန်မှုများကို ပြန်၍ ကြားယောင်လာမိတော့သည်။

"မြတ်ဗုဒ္ဓသာသနာမှာ ပါရမီရင့်ကျက်လို့ အချိန်တန်လာတဲ့ ပုဂ္ဂိုလ်တွေဟာ 'အကာလိကော' ဆိုတဲ့ တရားဂုဏ်တော်အတိုင်း အခါမလင့် တရားကို ရကြသိကြတာပဲ ရသေ့ကြီး၊ အခု ရသေ့ကြီးမှာလည်း ဉာဏ်ကို မှီနိုင်တဲ့အသိကို ကြိုးစားရလိမ့်မယ်"

ဆရာသခင်၏ စကားများကို ငြိမ်ချမ်းစွာမင် ဦးညွတ်ကာ နာယူနေမိသည်။

"ရသေ့ကြီးဟာ 'ဂန္ထဓုရ' ခရီးစဉ်ကို လျှောက်ရပေလိမ့်မယ်၊ ဒီလိုမထွက်ခင်မှာ ဓမ္မသဘာဝတွေရဲ့ သဘောကို စုံလင်အောင် ပြောပြထားရပေမယ်။ ရသေ့ကြီးတရားသဘာဝဆိုတာ ကောင်းမှုရှိရာ ကောင်းမှုစုပြီး မကောင်းမှုရှိရာ မကောင်းမှုစုတတ်တယ် ၊ ဆရာသခင်ပြောတာ သဘောပေါက်ရဲ့လား"

အနန္တနယရသေ့ကြီးသည် ရသေ့ကြီးစတုရင်္ဂအားကြည့်ကာ မေးမြန်းလိုက်သည်။

"ကြားနာနေပါတယ် ဆရာသခင်"

"အေး . . ဒါဆိုရင် သမ္မတ္တိလေးပါးနဲ့ ဝိပတ္တိလေးပါးကို အလျင်

www.burmeseclassic.com

www.burmeseclassic.com



သိထားရမယ်"

"မှန်ပါ"

"ဝိပ္ပတ္တိ" ဆိုတာ မပြည့်စုံတာ ပျက်တာပဲ၊ ဘုရားရှိခိုးရင် ဆုတောင်းကြတာ ကြားဖူးတယ် မဟုတ်လား၊ "ဝိပ္ပတ္တိတရားလေးပါး" ဆိုတာလေး အပါယ်လေးပါး၊ ကပ်သုံးပါး၊ ဝိပ္ပတ္တိတရားလေးပါး" ဆိုပြီး ဆက်ဆိုဆုတောင်းကြတာ"

"မှန်လှပါ သတိပြုမိပါတယ် ဘုရား"

"အေး . . အဲဒီဝိပ္ပတ္တိဆိုတာဟာ ကောင်းမှုပြုလို့မရ၊ ကောင်း ...ပေးတဲ့ အပျက်တရားကြီးပဲ၊ ဥပမာ ကာလဝိပ္ပတ္တိဆိုပါတော့၊ ခေတ်ပျက်ကြီး၊ မတရားမှုတွေက မတရားသဖြင့် ကြီးပွားပြီး ကောင်းကျိုးပြုသူတွေက ဆင်းရဲ၊ ကောင်းမှုပြုလို့လဲ အကျိုးမကြီးမား၊ ဒီခေတ်မျိုးကို ကာလဝိပ္ပတ္တိခေတ်လို့ ခေါ်တယ်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်းမှာ ဘယ်သူက သံသရာလွတ်ကြောင်း ကျင့်လို့ရမလဲ စစ်ဘေးစစ်ဒဏ်နဲ့ ပြေးကြရတယ် မဟုတ်လား"

"တင်ပါ"

ရသေ့ကြီးစတုရင်္ဂက ထောက်ခံလိုက်သည်။

"အေး . . အဲဒါ ကာလဝိပ္ပတ္တိပဲပေါ့၊ မကောင်း...ကာလနဲ့ ကြုံပြီးသေဘေး၊ ရန်သူမျိုးငါးပါးဘေးနဲ့ ရင်ဆိုင်ရတာကို ကာလဝိပ္ပတ္တိလို့ ခေါ်ကြတာပဲ"

"သဘောပေါက်ပါပြီ ဘုရား"

"အေး . . မိခင်မွေးကတည်းက အချို့က မျက်လုံးမမြင်ဘူး၊ အချို့က ခြေတိုလက်တို ဖြစ်တယ်၊ အချို့ကတော့ နားကန်းတယ်၊ ဒီလို ဝမ်းတွင်းကနေ ကန်းတာ၊ ဆွံ့တာ၊ ကိုယ်အင်္ဂါမစုံတာကို 'ဥပဓိဝိပတ္တိ' လို့ ခေါ်တယ်၊ ဥပဓိဝိပ္ပတ္တိနဲ့ ကြုံနေရင်လဲ ဓမ္မသဘာဝအရ တရားကို လိုတိုင်းကျင့်လို့ မရဘူး ရသေ့ကြီး စတုရင်္ဂ၊ အခု 'ဥပဓိသမ္ပတ္တိ' နဲ့ မချို့မယွင်း ကိုယ်အင်္ဂါစုံတဲ့သူတွေဟာ ဘယ်လောက်တရားအားထုတ်ဖို့ကောင်းလဲ"



"မှန်လှပါ ကောင်းပါတယ်ဘုရား။ ဒါမှ အင်္ဂါမစုံတဲ့ သတ်ရှိဘုံကို နောက်တစ်ခါ မရတော့မှာပါ"

"မှန်တယ် ရသေ့ကြီး စတုရင်္ဂ၊ တရားကို မသေခင် နှလုံးသွင်းသင့်ကြတာ အမှန်ပဲ"

* * * * * *

အနန္တနယဆရာသည် ရသေ့ကြီးစတုရင်္ဂအား အမြဲလမ်းညွှန်နေသော ဆရာသခင်ဖြစ်သည်။ ကုသိုလ်အကုသိုလ်နှင့် ပတ်သက်၍ မတိမ်းမစောင်းအောင် အစဉ်အမြဲ နည်းလမ်းညွှန်ပြ တည့်မတ်ပေးတတ်သည်။ ရသေ့ကြီးစတုရင်္ဂသည် 'ကာလဝိပ္ပတ္တိ' နှင့် 'ဥပဓိဝိပ္ပတ္တိ' နှစ်ပါးကို ရှင်းလင်းစွာ သိလိုက်ရ၍ တရားကို နှလုံးသွင်းနေသည်။

ဆောင်ထိပ်တွင် လေက တဟူးဟူး တိုက်နေသည်။ သူ၏ရှေ့တွင် ကျောပေးကာ ဝူပေါက်ဝကို မျက်နှာပြု၍ ထိုင်နေသော အနန္တနယ ရသေ့ကြီးသည် အညိုရောင်သင်္ကန်း တလွင့်လွင့် ဖြစ်အောင် တိုက်ခတ်ခံနေရသည့် တောင်ပေါ်လေကို သတိဖြင့် မှတ်ကာ ထိုင်နေသည်။

ဆရာသခင်က အသံတိတ်သွားသောကြောင့် ရသေ့ကြီးစတုရင်္ဂသည်လည်း မျက်လုံးမှိတ်ကာ တရားကို နှလုံးသွင်းနေလေသည်။ တောင်ပေါ်မှ တိုက်သောလေသည် လူကိုယ်တိုင်ပါ လွင့်သွားမလား ထင်ရသည်။ အတော်ကြာကြာ ကိုက်ခတ်ပြီးတော့မှ လေပြင်းသည် ငြိမ်သက်သွားလေတော့၏။

"ရသေ့ကြီးစတုရင်္ဂ"

ဆရာသခင်၏ အသံသည် ထပ်မံပေါ်လာလေသည်။

"မှန်လှပါ အမိန့်ရှိပါ၊ ဘုရားတပည့်တော် နာယူနေပါတယ်"

"ရှေ့ကို ကြည့်လိုက်စမ်း"

အလင်းရောင် ထွက်နေသော ဝူပေါက်ဝထဲသို့ ရသေ့ကြီးစတုရင်္ဂသည် လှမ်းမျှော်ကြည့်လိုက်မိသည်။ ထိုအခါ အလင်းရောင်ထဲသို့ ရောက်လာကာ ဒယိမ်းဒယိုင်ဖြင့် မဲမဲလူရိပ်များသည် လဲပြိုကျသွားသည်ကို တွေ့

www.burmeseclassic.com

www.burmeseclassic.com



ရသည်။ နောက်ထပ်ပေါ်လာသော မဲမဲအရိပ်များမှာလည်း တစ်လှမ်းနှစ်လှမ်း ယိမ်းထိုးကာ လဲကျသွားပြန်သည်။

မူးဝေယိမ်းယိုင်နေသောသူများ ဘယ်ဘက်မှ ရောက်လာလိုက် ညာဖက်မှ ရောက်လာလိုက်ဖြင့် ဗူထဲရှိ အလင်းရောင်ထဲတွင် လဲကျတာ သဲပုံလိုမဲမဲအပုံ ဖြစ်နေလေသည်။

"ရသေ့ကြီးစတုရင် 'ကိုယ့်ကိုယ်ကိုဖျက် သံချေးတက်၊ မိုးဖလံမျိုး မီးကိုတိုး' ဆိုတဲ့ စကားတွေ ကြားဖူးတယ် မဟုတ်လား"

"ကြားဖူးပါတယ် ဘုရား"

"အေး . . အဲဒါဟာ 'ပယောဂဝိပ္ပလ္လာ' ကို ပြောတာပဲ၊ ပယောဂ ဝိပ္ပလ္လာဆိုတာ မကောင်းတာ မမှန်တာကြီးကို ကောင်းတယ်၊ မှန်တယ် ထင်ပြီး အားထုတ်လုပ်ကိုင်ကြတာပဲ၊ မကောင်းတဲ့ အကုသိုလ်ကို ကောင်းတဲ့အလုပ်ကြီးလို့ ထင်ပြီး တစ်ဘဝလုံးလုပ်ရင်းနဲ့ ချမြင်ရသလို ရုပ်နာမ်တွေ ပျက်စီးကုန်တာပဲ"

"မှန်လှပါ ကြောက်စရာကောင်းလှပါတယ် ဘုရား"

"သတိရှိတဲ့သူတွေ ဉာဏ်ရှိတဲ့သူတွေ တရားမြင်တဲ့သူတွေကတော့ ကြောက်စရာ 'ပယောဂဝိပ္ပလ္လာ' တရားကြီးလို့ မြင်တယ် ရသေ့ကြီး စတုရင်၊ ပယောဂဝိပ္ပလ္လာ အကောင်းအမှန်ထင်ပြီး လုပ်ကိုင်နေတဲ့ သူတွေကတော့ အမှောင်ထဲမှာ ဖယောင်းတိုင်ထွန်းထားတာကို မြေးဝင်လှည့်ပတ်ပျံသန်းနေတဲ့ "ပိုးဖလံကောင်" တွေလိုပဲ၊ မီးနားကို လာတယ်၊ မီးကို ပတ်ပျံတယ်၊ ပြီးတော့ မီးနဲ့တိုးပြီး လောင်သေကြတယ်၊ ဉာဏ်မရှိတော့ ဆင်းရဲလို့ ဆင်းရဲမှန်း မသိဘူးပေါ့"

"မှန်လှပါ မသိကြပါဘူး ဘုရား"

"ဒီလိုပဲ ရသေ့ကြီးရေ၊ သူရာမေရယျသမားတွေဟာ ကိုယ့်ဟာကိုယ် အားထုတ်တဲ့ ပယောဂနဲ့ 'ပယောဂဝိပ္ပလ္လာ' ဖြစ်ပြီး ကိုယ်ကျိုးနည်းနေကြတာပဲ"

အနန္တနယဆရာသခင် ရှင်းပြမှုကြောင့် ယခင်က လေးနက်ကြီးမားသည်ဟု မထင်ရသော အကုသိုလ်တရားတို့သည် လေးနက်ထင်ရှားလာသည်။ စိတ်အာရုံတွင် အရက်ဆိုင်စားသောက်ဆိုင်များ၌ စားသောက်နေသောသူများ၊ ရယ်မောနေသောသူများကို မြင်ရပြီး မကြာမီ သားသမီး သားမယားများ ငိုကြွေးကာ သေဆုံးကုန်ကြသော အရက်သမားများ၏ ရုပ်သွင်ကို မြင်ယောင်လာသည်။

"သတိကင်းကွာ
ဘဝတာ
သေရွာအမြန်ရောက်လိမ့်မည်"

သတိကင်းကွာသောအခါ၊ လူ့ဘဝသည် အနှစ်သာရမရှိတော့။ ကောင်းသောအလုပ်၊ မကောင်းသောအလုပ် ဟူ၍လည်း မခွဲခြားနိုင်တော့။ မိစ္ဆာတရားက လွှမ်းမိုး၍ ကောင်းမှုကိုလည်း မပြုနိုင်။ မကောင်းသော အားထုတ်မှုဖြင့်သာ အဖိုးတန်စွာ ရရှိလာသော လူ့ဘဝသည် နစ်မြောရော ပျက်စီးယိုယွင်း သွားရလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ပယောဂဝိပ္ပတ္တိ" ၏ သဘောတရားများကို ရသေ့ကြီးစတုရင်္ဂသည် ရှုမှတ်ဆင်ခြင်နေသည်။ ရသေ့ကြီးစတုရင်္ဂဘဝတွင် မှတ်မှတ်ရရ အလွန်စာပေပညာတော်သော 'သုဂတ' ဆိုသည့် စာရေးဆရာတစ်ဦးကို တွေ့ဖူးသည်။

ထိုစာရေးဆရာကြီးသည် အပြောလည်းကောင်းသည်။ သဘောကောင်းသည်။ နာမည်လည်းကြီးလှ၍ သူ့ကို ယုံကြည်ကိုးကွယ်သော တပည့်များလည်း များပြားလေသည်။

သို့သော် သူလျှောက်လှမ်းနေသောလမ်းသည် မှန်မမှန်ကို သူ့ဟာသူ မသိပေ။ သူသည် လူတစ်ယောက်၏ ကံကြမ္မာကို တွက်ကာ အနာဂတ်ကိုဟောနိုင်သူဟု ယုံကြည်နေသည်။ ယတြာနှင့် အဆောင်များကိုလည်း ထိုဆရာကြီးပေးရာ မှန်လှကြောင်း ထောက်ခံသူနောက်မှ လိုက်ကာ တပည့်ခံသူများ များစွာရရှိလာခဲ့လေသည်။

ထိုသုဂတဆိုသည့် ဆရာသည် မြတ်စွာဘုရား၏ ဂုဏ်တော်အမည်ကို ခံယူကာ 'ကောင်းသောစကားကို မဆို' အထစ်ထစ်အငေါ့ငေါ့ အလွဲလွဲအမှားမှား ပြောဆိုကာ သာသနာပ ကိစ္စများကို သာသနာအတွင်း၌ ပြုလုပ်ဆောင်ရွက်နေလေသည်။

ကျော်ကြားအောင် လူသိများအောင် လုပ်ကာ ဝါဒတစ်ခု ထူထောင်၍ တပည့်များစွာလည်း မွေးလေသည်။ သူ၏တပည့်များမှာလည်း သူ့ကဲ့သို့ပင် ဆံပင်ရှည်၊ မုတ်ဆိတ်ရှည်နှင့် ရတနာသုံးပါး၏ ဂုဏ်တော်ထက် မိမိတို့ဂိုဏ်း၏ ဂုဏ်တော်များကို များစွာကြေညာ ကျော်ကြားစေလေသည်။

နောင်သောအခါ ထိုဆရာကြီးသည် မိမိ၏ လုပ်ကိုင်ဆောင်ရွက်မှုအပေါ် 'ပယောဂဝိပ္ပတ္တိ' ဟု မထင်မှတ်ဘဲ လမ်းကောင်းလမ်းမှန်ဟု ထင်မှတ်ယုံကြည်အောင် ဟောပြောကာ ဆရာတစ်ဆူ လုပ်နေရာမှ ရုတ်တရက် သေဆုံးသွားလေသည်။

ထို့ကြောင့် 'ပယောဂဝိပ္ပတ္တိ' ၏ နယ်ပယ်ကား ကျယ်ပြန့်လှသည်။ မကောင်းမှုကို မကောင်းမှုမှန်းမသိ ကောင်းမှုထင်ကာ ဆောင်ရွက်



လုပ်ကိုင် ပုံကြီးချဲ့နေသူ အတော်များများပင် ပေါ်ထွန်းနေလေသည်။ ထိုသူများမှာလည်း အကုသိုလ်ဖြစ်ကြောင်း၊ မိစ္ဆာဒိဋ္ဌိအယူဟု မသိကြဘဲ ရတနာသုံးပါးကို မေ့လျော့ကာ ထိုအလုပ်ကိုသာ စွဲလမ်းလုပ်ဆောင်နေကြလေသည်။

ထို့ကြောင့် အနန္တနယဆရာသခင်သည်

"သူတော်စင်မြတ်

မချဉ်းကပ်

ရောက်တတ် မိစ္ဆာရှာ" ဟု မိန့်ကြားခဲ့ခြင်းပင် ဖြစ်သည်။

* * * * * *

"ကဲ . . ငါ့တပည့် ဝိပ္ပတ္တိတရားမှာ နောက်ဆုံးသိသင့်သိထိုက်တာကတော့ 'ဂတိဝိပ္ပတ္တိ' ပဲ၊ ဂတိဝိပ္ပတ္တိဆိုတာ သေဆုံးကွယ်လွန်ပြီး လားရာနေရာကို ပြောတာ၊ ပယောဂဝိပ္ပတ္တိ သိပ်များရင် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုတဲ့ အပါယ်ဘုံကိုလားရမှာပဲ၊ ဝိပ္ပတ္တိတရားလေးပါးရဲ့ နောက်ဆုံးဆုံရပ်၊ ရှေ့သုံးပါးတို့ကို ကြုံပြီး နှစ်ခြိုက်လုပ်ကိုင်လို့ ဆုံကြရတဲ့ ဒေသဆိုပါတော့ အပါယ်ကောင်တွေ ဘယ်လောက်များသလဲ"

"မှန်လှပါ မရေမတွက်နိုင်အောင်ပါပဲ ဘုရား"

"ကမ္ဘာပေါ်မှာ လူဦးရေ ဘယ်လောက်ရှိသလဲ"

"သန်းပေါင်း လေးငါးခြောက်ထောင်ပါ ရေတွက်လို့ ရပါတယ်"

"ဟုတ်တယ် . . အိမ်က ထမင်းအိုး၊ ဟင်းအိုးနား၊ ထန်းလျက်ခဲနားမှာ အုံနေတဲ့ အပါယ်ကောင်တွေ၊ မြေကြီးပေါ်မှာ တွေ့ရတဲ့ အပါယ်ကောင်တွေ အပါယ်ဘဝတွေ၊ လေထဲ လေထဲက အပါယ်ကောင်တွေ၊ အပါယ်ဘဝတွေ ဘယ်လောက် စိုးရိမ်ထိတ်လန့်စရာကောင်းသလဲ"

"မှန်လှပါ ကြောက်စရာကောင်းလှပါတယ် ဘုရား"

"အေး . . ရသေ့ကြီးစတုရင်္ဂ ကြောက်ရင် အသေမဦးခင် [illegible] ဦးအောင် အားထုတ်ပေတော့၊ တရားမဦးရင် တမလွန်လည်း ကြောက်ရ အပါယ်လည်းကြောက်ရနဲ့ ကြောက်စရာတွေ မများဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"မှန်လှပါ များပါတယ် ဘုရား"

"အေး . . ဒါဆိုရင် ပထမဆုံးစိတ်ကူးရမှာက အပါယ်လွတ်အောင်၊ ခု ရသေ့ကြီး ဘာအတွက် တရားကျင့်မှာလဲ"

"ပထမဆုံး အပါယ်က လွတ်အောင်ပါဘုရား"

အနန္တနယ ဆရာသခင်သည် ခေါင်းကို လေးပင်စွာ ညိတ်လိုက်သည်။

"ဟုတ်ပြီ . . ရသေ့ကြီးဟာ ဝိပ္ပတ္တိတရား(၄)ပါးကို သေချာသိပြီဆိုတော့ ခုသမ္ပတ္တိတရား(၂)ပါးနဲ့ ပြည့်စုံနေပြီ၊ 'ပယောဂသမ္ပတ္တိ'တရားကိုရအောင် အားထုတ်ခြင်းနဲ့ ဘဝကို လွန်မြောက်နိုင်ခြင်း 'ဂတိသမ္ပတ္တိ' ပြ[illegible] လိုတော့တယ်၊ ခု ရသေ့ကြီးစတုရင်္ဂကို ပခန်းကြီးဘက်ကို ဂန္ဓာရီခရီးသွားဖို့ ဆရာသခင် မိန့်ကြားလိုက်တယ်၊ ပခန်းကြီးဆိုတာ ရှေ့က ဗုဂ္ဂိုလ်ကျော်တွေ ထွက်ပေါ်တဲ့နေရာပဲ"

"မှန်ပါ . . ပခန်းတို့ ရေစကြိုတို့ဆိုတာလား ဘုရား"

"ဟုတ်တယ် . . ပခန်းကြီးဆိုတာဟာ တကယ့်ကို တရားအားထုတ်လို့ တရားရတဲ့သူတွေ ရှေးနှစ်ပေါင်းများစွာကတည်းက ထွက်ပေါ်လာခဲ့တာ၊ အဲဒီမှာ ဥမင်တွေရှိတယ်၊ သူတော်ကောင်းတွေ ကျင့်ကြံခဲ့တဲ့ ဥမင်တွေ လိုဏ်ဂူတွေ ရှိတယ်၊ အဲဒီလိုဏ်ဂူတွေမှာ ရသေ့ကြီးစတုရင်္ဂ တရားရှာဖွေပေတော့၊ တွေ့ကြုံသမျှ အနိစ္စနဲ့မှတ်သား လောကဓံကို ကိုယ်တွေ့ခံပေတော့ ရသေ့ကြီး"

"မှန်လှပါ အမိန့်တော်မြတ်အတိုင်းပါဘုရား၊ တပည့်တော် ဘယ်တော့ခရီးထွက်ရမလဲဘုရား"

"အကောင်းဆုံးကတော့ ဒီတစ်ရက်နှစ်ရက်အတွင်း ထွက်ပေတော့၊ မေတ္တာနဲ့ သရဏဂုံ မွမ်းထုံပြီးတဲ့နောက် သတိပဋ္ဌာန်တရား လက်ကိုင်ထားလို့ အမိဋ္ဌာန်များကို တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်အောင် အားထုတ်ပေတော့ ရသေ့ကြီး"

စကားဆုံးသည်နှင့် ဆရာသခင် အနန္တနယ ရှသေ့ကြီးသည် လိုဏ်ဂူထဲသို့ တရွေ့ရွေ့ ဝင်သွားလေတော့သည်။

ပခန်းကြီးသို့ သွားရာတွင် ပခုက္ကူမြို့မှ (၂၇)မိုင်လောက် သွားရမည်ဖြစ်လေရာ ရသေ့ကြီး စတုရင်္ဂသည် ရောက်တုန်းရောက်ခိုက် ပုဂံဘုရားများကို ဖူးဦးမည်ဟု ဆိုကာ ပုဂံညောင်ဦးသို့ သွားသောကားကို စီး၍ လာခဲ့လေသည်။

ညောင်ဦးသို့ ရောက်သောအခါ ရသေ့ကြီးစတုရင်္ဂသည် ရွှေစည်းခုံဘုရားသို့ ဝင်ရောက်ပူဇော်ရှိခိုးလေသည်။

ထို့နောက်မှ သူ့အား လာရောက်ကြိုဆိုသော တပည့်ဖြစ်သူ မောင်ဟန်၏ကားလေးနှင့် ပုဂံမြို့ဟောင်းဘက်သို့ ထွက်လာခဲ့လေသည်။ မောင်ဟန်မှာ ပုဂံသို့ ရောက်လျှင် အကြောင်းကြားပါဟု ဆိုသောကြောင့် လှမ်း၍ အကြောင်းကြားတိုင်း လာရောက်ကြိုဆိုသော လူငယ်လေး ဖြစ်သည်။

သူသည် ဝါသနာအလျောက် ရှေးဟောင်းသုတေသနကို ဝါသနာပါပြီး ရှေးဟောင်းသုတေသနဌာနမှ ဒုညွှန်ကြားရေးမှူး၊ ညွှန်ကြားရေးမှူးများနှင့် ခင်မင်သူ ဖြစ်လေသည်။

ပုဂံမြို့ထဲသို့ ရောက်ရှိပြီးနောက် ရှေးဦးစွာ အာနန္ဒာဘုရားကို

www.burmeseclassic.com

www.burmeseclassic.com



ဝင်ရောက်ရှိခိုးပူဇော်လေသည်။ မောင်ဟန်သည် ရသေ့ကြီးစတုရင်္ဂ ပုဂံသို့ ရောက်တိုင်း ဝင်ရောက်ဖူးမြော်လေ့ရှိသော ရွှေစည်းခုံဘုရားနှင့် အာနန္ဒာဘုရားတို့ကို သတိထားမိ၍

"ရသေ့ကြီး ပုဂံရောက်လာတိုင်း ပုဂံရွှေစည်းခုံနဲ့ အာနန္ဒာဘုရားတွေကို အမြဲအမှတ်ရ ဝင်ရောက်ရှိခိုးလေ့ရှိတယ်၊ ဘာဖြစ်လို့လဲ ဘုရား"

ဟု မေးလိုက်လေသည်။

"ပုဂံမှာက ဘုရားတည်တဲ့ မင်းတွေ အမျိုးမျိုးရှိတယ် မဟုတ်လား မောင်ဟန်၊ ထေရဝါဒဗုဒ္ဓဘာသာကို ပုဂံမှာ လွှမ်းမိုးအောင် ဦးဆောင်ဦးရွက်ပြုခဲ့တဲ့ အနော်ရထာမင်းနဲ့ ကျန်စစ်သားမင်းလောက် ဂုဏ်ပြုကြည်ညိုသင့်တဲ့မင်း ပုဂံမှာ ဘယ်ရှိမလဲ၊ ဒါကြောင့် အနော်ရထာနဲ့ ကျန်စစ်သားမင်းတို့ တည်တဲ့ဘုရားကို ဝင်ပြီး အရင်ရှိခိုးတာပဲ"

"အလိုတော်ပြည့်ဘုရားကျတော့ရော ဘုရား"

မောင်ဟန်က အလိုတော်ပြည့်ဘုရားကို ဖူးလေ့မရှိသော ရသေ့ကြီးစတုရင်္ဂအား မေးလိုက်သည်။

"အလိုတော်ပြည့်ဘုရားကျတော့ ကျန်စစ်သားမင်း တည်တာ မှန်ပေမယ့် 'အလိုတော်ပြည့်'တို့ အမျက်တော်ပြေ'တို့ဆိုတာက လောကီဆန်လွန်းအားကြီးတယ်၊ ဘဝမှာ လိုရာရဖို့ အောင်မြင်ဖို့ဆိုတဲ့အမြင် ကျဉ်းကျဉ်းနဲ့ လူတွေက ပူဇော်တာ ဦးထိပ်ထားတာ များတယ်၊ ဘဝဆိုတာ အလိုတော်ပြည့်ရုံနဲ့ မပြီးဘူး မောင်ဟန်ရဲ့"

"ဘာများလိုသေးလို့လဲ ရသေ့ကြီးရဲ့"

မောင်ဟန်က အာနန္ဒာဘုရားလိုက်မုခ်မှ ထွက်လာရင်း မေးလိုက်သည်။

"တရားလဲကျင့်ဖို့ လိုတာပေါ့၊ လောဘလည်း နည်းဖို့လိုတာပေါ့၊ သစ္စာလည်း မှန်ဖို့လိုတာပေါ့၊ 'မောင်ဟန်'ရယ် ဘဝဆိုတာတိုတို လေးပဲ၊ ရသေ့ကြီးတို့ရဲ့ ခန္ဓာဟာ အနှစ်တစ်ရာပြည့်အောင် ခံတာမှ မဟုတ်ဘဲ"

"တွေးကြည့်ရင်တော့ ကြောက်စရာကြီးပါဘုရား"



"တွေးမကြည့်လို့လဲ မရဘူး၊ တွေးသင့်တာ တွေးရမှာပေါ့၊ ကြောက်သင့်တာလဲ ကြောက်ရမှာပေါ့၊ "အလိုတော်ပြည့်ဖို့ မတရားမှုဒုစရိုက်တွေ မလုပ်ဘဲ တရားပြည့်ဖို့ ကောင်းမှုကုသိုလ်တွေ လုပ်ရမယ်၊ ကောင်းမှုကုသိုလ်ဆိုတာလည်း မောင်ဟန်ရယ်၊ လူမြင်ကောင်းရုံလုပ်လို့ အကျိုးမများဘူး"

"မှန်ပါ မိန့်ပါဘုရား၊ ပခုက္ကူဘက် မကူးခင် တပည့်တော်ကို ဘူးဘုရားမှာ တရားဟောခဲ့ပါဦး"

မောင်ဟန်က ဘူးဘုရားဘက်သို့ ကားကိုမောင်းလာရင်း ပြောလိုက်လေသည်။

"ကုသိုလ်ကောင်းမှုဆိုတာ ကြွားဖို့မလုပ်ရဘူး၊ ဂုဏ်တုဂုဏ်ပြိုင် မလုပ်ရဘူး၊ ပြီးတော့ ဒီပုဂ္ဂိုလ်ဟာ ကောင်းမှုလုပ်တဲ့သူပဲလို့ လူကြည်ညိုခံချင်လို့ မလုပ်ရဘူး မောင်ဟန်ရဲ့၊ အဲဒါရော သိရဲ့လား"

ရသေ့ကြီး စတုရင်္ဂက သူ လေ့လာမှတ်သားခဲ့သည့်ထဲမှ အကျိုးရှိမည့်အရာကို ရွေးချယ်ထုတ်ဖော်ပြောလိုက်ရာ မောင်ဟန်မှာ ထိုတရားကို သဘောကျသွားလေသည်။

"မိန့်တော်မူပါဦး ရသေ့ကြီး၊ ဟော . . ဘူးဘုရားတောင်ရောက်ပြီ"

* * * * * *

ဘူးဘုရားမှာ အကြိမ်ကြိမ် ဧရာဝတီမြစ်ထဲသို့ ငလျင်လှုပ်၍ ကမ်းပြိုရာမှ ကျဖူးသော ဘုရားအဖြစ် မူလပုံမပျက် ပြန်တည်ထားသည်ကို တွေ့မြင်ရသည်။ ထုံးရောင်ဖွေးနေ၏။ ဘူးဘုရား၏အနီးတွင် ထမင်းဆိုင်၊ ယွန်းထည်ဆိုင်နှင့် ပုဂံထွက်ပစ္စည်း အရောင်းဆိုင်တန်းများကို တွေ့ရသည်။

ဘုရားဖူးများသည် ထမင်းဆိုင်များတွင် ဝင်ရောက်စားသောက်နေကြလေသည်။ ဘူးဘုရားမှ တစ်ဖက်သို့ ကူးလျှင် ပခုက္ကူသို့ ရောက်နိုင်မည် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပခုက္ကူမှတဆင့် ပုံတောင်ပုံညာ၊ ရေစကြို၊ မြိုင်သို့ သွားရာလမ်းများရှိလေသည်။

"ကဲ . . ရသေ့ကြီး၊ ဟိုဖက်ကမ်းကို ကူးရင်တော့ ပခုက္ကူဘက်ကို ရောက်ပြီ၊ ရသေ့ကြီး သွားချင်တဲ့ ပခန်းတို့၊ ဖန့်ကျီတို့၊ ရေစကြိုတို့ကို ရောက်မှာပဲ၊ စောစောက စကားဆက်ပါဦး"

ရသေ့ကြီး စတုရင်္ဂက ကုသိုလ်ပြုခြင်းနှင့် ဆိုင်ရာဖြစ်၍ ဆက်၍ မိန့်ကြားသည်။

"ဂုဏ်တုဂုဏ်ပြိုင်လုပ်တဲ့ ကုသိုလ်၊ သူတစ်ပါးက စေခိုင်းလို့ လာဘ်ရဖို့လုပ်တဲ့ ကုသိုလ်တွေဟာ အာနိသင် သိပ်နည်းတယ်။ ရင်တွင်းက စေတနာ စေ့ဆော်မှုနဲ့ ခွေးပိန်လေး ထမင်းကျွေးတဲ့ ကုသိုလ်မျိုးကမှ အာနိသင်များတယ်။ ကုသိုလ်ကို အာနိသင်များစေချင်ရင် ရင်ထဲက စေတနာစိတ်ခံကောင်းရမယ်၊ စေတနာဓာတ်ခံကောင်းဖို့ဆိုတာလည်း ကြွားချင်တဲ့စိတ်၊ အခွင့်အရေးလိုချင်တဲ့စိတ်၊ ဂုဏ်ယူချင်တဲ့စိတ်၊ သူတော်ကောင်းမှန်းသိအောင် ကျော်ဇောချင်တဲ့စိတ်တို့ မရှိမှ ဖြစ်မယ်"

မောင်ဟန်သည် လက်အုပ်ချီရင်း

"အရှင်ဘုရားကို ဒီတစ်ခေါက် လိုက်ပို့ရတာ တပည့်တော် အကျိုးရှိလှပါတယ်၊ တပည့်တော် အလှူဒါနကို စင်ကြယ်အောင် ပြုလုပ်တတ်ဖို့ နားလည်ပါပြီ ဘုရား"

မောင်ဟန်က တောင်းပန်သောကြောင့် ဘုန်းဘုရား၏ အောက်ရောဝတီမြစ်၏ သဲသောင်ပြင်တွင် ရှိသော အကြော်ဆိုင်လေးတွင် ထိုင်ကာ အကြော်စုံများ ဆက်ကပ်သည်ကို စားသောက်ရလေသည်။

ပခုက္ကူနှင့် ပုဂံသို့ ကူးနေသော ကူးတို့မော်တော်လေးသည် ဘုန်းဘုရားဆိပ်ကမ်းသို့ လာရောက်ဆိုက်ကပ်လေတော့သည်။

ရေစကြို ပခန်းကြီးမြို့သို့ သွားရန်အတွက် ထိုမော်တော်လေးကို စီးရပေလိမ့်မည်။ အနန္တနယဆရာသခင်သည် အကြောင်းရှိက သူ့ကို ရှာပါဟု ဆိုထားသည်။ ယခုတော့ ခရီးစဉ်သည် ချောမောနေသည်။

မောင်ဟန်က ကျွေးမွေးသော အကြော်စုံကို စားသောက်ပြီး



နောက် ရသေ့ကြီးစတုရင်္ဂသည် ပခုက္ကူဘက်သို့ ကူးရန် ထရပ်လိုက်သည်။ မောင်ဟန်က လက်အုပ်ချီလျက်

"ရသေ့ကြီး ဘယ်တော့လောက် ပုဂံကို တစ်ခေါက်ပြန်ရောက်ရဦးမလဲ ဘုရား"

ဟု မေးသည်။ ရသေ့ကြီးစတုရင်္ဂက ခေါင်းခါလိုက်၏။

"ပြောလို့မရဘူး မောင်ဟန်၊ ဂမ္ဘီရခရီးသည်ဆိုတာ ဂန္ဓာရီအကျင့်ကို ဘယ်နေရာမှာ ဘယ်လောက်ကြာအောင် ကျင့်ရမယ်၊ ဘယ်တော့ပြီးဆုံးမယ်ဆိုတာကို သတ်မှတ်လို့ မရဘူး"

"ဘာပဲဖြစ်ဖြစ် ပုဂံကိုရောက်ရင်တော့ မောင်ဟန်ကိုမှာပါ ရသေ့ကြီး"

"စိတ်ချ . . စိတ်ချ"

ရသေ့ကြီးစတုရင်္ဂသည် ဤနေရာမှ အစပြု၍ ဂန္ဓာရီအတွေ့အကြုံများကို ကိုယ်တိုင်ပြန်၍ ပြောပြချက်ဖြင့် ရေးသားတော့မည် ဖြစ်သည်။

* * * * * *

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် ဘူးဘုရားမှ ကူးတို့မော်တော်လေးပေါ် တက်လာသောအခါတွင် ညနေစောင်းလုလုဖြစ်နေပြီ။ လပြည့်ည၏ လဝန်းသည် အရှေ့ဖက်မှ ပေါ်ထွက်လာ၏။ လရောင်နှင့် ဘူးဘုရားမှ ပန်း ရလျက်ရှိနေလေသည်။ ကျွန်ုပ် မော်တော်လေးပေါ်သို့ ရောက်ရှိပြီး မကြာမီမှာပင် မော်တော်လေးသည် ကမ်းစပ်မှ စတင်ထွက်ခွာလာလေသည်။

နွေရာသီဖြစ်သောကြောင့် ဧရာဝတီမြစ်ရေသည် ငြိမ်သက်ငြင်သာစွာ စီးဆင်းနေသည်။ ကျွန်ုပ်၏ စိတ်အစဉ်မှာလည်း ငြိမ်သက်စွာပင် စီးဆင်းလျက်ရှိနေလေသည်။

ကျွန်ုပ်သည် ဂန္ဓာရီခရီးတစ်ခုကို စတင်ရတော့မည်။ တွေ့သမျှကြုံသမျှသည် ကျွန်ုပ်၏အကျင့်နှင့် အတိတ်မှ ဝဋ်ဒုက္ခများပင် ဖြစ်ပေလိမ့်မည်။

ကျွန်ုပ်မှာ ဓမ္မ စကြာတရားတော်ကိုသော် လည်းကောင်း၊ ပဌာန်းဒေသနာတော်ကိုသော်လည်းကောင်း ကျကျနန သင်ကြားဖူးခဲ့သေရာ လောကဌ် ကြောင်းကျိုးကင်းသော တရားဟူ၍ မရှိကြောင်း ကျွန်ုပ် ယုံကြည်ထားပေသည်။



အထက်အညာတွင် ဧရာဝတီမြစ်သည် ရေကျသာရှိ၍ ရေတက်သည်မရှိတော့ပေ။ ဧရာဝတီမြစ်လောက် ယဉ်ကျေးလိမ္မာ သော မြစ်သည်လည်း မြန်မာပြည်တွင် မရှိ။ သံလွင်မြစ်၊ ချင်းတွင်းမြစ်များကဲ့သို့ ဝါးလုံးထိုးစီးသောနေရာဟူ၍ ဧရာဝတီမြစ်တွင် မရှိချေ။

ဧရာဝတီမြစ်သည် မြန်မာပြည်၏ အသက်သွေးကြောဟု ဆိုသော် ဆိုနိုင်သည်။ ထိုမြစ်ကြီးကို အမှီပြုလျက် ပုဂံပြည်၊ စစ်ကိုင်းပြည်၊ ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ကုန်းဘောင်မင်းများ စိုးစံခဲ့ရသည်။

ထိုမျှသာမက မြန်မာပြည်ကို သိမ်းပိုက်လိုသော အင်္ဂလန်အရှင်သခင်(နယ်ချဲ့ဘုရင်)သည် ပင်လယ်ဝမှ ဝင်ကာ ဧရာဝတီမြစ်ကြောင်းကို အသုံးပြုကာ မန္တလေးမြို့သို့ အရောက်လာတိုက်ခိုက်ခဲ့သည်။

ထို့ကြောင့် ကျွန်ုပ်တို့သည် ဧရာဝတီမြစ်ကို အရှိအသေ အလေးအမြတ်မပြုဘဲနေ၍မရ။ ဧရာဝတီမြစ်ထဲမှာပင် အသက်ကုန်ခဲ့ကြသော မြန်မာမျိုးချစ်သူရဲကောင်းတို့ကို ကျွန်ုပ်သည် အမှုဝေခဲ့၏။

ဧရာဝတီမြစ်သည် ပုဂံနှင့် ပခုက္ကူကြားတွင် အလွန်ကျယ်ဝန်းခြင်းမရှိလှ။ ထို့ကြောင့် ကျွန်ုပ်သည် များမကြာမီ ပခုက္ကူဘက်ကမ်းသို့ တကာလာခဲ့လေသည်။

ခရီးသွားတို့ တက်သည်ကို ကျွန်ုပ်သည် ခေတ္တစောင့်ကာ လူရှင်းတော့မှပင် ရှိရှိသမျှသော သတ္တဝါတို့အား မေတ္တာပို့လျက် တောစောင့်နတ်၊ တောင်စောင့်နတ် မကျွတ်မလွတ်သေးသော သတ္တဝါတို့ကို ကျွန်ုပ်ပြုလုပ်သမျှသော ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်တို့အား အမျှဝေကာ သတိဉာဏ်ဆင်ခြင်လျက် ခန္ဓာအာယတနကို အာရုံပြုလျက် ကမ်းပေါ်သို့ ဖားက်လာခဲ့လေသည်။

ထိုအခါ ထနောင်းပင်ရိပ်၌ လှည်းယာဉ်လေးတစ်စီး ရပ်ထားသည်ကို တွေ့ရသည်။ လှည်းယာဉ်ဟု ခေါ်ရသည်မှာ လှည်းအိမ်၏ လှပသေသပ်မှုကြောင့် ဖြစ်သည်။ လှည်း၏ဘေးနှစ်ဖက်တွင် လှတိုင်ရှည်နှင့် ကုန်တင်ရန်အတွက် အရံအတား လုပ်ထားသော ရဲတိုင်များရှိသည်။

ထိုရဲတိုင်များမှာ ရိုးရိုးလှည်းတွင် လေးဖက်အညီလုပ်ထားသော်

www.burmeseclassic.com

www.burmeseclassic.com



လည်း ၎င်းလှည်းယာဉ်တွင်မူ တစ်ဖက်လျှင် တိုင်သုံးချောင်းစီ ညီညာစွာ မြင့်လျက် ထိုတိုင်သုံးချောင်းကြားတွင်လည်း ပွတ်လုံးချောတိုင်ငယ်လေးများကို သေသပ်စွာ ပြုလုပ်ရိုက်နက်ထားသည်။

ထို့ကြောင့် ရှေးကဗျာများ၌ 'ခြောက်စထောင် လှည်းယဉ်ကြော နဲ့ ပွဲဝင်တော့မယ်' ဟု ထည့်သွင်းစပ်ဆိုခဲ့သည်။

လှည်းယာဉ်လေးမှာ ရှေ့နှင့်နောက်တိုင်များ မြင့်၍ အလည်တိုင်မှာ ိ ည်ဆိုရုံလေး ရှိသည်။ သည်တော့ အဝေးမှ ကြည့်လျှင် လရောင်နှင့် ခြောက်စထောင်နေသော လှည်းယာဉ်ကို တွေ့ရသည်။ လှည်းယာဉ်ပေါ်တွင် ဆောင်းရာသီဖြစ်၍ စောင်တစ်ထည်ကို လွှမ်းခြုံထားသော လှည်းမောင်းသမား ထိုင်နေသည်။

ခရီးသည်များမှာ ထွက်ခွာသွားကြပြီ ဖြစ်သည်။ ကျွန်မသည် သွားလိုသော နေရာသို့ လိုက်ပါပို့ဆောင်ကာ အခကြေးငွေယူသည့် အငှားယာဉ်ဟုထင်၍

"လိုက်လို့ရမလား ရေစကြို-ပခန်းဖက်သွားချင်လို့"

ဟု ပြောလိုက်သည်။

လှည်းမောင်းသမားက စကားကို ပြန်မဖြေ။ ခေါင်းညိတ်ပြသည်။ ကျွန်ုပ် လှည်းပေါ်တက်လိုက်၏။

* * * * * *

လှည်းကို ဆွဲထားသည့် နွားများမှာ အဖြူနှင့်အဝါကျား နွားဝဝကြီးများပင် ဖြစ်သည်။ ဤကဲ့သို့သော အညာဒေသတွင် ဆူဖြိုးကာ ဝနေလှနေသည့် နွားများရှိနေခြင်းကိုပင် ကျွန်ုပ် အံ့ဩမိတော့သည်။ လရောင်က မန်ကျည်းပင်၊ တမာပင်နှင့် ထနောင်းပင်များပေါ်သို့ ငွေမင်ရည်ဆမ်း နေလေသည်။

နွားနှစ်ကောင်ကို ကြိမ်နှင့်တို့လိုက်သည်နှင့် လှည်းယာဉ်လေးသည် ဘီးလိမ့်ကာ ၍ ထွက်ခွာလေတော့သည်။

"အလို"



ကျွန်ုပ် အံ့အားသင့်သွားသည်။ လှည်းမောင်းသမား၏ အသံကို ကြားလိုက်ရသောကြောင့် ဖြစ်သည်။

"ဟဲ့ . . ရွှေနီ၊ သွားလေ ဘာကပ်ဖဲ့လုပ်နေတာပဲ"

ဟု ဆိုကာ ကြိမ်နှင့်တို့ရင်း အော်သံ။

ထိုအသံမှာ ငယ်ရွယ်နုနယ်သော မိန်းမပျိုတစ်ဦး၏ အသံဟု ကျွန်ုပ်သိသည်။ ကျွန်ုပ်က သူမအသံကို အံ့အားသင့်သွားကြောင်း မိန်းမပျိုက ရိပ်မိပုံရပါသည်။

"ရသေ့ကြီး ကျွန်မရဲ့အသံကြားရလို့ အံ့အားသင့်သွားတယ်၊ ဟို တုန်းကတော့ ဒီအသံဟာက ကြည်လင်အေးမြပြီး သာယာလှတယ်လို့ ရသေ့ကြီး ပြောဖူးတယ်လေ"

"အို"

ကျွန်ုပ်မှာ လှည်းပေါ်မှ ရုတ်တရက် ခုန်ချထွက်ပြေးချင်စိတ်ပင် ပေါ်မိတော့သည်။

"ဘယ်လိုပါလိမ့်"

မည်သည့်အတွက်ကြောင့် ပခုက္ကူဘက်ကမ်းမှ မိန်းမပျိုသည် ကျွန်ုပ်ကို သိနေရသနည်း။ ထိုအခိုက်မှာပင် လှည်းမောင်းသော မိန်းမပျိုသည် သူမကိုယ်ပေါ်မှ စောင်ကို ခွာချလိုက်တော့၏။

"ဟင်"

ထိုအခါတွင်မှ အနီရောင်အင်္ကျီလက်ပြတ်နှင့် အနက်ရောင်ထဘီကို ဝတ်ဆင်ထားသော ကိုယ်လုံးကိုယ်ဟန် လှပသည့် မိန်းမပျိုကို တွေ့ရလေတော့သည်။ ကျွန်ုပ်သည် အနီးကပ် ထိုသို့သာ တွေ့ရှိမည်ဆိုပါက ထိုလှည်းပေါ်သို့ တက်ခဲ့မိမည် မဟုတ်ပေ။

"ရသေ့ကြီးက ရေစကြိုနဲ့ ပခန်းနယ်မှ လာပြီး ဗျာန်တရားတွေ ဉာဏ်တရားတွေ ရှာဖွေတော့မယ်လို့ စိတ်ကူးပြီး ထွက်လာတာပေါ့လေ"

မိန်းမပျို၏ အသံက ခပ်ငေါ့ငေါ့နိုင်လှသည်။

"ဒီမှာ . . ဒကာမလေး ရေစကြိုကို ရောက်ရင်လည်း လှည်းကို မြန်မြန်မောင်းပါ၊ စကားအပိုတွေ သိပ်မပြောတာ ကောင်းပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်မှာ ရသေ့ပင် ဖြစ်သော်လည်း ဝိနည်းသိက္ခာပုဒ်နှင့် အညီ ကျင့်ကြံအားထုတ်ရသူ ဖြစ်သောကြောင့် မိန်းမပျိုကို စကားမများစေရန် တားမြစ်လိုက်သည်။ ကျွန်ုပ်က တားမြစ်လိုက်လျှင် ငြိမ်သက်သွားမည် ဟု ထင်မိလေသည်။

သို့သော် ထိုသို့မဟုတ်ပေ။

"မောင်တော်ဝရစက္ကရယ်၊ ဒီဘဝရောက်မှ ခင်လေးကို တော် တော်စိ ကားနေပါလား"

မိန်းမပျိုထံမှ စိတ်ပျက်လက်ပျက် ညည်းညူသံကြောင့် ကျွန်ုပ် ရင်ထဲတွင် ဒိန်းခနဲ မြည်မတတ် တုန်လှုပ်မိသည်။

"မောင်တော်ဝရစက္က"

မိန်းမပျိုက ကိုယ်တစ်ခြမ်း စောင်းလှည့်ကာ ကြည့်ရင်း ကျွန်ုပ် ကို ခေါ်လိုက်ပြန်သည်။

"မင်း ကျုပ်ကို ဝရစက္ကလို့ ခေါ်လိုက်တာလား"

"ဟုတ်ပါတယ် မောင်တော်၊ မောင်တော်ကလည်း ဘဝခြားတာ နဲ့ အကုန်မေ့တော့တာကိုး၊ မောင်တော်ဝရစက္ကက နှမတော်ကို ဘယ်ဘဝ ရောက်ရောက် မမေ့ပါဘူးလို့ ကတိပေးခဲ့တယ် မဟုတ်လား"

"အိုး"

ကျွန်ုပ်နှင့် ဘဝခြားနေသော မိန်းကလေးပါလားဟု ကျွန်ုပ် တွေး တောမိသည်။ ယခင်ဘဝက ကျွန်ုပ် မည်ကဲ့သို့ ကတိပေးခဲ့သည် ပြောဆို ခဲ့သည်ဟို့ကို ကျွန်ုပ် မမှတ်မိတော့ပေ။

"ရပါတယ် . . မောင်တော် သတ္တဝါတွေဟာ ဘဝခြားသွားရင် အတိတ်ဘဝကို မေ့ကြတာချည့်ပါပဲ၊ နှမတော် အပြစ်မတင်ပါဘူး၊ ဒါပေ မဲ့ နှမတော်တို့ကတော့ ကိုယ့်နယ်ထဲကို ရောက်လာရင် စောင့်ရှောက် ရမယ့် တာဝန်ရှိတာကိုး"

မိန်းမပျို၏ကိုယ်မှ ရှင်မတောင် သနပ်ခါးနံ့သည် သင်းပျံ့ ဝေ့ဝဲလာသည်။

"ဂန္ဓာရီ"



"ဂန္ဓာရီ"

ဟု အနံ့ကို ကျွန်ုပ်သည် တရားဖြင့် ရှုမှတ်နေရလေသည်။

"အော် . . မောင်တော်ဝရစက္ကက ဒီဘဝရောက်တော့ သူတော် ကောင်းမိတ်ဆွေတွေနဲ့ တွေ့ပြီး တရားရှာဖွေတဲ့ သူတော်စင်ဖြစ်နေတာ ကိုး၊ မောင်တော်ရဲ့ တရားအာရုံတွေကို နှမတော် မဖျက်စီးပါဘူး"

ခင်လေးဆိုတာ မိန်းမပျိုထံမှ ထိုစကားကို ကြားရတော့မှပင် ကျွန်ုပ်သည် ရင်ထဲမှ စိုးရိမ်သော အလုံးကြီးကျသွားသည်။

"ဒါပေမယ့် မောင်တော် ခင်လေး စိတ်ချမ်းသာမှုတစ်ခုကိုတော့ လိုက်လျောပေးခဲ့ပါ"

မိန်းမပျိုက လှည်းယာဉ်ကို ရပ်လိုက်ကာ တောင်းပန်စကား ဆို လိုက်လေသည်။

"ဘာကိုလိုက်လျောရမှာလဲ"

"ဟိုဘဝက မောင်တော်နဲ့ ခင်လေးတို့ ပျော်ပျော်ပါးပါး နေခဲ့ တဲ့နေရာကို တစ်ခေါက်လိုက်ခဲ့စေချင်ပါတယ်"

"အို"

ကျွန်ုပ်မှာ ထိတ်လန့်အံ့သြရပြန်သည်။ ကျွန်ုပ်မှာ ယခုဘဝတွင် ကိလေသာအာရုံ ကာမဂုဏ်များကို ဖြတ်တောက်ကာ ဂန္ဓာရီအကျင့် ကျင့် သူတစ်ဦးဖြစ်နေခဲ့ပြီ။

မိန်းမငယ်၏ အာရုံကား အလုံးစုံသော တရားတို့ကို ပျက်ယွင်းစေ တတ်သည် မဟုတ်ပါလား။

"ခင်လေး"

"ရှင်"

"မင်းနဲ့ကျုပ်နဲ့ဟာ ဘဝမတူတော့ဘူး ခင်လေး၊ ကိုယ့်လမ်း ကိုယ်လျှောက်ကြတာ ကောင်းပါတယ်၊ ခရီးဆုံတုန်း ကူညီနိုင်ရင် ကျည်း ပါ၊ မကူညီနိုင်ရင် လှည်းပေါ်က ဆင်းခွင့်ပြုပါတော့"

www.burmeseclassic.com

ကျွန်ုပ်မှာ လှည်းပေါ်မှဆင်းရန် ပြင်ရင်း ပြတ်တောက်သော စကားတို့ကို ပြောလိုက်သောအခါ ခင်လေး၏ ရှိုက်သံထွက်ပေါ်လာသည်။ ခင်လေးသည် လှည်းဦးတွင် ထိုင်ကာ ငိုနေသည်။

ခပ်ဝေးဝေးမှ မန်ကျည်းပင်ကြီးများသည် လေအလှုပ်တွင် ယိမ်းထိုးနေသည်။ ကျွန်ုပ်မှာ သနားကြင်နာသောစိတ်ကို မျိုသိပ်ကာ မေတ္တာဘာဝနာကို ပွားနေရတော့သည်။

"မောင်တော် ခင်လေး နားလည်ပါပြီ၊ ဟိုဘဝတုန်းကလည်း မောင်တော်ရဲ့ အလိုဆန္ဒကိုသာ ခင်လေးက လိုက်လျောခဲ့ရတာပဲ၊ အခုလည်း အင်းဝနဲ့ စစ်တိုက်သလို မောင်တော် ဇွတ်တရွတ် လုပ်ပြန်ပြီ"

ခင်လေး၏ အသံမှာ ငိုသံပါနေလေသည်။

ကျွန်ုပ်မှာ မိန်းမသားတစ်ဦး မိမိရှေ့တွင် ငိုယိုနေသည်ကို အလွန်ပင် အားနာမိသည်။ ထို့ကြောင့်

"တိတ်ပါ ခင်လေး၊ မောင်တော်မှားတာရှိရင်လည်း တောင်းပန်ပါတယ်၊ မောင်တော့်ကို သွားခွင့်ပြုပါတော့"

ဟု ပြောလိုက်ပြန်သည်။



"မောင်တော် ခင်လေးရှိတဲ့ နေရာမှာ မောင်တော် ဘယ်တော့မှ ဆင်းရဲပင်ပန်းမှု မရှိစေရဘူးလို့ ပြောခဲ့တဲ့စကားလည်း မောင်တော်မေ့နေပြီပေါ့နော်၊ ဒီတော့ ခင်လေးတို့ဆီ မလိုက်ချင်လဲ နေပါတော့၊ မောင်တော့်ကို ခရီးဆုံးအောင် လိုက်ပို့ပါမယ်၊ ကဲ . . ရွှေနီ . . သွား . . သွား"

နွားများကို ကြိမ်တို့ကာ လှည်းယဉ်လေးသည် ပြန်၍ ထွက်လာလေတော့သည်။

"မောင်တော် ပခန်း–ရေစကြိုမှာ အဓိဋ္ဌာန်ဝင်ပြီး တရားကျင့်မယ် ဆိုရင်တော့ သိသင့်တာတွေ လှည်းမောင်းရင်း ခင်လေး ပြောပြပါရစေ"

ကျွန်ုပ်သည် လှည်းအုံတိုင်ကို မှီကာ ငြိမ်နေမိသည်။ လှည်းက တလှုပ်လှုပ်ဖြင့် သွားနေသည်။

"ပခန်းကြီးဆိုတာ အင်မတန်ကြီးမားတဲ့ ရာဇဝင်ရှိတယ် မောင်တော်၊ ချာန်ရတဲ့ ပုဂ္ဂိုလ်တွေလည်း အများကြီးပဲ၊ သာမဏေဘဝနဲ့တောင် ချာန်ရကြတယ်"

ချာန်တရားအကြောင်း ခင်လေး ပြောပြ၍ ကျွန်ုပ် စိတ်ဝင်စားသွားသည်။

"ပြောပါဦး ခင်လေးရဲ့"

"အင်း . . မောင်တော်ဟာ ဟိုတုန်းကလို ကလေးဆန်သေးတာပဲနော်၊ ကိုယ်သိချင်တာဆို အောင့်မထားနိုင်ဘူး၊ သာလွန်မင်းလက်ထက် သက္ကရာဇ်(၉၉၀–၁၀၁၀)မှ ပခန်းကြီးက ချာန်ရသာမဏေတစ်ပါး ပေါ်ခဲ့ဖူးသတဲ့၊ ဒီသာမဏေရဲ့ ဘွဲ့တော်က ရှင်သုမေဓာလို့ ခေါ်သတဲ့၊ ပခန်းကြီး ကျောင်းကျောက်စာမှာတော့ 'ဆဋ္ဌာဘိညာ ပဋိသမ္ဘိဒါပတ္တရဟန္တာ အဖြစ်သို့ ရောက်တော်မူသော အရှင်ဒ်ပက်ရ သာမဏေ'လို့ ရေးထိုးထားတယ်"

"သာမဏေဘဝနဲ့ ရဟန္တာဖြစ်တာ ထူးဆန်းတာပေါ့နော်"

"ဟုတ်တယ် . . ဒါကြောင့် ရေစကြိုတို့ ပခန်းကြီးတို့ဆိုတာ ဘာကယ့်တရားသမား ဘာကယ်ကျင့်တဲ့သူတွေနေတာ၊ ဒီသာမဏေက ချာန်ရတာကို သာမဏေရဲ့ ဆရာတော် 'မြို့မဟိန်ဆရာတော်"က မယုံဘူးလို့ ပြောတယ်။ ဒါနဲ့ရှင်သုမေဓါသာမဏေရဲ့ အစွမ်းကို သိရအောင် ငယ်

www.burmeseclassic.com

www.burmeseclassic.com



ငယ်က ကစားခဲ့တဲ့ 'ဂုံညင်းဒိုး'ကို ဆရာတော်က ယူပြီး နှစ်ရက်ခရီး လောက်သွားမှ ရောက်မယ့်နေရာမှာ ဝှက်ထားခဲ့သတဲ့၊ ပြီးတော့ "သူမေဓာ သင်ငယ်ငယ်က ဆော့ခဲ့တဲ့ ဂုံညင်းဒိုးယူလာခဲ့လို့" စေခိုင်းတော့ သုမေဓါ သာဓဆောက အဘိညာဉ်နဲ့ကြည့်ပြီး ဆရာတော်ထားတဲ့ နေရာက ချက် ချင်းယူလာပေးတယ်၊ ဒီတော့မှ မြို့မဟိန်ဆရာတော်က ယုံကြည်သတဲ့"

* * * * * *

အဝေးမှ လွင့်ပျံ့လာသော ပန်းရနံ့က ကျွန်ုပ်၏ စိတ်ကို ဆွတ် ပျံ့ကြည်နူးစေလေသည်။ သွယ်လျသော ကိုယ်ဟန်ဖြင့် လှည်းယာဉ်ကို ကျွမ်းကျင်စွာ မောင်းနေသော ခင်လေးသည် ကွင်းပြင်နှစ်ခုအလယ်၌ ရှိ သော လမ်းဖုံဖုံပေါ်တွင် လှည်းယာဉ်လေးကို ပြေးနေအောင် မောင်းသည်။ ဂမုဂထစ်နှင့် မြေပြင်အနိမ့်အမြင့်နည်းသွားသောကြောင့် လှည်းယာဉ်လေး မှာ သိပ်မခုန်တော့။

ခုန်လျှင်လည်း ကိစ္စမရှိ။

လှည်းယာဉ်လေးပေါ်တွင် နူးညံ့သော ဖွမ်းကပ်ထူထူ ခင်းထား သည်။ နယ်ဘက်တွင်လည်း ခရီးသွားလာမှုအတွက် ယာဉ်စီးရသက်သာ အောင် စီစဉ်ထားရာတွင် ဤလှည်းယာဉ်မျိုးမှာ ရှားလှသည်ဟုဆိုသင့်၏။

ကျွန်ုပ်မှာ ခင်လေးကို ကျေးဇူးတင်ရမည်လား၊ အပြစ်တင် ရမည်လားဟု ဝေခွဲမရဖြစ်နေမိသည်။ ဘဝဟောင်းက ခင်လေးသည် ကျွန်ုပ်နှင့် ပတ်သက်ခဲ့သည်ဟု ဆို၏။

ညပိုင်းတွင် ခရီးသွားရခြင်းမှာ လူကို သက်သာစေသည်။ နေ့ လည်ပိုင်းဆိုလျှင် ပခုက္ကူမြို့၏အပူနှင့် ကျွန်ုပ်မှာ အတော်မသက်မသာ ဖြစ်မည်ဟု ထင်မိသည်။

"မောင်တော်"

ခင်လေးက လေသံခပ်တိုးတိုးဖြင့် ခေါ်လိုက်ပြန်သည်။

"မောင်တော်ဝရစက္ကဘဝတုန်းက ခင်လေးနဲ့ မောင်တော်တို့ ရှင်



မတောင်ကို သွားကြတာ မှတ်မိလားဟင်"

ကျွန်ုပ်သည် မမှတ်မိတော့။ ဤဘဝ၏ကိစ္စနှင့် ဂန္ဓာရီကျင့်စဉ် များကို ကျင့်ရန်သာ ဆုံးဖြတ်ထားသောကြောင့် 'ဇာတိဿရ' ဉာဏ်မရခဲ့ သော ကျွန်ုပ်အဖို့ အဖြေရခက်လေသည်။

"ခင်လေးကတော့ ဘဝပြောင်းသွားပေမယ့် စိတ်မပြောင်းပါဘူး၊ မောင်တော် စိတ်ချမ်းသာတဲ့ အလုပ်တွေ လုပ်တာကို ခင်လေး ကူညီပါ့ မယ်၊ မောင်တော် ဒီရေစကြိုတို့ ပခန်းကြီးတို့ဖက်ကို ရောက်လာတာပဲ ခင်လေး ဝမ်းသာလှပါပြီ"

ခင်လေး၏ စကားပြောပုံက တကယ်ပင် ဝမ်းသာလိုက်လှဲ ကြောင်း သိသာနေသည်။ ကျွန်ုပ်မှာလည်း ဘဝဟောင်းက ကိစ္စဖြစ်၍ ရေရေရာရာ မသိနိုင်ပေရာ ကျွန်ုပ်၏ ဂန္ဓာရီကျင့်စဉ်ကို အနှောင့်အယှက် မဖြစ်သမျှ တစ်ဖက်လူကို စိတ်မချမ်းမသာဖြစ်စေသော တုံ့ပြန်ပြောဆို မှုမျိုး မပြုလုပ်ရန် ဆင်ခြင်မည်ဟု ဆုံးဖြတ်ထားသည်။

"ပခန်းတို့ ရေစကြိုဘို့ဆိုတာ နောက်ခံသမိုင်းကြီးပါတယ် မောင် တော်၊ ဒီနယ်ကနေပြီး စျာန်တရားတွေ မဂ်တရားတွေ ရသွားတဲ့ သူတော် စင်တွေ အများကြီး ပေါ်ခဲ့ဖူးပါတယ်"

"ဒါကြောင့်လည်း အနုန္တနယဆရာက ရေစကြို-ပခန်းကြီး ဘက်ကို လွှတ်ခဲ့တာ ဖြစ်မှာပဲ"ဟု စိတ်ထဲမှ တွေးလိုက်မိသည်။ ထိုအခါ မှာပင် ဆရာသခင်၏ အသံသည် ကျွန်ုပ်၏နားထဲတွင် ထူးခြားစွာ ပေါ် ပေါက်လာသည်။

"ရသေ့ကြီးစတုရဂ် သံသရာဆိုတာဟာ လူတိုင်းမမြင်မတွေ့ကြ ပဲ့သာ အထင်အမြင်တွေ လွဲနေကြတာပဲ၊ အမှန်တော့ မျက်မြင်ထင်ရှား ကိုယ်အမျိုးတွေ အဆွေတွေ ရှိနေတာကို မသိတဲ့လူတွေက မသိကြဘူး၊ ခုလည်းနဲ့ လာကြိုတဲ့ မိန်းကလေးဟာ ရသေ့ကြီးရဲ့ ပါရမီဖြည့်ဖက်ပဲ၊ ဒီလေသာနဲ့ မတွယ်တာတဲ့ ရသေ့ကြီးရဲ့ လုပ်ငန်းစဉ်တွေကို သူက အောင် မြင်အောင် ကူညီပါလိမ့်မယ်၊ ရသေ့ကြီးရဲ့ စိတ်တွေကို ခမ္မသဘာဝနဲ့အ ညီထားပါ"

www.burmeseclassic.com

www.burmeseclassic.com



ဆရာသခင် အနန္တနယ၏ စကားသံကို နားထဲတွင် ကြားယောင်လာသောကြောင့် ဆရာက အဝေးမှ စိတ်အသိဖြင့် ညွှန်ကြားနေသည်ဟု နားလည်လိုက်သည်။

"အရှင်ဂမ္ဘီသာရ ဆိုတာ ကြားဖူးလား"

ဆရာသခင်၏ ညွှန်ကြားချက် ပြီးဆုံးသွားချိန်မှာပင် ခင်လေးက ကျွန်ုပ်ကို မေးလိုက်သည်။

"မကြားဖူးပါဘူး ခင်လေး"

ကျွန်ုပ်က သူမနာမည်အတိုင်း ခေါ်လိုက်၍ ခင်လေး ဝမ်းသာသွားပုံရသည်။ ကျွန်ုပ်မှာ ဆရာသခင်ညွှန်ကြားမှုကြောင့် ခင်လေးကိုသာယာချမ်းမြေ့စေရန် ဆက်ဆံဖို့ ကျွန်ုပ် ဆုံးဖြတ်လိုက်သည်။

"ဒါဆိုရင် ဂမ္ဘီသာရအရှင်ရဲ့ဆရာ မုနိန္ဒယောသကိုရော မောင်တော်ကြားဖူးလား"

"ရေစကြို–ပခန်းကို မောင်တော်က တစ်ခါမှ မရောက်ဖူးတာ ဘယ်ကြားဖူးပါ့မလဲ နမတော်"

ခင်လေးထံမှ ရယ်သံခပ်သဲ့သဲ့ ထွက်ပေါ်လာလေသည်။

"ဘာရယ်တာလဲ ခင်လေး"

"မောင်တော်ဟာ အရင်ဘဝတုန်းကလိုပဲ သူတစ်ပါးကို ဘယ်တော့မှ လှည့်ပတ်လိမ်ညာမပြောတတ်ဘူးနော်"

* * * * * *

"လိမ်ညာပြောတတ်တာ မကောင်းဘူးလားဟင်"

ကျွန်ုပ်က အဓိပ္ပာယ်နားမလည်ဟန်ဖြင့် ပြန်မေးလိုက်လေသည်။

"ကောင်းတာပေါ့ မောင်တော်ရယ်၊ လှည့်ပတ်လိမ်ညာ မပြောဘဲဟာ သီလပဲလေ၊ သမ္မာဝါစာလည်းဖြစ် စိတ်ကလည်းဖြောင့်လို့ ...မှာ ...က်ပွလည်း ဖြစ်တာပေါ့"

ကျွန်ုပ်၏စိတ်ကို မင်္ဂလာတရားများဖြင့် ညှိနှိုင်းကာ ခင်လေးက ...ပြောနေသည်။ ခင်လေးသည် စာပေပရိယတ္တိတွင်လည်း အခြေခံနည်းပါး... မရှေပေ။

ကျွန်ုပ်မှာ ယခင်ဘဝကလည်း မုသာဝါဒဖြစ်သော လိမ်ညာပြော...ဆိုမှုမရှိဟု ခင်လေးက ရှင်းပြခဲ့၍ မိမိကိုယ်ကို ကျေနပ်သွားခဲ့၏၊ သို့သော် ...င်လေး၏စကားမှာ ထိုမျှနှင့်မဆုံးပေ။

"ဒါပေမဲ့ ရန်သူတွေအတွက်ကျတော့ ခန့်မှန်းရလွယ်တာပေါ့၊ ...ရေစကြဲ့ဟာ သူ့စကားကို ဘယ်တော့မှ မပယ်ဘူးဆိုပြီးတော့ သိထားကြ...တော့ မောင်တော် သရက္ခန်ဘုရားကို ဘုန်းဘုရားဘုရင်မင်းမြတ် မ...ဘယ်မှုးကြီးအနေနဲ့ အလျင်ကြိုရောက်ပြီး ရန်သူတွေကို ကာကွယ်...

www.burmeseclassic.com



တာသိတဲ့ သောမဒတ္တဟာ မြားနဲ့ချောင်းပစ်ခဲ့တာပေါ့"

ခင်လေး၏ စကားသံမှာ ဝမ်းနည်းသံပါနေလေသည်။ ကျွန်ုပ်မှာလည်း ယခင်ဘဝက မည်သည့်နည်းနှင့် သေဆုံးခဲ့သည်ကို မသိခဲ့ပေ။

"သောမဒတ္တဟာ ဘိုးတော်မင်းတရားလက်ထက်မှာ စဉ့်ကူးမင်းနဲ့ ပတ်သက်ပြီး မကျေနပ်လို့ ထကြွခဲ့တဲ့ သူပုန်ပေါ့"

ကျွန်ုပ်မှာ ယခင်ဘဝက အကြောင်းများကို ပြန်လည်ကြားသိနေရသည်။ ထိုသို့ဖြစ်စေရန်အတွက် 'အနန္တနယ'ရသေ့ကြီးက ကျွန်ုပ်အား ပနက္ကာမြို့နယ်ဖက်သို့ လွှတ်ခဲ့ဟန်တူလေသည်။

အနန္တနယရသေ့ကြီးက ခင်လေးကို ကျွန်ုပ် ကျင့်စဉ်များ၌ ကူညီထောက်ပံ့နိုင်သည့် ပါရမီဖြည့်ဖက်ဟု ဆိုသဖြင့် ကျွန်ုပ် လိုက်လျောပြောဆိုနေမိခြင်းပင် ဖြစ်သည်။

ဆရာသခင်သည် ကျွန်ုပ်အား မည်သည့်သမာဓိမျှ မရရှိသေးသည့် လူ့အနှဘဝမှ ဂန္ဓာရီအကျင့်သမားဖြစ်အောင် ပျိုးထောင်ပေးခဲ့သည့် ပုဂ္ဂိုလ်ဖြစ်၍ သူ၏စကားသည် ကျွန်ုပ်၏ ဘဝအတွက် မည်သည့်အခါမျှ မမှားနိုင်ပေ။

"စဉ့်ကူးမင်းဟာ နန်းဆက်ငါးနှစ်မြောက်မှာ ဖောင်းကားစားမောင်မောင် လုပ်ကြံလို့ ကံတော်တုန်တယ်၊ မိဖုရားရှင်မင်းပါ ဆင်နင်းပြီး ဘိုးတော်ဘုရားက အဆုံးစီရင်ခဲ့တယ်။ သောမဒတ္တဆိုတာက စဉ့်ကူးမင်းရဲ့ အိမ်တော်ပါ ကျွန်တစ်ယောက်ပေါ့၊ သူဟာ အမရပူရကနေ စစ်ကိုင်းဖက်ကူးပြီး လူစုတယ်၊ ဒီမှာတင် သောမဒတ္တကို နှိမ်နင်းဖို့ မောင်တော်ဝရစက္ကကို တာဝန်ပေးခဲ့တာပေါ့၊ မောင်တော် နည်းနည်းမှ မမှတ်မိတော့ဘူးလား"

ကျွန်ုပ်သည် ခင်လေး၏ စကားကြောင့် ထွက်သက်ဝင်သက်ကို မှတ်ကာ သမာဓိကို ထူထောင်လိုက်သည်။ သည်နောက် ကျွန်ုပ်၏ အာရုံထဲတွင် အတိတ်မှ ဖြစ်ရပ်များသည် ပေါ်လာလေတော့သည်။

ထိုစဉ်က ဘိုးတော်ဘုရားသည် စဉ့်ကူးမင်း၏ နောက်လိုက်နောက်ပါများကို ချေမှုန်းနေစဉ် ဖြစ်သည်။ ကျွန်ုပ်သည် မြင်းတစ်စီးဖြင့်



အမရပူရနေပြည်တော်မှ ထွက်ရန်ပြင်ဆင်နေလေသည်။

ထိုအချိန်မှာဝင် မိန်းမပျိုတစ်ဦးသည် ကျွန်ုပ်ထံသို့ ပြေးလာလေတော့၏။

"မောင်တော် . . မောင်တော်"

"ဟင် . . ခင်လေး"

"မောင်တော် သောမဒတ္တရဲ့နောက်ကို လိုက်ပြီး တိုက်ခိုက်မလို့ မဟုတ်လား"

"ဟုတ်တယ် နမ်တော်"

"သောမဒတ္တက ဥဏ်များပါတယ် မောင်တော်၊ အစစအရာရာ ဂရုစိုက်ပါ"

သောမဒတ္တဆိုသည်မှာ မူလက ကျွန်ုပ်နှင့်ခင်လေးတို့ လက်မထပ်မီ ခင်လေးကို သူ၏အိမ်ထောင်ဖက်ဖြစ်စေရန် ချစ်ရေးဆိုဖူးသူပင်ဖြစ်သည်။ စဉ့်ကူးမင်းရှိစဉ်ကာလက ဖြတိုက်ဝန်ဖြစ်သော ခင်လေး၏ ဖခမည်းတော်ကို သူ့မိဘများနှင့် ပြောဆိုဖူးသည်။

သို့သော် စဉ့်ကူးမင်း နတ်ရွာစံကာ သောမဒတ္တနှင့် သူ့မိဘများလည်း ဘိုးတော်ဘုရား၏ ရန်သူဖြစ်သွားခဲ့လေတော့သည်။

* * * * * *

"တောက်"

"ငါတော့ လုံးဝမကျေနပ်ဘူးကွာ၊ ဒီကောင်ဟာ ငါချစ်သူကိုလည်း လုယူသေးတယ်၊ ပြီးတော့ ရန်သူဘုရင်ရဲ့ တပ်မှူးလဲဖြစ်သွားပြီဆိုတော့ ငါ သူ့ကို သတ်ရမှ ကျေနပ်မယ်"

သောမဒတ္တသည် ကျွန်ုပ်ပေါ်တွင် ရန်ငြိုးကြီးမားစွာထားကြောင်းကို ကျွန်ုပ်၏ တပ်သားများထံမှ တဆင့်ပြန်သိရှိခဲ့ရ၏။

"တပ်မှူးကြီးကိုတော့ သောမဒတ္တ အကြီးအကျယ် ရန်ငြိုးဖွဲ့နေတဲ့ အကြောင်းကို ကျွန်တော်တို့ရဲ့ သူလျှိုတွေက ပြောပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့ဘက်ကလည်း စစ်ကိုင်းမင်းကွန်းမှ တစ်ဆင့် ပခုက္ကူသို့ ရောက်သွားသော သောမဒတ္တတို့၏ သတင်းကို ကြားသိနေရသည်။

ဗဒုံမင်း(ဘိုးတော်ဘုရားသည် သက္ကရာဇ် ၁၁၄၃ တပေါင်းလတွင် အမရပူရ ထီးနန်းကို သိမ်းမြန်းစိုးစံတော်မူသည်။ ကျွန်ုပ်မှာ ဘိုးတော် နန်းတက်ပြီး တစ်နှစ်မြောက်(၁၁၄၄)တွင် ခင်လေးနှင့် လက်ထပ်ပေါင်းသင်း နေထိုင်ခဲ့လေသည်။

အမရပူရမင်း နေပြည်တော်နှင့်တကွ ကျေးလက်အစွန်အဖျားများ ဘိုးတော်ဘုရားထံတွင်သာ ကျေးတော်ကျွန်တော်ခံကြ၏။

ဘိုးတော်ဘုရားကလည်း ထီးရိုးနန်းစဉ်ဖြစ်သောကြောင့် မှူးမတ်နှင့် မြို့စားနယ်စား သူကြီးတို့သည် ငြိမ်ဝပ်ပိပြားစွာ လက်အောက်ခံအဖြစ်နေကြရာ သောမ ဒတ္တကဲ့သို့ စဉ့်ကူးမင်း၏ အနွယ်အဖွားများမှာ နလံမထူနိုင်အောင် ဖြစ်နေလေသည်။

ကျွန်ုပ်သည် သောမဒတ္တ၏ သူပုန်တပ်များကို သေသူသေ မိသူမိဖြစ်အောင် စစ်ကိုင်းတောင်ရိုးတွင် လိုက်လံချေမှုန်းရာ သောမဒတ္တနှင့် လူနည်းစုသာလျှင် ထွက်ပြေးလွတ်မြောက်သွားလေတော့သည်။

သောမဒတ္တကို မမိမချင်း ကျွန်ုပ်တွင် တာဝန်ရှိရာ ကျွန်ုပ်သည် အထောက်အတော်များလွှတ်၍တစ်မျိုး လူကိုယ်တိုင်သွားရောက်စုံစမ်း၍ တစ်ဖုံ သောမဒတ္တ၏ သတင်းကို စုံစမ်းနေရတော့သည်။

သောမဒတ္တကို အရှင်ဖြစ်စေ အသေဖြစ်စေ ဘိုးတော်ထံသို့ ပေးအပ်နိုင်ခြင်း မရှိပါက ကျွန်ုပ်၏တာဝန်ကျေပွန်မည် မဟုတ်ချေ။ ထို့ကြောင့် ပခုက္ကူဘက်ဖြစ်သည့် ပခန်းကြီး၊ ရေစကြို၊ ဗန့်ကျီ၊ မြိုင်စသည် မြို့များတွင် အချိန်အတော်ကြာကြာ ခိုအောင်းကာ ကျွန်ုပ် သောမဒတ္တကို ဖမ်းဆီးရမည်ဖြစ်၍ ချစ်ဇနီးခင်လေးကိုပါ ကျွန်ုပ်သည် ရေစကြိုသို့ ခေါ်ဆောင်လာမိတော့သည်။

တပ်ဖျောက်ကာ လူစုလူဝေးဖြင့် ရွာကြီးတစ်ရွာတည်ကာ ကျွန်ုပ်တို့သည် ရေစကြိုမြို့နယ်ထဲမှ လျှိုမြောင်များ ကျောက်ဆင်တောင်တန်း၊ ဘုံယာတောင်၊ ဝက်ပင်တောင်၊ သံတောင်တို့တွင် ကင်းပုန်းနှင့် အရပ်ဝတ်



ဝတ်ဆင်ထားသော ဘုရင့်တပ်သားများကို ဖြန့်ချကာ ကျွန်ုပ်ကိုယ်တိုင်မှာမူ 'လင်ကတောကျေးရွာ'ပွဲစားငယ်လေးတစ်ဦးအဖြစ်ဖြင့် မထင်မရှားခိုအောင်းနေခဲ့လေသည်။

ကျွန်ုပ်၏ ဇနီးဖြစ်သူ ခင်လေးမှာ ကျွန်ုပ် ထိုကဲ့သို့ စစ်ရေးကိစ္စများကို ဆောင်ရွက်ရာ၌ သူမ လိုက်ပါရသည်ကို ရွှင်လန်းဝမ်းသာနေပုံရသည်။

"မောင်တော်"

"ဟင်"

"စစ်ရေးကိစ္စ မောင်တော်ဆောင်ရွက်နေတယ်ဆိုတာ မေ့ထားပြီး မောင်တော်နဲ့ ရွာလေးတစ်ရွာမှာ ခုလိုဘဝနဲ့ပဲ အမြဲနေထိုင်တယ်လို့ ခင်လေးတော့ တွေးထားတယ်"

ခင်လေး၏ အမူအနွံ့များကို ကျွန်ုပ်၏အာရုံထဲတွင် မြင်ယောင်လာမိသည်။

"မောင်တော်ဟာ အမြဲခေါ်လို့ ရတာမဟုတ်ဘူး၊ အခုဟာက မင်းတရားကြီးအတွက် ခြေရာဖျောက်နေတဲ့ သောမဒတ္တကို မောင်တော်တို့ကလည်း ခြေရာဖျောက်ပြီး စုံစမ်းနေတဲ့အချိန်မို့ပါ"

"ဘာပဲဖြစ်ဖြစ် ခင်လေးကတော့ ဘယ်ဘဝမှာဖြစ်ဖြစ် မောင်တော်နဲ့ပဲ အတူနေချင်တယ်"

"မောင်တော်ကလည်း ခင်လေးကို ဘယ်အထိရောက်ရောက် မမေ့ပါဘူး"

* * * * * *

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် ယခုဘဝတွင် ဂန္ဓာရီအကျင့်ကျင့်သော ရသေ့အသွင် ဖြစ်နေသော်လည်း ယခင်ဘဝတစ်ခုက 'ဝရစက္က'ဟုသော တပ်မှူးတစ်ဦး ဖြစ်သည်ကို အမှတ်ရလာသည်။

ခင်လေးကို ပေးခဲ့သည့်ကတိကိုလည်း မှတ်မိသိရှိလာသည်။ ကျွန်ုပ်မှာ လှည့်စားလိမ်ညာနေသလားဟု ထင်ယောင်ထင်မှား ဖြစ်ခဲ့မိသည်တို့ကို အားနာသွားမိသည်။

"ခင်လေး"

"ဘုရား"

ခင်လေးက ကျွန်ုပ်ကို ရသေ့ကြီးတစ်ဦးဟု သိမြင်ကာ ကျွန်ုပ်ခေါ်သည်ကို ဘုရားဟု ထူးလိုက်တော့မှ ကျွန်ုပ်သည် သတိတရ ပြုံးလာမိပြန်သည်။

ဘဝသံသရာဟူသည်မှာ ရှည်လျားလှပေသည်။ ကျွန်ုပ် သိရှိသော တရားကို ခင်လေးကိုလည်း ဟောပြောကာ ကျွန်ုပ်သည် ဘဝသံသရာကို စွဲလန်းမနေရန် ပြောလိုပေသည်။

သို့သော် ခင်လေးသည် အတိတ်ဘဝတွင်သာ ရှိနေသေးသော



ပရလောကသား ဖြစ်၍ ကျွန်ုပ်၏ ဟောပြောမှုများကို လက်ခံမည် လက်မခံမည်ကို မသိနိုင်ပေ။

"ခင်လေးကတော့ ဒီလင်ကာတောကျေးရွာမှာပဲ ဆက်နေခဲ့တာလားဟင်"

"ဘယ်ဟုတ်မလဲ မောင်တော်၊ ခင်လေးလဲ ဘဝပြောင်းပြီး မောင်တော် ထားခဲ့တဲ့ ရတနာတွေကို ရွှေကူကြီးဘုရားမှာ လှူပြီး စောင့်ရှောက်နေခဲ့ရတာပါ၊ ခင်လေးဘဝ ခင်လေးရဲ့လမ်းက မောင်တော်နဲ့ ကွဲပြားသွားပါပြီ"

"အို . . ဟုတ်လား"

"ဟုတ်ပါတယ် . . အရိမေတ္တေယျဘုရားပွင့်ရင် နှမတော်တို့က ရွှေကွမ်းတောင်၊ ငွေကွမ်းတောင်တွေ လှူဒါန်းပူဇော်ဖို့ ရွှေကူကြီးဘဝမှာ စောင့်နေကြပါတယ်၊ မောင်တော်ကသာ နှမတော်တို့လမ်းကို လိုက်မယ်ဆိုရင် နှမတော်က ခေါ်ဆောင်သွားလိုပါတယ်"

ကျွန်ုပ်သည် ငြိမ်သက်စွာ စဉ်းစားလိုက်သည်။ ယခုအခါတွင် ကျွန်ုပ်၏ ခန္ဓာငါးပါးရုပ်နာမ်နှစ်ပါးတို့သည် ကျွန်ုပ်အပိုင်မဟုတ်။ မည်သည့်အခါမျှလည်း မပိုင်ခဲ့ပါချေ။ ယခုကား ဆရာသခင် အနန္တနယ၏ စေခိုင်းသော တာဝန်ကို ဆောင်ရွက်နေရလေပြီ။

"မောင်တော် ခင်လေးရဲ့ ဖိတ်ခေါ်မှုနောက်ကို မလိုက်နိုင်ပါဘူး၊ ဆရာသခင်က ညွှန်ကြားတဲ့ ဂန္ဓာရီအကျင့်ကို ကျင့်ရဦးမှာပါ"

မင်လေးထံမှ ရှိုက်သံထွက်လာသည်။ လမ်းကြောင်းပေါ်တွင် လှည်းယာဉ်လေးသည် တခွပ်ခွပ်မည်သံဖြင့် မှန်မှန်ပြေးလျက် ရှိသည်။ လဝန်းမှာ ထိန်ထိန်သာလျက်ရှိသောကြောင့် လမ်းဘေးနှစ်ဖက်မှ လှိုင်ခြောင်များ၊ တစောင်းလက်ပက်ပင်များ၊ ထနောင်းပင်၊ တမာပင်များကို မြင်နေရသည်။

"နှမတော်တို့လည်း အထက်က ပေးအပ်တဲ့ တာဝန်ကို ဆောင်ရွက်နေရတာပါပဲ၊ မောင်တော် ဝရစက္ကရဲ့ ဘဝတုန်းက သာယာမှုရွှင်မှုတွေကို မောင်တော် မေ့ရက်နိုင်တယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



ခင်လေးက ဝမ်းနည်းသံလေးဖြင့် ပြောလေသည်။ နမတော် ပြော ခဲ့သလိုပေါ့၊ မောင်တော်တို့ဟာ ဘဝမတူတော့ဘူး၊ ပြီးတော့ ဘဝသံသရာ ဝဋ်ဆင်းရဲတွေက လွတ်မြောက်ဖို့အတွက် မောင်တော်တို့ဟာ ဥပါဒါန် အစွဲအလန်းတွေကို ဖြတ်ရမှာပေါ့"

"အော် . . မောင်တော် ခုတော့ ဒီစကားတွေ ပြောလာပြီပေါ့ လေ၊ ဘဝက ခြားသွားပြီကိုး"

ဝမ်းနည်းကြေကွဲစွာ ရိုက်ခတ်လာသော ခင်လေး၏အသံနှင့် အ တူ အတိတ်ဘဝကို မှတ်မိစပြုလာသော ကျွန်ုပ်၏ စိတ်အာရုံမှာ သောမ ဒတ္တနှင့် ရင်ဆိုင်တိုက်ခိုက်ခဲ့သည့် နောက်ဆုံးအချိန်ကို သတိရလာသည်။

သောမဒတ္တသည် အမှောင်ထဲမှ လူဖြစ်သောကြောင့် ကျွန်ုပ်တို့ ခိုအောင်းနေသည်ကို သူ့လူများက သိရှိကာ ကျွန်ုပ်ထံ စာချွန်တော် တစ်စောင် ပေးပို့လာခဲ့လေသည်။

ထိုစာချွန်တော်ကို ခင်လေး ဖတ်ရှုပြီးသောအခါ ရှိုက်ကြီးတငင် ငိုခဲ့သည်ကို ကျွန်ုပ် မြင်ယောင်နေမိသည်။

* * * * * *

"မောင်တော် သောမဒတ္တဟာ ပြောသလို ဘယ်တော့မှ မှန်မှန် ကန်ကန်လုပ်တဲ့သူ တစ်ယောက်မဟုတ်ဘူးဆိုတာကို သတိတော့ထားပါ ဦး"

ကျွန်ုပ်သည် စာချွန်တော်ကို စားပွဲပေါ်တွင် ဖြန့်ကာ လက်ဖဝါး ဖက် ထောက်လိုက်၏။

"နမတော် မောင်တော်ရဲ့ တာဝန်ဟာလည်း သူသေချင်မသေ ချင်လည်း သူ့ကို ဖမ်းမိမှ အေးမှာပဲ၊ သူကလည်း မောင်တော်ပေါ်မှာ ခင်လေးနဲ့ ပတ်သက်လို့ရော ဘုန်းတော်ကြီးသခင် ဘုရင်မင်းမြတ်နဲ့ ပတ် သက်လို့ရော ရန်ညိုးရှိတဲ့လူဆိုတော့ မောင်တော့ကို ချေမှုန်းနိုင်မှ သူ လည်း စိတ်ကျေနပ်မှာပဲ"

"ဒါပေမယ့် စစ်ရေးအရ တစ်ဖက်နဲ့တစ်ဖက် တိုက်ကြလို့ တိုက်



ပွဲမှာ ကျဆုံးသွားတာက အရေးမဟုတ်ပါဘူး မောင်တော်၊ သူတစ်ပါး ကောက်ကျစ်စဉ်းလဲတာကို ခံရပြီး သေတယ်ဆိုတာ အများက ဉာဏ်မရှိ လို့ သေတာလို့ ကဲ့ရဲ့စရာ ဖြစ်ပါတယ်"

ခင်လေးက ကျွန်ုပ်ကို ချိန်းဆိုထားသော နေရာသို့ မသွားရန် တားမြစ်ဖျောင်းဖျလေသည်။

"မောင်တော် စဉ်းစားပါဦးမယ် နမတော်"

"မောင်တော် နမတော်ရဲ့ စကားကို အလေးထား စဉ်းစားသင့် ပါတယ်"

ခင်လေး၏ တောင်းပန်စကားကြောင့် ကျွန်ုပ်သည် သောမဒတ္တ ချိန်းသည့်နေရာကို သွားရောက်ရင်ဆိုင်သင့်ရင်မဆိုင်သင့် စဉ်းစားသင့် ၏။ ညနေရောက်လျှင် သောမဒတ္တထံမှ စေလွှတ်သောသူ ပြန်လာမည် ဖြစ်ပေသည်။

နေ့လယ်တွင် ဘုရင်မင်းမြတ်ထံမှ အထောက်တော်တစ်ဦး ရောက်လာသည်။ ဘိုးတော်မင်းမြတ်သည် ရေစကြိုမြို့မှာ ရှိသော သရက္ခန် ဘုရားများလာရောက်ဖူးမြော်မည်ဟု ဆိုသည်။

ထိုသရက္ခန်ဘုရားများကို ဘိုးတော်မင်းမြတ်မလာမီ ကျွန်ုပ်၏ လူများနှင့် ကာကွယ်ရှင်းလင်းထားဖို့လိုသည်။ တစ်ရက်ကြိုကာ ကျွန်ုပ် ရောက်ရမည်။ ဘိုးတော်လာမည့်နေ့က တန်ဆောင်မုန်းလပြည့်နေ့ ကျွန်ုပ် သည် သရက္ခန်ဘုရားသို့ လဆန်း ၁၄-ရက်နေ့တွင် အရောက်သွားရမည်။

ကျွန်ုပ်သည် ခင်လေး တားသည့်စကားကို တုံ့ပြန်ကာ မပြော တော့။ သောမဒတ္တကို သရက္ခန်ဘုရားသို့ လဆန်း ၁၄-ရက်နေ့နံနက် နေထန်းတဖျားမှာ ရောက်မည်ဟု အကြောင်းပြန်လိုက်သည်။ သူ ချိန်းဆို သည့် ရွှေဟသာဘုရား သို့ကား ကျွန်ုပ်မလာနိုင်ဟု အဓိပ္ပာယ်ရရှိမည် ဖြစ် သည်။ တစ်ခုတော့ ရှိသည်။ သူ ချိန်းဆိုသောနေရာတွင် ထောင် ချောက် ရှိနိုင်သောကြောင့် ခင်လေးက တားမြစ်ခဲ့ခြင်းပင် ဖြစ်ရာ ကျွန်ုပ် ချိန်းဆို သော နေရာသို့လည်း 'သောမဒတ္တ' သူ့လူများကို လွှတ်ကာ စုံစမ်းခိုင်းဦးမည် ဟု သေချာသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဒီတစ်ခါတော့ ခင်လေး စိတ်မပူစဖူး ပူတယ် မောင်တော်၊ ပြီးတော့ ခင်လေး မျက်ခုံးတွေလည်း လှုပ်သလိုပဲ၊ သရက္ခန်ဘုရားကို မောင်တော် လဆန်း(၁၄)ရက်နေ့မှာ မသွားလို့ မရဘူးလားဟင်"

"မရဘူး . . ခင်လေး၊ မောင့်တော်ဟာ စကားတစ်ခုပြောပြီးပြီဆိုရင် ဘယ်တုန်းက ပြင်ဆင်ဖူးလို့လဲ၊ ခင်လေးလည်း သိသားပဲ"

"စစ်ရေးမှာ ကတိသစ္စာတည်တဲ့ လူကို ဒုက္ခပေးလို့ သိပ်ကောင်းတာပေါ့ မောင်တော်ရယ်၊ မောင်တော် သရက္ခန်ဘုရားကို မလွှဲသွေလာမယ်ဆိုတာ သောမဒတ္တက ခုဆိုရင် သိနေပြီပေါ့"

ခင်လေးသည် ပရိယာယ်မာယာကို စစ်ရေးတွင် သုံးသင့်သည်ဟု ထင်မြင်သည်။ ကျွန်ုပ်ကား ဆိုခဲ့စေမြဲစေဆိုသောလူမျိုးဖြစ်၍ သရက္ခန်ဘုရားကို သွားရန် ဆုံးဖြတ်လိုက်ပြီး ဖြစ်လေသည်။ ကျွန်ုပ်၏ တပ်သားများကိုလည်း ကျွန်ုပ်နှင့် သောမဒတ္တတို့ ရင်ဆိုင်တိုက်ခိုက်ပါက ဝင်၍ မကူညီရန် မှာကြားခဲ့၏။

"တပ်မှူးကြီး ဝရစက္က၊ သောမဒတ္တက ကလိန်ဉာဏ်ဆင်ပြီး သူ့လူတွေနဲ့ ဝိုင်းတိုက်ရင်ရော ကျွန်တော်မျိုးတို့ ရပ်ကြည့်နေရမှာပဲလား"



"ဒီလိုကော့ မဟုတ်ဘူး၊ သူ့ဘက်က မရိုးသားရင် ကိုယ့်ဘက်ကလည်း လက်နက်နဲ့ လူအင်အားသုံးပြီး တိုက်ဖို့ ငါအမိန့်ပေးပါ့မယ်။ ဒါပေမယ့် မင်းတို့ ငါ့အမိန့်မရဘဲ ကိုယ့်ဆုံးဖြတ်ချက်နဲ့ကိုယ် မလုပ်နဲ့"

ထိုခေတ်အခါက သရက္ခန်ဘုရားများကို ကိုးကွယ်ပူဇော်ထားသော နေရာမှာ တန့်ကြည်တောင်အနီးရှိ ရှေးဟောင်းသစ်တန့်ဆောင်းတွင် ဖြစ်သည်။

ထိုတန်ဆောင်းကို သူဌေးတစ်ဦးက ဆောက်လုပ်ပူဇော်ကာ သရက္ခန်ရုပ်ပွားတော်များကို နေကဇာတင်မည်ဖြစ်၍ ဘုန်းဘုရားဘိုးတော်မင်းမြတ်ထံ အကြောင်းကြားရာ မင်းမြတ်က ထိုနေရာသို့ ကြွချီလာမည် ဖြစ်လေသည်။

ကျွန်ုပ်တို့မှာ လျှို့ဝှက်တပ်ဖျောက်ကာ နေထိုင်သူများဖြစ်၍ စစ်ဝတ်တန်ဆာကို မဝတ်ဆင်ဘဲ ကျေးရွာရှိ ပြည်သူပြည်သားများ မထိတ်လန့်စေရန် အရပ်ဝတ်ဖြင့်ပင် တန့်ကြည်တောင်ဆားရှိ တန်ဆောင်းသို့ သွားရောက်၍ သူပုန်ဓားပြများကို ဘိုးတော်မင်းမြတ်မလာမီ ကြိုတင်နှိမ်နင်းထားရန် ဆုံးဖြတ်ခဲ့လေသည်။

ထိုဆုံးဖြတ်ချက်အတိုင်း ကျွန်ုပ်သည် အရပ်မျက်နှာခွဲကာ တပ်မှူးများ၊ သွေးသောက်များ၊ အိုးစားများကို သရက္ခန်ဘုရားများရှိရာသို့ ချဉ်းကပ်လာရန်အတွက် စီစဉ်ညွှန်ကြားခဲ့သည်။ စစ်ရေးကိစ္စ အနီးကပ်ဖြစ်သောကြောင့် ထိုခရီးလမ်းသို့ ခင်လေးလည်း လိုက်ခွင့်မရှိတော့ပေ။

ခင်လေးသည် ကျွန်ုပ်ကို နောက်ဆုံးအကြိမ် မြင်ရသည့် သဘောဖြင့် အကြိမ်ကြိမ်[illegible]မ်းကာ ပါးချင်းအပ်၍ နှုတ်ဆက်လေသည်။

"တားမရရင်လဲ သွားပေတော့ မောင်တော်ရေ၊ ခင်လေးဘော့ စိတ်တွေလေးပြီး နှလုံးသွေးရပ် မတတ်က လဲမလိုတောင် ဖြစ်တယ်"

"မဦးမချွတ်တွေ မပြောပါနဲ့ ခင်လေးရယ်၊ မောင်တော်[illegible] အောင်ပန်းဆင်ပြီး လင်ကတောနေအိမ်ကို ပြန်လာမှာပါ"

"ပြောပါ မောင်တော်ရယ်၊ မောင်တော် ပြောတော့[illegible] မောင်တော့်စကားပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် နှုတ်သည် ညအမှောင်ထဲမှာပင် ခင်လေးကို နှုတ်ဆက်ကာ တပ်သားများနှင့် ထွက်လာခဲ့ကြပေတော့သည်။ ကျွန်ုပ်တို့သည် မြင်းများကို ဒုန်းစိုင်း၍ လာခဲ့ကြရာ အရဏ်တက်အချိန်မှာပင် တန့်ကြည်တောင်အနီးသို့ ရောက်ရှိလာလေတော့၏။

ကျွန်ုပ်နှင့်အတူလာသော လူနှစ်ဆယ်တို့မှာ ကျွန်ုပ်က မြင်းကိုရပ်လိုက်သည်နှင့် သူတို့မြင်များကိုလည်း ရပ်ကာ အမိန့်ကို နာခံလိုက်ကြလေသည်။

သရက္ခန်ဘုရားရှိခိုး ပူဇော်ပွဲမှာ ဘုရားပွဲကျင်းပနေသကဲ့သို့ရှိ၍ တစ်ဦးစီလူခွဲကာ လူကြားထဲတွင် ကိုယ်ရောင်ဖျောက်နေရန် ကျွန်ုပ် စီစဉ်ရပေတော့မည်။

ကျွန်ုပ်သည် ကျွန်ုပ်၏လူများကို မထင်မရှား ဆယ်သွယ်နိုင်စေရန် ဘယ်လက်သန်းတွင် အဝတ်ဖြူလေးများ စည်းနှောင်ပေးထားသည်။ အလွန်သေးငယ်သော လက်တစ်လုံးခန့်ရှိ ပိတ်စလေးများ ဖြစ်သည်။ အရေးအကြောင်းရှိလျှင် လူကြားထဲမှ ထိုလက်များကို ထောင်ကာ တစ်ဦးနှင့်တစ်ဦး ဆက်သွယ်ဖို့ အမိန့်ပေးထားပြီး ဖြစ်ပေသည်။

"ကဲ . . အရေးကြီးရင် အသံမထွက်နဲ့ ဘယ်လက်ကို လူကြားထဲက ထောင်လိုက် အဲဒီနေရာက လူဆီကို စုပြီးသွားကြ၊ လုပ်စရာရှိတာ တိုင်ပင်ပြီး လုပ်ကြဖို့ပဲဟေ့၊ နားလည်တယ် မဟုတ်လား"

"နားလည်ပါတယ် . . တပ်မှူးကြီး"

"အေး . . နားလည်ရင် လူစုခွဲကြပေတော့"

မြင်းတစ်ကောင်စီခွဲကာ သူတို့ထွက်ခွာသွားကြလေတော့သည်။

* * * * * *

ကျွန်ုပ်သည် သရက္ခန်ဘုရားရှိရာ တန်ဆောင်းရှိရာသို့ မြင်းကို မှန်မှန်စိုင်းနှင်လာစဉ်မှာပင် ကျွန်ုပ်၏နား၌ အသံတစ်သံကို ကြားလိုက်ရလေတော့သည်။

"ဝရစက္က ပြောတဲ့စကားအတိုင်း တည်ထားပဲ၊ ကျုပ်နောက်ကို



လိုက်ခဲ့ပေတော့"

ကျွန်ုပ် အသံလာရာသို့ ကြည့်လိုက်သောအခါ အညိုရောင် ကိုယ်ကျပ်အင်္ကျီနှင့် လုံတစ်ချောင်းကို ကျောတွင် လွယ်ထားသော ခက်ထန်သည့် မျက်နှာပိုင်ရှင် သောမဒတ္တကို တွေ့လိုက်ရပေတော့သည်။

ကျွန်ုပ်မှာလည်း မဆိုင်းမတွပင် သောမဒတ္တ မြင်းလှည့်၍ သွားရာနောက်သို့ လိုက်ပါလာခဲ့မိလေတော့၏။ သောမဒတ္တသည် တန့်ကြည်တောင်တန်းမှ တောင်တန်းတစ်ခုပေါ်သို့ ကျွန်ုပ်ကို ဦးဆောင်ခေါ်ငင်သွားလေသည်။

တောင်ကုန်းတစ်ခုပေါ်တွင် လူရိပ်များတွေ့ရပြီး ကျွန်ုပ်၏နောက်မှလည်း အရပ်ဝတ်ဝတ်ထားသော ကျွန်ုပ်တပ်သားများက အရိပ်အခြည်ကြည့်ကာ လိုက်ပါလာသည်ကို တွေ့ရလေသည်။

'သောမဒတ္တ'သည် တောင်ကုန်းပေါ်သို့ မတက်မီမှာပင် မြင်းကို ရပ်လိုက်၏။

"ဝရစက္က"

"ဘာလဲ"

"မင်းယောကျ်ား မဟုတ်ဘူးလား"

"သောမဒတ္တ ငါဟာ ယောကျ်ားပီသတဲ့အတွက် ယောကျ်ားအလုပ်ကိုပဲ လုပ်တယ်၊ မင်းသာ အကောက်ဉာဏ်နဲ့ မြားသမားတွေကို တောင်ကုန်းဘေးမှာ ဖုက်ထားတယ် မဟုတ်လား"

ကျွန်ုပ်သည် အလွန်အကင်းပါးသူ ဖြစ်၍ လှုပ်ရှားမှုမရှိဘဲ ငြိမ်နေသော သောမဒတ္တ၏လူများ ချုံထဲတွင် မြားတံများဆောင်ကာ ထိုင်နေသည်ကို တွေ့မြင်လိုက်ပြီးသား ဖြစ်သည်။ သောမဒတ္တသည် ထိုအခါတွင်မှ သူ့လုပ်ရပ်ကို ဝန်ခံပြောဆိုတော့၏။

"ဝရစက္က ဒီလူတွေဟာ ငါ့ကို မင်းတို့က အင်အားနဲ့ တိုက်ခိုက်ပြီး ဖမ်းမှာစိုးလို့ စီစဉ်ထားရတာ၊ မင်းတို့ဘက်က သစ္စာရှိရင် ငါ့ဘက်ကလည်း ဘာမှလှုပ်ရှားမှာ မဟုတ်ဘူး"

"သောမဒတ္တ ငါ့တပ်သားတွေကလည်း ငါ့အမိန့်စကားမကြား

www.burmeseclassic.com



ဘဲ မင်းကို့လူတွေကို ဘာမှနှောင့်ယှက်မှာ မဟုတ်ဘူး''

''ကောင်းပြီ . . မင်းဟာလည်း ငါ့ကို ဖမ်းပြီးတော့ မင်း ဘုရင်ကေရာဇ်ကို ဆက်သချင်မှာပဲ၊ ငါကလည်း မင်းကို မသတ်နိုင်ရင် လူဖြစ်ရှုံးတယ်လို့သူဆိုကြတာ တို့ဒီနေ့ ဒီတောင်ကုန်းပေါ်မှာ တစ်ယောက်ယောက် သေရမယ့်ပွဲပေါ့ကွာ''

သောမဒတ္တသည် ထိုသို့ပြောပြီးနောက် သူ၏ကျောမှ လှံရှည်ကြီးကို ဆွဲယူလိုက်သည်။ ကျွန်ုပ်ကလည်း ခါးတွင် ချိတ်ဆွဲထားသော ကျွန်ုပ်၏ တိုက်ပွဲအမျိုးမျိုး၌ အောင်ပွဲခံခဲ့သည် ''သူရိယစက္က''ဓားကို ဆွဲထုတ်လိုက်လေတော့သည်။

တောင်ကုန်း၏ အောက်ခြေနစ်ဘက်တွင် သောမဒတ္တ၏လူများကတစ်ဖက် ကျွန်ုပ် တပ်သားများကတစ်ဖက် နေရာယူထားကြသည်။ တောင်ကုန်းမှာ မြင်းစီး၍ ကောင်းလောက်အောင် အတောင်တစ်ရာ့ငါးဆယ်ခန့်ရှည်၍ အတောင်ခြောက်ဆယ်ခန့် ကျယ်လေသည်။

''ကဲ . . ဝရစက္ကရေ ငါ့ကိုနိုင်အောင်သာ တိုက်ပေတော့''

လှံကို မြှောက်၍ဝင့်ကာ သောမဒတ္တသည် မြင်းကို နောက်ဖက်သို့ စီးသွားသည်။ ကျွန်ုပ်သည်လည်း ဓားကိုဝင့်ကာ သောမဒတ္တ၏ နောက်သို့ လိုက်လာခဲ့လေတော့သည်။

* * * * * *

နေရောင်ခြည်သည် တောင်ကုန်းပေါ်ရှိ မြက်ခင်းကို ထိုး၍ဟပ်ထားရာ အစိမ်းရောင်တောက်ပနေသည်။ သောမဒတ္တက အညိုရောင်အဆင်တန်ဆာကို ဝတ်ဆင်ထားပြီး သူ၏ခေါင်းတွင် နီညိုရောင်ပဝါကို စည်းနှောင်ထားပြီး ဆံကျစ်ကို နောက်ဖက်သို့ ခပ်တွဲတွဲထုံးနှောင်ထားသည်။

ကျွန်ုပ်သည် တိုက်ပွဲဝင်သည်ဖြစ်စေ ခရီးထွက်သည်ဖြစ်စေ ပေါ်ပေါ်လွင်လွင် နေနိုင်သော တပ်မှူးဖြစ်၍ အနီရဲရဲပိုးအင်္ကျီနှင့် နီညိုရောင်တပ်မှူးအဆင်တန်ဆာကို ဝတ်ဆင်လာခဲ့သည်။ သောမဒတ္တသည် လှံရေးနှင့် ပတ်သက်၍ ကျွမ်းကျင်နိုင်နင်းလှသည်ဟု တပ်သားများထံမှ သတင်းကြားခဲ့ပြီး ဖြစ်လေသည်။

သောမဒတ္တသည် ညာလက်ထဲတွင်ရှိသော လှံကို စကြာလှည့်သလို လှည့်ကာ မြင်းကို ဒုန်းစိုင်းလာပြီးနောက် ကျွန်ုပ်၏ ရင်ဝကို လှံ တစ်ပြက် ထိုးစိုက်ချလိုက်သည်။

''ဝှစ်''

''ချွမ်''

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်ကလည်း သူ၏ပါးနပ်မှုကို သိရှိသည့်အတိုင်း လှံချက်ကို ဓားနှင့်ရိုက်ကာ ဖယ်ထုတ်ပြီး သူ၏လည်တိုင်ကို ဓားနှင့်ပိုင်းချလိုက်သည်။

"ဒွစ်"

သောမဒတ္တမှာ လှံချက်လွဲသွားကြောင်း သိသည်နှင့် မြင်း၏ဆားသို့ ကိုယ်ကို စောင်းချကာ ဖယ်လိုက်သောကြောင့် ကျွန်ုပ်၏ ဓားချက်မှာ လွဲချော်သွားရလေတော့၏။ မြင်းကို ခြေဖနောင့်နှင့် ရိုက်ကာ သောမဒတ္တက မြင်းချင်းခွာသွားခဲ့လေသည်။

ကျွန်ုပ်သည်လည်း မြင်းပေါ်မှ ချော်မကျစေရန် ကိုယ်ကို ဟန်ချက်ထိန်းကာ နောက်ဖက်သို့ ပြန်စီးခဲ့လေသည်။ ဤသို့ ပြုလုပ်ခြင်းမှာ စီးချင်းတိုက်ပွဲများတွင် အားရှိအောင် အမောဖြေခြင်း စိတ်ဓာတ်အင်အား ပြည့်ဝအောင် ဖြည့်တင်းခြင်းတို့ပင် ဖြစ်ပေတော့သည်။

"ဟေး . . ဟေး . . ဟေး"

တောင်ကုန်းအဆုံးထိ စီးပြီး ဖက်ကြိုးပြန်လှည့်ကာ သောမဒတ္တ ဒုန်းစိုင်းလာသည်ကို သူ့လူများက အားပေးလိုက်သည်။ တစ်ဖက်ရန်သူကို အားငယ်သွားအောင်လည်း အသံပေးကာ ခြောက်လှန့်ခြင်း ဖြစ်ပေသည်။

"တ္စ"

ထိုစဉ်မှာပင် ကျယ်လောင်သော ကျွဲချိုမှုတ်သံ ပေါ်လာသည်။ ကျွဲချိုမှုတ်လိုက်သူမှာ ကျွန်ုပ်၏တပ်မှ တပ်မှူးလေး ရန်နောင်ဖြစ်၏။ ကျွန်ုပ်သည် ကျွဲချိုမှုတ်ရန် အမိန့်မပေးခဲ့ပါ။

ထို့ကြောင့် ကျွန်ုပ်၏တပ်ဖက်သို့ လှည့်ကြည့်လိုက်မိလေသည်။ ထိုစဉ်မှာပင် ကျွန်ုပ်၏ရင်ဝမှ ပွခနဲ ဖြစ်သွားရာ သောမဒတ္တ၏ လှံချက်မိသွားပြီဆိုသည်ကို ကျွန်ုပ် သိသည်နှင့် လှံကို လွှတ်ကာ မြင်းကို လှည့်သွားသော သောမဒတ္တ၏ ကျောပြင်သို့ ကျွန်ုပ်သည် ဓားကို အလယ်မှကိုင်ကာ ပစ်ပေါက်လိုက်လေတော့သည်။

"ရွှစ်"



"ဒုတ်"

"အား"

ကျွန်ုပ် ပစ်ခတ်လိုက်သော ဓားမှာ ဦးတွင်သံထု ပိုမိုကာ လှံကဲ့သို့ အသုံးပြုနိုင်အောင် စီမံထားသော သူရိယစက္ကဓား ဖြစ်ကြောင်းကို သောမဒတ္တ မသိရှာခဲ့ပေ။

ကျွန်ုပ်ဓားသည် ကျောမှရင်ဝသို့ ဖောက်ထွက်သွားသကဲ့သို့ သောမဒတ္တ ထိုးလိုက်သောလှံမှာလည်း ကျွန်ုပ်၏ ဝမ်းဗိုက်မှ ကျောသို့ ဖောက်ထွက်နေပြီ ဖြစ်သည်။

"တပ်မှူးကြီး ထိသွားပြီ"

ကျွန်ုပ်၏ တပ်သားများထံမှ နောက်ဆုံးအော်ဟစ်သံကိုသာ ကျွန်ုပ် ကြားလိုက်ရတော့၏။ သောမဒတ္တသည်လည်း ကျွန်ုပ်ရှေ့မှာပင် မြင်းပေါ်မှ ပြုတ်ကျသွားခဲ့လေတော့သည်။

ကျွန်ုပ်၏ အာရုံတွင်ကား အမှောင်ထုကြီး လွှမ်းသွားလေတော့သည်။

* * * * * *

"အဲဒီဘဝက သောမဒတ္တရော မောင်တော်ပါ တန့်ကြည်တောင်မှာ သေဆုံးသွားကြတယ်လေ၊ နှမတော်လည်း တပ်နဲ့အတူ နေပြည်တော်ကို ပြန်ခဲ့ပြီး သိပ်မကြာခင်မှာပဲ မောင်တော်ရဲ့ ပစ္စည်းတွေကို ဟောဒီ ရွှေကူဘုရားကို လှူဒါန်းခဲ့တာပေါ့"

လရောင်ဖြင့် ခပ်ဆေးဆေး မြင်နေရသော ဘုရားတစ်ဆူကို လှည်းပေါ်မှ ခင်လေးက လက်ညှိုးထိုးပြသည်။

"အော် . . ရွှေကူဘုရားနားတောင် ရောက်လာပြီကိုး၊ မောင်တော် မှတ်မိလာရောပေါ့၊ နှမတော်ကတော့ အဲဒီဘုရားမှာဘဲလေ၊ လေနာကျေး နဲ့ ဘဝပြောင်းပြီး ခုထိရှိနေတာပေါ့ မောင်တော်"

ခင်လေးက ရွှေကူဘုရားဘက်သို့ ချိုးဝင်သည့်လမ်းဆုံရာ ထိပ်တွင် လှည်းကို ရပ်နားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်လေး ဘာလုပ်တာလဲ"

"နမတော်တို့နေထိုင်တဲ့ နေရာနဲ့နီးနေပါပြီ၊ မောင်တော်ရော အလည်များဝင်ဖို့ စိတ်ကူးရှိသလားလို့"

ကျွန်ုပ်က ခေါင်းခါလိုက်သည်။ ခင်လေးပေါ်မှာပင် ကျွန်ုပ်သည် ဒနီးယောင်းများဖြစ်၍ စိတ်များ တိမ်းညွတ်ချင်သလိုလို ဖြစ်နေခဲ့ရာ သူ့နေရာသို့ဒေသသို့ လိုက်သွားလျှင်ကား ပို၍ဆိုးပေလိမ့်မည်။

"ဒီဘဝမှာတော့ မောင်တော်(အဲ)ကျုပ် အမိန့်ခ္ခာန်လုပ်ထားတဲ့ ကိစ္စရှိလို့ ...င်ပါရစေနဲ့ ခင်လေး၊ ခင်လေးက ခုလို ကူညီစောင့်ရှောက်တာကို ကျေးဇူးတင်ပါတယ်"

"အို .. မောင်တော်ရယ်၊ ခင်လေးဟာ မောင်တော်ကျေးဇူးတင်ရမယ့်လူမှ မဟုတ်တာ၊ ဟိုဘဝက မောင်တော့်ရဲ့ ဘုန်းရိပ်ကံရိပ်ကို ခင်လေး ခိုလှုံခဲ့ရတာပါ၊ ဒီကျေးဇူးတွေဟာ ခုလုပ်သမောင်းတာလေးနဲ့တော့ ဘယ်ကျေပါ့မလဲ မောင်တော်"

ထပ်၍ စကားပြောလျှင် ကျွန်ုပ်၏ ရင်ထဲမှ သံယောဇဉ် ငြိတွယ်သည့် စကားများပါလာမည်စိုးသောကြောင့် ကျွန်ုပ်သည် နှုတ်ပိတ်၍ နေလိုက်လေတော့သည်။

"ခင်လေး နားလည်ပါတယ် မောင်တော်၊ မောင်တော်ဟာ သံယောဇဉ် ကိလေသာတွေ ပယ်ရှားဖို့ စိတ်ကူးသွင်းနေတယ်ဆိုတာ၊ ကဲပါ မောင်တော် သွားချင်တဲ့အရပ်သာ ပြောပါတော့"

ကျွန်ုပ်သည် ရေစကြိုမြို့နယ်ထဲသို့ ရောက်ရှိနေပြီ ဖြစ်သောကြောင့် ကျွန်ုပ် ဂန္ဓာရီအကျင့်ကျင့်နိုင်မည့် ဝှဉမင်တစ်ခုရောက်ဖို့သာ အရေးကြီးပေတော့သည်။ လူသူကင်းဝေးတိတ်ဆိတ်ရာ ပခန်းနယ်ရှိ ဝှဉမင်တစ်ခုခုသို့ သွားလိုပါသည်ဟု ပြောလျှင် ခင်လေး မည်သို့ထင်မည်နည်း။

သူမနှင့် တွေ့ဆုံရမည်စိုး၍ တမင်ရှောင်လွှဲကာ နေရာရှာသည်ဟု ထင်ကောင်းထင်နိုင်သည်။

"ဒီလမ်းအတိုင်းသာ ဆက်မောင်းပါ ခင်လေး၊ ကျွန်ုပ် ဆင်းချင်တဲ့နေရာရောက်ရင် ပြောပါ့မယ်"



ခင်လေးက နွားကို ကြိမ်တို့ကာ လှည်းကို ဆက်မောင်းလိုက်သည်။

"အော် .. စောစောက စကားစပြတ်သွားတယ်၊ ပခန်း–ရေစကြိုနယ်က ဈာန်သမာပတ်ရသွားတဲ့ ပုဂ္ဂိုလ်နှစ်ယောက်အကြောင်း ပြောမလို့လေ"

ခင်လေးက မျက်ရည်စများကို မသိမသာ သုတ်ကာ အသံကိုပါ ထိန်း၍ ပြောလိုက်ခြင်း ဖြစ်ကြောင်း ကျွန်ုပ် သတိပြုမိလိုက်၏။ ခင်လေး စိတ်သက်သာရာရစေရန်နှင့် ကျွန်ုပ်လည်း ပခန်းနယ်မှ ဈာန်သမာပတ်ရရှိသူများအကြောင်း စိတ်ဝင်စားမိရာ

"ဟုတ်တယ် ခင်လေး၊ ရှင်ဂမ္ဘီသာရဆိုလား ခင်လေးပြောတာလေ"

ဟု စကားထောက်ပေးလိုက်၏။ လမ်းက မညီမညာ ချိုင့်ဝှမ်းအတွင်းသို့ လှည်းက ဆင်းသွား၍ ခင်လေးက လှည်းကို ထိန်းနေရသည်။

"ဟဲ့ .. သွား၊ အော် .. ဒီရွှေနီက ဘယ်သွားတာလဲ၊ ဒီဘက်ကိုတက်လေ"

"ဟဲ့ .. အော်"

နွားများက လမ်းပေါ်မှ ချော်သွား၍ ကုန်းတက်ပေါ်သို့ ပြန်တက်အောင် ထိန်းကာ ခင်လေးက သူ့စကားကို ဆက်ပြောလေသည်။

* * * * * *

"ဒီလို မောင်တော်ရဲ့၊ ရေစကြိုပခန်းနယ်မှာ ရှင်မုနိန္ဒဆောသနဲ့ ရှင်ဂမ္ဘီသာရဆိုတဲ့ ဆရာတပည့်နှစ်ယောက် ရှိခဲ့ဖူးတယ်၊ ဘိုးတော် ဗဒုံမင်းလက်ထက်ကပဲ ဆိုပါတော့၊ ဒါပေမဲ့ မောင်တော် သေဆုံးပြီးတဲ့နောက်မှ ပေါ်လာခဲ့တာပါ"

"အင်း .. မောင်တော် မမှတ်မိတဲ့ အမှောင်တိုက်ကြီးထဲမှာ မောင်တော် အကြာကြီးနေခဲ့ရတယ်လို့ ထင်တယ် နမတော်"

"ဖြစ်နိုင်ပါတယ် .. နမတော်လည်း မောင်တော်ရဲ့ ဘဝကို

www.burmeseclassic.com



ဘယ်လိုမှ စုံစမ်းလို့မရဘဲ အနှစ်တစ်ရာကျော်လာခဲ့ရတယ်၊ မောင်တော်ဟာ ပြိတ္တာဘုံဘဝတစ်ခုခုမှာ ရောက်ရှိနေတာ ဖြစ်မှာပေါ့"

"ဘာမှန်းတော့ မသိဘူး၊ မောင်တော့်ပတ်ဝန်းကျင်မှာ အမှောင်ထုကြီး ဖုံးနေတာပဲ သိတယ်"

"ထားပါတော့ . . ရှင်မုနိန္ဒဃောသဟာ ဈာန်အဘိညာဉ်ရအောင် လေ့ကျင့်နေတဲ့ ဆရာတော် ဖြစ်သလို သူ့တပည့် ဂမ္ဘီသာရကိုလည်း ဈာန်အဘိညာဉ်ရအောင် ကျင့်ကြံဖို့ တိုက်တွန်းအားပေးတယ်"

ကျွန်ုပ်သည် လရောင်ထိန်ထိန်သာနေသော လှိုဏ်မြောင်ခင်တန်းတို့ကို ကြည့်လျက် ခင်လေး၏ စကားကို နားထောင်ရင်း လိုက်ပါလာခဲ့မိသည်။

"အရှင်မုနိန္ဒဃောသနဲ့ အရှင်ဂမ္ဘီသာရတို့နှစ်ပါးဟာ ပခန်းကြီးမှာရှိတဲ့ ဘုမ္မိဇေယျာကျောင်းတိုက်မှာ ကိုယ့်ကျောင်းနဲ့ကိုယ် သီတင်းသုံးနေတဲ့ ရဟန်းတော်နှစ်ပါးပါ၊ နှစ်ပါးလုံးဟာ လောကုတ္တရာတရားကို အပြင်းအထန်အားထုတ်သတဲ့၊ ဝါဆိုလပြည့်နေ့ တစ်နေ့မှာတော့ ရှင်ဂမ္ဘီသာရဟာ အရှင်မုနိန္ဒဃောသဆီသွားပြီး ဩဝါဒခံယူတယ်"

"အရှင်မုနိန္ဒဃောသက ဆရာပေါ့"

"ဟုတ်ပါတယ် . . မောင်တော် ရသေ့ကြီး ဒီလိုဩဝါဒခံယူတဲ့အခါ အရှင်မုနိန္ဒဃောသက သူ့တပည့်ကို ဆုံးမဩဝါဒပေးတယ်၊ ပေးပုံက

"ငါ့ရှင် မြတ်ဘုရားရဲ့ သာသနာတော်ဟာ အနုစ်သာရကင်းပြီလို့ မထင်နဲ့၊ အားထုတ်မှု စွမ်းဝကား လျော့နေကြလို့သာ အနှစ်သာရကင်းပြတ်နေတာ ဖြစ်တယ်"

လို့ မိန့်ကြားတော်မူတယ်။ ပြီးတော့လည်း အရှင်ဂမ္ဘီသာရ အားထုတ်ချင်စိတ် ပေါ်လာအောင်

"ငါ့ရှင် ဂမ္ဘီသာရ ဒီနေ့ကစပြီး ဒါန၊ သီလကို ကြိုးစားဖြည့်ကျင့်ပြီး ဘာဝနာကမ္မဋ္ဌာန်းကို စွမ်းစွမ်းတမံ အားထုတ်ပေတော့" လို့ ပြောလိုက်သတဲ့"



ကျွန်ုပ်မှာ ဆရာကောင်းရှိမှသာ တရားထူးရနိုင်သည်ဟူသော ဝါဒကို လက်ခံကျင့်သုံးသူဖြစ်သဖြင့် ခင်လေး၏ စကားများကို စိတ်ဝင်စားမိသည်။

"ဟုတ်တယ် . . ခင်လေး၊ လောကုတ္တရာ ပညာမှာ ဆရာဟာ အဓိကပဲ၊ ဈာန်ရဖူးတဲ့ ဆရာ၊ မဂ်ရဖူးတဲ့ဆရာနဲ့တွေ့မှ သူ့နည်းသူ့ဩဝါဒကို ခံယူပြီး ကျင့်ကြံလို့ အောင်မြင်နိုင်တာပဲ"

ခင်လေးက လှည်းလမ်းညီညာလာပြီဖြစ်သောကြောင့် စကားကို လေသံအေးအေးနှင့် ဆက်ကာ ပြောကြားသည်။

"ဒီတော့ အရှင်ဂမ္ဘီသာရဟာ သူ့ကျောင်းပြန်ရောက်တာနဲ့ ကျောင်းမှာရှိတဲ့ ပိဋကတ်ကျမ်းဂန်စာအုပ်တွေ လှန်လှောဖတ်ရှုပြီး ဝိပဿနာဘာဝနာကို အပြင်းအထန် အားထုတ်တော်မူသတဲ့၊ ရှင်ဂမ္ဘီရက ဝိသုဒ္ဓိမဂ်ထဲက တွေ့တဲ့ ကမ္မဋ္ဌာန်းလေးဆယ်မှာ သူ့စရိုက်နဲ့ကိုက်တဲ့ 'နီလကသိုဏ်း'ကို ရွေးချယ်ပြီး အားထုတ်တယ်။ ကသိုဏ်းကို အားထုတ်ရာက ဓမ္မပီတိတွေဖြစ်ပြီး ဓမ္မသုခကို ခံစားလာနိုင်သတဲ့"

"ဒါဆို တရားတက်လာတာပေါ့နော်"

"ဟုတ်တယ် မောင်တော်ရသေ့ကြီး၊ အဲဒီကသိုဏ်းနဲ့ပဲ အရှင်ဂမ္ဘီသာရဟာ ညိုပြာပြာအရောင်ရှိတဲ့ အာရုံနိမိတ်တွေ ထင်လာတာတွေ့ရတော့သတဲ့၊ ဒါဟာ ခရီးအစပဲဆိုပြီး သူ့ကိုယ်သူ အထင်မကြီးသေးဘူး"

ခင်လေးက ရှင်းပြတော့မှပင် ပခုက္ကူဘက်ရှိ ရေစကြို–ပခန်းနယ်များမှာ အထင်ကရဂူဂိုလ်များ ပေါ်ထွက်ရာ ဘူမိနက်သန်နေရာဖြစ်ကြောင်း ကျွန်ုပ် သဘောပေါက်နားလည်မိတော့၏။

www.burmeseclassic.com

www.burmeseclassic.com

လရောင်တွင် ကွေ့ကောက်နေသော လှည်းလမ်းကြောင်းကို တွေ့မြင်နေရသည်။

အချို့နေရာတွင် လှည်းသည် ချိုင့်ဝှမ်းတွင်းသို့ ဆင်းပြီးမှ ပြန်တက်သည်။ အချို့နေရာတွင်ကား လှည်းလမ်းသည် ကုန်းကလေးပေါ် တက်၍ ကွေ့သွားသည်ကို မြင်နေရပြန်၏။

"ဒီနိမိတ်တွေ ပေါ်လာတာဟာ သမာဓိတရားတိုးပွားလာလို့ မဟုတ်လား"

ကျွန်ုပ်က အရှင်ဂမ္ဘီသာရအကြောင်း ပြောပြနေသည့် ခင်လေးကို မေးလိုက်သည်။ ဆံပင်များကို တစ်ပတ်လျှို့ထုံးကာ ပခုံးပေါ်သို့ ချထားသော ခင်လေးက

"ဟုတ်တာပေါ့ မောင်တော်ရယ်၊ မောင်တော် ရသေ့ကြီးတို့လည်း သမာဓိရအောင် အမျိုးမျိုး အားထုတ်ကြရတာပဲ မဟုတ်လား၊ ခပ်ပျော့ပျော့၊ ခပ်မျော့မျော့နဲ့ကတော့ သမာဓိက ဘယ်အနားကပ်ပါ့မလဲ၊ ဒါနဲ့ ရှင်ဂမ္ဘီသာရရဲ့ ညိုပြာပြာရောင် အာရုံနိမိတ်ပေါ်မှာ ဆင်၊ ဂဠုန်၊ နဂါးဆိုတဲ့ အာရုံနိမိတ်တွေ ဆက်တိုက်ပေါ်လာသတဲ့၊ တစ်ခုပြီးတစ်ခု ထူးထူး



ဆန်းဆန်း ပေါ်လာတဲ့ အာရုံနိမိတ်တွေကို တွေ့ရတော့ ရှင်ဂမ္ဘီသာရဟာ စဉ်းစားရခက်လာတယ်။ ဒါပေမယ့် သူ့ဆရာသခင်ကိုလည်း ဒီအဖြစ်အပျက်တွေကို မလျှောက်ထားမိဘူးတဲ့"

"ထူးထူးခြားခြားတွေတော့ ဖြစ်လာတာ အမှန်ပဲပေါ့နော်"

"ဟုတ်တယ် . . ဘယ်နေရာမှာ သိသာလာသလဲဆိုတော့ ဆွမ်းခံကြွတဲ့နေရာမှာ ပိုပြီးသိသာတယ်။ ဆွမ်းခံကြွနေဆဲမှာ ရှင်ဂမ္ဘီသာရရဲ့ ထွက်လေဝင်လေဟာ ပေါ်မလာဘဲ နှစ်နာရီ၊ သုံးနာရီကြာ ချုပ်ပျောက်နေသတဲ့"

ကျွန်ုပ်မှာ ထိုအဖြစ်အပျက်ကို ကြားရသောကြောင့် အံ့အားသင့်သွားမိသည်။ လူတစ်ဦးတစ်ယောက်သည် အသက်မသေဆုံးဘဲ ထွက်လေဝင်လေ ရပ်သွားဖို့ဆိုသည်မှာ မလွယ်ပါ။

ထွက်လေဝင်လေသည် ကံကြောင့်ဖြစ်ပေါ်နေမှု ဖြစ်သည်။ အကုသိုလ်၏အကျိုး၊ အကုသိုလ်၏ဝိပါတ်ဟုလည်း ခေါ်သည်။ ထွက်လေဝင်လေ ရပ်သွားသည်ဆိုခြင်းမှာ တော်ရုံစျာန်သမာပတ်ကြောင့် မဖြစ်နိုင်ပေ။

လူသည် သေဆုံးသောအခါ အမိဝမ်းထဲ၌ နေသောအခါ၊ မေ့မျောသောအခါနှင့် စတုတ္ထစျာန်သို့ ရောက်သောအခါ ထွက်လေဝင်လေ ရပ်ဆိုင်းသည်ဟု ကျွန်ုပ် လေ့လာမှတ်သားဖူးသည်။

"ဆွမ်းခံသွားရင်း ထွက်လေဝင်လေ ရပ်ဆိုင်းသွားတာဆိုတော့ တော်တော်ကို စျာန်တရားမြင့်မားတာပဲ ဖြစ်လိမ့်မယ်"

ကျွန်ုပ်က ခန့်မှန်းပြောဆိုလိုက်သည်။

"မောင်တော်ရသေ့ပြောတာ မှန်ပါတယ်၊ ဒီအကြောင်းကို ဆရာဖြစ်တဲ့ အရှင်မုနိန္ဒယောသကာ အရှင်ဂမ္ဘီရကို ပိဋကတ်ပါဠိတော်တွေ ရှုတ်ဆိုကြပြီး

"ငါ့ရှင်စတုတ္ထစျာန်ကို ရနေပြီ၊ မဆုတ်မနစ် မလစ်တဲ့သတိနဲ့သာ အားထုတ်ပေတော့"

လို့ အားပေးသတဲ့၊ ဒီတော့ အရှင်ဂမ္ဘီရလည်း မဆုတ်မနစ်တဲ့

www.burmeseclassic.com



ဝီရိယနဲ့ ကြိုးစားပြီး ကျင့်တာပေါ့"

"ဆရာကောင်းတပည့် ပန်းကောင်းပန်ဆိုသလိုပဲပေါ့ ခင်လေးရယ်၊ ဆရာကျင့်သလို တပည့်က ကျင့်တော့လဲ ရကြတာပေါ့"

"ဟုတ်တယ် . . ဒီလိုဆရာတပည့်နှစ်ဦး ရှာန်ရတဲ့သတင်းကို ရေစကြို-ပခန်းနယ်မှာသာမက တဖြည်းဖြည်း လူသိများလာတယ်။ နောက်ဆုံးတော့ ဘိုးတော်ဘုရားက ဒီသတင်းကို ကြားသွားသတဲ့၊ ဒီတော့ ဘိုးတော်ဘုရားက ဒီသတင်းကို စုံစမ်းတော့တာပဲပေါ့"

"ဘိုးတော်က ဒါမျိုးဝါသနာ သိပ်ပါတာ၊ စုံစမ်းတာတွေ မေးမြန်းတာတွေ လုပ်တော့မှာပေါ့"

ကျွန်ုပ်မှာ ဘိုးတော်မင်းတရား ပတ်သက်သောစာတွေ့များကို အမှတ်ရလာသောကြောင့် ခင်လေးကို ဝင်ရောက်ထောက်ခံမိပါသည်။

"ဟုတ်တယ် . . ဒီတော့ ဘိုးတော်က ဗားကရာဆရာတော်၊ မဲထီးဆရာတော်၊ မန်ကျည်းတောဆရာတော်၊ မဟာဒါန်ဝင်ဆရာတော်တို့ကို နန်းတော်ပင့်ပြီးတော့ အရှင်ဘုရားတို့ ရေစကြိုနဲ့ ပခန်းမှာ ထင်ရှားတဲ့ ဆရာတော်နှစ်ပါးကို ဟုတ်တိုင်းမှန်ရာ စစ်ပေးပါလို့ ပြောသတဲ့"

* * * * * *

"စစ်ဆေးလို့ ဟုတ်မှန်မှန်းသိရင် နန်းတော်ကို ပင့်ပြီးတော့ ကိုးကွယ်မှာပေါ့ ခင်လေးရဲ့"

ခင်လေးက နွားကိုပေါက်ကာ ကုန်းတက်သို့ မောင်းတင်နေသောကြောင့် လှည့်၍ စကားမပြောနိုင်ပေ။

"ဟဲ့ . . ရွှေနီ"

"အော် . . ဘယ်သွားနေတာလဲ ဒီဘက်ကိုတက်လေ"

ကြိမ်နှင့်တို့ကာ ပြောလိုက်ရိုက်လိုက်လုပ်မှ နွားနှစ်ကောင်မှာ တအိအိ ဆွဲကာ ကုန်းတက်ပေါ်သို့ တက်သွားလေသည်။

"မောင်တော်ရသေ့ပြောတာ မှန်ပါတယ်၊ ဘိုးတော်ဘုရားဟာ လောကီအကျိုးကို သိပ်လိုလားတာကိုး၊ ဒီတော့ မြောက်သင့်တဲ့သူကို



မြောက်စားပြီး ရက်ရက်စက်စက် ချေမှုန်းသင့်တဲ့သူကို ချေမှုန်းတာ မောင်တော်အတွေ့ပဲလေ၊ မောင်တော်တောင် သောမဒတ္တကို ဖမ်းဆီးရင်း အသက်စွန့်ခဲ့ရတယ် မဟုတ်လား"

ကျွန်ုပ်ကို အတိတ်ဘဝမှ သံဝေဂယူစရာကို ပြောလာ၍ ကျွန်ုပ်၏စိတ်များမှာ ရှင်ဘုရင်တို့၏ အမှုကို ထမ်းရွက်ရသည်မှာ မလွယ်ကြောင်း သံဝေဂတရား ပွားများမိလေတော့သည်။

"ဟုတ်တယ် ခင်လေး၊ ကိုယ့်ဘဝထက်ကို ရှင်ဘုရင်ရဲ့ဘဝကို အဓိကထားပြီး လုပ်ရှားဆောင်ရွက်ခဲ့ရတာ၊ သံဝေဂတရားရစရာပဲ"

"ထားလိုက်ပါတော့ မောင်တော်ရယ်၊ ပြီးခဲ့တဲ့ဘဝကို ယူကျုံးမရဖြစ်မနေပါနဲ့၊ အခု ရောက်ရှိနေတဲ့ဘဝမှာသာ အမြတ်ရအောင် လုပ်ပါတော့"

ခင်လေးပြောသည့် စကားမှာ တန်ဖိုးရှိလှသည်။ ယခု ကျွန်ုပ်သည် အကျင့်မြတ်ကို ရှာဖွေကျင့်ကြံရင်းဖြင့် ဘဝတန်ဖိုးကို ရှာဖွေနေသည် မဟုတ်ပါလော။

"အခုလည်း အကျင့်မြတ်ကို ရှာဖွေကျင့်ကြံနေတာပါပဲ ခင်လေး"

"မောင်တော်ရသေ့ကြီးကို ဒီဘဝမျိုးနဲ့ တွေ့ရတာ ခင်လေး ဝမ်းသာပါတယ်၊ ဆင်းရဲဒုက္ခနွံထဲမှာဆိုရင်လည်း ခင်လေး ကူညီလို့ရမှာ မဟုတ်ဘူး၊ အခုတော့ အဲကျင့်မြတ်ကျင့်တဲ့သူတွေရဲ့ ဘုမိနက်သန်နေရာကို ရောက်လာတော့ ခင်လေး ကူညီနိုင်သမျှ ကူညီရမှာပဲ၊ အင်း . . ဒီဒေသမှာလည်း မောင်တော်ရသေ့ရဲ့ ရန်ဖက်တွေ အဖျက်အဆီးတွေလည်း ရှိတယ်"

ခင်လေး စကားကြောင့် ကျွန်ုပ်မှာ အနှောင့်အယှက် အဖျက်အဆီးများကို ရင်ဆိုင်ရဦးမည်ဖြစ်ကြောင်း နားလည်လိုက်၏။ လောကခံ အဖျက်အဆီးနှင့် ပရလောကအဖျက်များကို ကျွန်ုပ်တို့ ဂန္ဓာရီအကျင့်ကျင့်သူများသည် ရင်ဆိုင်တုံ့ပြန်နေရဦးမည်သာ ဖြစ်ပေသည်။

ဘိုးတော်ဘုရား(ဗဒုံမင်း)နှင့် ရေစကြို-ပခန်းမှ အရှင်မြတ်နှစ်ပါး အကြောင်းကို ကျွန်ုပ် သိချင်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်လေး"

"ဘာမေးစရာရှိလို့လဲ မောင်တော်ရဲ့ကြီး"

"ဘိုးတော်က စစ်ခိုင်းတော့ မဟာဒါန်ဝန်ဆရာတော်နဲ့ မဲထီးဆရာတော်တို့က စစ်ဆေးကြရောလား"

"ဟုတ်တယ် ဘိုးတော်ဘုရားက ရေစကြိုမြို့မှာရှိတဲ့ မြို့ဝန်တွေ သူကြီးတွေကို ဆရာတော်နှစ်ပါးရဲ့ ဆွမ်းကွမ်းကိစ္စ စီစဉ်ဆောင်ရွက်ဖို့ အမိန့်တော်မှတ်လိုက်တော့ ဆရာတော်ကြီးတွေ ကြွလာတဲ့အခါ အားလုံး အား ... ...ငှ် ဖြစ်နေတော့တာပေါ့"

"ရေစကြိုနဲ့ ပခန်းတ အရှင်နှစ်ပါးကရော အစစ်ဆေးခံကြသလား"

"အင်း . . သူတို့ကလည်း တရားသမားတွေဆိုတော့ ရှင်မုနိန္ဒဃောသက သူ့တပည့် ရှင်ဂန္ဓိသာရကို

"ငါ့ရှင် နေပြည်တော်မှ ဆရာတော်ကြီးများ လာရောက်စစ်ဆေးပါက ဟုတ်တိုင်းမှန်ရာကိုသာ ဖြေကြားပေတော့" ဟု မိန့်ကြားထားလိုက်လေသည်။

ရှင်ဂန္ဓိသာရမှာ မိမိအား မေးမြန်းလျှင် မိမိ၏ ကျင့်စဉ်ကို ကျင့်သည့်အတိုင်း ပြောပြရန် ဆုံးဖြတ်ထားကြောင်း ကျွန်ုပ် သိလိုက်ရသည်။ ရှင်မုနိန္ဒဃောသကား သူ့အတွက် မစိုးရိမ်၊ တပည့်ဖြစ်သူအတွက် စိုးရိမ်မှုပန်သောကြောင့် ထိုသို့ မိန့်ကြားတော်မူခြင်း ဖြစ်ပေသည်။

သို့သော် မဲထီးဆရာတော်၊ မဟာဒါန်ဆရာတော်နှင့် မန်ကျည်းတောဆရာတော်တို့သည် ရှင်ဂန္ဓိသာရအား မမေးဘဲ အရှင်မုနိန္ဒဃောသကို ဦးစွာမေးမြန်းကြောင်း သိရ၏။

* * * * * *

ဆရာတော်ကြီးများသည် အရှင်မုနိန္ဒဃောသ၏ ဥပမိနှင့် ကျောင်းတို့ကို အကဲခတ်ပြီးနောက် အောက်ပါအတိုင်း မေးမြန်းပြောဆိုလေသည်။

"အရှင်မြတ် ဘယ်ဈာန်အထိ ရထားပါသလဲ"



"တပည့်တော် ပထမဈာန်မှစပြီး စတုတ္ထဈာန်အထိ ကောင်းစွာ ရရှိထားပါတယ်"

"ဝသီဘော်ကို လေ့ကျက်ပါသလား"

"ဝသီဘော်ကို လေ့ကျက်ပေမယ့်၊ လေ့ကျက်မဖြစ်နိုင် ဖြစ်နေပါတယ် အရှင်ဘုရား"

နေပြည်တော်မှ ဆရာတော်ကြီးများသည် အရှင်မုနိန္ဒဃောသ၏ အဖြေကြားသောအခါ စဉ်းစားဆင်ခြင်ကြပြီး ဆက်၍ မေးပြန်လေသည်။

"ငါ့ရှင်တို့ကို တရားပြသ၍ပေးသော ကမ္မဋ္ဌာန်းပြဆရာရှိပါသလား"

ထိုမေးခွန်းမှာ အရေးကြီးသည်။ ဆရာမရှိလျှင် စတုတ္ထဈာန်ကို ရဖို့မလွယ်ချေ။ ဆရာတော်ကြီးများ၏ အမေးရှိသည့် ရှင်မုနိန္ဒဃောသသည် သူကျင့်ကြံအားထုတ်ခဲ့သည့်အတိုင်း ပြောကြားခဲ့လေသည်။

"တပည့်တော်တို့မှာ အနီးကပ်လက်ထပ် သင်ကြားပေးသော ဆရာမရှိပါ ဝိသုဒ္ဓိမဂ်ကျမ်းလာ အကြောင်းအရာတွေကို လေ့လာဆည်းပူးပြီး အားထုတ်ခဲ့ကြခြင်း ဖြစ်ပါတယ်ဘုရား"

အရှင်မုနိန္ဒဃောသ၏ အဖြေကြောင့် ဆရာတော်ကြီးများမှာ ဆုံးဖြတ်ရန် ခက်ခဲသွားသည်။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာမှာ သီဟိုဠ်မှ ရေးသော ကျမ်း ဖြစ်သည်။ ကျမ်းကို ရေးသားသော "ရှင်မဟာဗုဒ္ဓဃောသ" မှာ ရဟန္တာတစ်ပါးမင် ဖြစ်သောကြောင့် ထိုကျမ်းတွင် သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးကို အကျယ်ဖွင့်ဆိုရေးသားထား၏။

သီလပိုင်းတွင် "အဘယ်တရားသည် သီလမည်သနည်း။ အဘယ်အနက်ကြောင့် သီလမည်သနည်း။ သီလ၏ လက္ခဏာ၊ ရသ ပစ္စုပ္ပန်ဒါန်၊ ပဒဋ္ဌာန်မှု၍ သီလ၏ ရင့်ကျက်နားလည်ကြောင်းဆိုင်ရာ မေးခွန်း(၈)မျိုးကို ဖြေဆိုထားသည်။

ထို့ကြောင့် ဝိသုဒ္ဓိမဂ်တွင် ရှုတင်(၁၃)ပါး အကျင့်မှအစ သီလသဘောကို ကုန်အောင် ရေးသားထားသောကြောင့် ဝိသုဒ္ဓိမဂ်ကို တတ်ကျွမ်းလျှင် တရားကျင့်၍ ကောင်းကောင်းဖြစ်နိုင်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်များမှာလည်း ဝိသုဒ္ဓိမဂ်ကို ကြည့်ရှုဖူးသူ ဖြစ်သောကြောင့် ဆုံးဖြတ်နိုင် ဖြစ်လာသည်။

ရှင်ဂမ္ဘီသာရကို မေးမြန်းသောအခါတွင်လည်း ရှင်မုနိန္ဒဃောသ ခဲ့ပြသည့်အတိုင်းပင် ဖြေကြားလေရာ နောက်ဆုံး ဆရာတော်ကြီးများက

"အရှင်တို့ ဖြေကြားချက်များဟာ ကျမ်းဂန်နဲ့ညီတာလည်း ရှိတယ်၊ မညီတာတွေလည်း တွေ့ရတယ်" ဟုဆို၏။ အရှင်မုနိန္ဒဃောသက ရိုကျိုးစွာဖြင့်

"အရှင်ဘုရားတို့ ကျမ်းဂန်နဲ့ညီတာ မညီတာကို အမိန့်ရှိပါ ဘုရား"

ဟု လျှောက်လေသည်။

* * * * * *

ထိုအခါ အဆုံးအဖြတ်ပေးရမည့် ဘိုးတော်ဘုရား၏ ဆရာတော်တို့သည်

"သူတစ်ပါးတို့ စိတ်သန္တာန်မှာ ဖြစ်ပေါ်နေတာဟာ မိမိရဲ့စိတ်သန္တာန်မှာ ဖြစ်ပေါ်နေတာ မဟုတ်လို့ ဧကန်လို့တော့ ဆိုရခက်တယ်"

ဟု မတင်မကျ ဆုံးဖြတ်ကာ ပြန်တော်မူသွားလေသည်။ ဆရာတော်ကြီးများ နေပြည်တော်ကို ပြန်ရောက်ပြီးနောက် ဘိုးတော်မင်းတရားမှာလည်း ကျွန်းမာရေးချို့ယွင်းသဖြင့် ထိုကိစ္စကို ဂရုမစိုက်နိုင်အားတော့ပေ။

ဘိုးတော်ဘုရား(ဗဒုံမင်း) နတ်ရွာစံပြီးနောက် ထိုကိစ္စမှာ အပြီးမသတ်နိုင်ခဲ့ပေ။ ထို့နောက် နောက်စစ်ကိုင်းမင်း ဘကြီးတော်ဘုရားလက်ထပ်တွင် ဆရာတော်ကြီးလေးပါးအား ထပ်မံစစ်ဆေးခိုင်းခဲ့ရာ ရဟန္တာ မှန်ကန်ကြောင်း ဆရာတော်ကြီးများက ထောက်ခံအမှာစာ ရေးသွင်းခဲ့သည်ဟု ဆိုသည်။

ဘကြီးတော် စစ်ကိုင်းမင်းတရားလက်ထက် ဆရာတော် အရှင်မြတ်နှစ်ပါးအား အလွန်ကြည်ညိုသဒ္ဓါပွားခဲ့သောကြောင့် နေပြည်တော်

www.burmeseclassic.com

www.burmeseclassic.com



သို့ ပင့်ဆောင်ကာ ကျောင်းဆောက်၍ လှူဒါန်းရန် ပြောကြားလျှောက် ထားလေသည်။ သို့သော် အရှင်မြတ်နှစ်ပါးသည် နေပြည်တော်တွင် ကြာရှည်စွာ သတင်းမသုံးကြပေ။

အရှင်မုနိန္ဒဃောသသည် စစ်ကိုင်းပုညရှင်အနီးရှိ ဥမင် ၉ အနီး 'ပဒ္မချောင်' တောရသို့ ကြွကာ သီတင်းသုံး၍ အရှင်ဂမ္ဘီရသာရမှာ ပခန်းကြီး၌ တောရဆောက်တည်ခဲ့လေသည်။ ပခန်း–ရေစကြိုမှ ကျောက်ဆူ ဖြစ်တော်မူသော အရှင်နှစ်ပါးအကြောင်းကို ခင်လေးက ပြောပြသောကြောင့် ကျွန်ုပ် ပြည့်ပြည့်စုံစုံ သိလိုက်ရသည်။

လပြည့်ည၏ လသည်လည်း ဝင်လုဆဲ အနောက်တောင်စွန်းသို့ ယွန်းနေပြီ ဖြစ်သည်။ ထန်းတောတစ်တော၏ အစပ်တွင် အစပ်၌ လှည်း ယာဉ်လေး ရပ်သွားသည်။ ခင်လေးသည် လှည်းကိုရပ်ကာ ကျွန်ုပ်ဖက် သို့ လှည့်ကြည့်၏။

"မောင်တော်ရသေ့"

"ပြောပါ ခင်လေး"

"ဒါဟာ ဝူကြီးကျောင်းနားကို ရောက်လာပါပြီ၊ ဒီနေရာဟာ ဂန္ဓာရီအကျင့် ကျင့်ချင်သူတွေအတွက် သင့်လျော်တဲ့နေရာပါပဲ မောင်တော်"

ခင်လေးက လှည်းပေါ်မှ ဆင်းစေလိုမှန်းသိ၍ ကျွန်ုပ်သည် လှည်းပေါ်မှ ဆင်းလိုက်တော့သည်။ ထန်းတောထဲတွင် ထန်းပင်များက တစ်ပင်နှင့်တစ်ပင် နီးကပ်စွာ ပေါက်နေ၍ လှည်းသွားစရာလမ်း မရှိပေ။

ခင်လေးသည်လည်း ရွှေကြင်ခတ်ပဝါနုအဝါရောင်ကို လည်တိုင် တွင်ရစ်ကာ အစနှစ်စကို ကျောပေါ်ချ၍ ကျွန်ုပ်ရှိရာသို့ ရောက်လာသည်။ ...နောက် ကျွန်ုပ်၏ ခြေအစုံကို ဦးခိုက်ကာ ခင်လေးက ကန်တော့လိုက် သည်။

"မောင်တော်ရသေ့ကြီး ကျန်းမာချမ်းသာပါစေ အလိုရှိအပ် တောင့်တအပ်တဲ့ ဂမ္ဘီရကျင့်စဉ်များလည်း ပြည့်စုံအောင် ကျင့်နိုင်ပါစေ"

ကျုံ့ကျုံ့လေးထိုင်ကာ ကန်တော့နေသော ခင်လေးကို ကြည့်ကာ ကျွန်ုပ်သည် "ကာမဆန္ဒ နီဝရဏ" နှင့် "ကာမဝိတက်" များ မပေါ်စေရန်



သတိဖြင့် ဖယ်ဖျောက်နေရသည်။ ခင်လေးကား ဤထန်းတောစပ်မှပင် သွားပေတော့မည်။ ထိုအခါ ကျွန်ုပ်တစ်ဦးတည်းသာ ခရီးဆက်ရပေတော့ မည်။

ကျွန်ုပ်၏ စိတ်အစဉ်ကို အမြဲသိရှိနေသော အနန္တနယဆရာသခင် ၏အသံသည် နားထဲတွင် ပေါ်လာလေသည်။

"ရသေ့ကြီး စတုရင်္ဂ၊ သင်ကား သမုဒယသံယောဇဉ်နဲ့ ဘဝတွင် နစ်မွန်းခဲ့ရတာများပြီ၊ ရသေ့ကြီး မေတ္တာဘာဝနာကို ပွားများပြီး ထန်းတော အရှေ့မှာရှိတဲ့ ဝူကြီးကို သွားပေတော့"

ဆရာသခင်၏ အမိန့်အတိုင်း ကျွန်ုပ်သည် ခင်လေးကို နှုတ် ဆက်စကားဆိုလိုက်တော့၏။

"ခင်လေးရေ သွားပေတော့"

* * * * * *

ထန်းတောကို ကျော်လွန်လာသောအခါတွင် အုတ်ရိုးပေါ်၌ မြက် များပေါက်နေသော ဝူကြီးကို တွေ့လိုက်ရသည်။ ဝူဝင်ပေါက်မှာ လေး ထောင့်ခပ်ရှည်ရှည် ဖြစ်၍ ဝူအတွင်းပိုင်းတွင် တရားအားထုတ်သူတို့ နေ ထိုင်လှဲလျောင်းနိုင်ရန်အတွက် ကျယ်ကျယ်ဝန်းဝန်းရှိ၍ ဝူထဲရှိ ကျောက် ပလ္လင်လေးတွင် ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်ရှိသည်။

ထိုဗုဒ္ဓရုပ်ပွားတော်မှာ 'ဇမ္ဗူပတိမင်း' ချွတ်ခန်းတွင်ပါသော ခ လွယ်နှင့် မကိုဋ်များ ဝတ်ဆင်ထားသည့် ခြေးဆင်းတုတော်ဖြစ်သည်။ ခြေးဆင်းတုတော်တွင် အနီးအပါးမှ လာရောက်ကာ မီးပူဇော်ထားသော ဖယောင်းတိုင်အတိုများကို တွေ့ရသည်။

ကျွန်ုပ်သည် ဝူထဲတွင် ခင်းထားသော မြက်များပေါ်၌ ထိုင်ကာ ဗုဒ္ဓရုပ်ပွားတော်အား ကြည်ညိုကန်တော့လိုက်သည်။ ပြီးတော့မှ ကျွန်ုပ် ရှုမှတ်နေကျ အာနာပါနတရားကို ကျကျနန ထိုင်ကာ ရှုမှတ်ပွားများနေ လေသည်။ ကျွန်ုပ်မှာ သတိပဋ္ဌာန်နည်းဖြင့် ကောင်းကောင်းရှုမှတ်ပွားများ နေသည်မှာ အလေ့အကျင့်ရရှိနေပြီဖြစ်ရာ ခဏအတွင်း သွင်ပျံ့နေသော

www.burmeseclassic.com

www.burmeseclassic.com



စိတ်များ ငြိမ်သက်သွားကာ အာရုံသည် နာသီးဖျားတွင် အမှတ်မြဲသွားလေတော့သည်။

တိတ်ဆိတ်ငြိမ်သက်၍ ရှုမှတ်၍ ကောင်းသော နေရာဖြစ်သောကြောင့် ကျွန်ုပ် ရှုမှတ်နေစဉ်မှာပင် အာရုံထဲ၌ ရွာလေးတစ်ရွာ ပေါ်လာလေတော့သည်။

ထိုရွာကလေး၏ ရွာလမ်းမမှာ ပြန့်ပြူးညီညာမှုရှိပြီး ဘေးနှစ်ဖက်ဝ ် ထန်းတောညိုညိုကြီးများရှိ၏။ ထိုနေရာမှ ကျွန်ုပ် ဖြတ်လျှောက်လာခဲ့ရာ ကျွန်ုပ်ကဲ့သို့ပင် ဘုရားဖူးများသည် ဝတ်ကောင်းစားလှ ဝတ်ကာ သွားလာနေကြသည်ကို တွေ့မြင်ရလေသည်။

"ဘယ်သွားနေကြတာလဲ"

ကျွန်ုပ်အာရုံတွင် ထင်သည့်အထဲမှာပင် စဉ်းစားတွေးတောလိုက်မိသည်။

"ဒီလူတွေက သီဟိုဠ်ဘုရားကို သွားနေကြတာပါ"

ဟု ဖြေသံတစ်သံ ပေါ်လာသည်။ ထိုအသံမှာ ဆရာသခင်၏ အသံပင် ဖြစ်လေသည်။ သီဟိုဠ်ဘုရားရှိရာသို့ ကျွန်ုပ် ရောက်ရှိလာပြီး ဝင်ရောက်ကန်တော့လိုက်၏။

ထို့နောက် ဘုရားဖူးများနှင့်အတူပြန်၍ ထွက်ခွာလေရာ အလွန်နက်ရှိုင်းသော ချောက်ကြီးတစ်ခုအတွင်းသို့ ဆင်းသည့်လမ်းသို့ ရောက်ရှိလာသည်။

ကျွန်ုပ်၏အာရုံများမှာ အိပ်မက်မက်နေသည်နှင့်ပင် တူနေပေတော့သည်။ ဘေးနှစ်ဖက်တွင် တောင်နံရံရှိ၍ အောက်သို့ ဆင်း၍လာလေ ကျွန်ုပ်၏ နှာခေါင်းထဲတွင် အမွှေးနံ့များရလေ ဖြစ်လာသည်။

"ငါ ဘယ်ကိုသွားနေတာလဲ ဘာအတွက်သွားနေရတာလဲ"

ထိုသို့သွားနေရာမှပင် အာရုံထဲ၌ ခင်လေး၏အသံသည် ပေါ်လာလေသည်။

"မောင်တော်"

"မောင်တော်"



"ဒီချောက်ထဲကို မဆင်းပါနဲ့ ပြန်တက်ပါ၊ အဲဒါဟာ သောမဒတ္တရဲ့ ခိုအောင်းနေတဲ့ ချောက်ကြီးပဲ"

ကျွန်ုပ်သည် ခင်လေး၏အသံကို ကြားရပြီး လူကို မမြင်ရပေ။ ခင်လေးအသံကြောင့်ပင် ကျွန်ုပ်သည် ဖျတ်ခနဲ သတိရရှိသွားသည်။ ထို့ကြောင့် အမွှေးနံ့နှင့် အငွေ့များထွက်နေသည့် ချောက်ထဲသို့ ဆက်၍ မဆင်းတော့ဘဲ ကျွန်ုပ်သည် ချောက်ပေါ်သို့ ပြန်တက်လာခဲ့လေတော့သည်။

"ဟား . . ဟား . . ဟား"

ကျယ်လောင်သော ရယ်မောသံကြီးကို ကြားလိုက်ရသည်။ ကျွန်ုပ် ဆင်းလာသည့် ချောက်နှုတ်ခမ်းပေါ်တွင် ဘီလူးကြီးတစ်ကောင် လက်ပိုက်ကာ ရပ်နေသည်။ သူ၏မျက်နှာကြီးမှာ စိမ်းနေပြီး မျက်လုံးများမှာ မီးဝင်းဝင်းတောက်လျက် ရှိသည်။

ပိုက်ထားသော လက်ထဲတွင် ချိုင်းကြားမှ ထောင်ထွက်နေသော တင်းပုတ်ကြီးကို တွေ့မြင်နေရသည်။ ကျွန်ုပ်သည် မီးဝင်းဝင်းတောက်နေသော မျက်လုံးများကို ကြည့်ရင်း သောမဒတ္တ၏ ရုပ်သွင်ကို မြင်ယောင်လာမိသည်။

"သောမဒတ္တ"

ကျွန်ုပ်၏ နှုတ်မှ စကားသံတစ်သံ ထွက်ပေါ်လာသည်။

"အော် . . ဝရစက္က မင်းက ငါ့ကို မှတ်မိသေးသားပဲကိုး၊ မင်းနဲ့ ငါနဲ့ ရှိခဲ့တဲ့ ရန်ညိုးတွေ ချေရမယ့်အချိန် ရောက်ပြီပေါ့ကွာ"

သောမဒတ္တသည် ပြောပြောဆိုဆို လက်ထဲမှ တင်းပုတ်ကို မြှောက်ကိုင်လိုက်သည်။ ကျွန်ုပ်မှာလည်း သူ့အနီးသို့ ရောက်ရှိနေပြီဖြစ်၍ သူ့တင်းပုတ်နှင့်ထုလျှင် တိတိကျကျ ထိနိုင်သည့်နေရာတွင် ရှိနေပြီ ဖြစ်လေသည်။

ကျွန်ုပ်သည် သောမဒတ္တကို ခုခံတိုက်ခိုက်လိုသောစိတ် မရှိပေ။ ကျွန်ုပ်သည် မေတ္တာဘာဝနာကို ဝင်စားလိုက်သည်။ "သဗ္ဗေသတ္တာ သတ္တဝါ"များကို မေတ္တာပို့သကာ ရန်ကင်းပါစေ၊ ဘေးကင်းပါစေ၊ ချမ်းသာပါ

www.burmeseclassic.com

www.burmeseclassic.com



ဆေးဟုသော အာရုံ၌ စူးစိုက်စွာ နှလုံးသွင်းနေသည်။

သောမဒတ္တသည် သူ၏တင်းပုတ်ကြီးကို မြှောက်ကာ ကျွန်ုပ်၏ ခေါင်းပေါ်သို့ ထုချလိုက်တော့သည်။

"ဝရစက္က သေပေတော့"

"ဝုန်း"

ကျွန်ုပ်၏နားထဲတွင် ကျယ်လောင်သောအသံကို ကြားလိုက်ရသည်။ ကျွန်ုပ်၏ခေါင်းပေါ်တွင် မည်သည့်နာကျင်မှုမျိုးမှ မဖြစ်ချေ။

ကျွန်ုပ်၏ခန္ဓာကိုယ်တစ်ခုလုံးတွင် ရေများလောင်းချလိုက်သလို အေးမြသွားသည်ဟု ထင်မြင်မိလေသည်။ ထိုအချိန်မှာပင် ကျွန်ုပ်၏ နားထဲ၌ 'အနုန္တနယ' ဆရာသခင်၏အသံ ပေါ်လာသည်။

"ရသေ့ကြီး စတုရင်၊ သင်၏အာရုံများက သင့်ကို လှည့်စား လျက်ရှိနေလေပြီ၊ သင်သည် ခန္ဓာမှာ ဉာဏ်ကပ်၍ ထားလော့၊ ဖြစ်ပျက် ဖောက်ပြန်နေသော သင်၏ခန္ဓာကိုယ်ကိုသာ ရှုပါလော့"

"ဟင်"

ကျွန်ုပ် သက်ပြင်းချလိုက်မိသည်။ ထိုအခါတွင်မှ ကျွန်ုပ်သည် အဝေးသို့ လွင့်သွားသောအာရုံနောက်သို့ လိုက်ပါသွားမိမှန်း သတိရမိ တော့သည်။ ကျွန်ုပ်သည် နှာသီးဖျားနှင့် ကျွန်ုပ်ထိုင်နေသော ခန္ဓာကို ရှု ကာ တရားဖွေရှာနေမိတော့သည်။

ကျွန်ုပ်၏ နှာသီးဖျားကို တိုး၍ သွားသော ဝင်လေထွက်လေကို ကောင်းစွာ မှတ်သားမိလေတော့သည်။

* * * * * *

ကျွန်ုပ်သည် ပတ်ဝန်းကျင်နှင့် အဆက်ပြတ်ကာ မည်မျှအထိ ကြာအောင် တရားရှုမှတ်နေမိသည်မသိ။ လူသံများကို ကြားသောအခါမှ ပင် နားစွင့်ကာ မျက်လုံးဖွင့်လိုက်မိတော့သည်။ ကျွန်ုပ်၏ရှေ့ရှိ ရုပ်ပွားတော်ရှေ့တွင် အငွေ့တလူလူဖြင့် ဖယောင်းတိုင်တစ်တိုင် မီးလင်းလျက် ရှိသည်။

ကျွန်ုပ်သည် ညောင်းညာမှုကို သတိပြုမိလာ၍ အနည်းငယ်နေ ရာပြင်ကာ သက်နန်းကို ဆွဲ၍ ဖြင်ဆင်လိုက်လေသည်။

"ဟော . . ရသေ့ကြီး တရားသိမ်းလိုက်ပြီ"

ယောကျ်ားကြီးတစ်ဦး၏ အသံကို ဦးစွာကြားလိုက်ရသည်။ ကျွန်ုပ်သည် ဂူထဲ၌ လူများ ရောက်ရှိနေသည်ကို ယခုမှ သိရကာ လှည့်၍ ထိုင်လိုက်လေသည်။

ထိုအခါ မိန်းမပျိုနှစ်ဦး၊ ယောကျ်ားကြီးတစ်ဦးနှင့် လူငယ်တစ် ယောက်တို့ ကျွန်ုပ်၏နောက်၌ လက်အုပ်ချီကာ ထိုင်နေကြသည်ကို တွေ့ ရသည်။ သူတို့ရှေ့တွင်လည်း ဆွမ်းအုပ်တစ်အုပ် ချထားသည်ကို တွေ့ရ လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရသေ့ကြီး ဒီဂူထဲမှာ သတင်းသုံးနေသမျှ ကျွန်တော်တို့ ဆွမ်းကွမ်းနဲ့ ပစ္စည်းလေးပါးကို တာဝန်ယူပါရစေ၊ ကျွန်တော်က ဦးမြို့ပါ၊ ဒီထန်းတောကြီးရဲ့ ပိုင်ရှင်ပါ"

မျက်နှာသုတ်ပဝါ ခေါင်းပေါင်းပေါင်းထားသော ဦးမြို့ဆိုသူက ရှိခိုးရင်း လျှောက်တင်လိုက်လေသည်။ ကျွန်ုပ်မှာ အံ့အားသင့်သွားသည်။ ဆွမ်းကိစ္စကို ကျွန်ုပ် တွေးပင် မတွေးမိချေ။

"ဒကာကြီး ဦးမြို့ကို ကျုပ်ဆီ ဘယ်သူက ဆွမ်းပို့ခိုင်းလို့လဲ"

ကျွန်ုပ်က ကျွန်ုပ်ရောက်ရောက်ချင်း ဆွမ်းလာပို့သောကြောင့် စုံစမ်းမေးမြန်းလိုက်သည်။

"တပည့်တော်ကို ဘယ်သူကမှ လာပြီးတော့ ဆွမ်းပို့ခိုင်းတာ မဟုတ်ပါဘူး၊ တပည့်တော်ရဲ့ အိပ်မက်ထဲမှာ ရသေ့ကြီးတစ်ပါး ဒီဂူထဲမှာ သတင်းသုံးနေတယ်လို့ မက်လို့ မနက်စောစော အောင်မြကို လွှတ်ပြီး ကြည့်ခိုင်းခဲ့တာပါ၊ အောင်မြဆိုတာ သူလေ တပည့်တော်ရဲ့သားပါ"

"အော် . . အော်"

ဦးမြို့က သူ့နောက်နားတွင် ထိုင်နေသော ကတုံးဆံတောက်ဆံပင်နှင့် လူရွယ်ဂကို လက်ညှိုးထိုးပြသည်။

"ပြီးတော့လည်း ရသေ့ကြီးဆီမှာ ဒီသမီးနှစ်ယောက်ကို ဗုဒ္ဓဘာသာယဉ်ကျေးမှုဂါထာတွေ သင်စေချင်လို့ပါ"

"မငယ်နဲ့ မကြွယ်လို့ ခေါ်ပါတယ်"

ကျွန်ုပ်မှာ ဆွမ်းဒကာ၏ သမီးနှစ်ဦးဖြစ်သောကြောင့် အသိဉာဏ်ပညာကြွယ်စေသည့် ဗုဒ္ဓတရားတော်ဂါထာများကို သင်ကြားမပေးနိုင်ဟု ပြော၍ ဖြစ်ပေ။

"ကောင်းပြီလေ ဒကာကြီး ဆွမ်းကတော့ ဒကာကြီးအဆင်ပြေသလိုသာ ပို့ပါ၊ ဒီဒကာမလေးနှစ်ယောက်ကိုတော့ ဘုရားရှိခိုးတွေ ဂါထာတွေ မနက်ပိုင်းတစ်နာရီလောက် သင်ပေးပါ့မယ်"

* * * * * *



ကျွန်ုပ်မှာ လူများနှင့် စကားပြောကာ အချိန်မဖြုန်းလိုသော်လည်း ဆွမ်းဒကာ၏ သမီးနှစ်ဦးကိုကား ဗုဒ္ဓဘာသာ သိစရာများကို သင်ကြားပေးရန် လက်ခံလိုက်ရပေပြီ။ ဆွမ်းအုပ်ကို ဖွင့်ကာ ဆွမ်းကပ်သောအခါ မွှေးကြိုင်သော ကြက်သားဟင်း၊ လက်ဖက်သုပ် နှင့် ချဉ်ဟင်းတို့ကို တွေ့ရသည်။

ကျွန်ုပ် ဘုဉ်းပေးနေသည်ကို မငယ်နှင့် မကြွယ်တို့က အနီးမှ ယပ်ခပ်ကာ ပြုစုနေကြသည်။ ထန်းတောပိုင်ရှင် ဦးမြို့မှာလည်း ဝေယျာဝစ္စများ ဆောင်ရွက်နေသည်။

တံမြက်စည်းများကို လှည်းခြင်း၊ နောက်တစ်နေ့တွင် ဂူကို သန့်ရှင်းစင်ကြယ်အောင် လာရောက်ပြုပြင်မည် ဖြစ်ကြောင်း ကတိပြုကာ ပြန်သွားလေသည်။

ကျွန်ုပ်မှာ ထိုညတွင် ဤဂူထဲ၌ သမာဓိတရားမြင့်မားအောင် ကျင့်ကြံအားထုတ်မှ ဖြစ်တော့မည်ဟု စိတ်ကူးလျက် ညမှောင်ရီသမ်းသည်နှင့်ပင် ထန်းတောပိုင်ရှင် ဦးမြို့က လှူသွားသော ဖယောင်းတိုင်ကို ထွန်းလျက် တရားကို စတင်ရှုမှတ်နေမိတော့သည်။

ထိုအချိန်မှာပင် ကျွန်ုပ်၏ နားထဲ၌ အလွန်ချိုလွင် သာယာသောဆည်းလည်းသံလေးများကို ကြားလာရသည်။ ဆည်းလည်းသံမှာ ခေါင်းလောင်းသံနှင့် ကွာခြားမှုရှိသည်ဟု ကျွန်ုပ် ထင်မြင်ပါသည်။ လူကိုတီးခတ်သော ခေါင်းလောင်းသံမှာ ချိုမြိန်မှုမရှိဘဲ ခေါင်းလောင်းနှုတ်ခမ်းသားကို ခေါင်ဒင်ဟု ရိုက်ခတ်ပါသည်။

ထို့ကြောင့် အသံ၏နိမ့်ကပ်ခြင်း၊ မြည်ခြင်း၏ ကြမ်းတမ်းခြင်းကြောင့် ခေါင်းလောင်းသံမှာ နားထောင်ခြင်းဖြင့် ကျွန်ုပ်သည် မည်သည့်ခံစားမှုကိုမျှ မဖြစ်နိုင်ပါ။ ယခု ဆည်းလည်းသံကမူ ညအခါတွင် လေတိုက်ခတ်သောကြောင့် စေတီတစ်ဆူ၏ ထီးတော်မှ လွင့်ပါ၍ မြည်သောအသံဟု ထင်မှတ်ရပါသည်။

ထိုဆည်းလည်းသံကြောင့် ကျွန်ုပ်သည် တရားရှုမှတ်မှု မှ သဒ္ဒအာရုံနောက်သို့ လိုက်ပါသွားမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီအနီးအနားမှာ ဘုရားစေတီတစ်ဆူဆူတော့ ရှိမှာပဲ၊ စောလည်းစောသေးတယ်၊ သွားပြီး ဖူးမြော်ဦးမှ"

ကျွန်ုပ်သည် ဖယောင်းတိုင် ထွန်းထားသော ဂူထဲမှ ထွက်လာခဲ့သည်။ လရောင်သည် ထန်းတောပေါ်တွင် ထိန်ထိန်သာနေသည်။ လက်ဝဲဘက်တွင် တောအုပ်တစ်ခုကို တွေ့မြင်ရသည်။ ထိုတောအုပ်မှာ သမန်းကြီးတောဟု အမည်တွင်သော နေရာဖြစ်သည်။

ကျွန်ုပ်သည် ဆည်းလည်းသံကို နားထောင်ရင်း ထိုတောအုပ်ထဲသို့ လျှောက်လှမ်းဝင်ရောက်လာမိသည်။ လရောင်သည် ကျွန်ုပ်အား လှမ်းသွားလမ်းကို မြင်အောင် ထွန်းပေးထားသော မီးရောင်နှင့်တူပါပေသည်။

ကျွန်ုပ်သည် ကုန်းမြင့်လေးတစ်ခုပေါ်သို့ တောလမ်းထဲမှ တက်လာရာ ကျွန်ုပ် ကြားနေရသော ဆည်းလည်းသံမှာ ထိုတောင်ကုန်းလေးပေါ်ရှိစေတီမှ မြည်သံဖြစ်ကြောင်း သိလိုက်ရပေတော့သည်။

ဘုရားပေါ်တွင် ဖယောင်းတိုင် မီးပူဇော်ထားရာ လေအတိုက်တွင် လှုပ်ခါနေသော မီးရောင်လက်လက်ကို မြင်တွေ့ရလေသည်။

* * * * * *

ထုံးဖြူဖြူဖြင့် ဥဏ်တော်အတန်အသင့်မြင့်သော စေတီလေးမှာ လရောင်အောက်တွင် ကြည်ညိုသပ္ပာယ်ဖွယ်ရာ တွေ့မြင်နေရသည်။ ထိုစေတီကလေး၏ ဘေးတွင် ဘုရားစေတီများ၌ မြင်တွေ့ရသော ဆွမ်းတော်စွန့်သည့် သင်ပုတ်ပလ္လင်ကို စောင့်သော ဘီလူးကြီးတစ်ကောင် ထိုင်နေသည်ကို တွေ့ရသည်။

ဘီလူးကြီးသည် ဆွမ်းတော်စွန့်သော သင်ပုတ်ပလ္လင်ကို ပွေ့ဖက်ထားသည်။ ကျွန်ုပ်သည် မာန်ပါပါထိုင်နေသော ဘီလူးကြီးကို ကြည့်ကာ မေတ္တာပို့သလိုက်သည်။

ကျွန်ုပ်၏အမြင်မှာ ထိုဘီလူးရုပ်ကို ဘုရားအားစောင့်သော အစောင့်အရှောက်အဖြစ် တွေ့မြင်မိလေတော့သည်။ ဘုရား ရင်ပြင်တော်



ပေါ်သို့ လျှောက်လာရင်း တန်ဆောင်းတစ်ခုထဲ၌ ဘုရားရှိခိုးနေသော မိန်းမပျိုတစ်ဦးကို တွေ့လိုက်ရလေသည်။

မိန်းမပျိုမှာ အသက်နှစ်ဆယ်ကျော် သုံးဆယ်အသွင်ဖြင့် ရှိနေပြီး အဖြူရောင်ပိုးအကျီနှင့် အဖြူရောင်ထဘီကို ဝတ်ဆင်ကာ ဘုရားကို လက်အုပ်ချီထားလေသည်။

ပိုးအကျီ၏ နောက်ဖက်ခါးတောင်အကျီစမှာ လေတိုက်ခတ်သောကြောင့် တဖျတ်ဖျတ် လှုပ်ခါနေသည်ကို တွေ့မြင်ရလေသည်။

ကျွန်ုပ်သည် ထိုမိန်းကလေးကို မြင်တွေ့ဖူးသလိုလိုရှိ၍ တန်ဆောင်းထဲသို့ ဝင်လာခဲ့သည်။ မိန်းမပျိုသည် ဘုရားရှိခိုးနေရာမှ ကျွန်ုပ်ကို လှည့်ကြည့်လိုက်သောအခါ သူမ၏နှုတ်ခမ်းအောက်တွင် ထင်ရှားသော စပယ်တင်မှည့်ကို တွေ့လိုက်ရလေတော့သည်။

"မောင်တော် နန်းမြင့်တို့ဆီကို ဘုရားက ဆည်းလည်းသံတွေ ကြားရင်တော့ လျှောက်လာမှာပဲလို့ ထင်မိသား၊ ခုတော့ နန်းမြင့်ထင်တာ မှန်နေပြီပေါ့၊ မောင်တော့်ကို နန်းမြင့် ဒီဘုရားက စောင့်နေခဲ့တာ နှစ်ပေါင်းတစ်ရာ ကျော်ပါပြီ"

ကျွန်ုပ်သည် စိတ်ထဲမှ ဘုရားတလိုက်မိသည်။ လူ့သက်တမ်းသည် အနှစ်တစ်ရာပင် ရှိရာ ယခုဘုရားပေါ်မှ မိန်းကလေးသည် စောင့်မျှော်နေရသည်မှာ နှစ်ပေါင်းတစ်ရာကျော်ပြီဟု ပြောသောကြောင့် ဖြစ်သည်။

သူမ၏နဖူးပြင်ပေါ်တွင် ဆံဝင်များဝဲကျနေသည်။ သေးသွယ်ကာ လေးကိုင်းကဲ့သို့ ကွေးနေသော မျက်ခုံးမွေး၊ ပေါ်လွင်သော နှာတံနှင့် ပိ ရိလှသော နှုတ်ခမ်းတို့ကြောင့် မြင်သူငေးမောရမည့် မိန်းမချောလေးပင်ဖြစ်ကြောင်း ကျွန်ုပ် ရိပ်မိသည်။

"လာပါ မောင်တော် နန်းမြင့်တို့ဘယ်လိုနေတယ်ဆိုတာ ကြည့်ပါဦး"

"ဘာ . . မင်းနာမည် နန်းမြင့်ဟုတ်လား"

"ဟုတ်ပါတယ် . . မောင်တော်၊ မောင်တော်က ဘဝခြားသွား

www.burmeseclassic.com

www.burmeseclassic.com



တော့ မေ့တတ်နေပြီပေါ့၊ နန်းမြင့်တို့ကတော့ မောင်တော့်ကို အမြဲမျှော်နေပါတယ်"

ကျွန်ုပ်မှာ ပွင့်ပွင့်လင်းလင်း မေးမှပင် ဖြစ်တော့မည်ကို သိရှိသဖြင့်

"နေပါဦး . . ကျုပ်နဲ့ အမိတို့နဲ့ ဘယ်လိုပတ်သက်ခဲ့လို့တုန်း"

ဟု မေးလိုက်မိသည်။

ကျွန်ုပ်၏ စကားကြောင့် မျက်ရည်ဝဲသွားသော နန်းမြင့်ဆိုသူ မိန်းကလေးက

"ကျွန်မ ထင်ပါတယ်၊ မောင်တော်ဟာ ဘဝတွေပြောင်းသွားတော့ နန်းမြင့်ကိုတွေ့ရင် စိမ်းစိမ်းကားကား စကားတွေပဲ ပြောမယ်ဆိုတာ မျှော်လင့်ပြီးသားပါ"

ဟု ပြောသည်။

ပြီးသောအခါ သူမ၏ဆံပင်များကို ဘယ်ဘက်ပခုံးမှချကာ လက်နှင့်သပ်ရင်း

"မောင်တော် လယ်ဝန်မင်းဘဝက နမတော်ဟာ မောင်တော့်ရဲ့ အချစ်ဆုံး ဇနီးပေါ့၊ မောင်တော်ဟာ ဘုရင့်အမှုတော်တွေကို ထမ်းရင်းနဲ့ ဟောဒီလယ်ထဲမှာ ပိုးထိပြီး သေဆုံးခဲ့တယ်"

ဟု ပြောသည်။

ကျွန်ုပ်မှာ ပရလောကသားများက မုသာဝါဒဖြင့် ပြောဆိုကာ လိမ်ညာတတ်သည်ကို ကြားဖူးနားဝရှိသောကြောင့်

"မင်းပြောတိုင်း ငါယုံရမှာလား"

ဟု ပြန်မေးလိုက်မိတော့သည်။

* * * * * *

"မောင်တော်ကို သက်သေပြစရာရှိတယ်၊ လိုက်သာလိုက်ခဲ့ပါ"

နန်းမြင့်ဆိုသူ မိန်းကလေးတစ်ဦးက ကျွန်ုပ်ကို ခေါ်ဆောင်နေခြင်းဖြစ်၍ လိုက်သင့်မလိုက်သင့် စဉ်းစားလိုက်မိသည်။ သို့သော် ကျွန်ုပ်၏အမေးကို သူမ လိမ်ညာနေကြောင်း မဟုတ်သည်ကို လက်တွေ့သက်သေပြစရာ ရှိသည်ဆို၍ ကျွန်ုပ် လိုက်ပါသွားရတော့သည်။

စေတီတော်၏ဘွဲ့အမည်မှာ ကံလှစေတီဟု ရေးသားထားသည်ကို ကျွန်ုပ်ဖတ်ရင်း ထိုမုခ်ပေါက်မှ ဆင်းလာခဲ့သည်။ ကံလှစေတီတွင် မုခ်ပေါက်လေးပေါက်ရှိရာ ကျွန်ုပ်တို့ ထွက်လာသော လမ်းမှာ အနောက်ဘက်မုခ်ဖြစ်မည်ဟု ထင်မှတ်ရသည်။

အဘသိကြောင့်ဆိုသော မှုလဘ လဝန်းသည် ကျွန်ုပ်၏ ရှေ့တွင်ရှိနေပြီး ယခု ဘုရားပေါ်မှ ဆင်းသောအခါတွင် ကျွန်ုပ်၏ ကျောဘက်သို့ ရောက်ရှိနေသောကြောင့် ဖြစ်သည်။ ကျွန်ုပ်သည် နန်းမြင့်ဆိုသော မိန်းကလေးခေါ်ဆောင်ရာ စေတီမုခ်ဦးလှေကားမှ ဆင်းလိုက်လာခဲ့သည်။

ထူးဆန်းလှသည်။ ကျွန်ုပ် တက်လာသော မုခ်ပေါက်မှ လှေကားထစ်ငါးဆယ် တစ်ရာခန့်သာရှိပြီး တောင်ကုန်းနိမ့်နိမ့်လေးဟု ထင်ရ

www.burmeseclassic.com

www.burmeseclassic.com



သော်လည်း မနန်းမြင့် ခေါ်ဆောင်လာရာ လှေကားကား စောင်းတန်းမုခ်ဦးနှင့် အတော်ပင် မြင့်နေသည်။

အပေါ်မှ ဆင်းသက်ရခြင်းဖြစ်၍ တစ်နည်းအားဖြင့် စောက်နက်နေသည်ဟု ဆိုရပေမည်။ စောင်းတန်းမှာ သိပ်မကျယ်လှ အပေါ်တွင် သွပ်မိုးကို ခပ်ထောင်ထောင်မိုးထားသည်။ ကျွန်ုပ်က စောင်းတန်းလှေကားတိုင်များကို လှေလာနေသောကြောင့် မနန်းမြင့်က ရပ်ကာ

"အဲဒီစောင်းတန်းတွေက လယ်ဝန်ဦးမင်းအောင် လှူခဲ့တဲ့ စောင်းတန်းလေ"

ဟု ပြောသည်။

"ဟင် . . ဟုတ်လား"

"ဟုတ်တယ် . . ဒီစောင်းတန်းကြီး မပြီးခင်မှာပဲ လယ်ဝန်ဦးမင်းအောင်ဟာ ဘုရားနားမှာ ပိုးထိပြီး သေဆုံးသွားတယ်။ ဒီတော့ ဒီရွာမှာ နာမည်ကြီးနေတဲ့ ဆေးဆရာကြီးဦးမိုးနောင်က မပုပ်မသိုးအောင် ဆေးတွေလိမ်းပေးတယ်။ အနှစ်တစ်ရာ့ခုနှစ်ဆယ်ရှိနေတဲ့ ခုချိန်ဆို မပျက်စီးလောက်သေးဘူး၊ အနှစ်သုံးရာအထိ မပုပ်မသိုးခံမယ်ဆိုတာ ဆရာကြီးက ပြောတယ်"

ကျွန်ုပ်သည် တန်ဆောင်းတိုင်များကို ကိုင်ကြည့်သည်။ ကျွန်ုပ်အဆောက်အဦးဆောက်လျှင် ရှိစေလိုသည့် တိုင်အရွယ်အမြင့် ဖြစ်နေသည်။ လယ်ဝန်ဦးမင်းအောင်ဆိုသည့် လူတစ်ဦး ဖြစ်ခဲ့သည်ဆိုခြင်းကို ကျွန်ုပ်ကိုယ်ကျွန်ုပ် မယုံကြည်နိုင်အောင်ပင် ဖြစ်မိတော့သည်။

စောင်းတန်းလှေကားမှာ အတော်ပင် မြင့်မားပြီး ပေနှစ်ရာကျော်လောက် ဆင်းမိမှ အောက်မြေပြင်သို့ ရောက်ရှိလာလေတော့သည်။ မနန်းမြင့်သည် သူကိုင်လာသော ဖိနပ်ကို ချကာ စီးလိုက်လေသည်။

ကျွန်ုပ်သည် ဖြတ်သန်းရမည့် ချုံပုတ်နှင့် ကွင်းပြင်များကို ကြည့်ကာ ကျွန်ုပ်၏ဘိနပ်မှာ တက်သည့်မုခ်ဖွင့် ချွတ်ထားခဲ့မိသည်ကို သတိရသည်။

"မောင်တော် ... မောင်တော့် ဖိနပ်ကို တွေးနေတာလား၊ ဒီမှာလေ ဒီရောက်နေပြီ"



အောက်ဆုံး လှေကားထစ်တွင် ကျွန်ုပ်၏ သရေ ဖိနပ်သည် ရောက်ရှိနေပြီ ဖြစ်သည်။ ကျွန်ုပ်သည် အံ့အားသင့်သွား၏။ မနန်းမြင့်သည် ကျွန်ုပ် စိတ်အလိုကို သိကာ ဖိနပ်ကို ဤနေရာသို့ ရောက်ရှိအောင် ကြိုတင်စီစဉ်ထားခြင်းမှာ မည်သည့်သဘောနည်း။

ကျွန်ုပ် လိုက်လာမည်ကို သိရှိသောကြောင့်ပင် ဖြစ်သည်။ ကျွန်ုပ်သည် ဘုရား၏အောက်လှေကားထစ်အဆုံးတွင် ရှိသော ဖိနပ်ကို စီးကာ မနန်းမြင့်၏ နောက်သို့ ဆက်လိုက်ခဲ့ရလေသည်။ ဘေးတွင် ထနောင်းပင်နှင့် ဆူးပင်များကို တွေ့ရလေသည်။

* * * * * *

"မနန်းမြင့်"

"ရှင်"

"ဘယ်ထိအောင် သွားရမှာလဲ"

"ဟိုရှေ့က အုတ်ဇရပ်ဖြူဖြူအထိပါပဲ"

ကျွန်ုပ်ကြည့်လိုက်သောအခါတွင် အုတ်ဖြင့်ဆောက်လုပ်ထားသော ဇရပ်ကို တွေ့မြင်ရသည်။ ဇရပ်၏ နဖူးစီးတွင် တစ်ဝက်တစ်ပျက်ပျက်နေပြီဖြစ်သော စာလုံးများကို တွေ့ရသည်။

"လယ်ဝန်ဦးမင်းအောင်ကို ရည်စူး၍ ကျန်ရစ်သူမိသားစု ကောင်းမှု၊ နတ်လူသာဓုခေါ်စေသော်"ဟု သစ်ထွင်းဆိုင်းဘုတ် ရေးထားရာ အချို့စာလုံးများမှာ မထင်ရှားတော့ပေ။

"မနန်းမြင့်ပြောသလို ဟုတ်ချင်မှ ဟုတ်မယ် လယ်ဝန်ဦးမင်းအောင်ဆိုတာ ငါ့ရဲ့အတိတ်ဘဝ ဟုတ်ချင်မှ ဟုတ်မယ်၊ တ ခြားတစ်ယောက် ဖြစ်ချင်လည်း ဖြစ်နေမှာပေါ့"

ကျွန်ုပ်သည် ထိုသို့တွေးကာ လိုက်ပါလာခဲ့ရာ အုတ်ဇရပ်ပေါ်သို့ ခြေတက်ဘဲ အုတ်ဇရပ်ဘေးမှ သချိုင်းထဲသို့ ဝင်လာသည်။ သချိုင်းထဲမှ အုတ်ဂူများမှာ လရောင်တွင် ထင်ရှားနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ့်နှယ် ညကြီးမင်းကြီး သချိုင်းထဲခေါ်လာရတာလဲ မနန်းမြင့်"

"မခေါ်ရင် မဖြစ်လို့ပါ ကိုမင်းအောင်"

"ဘာ . . ကျုပ်နာမည်ကို ဘယ်လိုခေါ်လိုက်တာလဲမောင်"

"ကိုမင်းအောင်လို့ ခေါ်လိုက်တာလေ၊ လယ်ဝန်ဘဝက နာမည်ကို ခေါ်ခွင့်မရှိတော့ဘူးလား"

ကျွန်ုပ်မှာ ဆရာသခင်၏ စကားကို နားမထောင်မိသောကြောင့် သချိုင်းထဲသို့ ရောက်ရှိနေရပြီ ဖြစ်လေသည်။

ကျွန်ုပ်၏ ဘဝတစ်ခုမှ မနန်းမြင့်ဆိုသူမှာ လရောင်အောက်တွင် လှပနေသည်။ သူမ၏ကိုယ်လုံးမှာ ကျစ်လျစ်တောင့်တင်း၍ မြင်သူစွဲမက်စရာ ဖြစ်နေ၏။ ဤကဲ့သို့သော မိန်းကလေးနှင့် ကျွန်ုပ်သည် သချိုင်းကုန်းထဲသို့ ရောက်နေရာ တစ်နေရာသို့ အရောက်တွင် မနန်းမြင့်က ထိုင်လိုက်သည်။

"ခဏလေး ကိုမင်းအောင်၊ ခုခေတ်ကလူတွေက ဘာတွေပဲ ဖြစ်ဖြစ် တန်ဖိုးရှိရင် ခိုးတတ်တယ်မဟုတ်လား၊ ဒါကြောင့် ကိုမင်းအောင်ရဲ့ ရုပ်အလောင်းကို လုံခြုံစိတ်ချရအောင် ကျွန်မတို့ လှုပ်ထားရတယ်"

မနန်းမြင့်သည် သူမတွင် ပါလာသော သော့နှင့် မြေပြင်မှ ကြေးဝါပြားကို ထိုးကာ လှည့်လိုက်သည်။ ကျောက်ပြားပေါ်တွင် တပ်ဆင်ထားသော ကြေးဝါပြားမှာ သော့လေးချက်ခပ်ထားကြောင်း တွေ့ရလေသည်။

ထိုနေရာကို သော့ဖွင့်၍ ဟလိုက်သောအခါတွင် လှတစ်ယောက်ဆင်းသာရုံအပေါက်တစ်ခု ပွင့်ဟလာလေသည်။ မနန်းမြင့်သည် သူမလွယ်လာသော သားရေအိတ်ထဲမှ ခပ်ကြီးကြီးဖယောင်းတိုင်တစ်တိုင်ကို မီးညှိကာ ကြေးဝါပြားကို လှန်ထားသောအပေါက်မှ ဆင်းသွားသည် မထူးတော့။ ကျွန်ုပ်သည်လည်း ဤအချိန်ရောက်မှ မနန်းမြင့်ခေါ်ရာနောက်သို့ လိုက်ပါရတော့မည် ဖြစ်သည်။

"အပေါ်က ကြေးပြားကို ပြန်ဆွဲပိတ်လိုက်ပါ ရသေ့ကြီးကိုမင်းအောင်"

ကျွန်ုပ်မှာ ရသေ့ကြီးကိုမင်းအောင် ဖြစ်ရသည်။ ကျွန်ုပ်လည်း



သူမမှာသည့်အတိုင်း ဖွင့်နေသော ကြေးပြားကို ဆွဲယူကာ ပိတ်လိုက်ရာ အပေါ်မှ ကြည့်လျှင် သချိုင်းအုတ်ဂူမှ ကြေးပြားဟုပင် ထင်ရမည်ဖြစ်ပေတော့သည်။

အတွင်းပိုင်းသို့ ရောက်သောအခါ ပေသုံးဆယ်အနက်သို့ ဆင်းရပြီး ခန်းမကြီးတစ်ခုထဲသို့ ရောက်ရှိလာလေသည်။ ခန်းမကြီးထဲတွင် စားပွဲပေါ်၌ အခေါင်းကြီးတစ်ခုကို တင်ထားသည်။ ခေါင်းပေါ်တွင် လယ်ဝန်ဦးမင်းအောင်ဟု ရေးသားထားပြီး အသက်(၅၂)နှစ်ဟု ရေးထားသည်။

ခေါင်းအားမှ အဝတ်စုတ်ကို လှန်လိုက်သောအခါတွင် ပက်လက်စန့်စန့်သေနေသော လူသေအလောင်းတစ်လောင်းကို တွေ့မြင်ရလေတော့သည်။

"အို"

ကျွန်ုပ် တစ်သက်နှင့်တစ်ကိုယ် ဤကဲ့သို့ တစ်ကြိမ်မှ မအံ့သြမိပါ။ တိုက်ပုံအကျီအညို၊ ပိုးဖိုချည်ပန်းရောင်နှင့် လူပျိုကျများလို ခါးပုံစရှည်လျားစွာ ချထားသော အလောင်းကို ကျွန်ုပ် ဖယောင်းတိုင်၏ အရောင်ဖြင့် သေချာတွေ့မြင်နေရသည်။

"မျက်နှာကို သေချာကြည့်ပါ ရသေ့ကြီး"

ကျွန်ုပ်သည် မျက်နှာကို သေချာကြည့်လိုက်ရာ မျက်ခုံး၊ မျက်လုံး၊ နှာတံ၊ နဖူးနှင့် ကတုံးဆံတောက် ဆံပင်တို့ဖြင့် ကျွန်ုပ်နှင့် ချွတ်စွတ်တူသော လူသေအလောင်းကို တွေ့လိုက်ရသည်။

သေလုံအောင် မှန်ဖြင့်ပိတ်ကာ ဆေးဝါးစီရင်ထားသောကြောင့် ပုပ်သိုးခြင်း မရှိပေ။

"ကျုပ် . . ကျုပ်နဲ့တော်တော်တူပါလား"

ကျွန်ုပ် ပါးစပ်မှ လွှတ်ခနဲ ပြောမိလေတော့၏။

* * * * * *

www.burmeseclassic.com

www.burmeseclassic.com

ဝူထဲတွင် ရှိသည့် မှန်ခေါင်းထဲတွင် ကျွန်ုပ်၏ သေဆုံးခဲ့ပြီးသော ရုပ်ကြွင်းခန္ဓာကို တွေ့သောအခါ ကျွန်ုပ်သည် တုန်လှုပ်ထိတ်လန့်သွားသည်။ ကျွန်ုပ်၏ ခြေလက်အင်္ဂါများမှာ ကျွန်ုပ် ယခင်ဘဝတွင် ရှိခဲ့သည့်အတိုင်း မပျက်မယွင်း ဖြစ်နေသည်။ မိမိကိုယ်ကို နှစ်ကိုယ်ခွဲကာ မြင်နေရသကဲ့သို့ အသက်မရှိတော့သော အသေကောင်ကြီးကို တွေ့နေရခြင်းမှာ အော့နှလုံးနာစရာ ကောင်းလှသည်။

လေလုံ၍ ဆေးဝါးဖြင့် ပြုလုပ်ထားသော မှန်ခေါင်းထဲတွင် ရှိသည့်တိုင်အောင် ကျွန်ုပ်မျက်နှာမှာ ခြောက်သွေ့တင်းမာနေ၏။ အရိုးပေါ်တွင်ရှိသော အရေများမှာ ပျက်စီးယိုယွင်းတော့မည့်အသွင် ဆောင်နေလေသည်။ ကျွန်ုပ်သည် ထိုအလောင်းကြီးကို မည်သည့်ရည်ရွယ်ချက်ဖြင့် သိမ်းဆည်းထားပါလိမ့်ဟုဆိုသည်ကို သိချင်နေသည်။

"နေပါဦး . . ကျုပ်ရဲ့ ဒီအလောင်းကြီးကို ဘာဖြစ်လို့ ခုလိုစိမ်ထားရတာလဲ"

"ဒါကတော့ လယ်ဝန်ဦးမင်းအောင်ရဲ့ အဘိုးဆန္ဒအရပါ"

"ဘာ . . ကျုပ်အဘိုး ဟုတ်လား"



"ဟုတ်ပါတယ် . . ဘုရားတန်ဆောင်းကို လာပြီးပြုပြင်နေတုန်း လယ်ဝန်ဦးမင်းအောင် ရုတ်တရက် ပိုးထိတယ်ဆိုတော့ ဆေးဆရာကြီးကို ခေါ်လာတာ ဦးမင်းအောင်ရဲ့အဘိုး ဦးမြကြီးပါ၊ ဦးမြကြီးက သူ့မြေးကို သိပ်ချစ်ပြီးတော့ မကြာမကြာ မြင်တွေ့ချင်တဲ့အတွက် ဆေးဆရာကြီးရဲ့အကူအညီနဲ့ ဒီလိုမပုပ်မသိုးအောင် စီစဉ်ခဲ့တာပါပဲ၊ ဒါတင်မဟုတ်ပါဘူး ဒီဖက်ကို လိုက်ခဲ့ပါဦး"

မြေအောက်သချိုင်းဝူ၏ ပေနှစ်ဆယ်ကျယ်ဝန်းသော အခန်းထဲမှ တစ်ဖက်ခန်းသို့ ခေါ်ဆောင်လာခဲ့သည်။ ထိုအခါတွင် အင်္ကျီအဝတ်အစားထည့်သော ရွှေးဟောင်းမှန်ဘီရိုတစ်လုံးနှင့် ရှေးခေတ်က စားလေ့ရှိသော ခေါင်းလန်းခေါ် ဘန်းကြီးတစ်ခုကို စားပွဲပေါ်တင်ထားသည်ကို တွေ့မြင်ရသည်။

ခေါင်းလန်းကြီးမှာ ရာသီဥတု အပူအအေးဒဏ်ကြောင့် ယွန်းသားများကွာကာ ဆွေးမြေ့နေလေပြီ။ ထို့အတူပင် အဝတ်အစားများမှာလည်း အသွင်အရ ခေါက်ထားသည့်ပုံမျိုးသာရှိ၍ သွားရောက်ထိုပါက ကြွေမြေ့ဆွေးပျက်နေလေပြီ။ ရုပ်ဝတ္ထုတို့၏ သက်တမ်းက တိုတောင်းလှပေသည်။

မနန်းမြင့် ခေါ်လာသော မြေအောက်သချိုင်းထဲသို့ ကျွန်ုပ် ရောက်ရှိလာပြီး ဘဝဟောင်းကို ပြန်၍ လွမ်းဆွတ်ရမည့်အစား ကျွန်ုပ်သည် ဘဝတို့၏ မတည်မြဲမှုကို တွေးတောသိမြင်လာကာ နောင်တတရား၊ သံဝေဂတရားပင် ပွားများမိလေတော့သည်။

ဤမျှ ကျွန်ုပ်၏ဘဝကို ပြန်လည် ပြသပြောဆိုနေသော မနန်းမြင့်မှာလည်း လူသားတစ်ဦး မဟုတ်နိုင်ဆိုသည်ကို ကျွန်ုပ် သဘောပေါက်မိသည်။

သူမသည် ကျွန်ုပ်၏ ဂန္ဓာရီကျင့်စဉ်ကို ကူညီလိုသူတစ်ဦးတော့ မဖြစ်နိုင်။ ကျွန်ုပ်ဘဝဟောင်းကို ပြသကာ ကျွန်ုပ်၏ကျင့်စဉ်တို့ကို ဖျက်ဆီးသူသာ ဖြစ်နိုင်ပေသည်။

"ဘယ်လိုလဲ ကိုမင်းအောင်၊ ရှင် အရင်ဘဝက ကျွန်မရဲ့ပြင်ပွန်းဆိုတာ ယုံကြည်ပြီလား"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် ခေါင်းညိတ်လိုက်၏။

"ယုံတော့ ယုံပါပြီ မနန်းမြင့်၊ ဒါပေမဲ့ ဒါဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်ရာကျော်က အတိတ်ဘဝပဲ၊ အခုဖြစ်နေတာမှ မဟုတ်ဘဲ မနန်းမြင့်ကရော ဘာဖြစ်လို့ ဒီဘဝကို တမ်းတနေရတာလဲ"

ကျွန်ုပ်က မသွယ်မဝိုက် တည့်တည့်ပင် မေးမြန်းလိုက်သည်။ ကျွန်ုပ်၏ စကားကြောင့် မနန်းမြင့်မှာ အထိတ်တလန့် ဖြစ်သွားပုံရသည်။

"ရှင် . . ရှင် ဘာစကားပြောတာလဲ၊ ကျွန်မဟာ ရှင့်ရဲ့မိန်းမဆိုတာကို မှတ် မပြုတော့ဘူးလား"

ချောမောလှပသော မနန်းမြင့်၏ မျက်နှာမှာ အသနားခံသော အသွင်ပေါ်နေသည်။

"ခုဘဝမှာ လောကီသံယောဇဉ်တွေကို ဖြတ်တဲ့ ရသေ့တစ်ပါး ဖြစ်နေတဲ့ ကျုပ်ကို အနှောင့်အယှက် မပေးပါနဲ့တော့၊ မနန်းမြင့်ကို ကျုပ်ပြုလုပ်ခဲ့သမျှ ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်တွေကို အမျှပေးဝေပါတယ်၊ အမျှ . . အမျှ . . အမျှ"

ကျွန်ုပ်က ထိုသို့ရွတ်ဆိုလိုက်သည်နှင့် အဖြူရောင်အငွေ့တန်းများမှာ မနန်းမြင့်ကို လွှမ်းခြုံသွားသည်။ ကျွန်ုပ်သည်ပင် မည်သည့်အရာကိုမျှ မမြင်ရတော့။ ကျွန်ုပ်သည် မျက်လုံးအစုံကို မှိတ်ကာ သဒ္ဓါမဗ္ဗာန်တရားကို ရှုမှတ်ပွားများနေလေသည်။ ခဏမျှကြာသောအခါ ကျွန်ုပ်သည် လရောင်အောက်တွင် ရောက်နေသည်ကို တွေ့ရသည်။

ခပ်ဝေးဝေးတွင် ကျွန်ုပ် တရားအားထုတ်သည့် ဂူရှိရာထိုနေရာသို့ ကျွန်ုပ်သည် ဦးတည်ထွက်ခွာလာခဲ့တော့သည်။ လရောင်သည် ဂူပေါ်တွင် ထိန်ထိန်သာလျက်ရှိရာ ဂူထဲတွင် ကျွန်ုပ် ထွန်းညှိထားသည့် ဖယောင်းတိုင်လေးပင် ထိန်ထိန်လင်းနေသည်ကို တွေ့ရလေသည်။ ကျွန်ုပ်သည် ဂူတံခါးကို ပိတ်ကာ တရားကို နှလုံးသွင်းလိုက်လေတော့၏။

* * * * * *



မနန်းမြင့်နှင့် ပတ်သက်သော ကိစ္စများကို ကျွန်ုပ်သည် အာရုံထဲမှ ထုတ်ပယ်ကာ ဝင်လေထွက်လေကို ရှုမှတ်နိုင်အောင် ကြိုးစားရာများမကြာမီ ကျွန်ုပ်၏စိတ်များမှာ တည်ငြိမ်စွာဖြင့် ဖြစ်ပျက်ကို အာရုံစိုက်နေမိတော့သည်။

ကျွန်ုပ်သည် ခန္ဓာကိုယ်ထဲမှ တရွရွ ပျက်စီးနေသည့်အရာများကို ရှုမှတ်ကာ အနိစ္စအနတ္တတရားကို ပွားများရင်း အေးမြသော အလင်းရောင်တွင် ငြိမ်သက်စွာ တည်နေမိလေသည်။

ကျွန်ုပ်သည် ခန္ဓာကိုလည်းကောင်း၊ ကျွန်ုပ်၏ ရုပ်ကြီးကိုသော်လည်းကောင်း ကျွန်ုပ်၏ နာမ်တရားစေတသိက်များကိုပင် မမှတ်မသိတော့ဘဲ အေးမြသောအာရုံထဲတွင် နေလျက်ရှိရာ ညသန်းခေါင်ကျော်သောအခါမှပင် ကျွန်ုပ် အာရုံများ ပျက်ပြယ်ကာ ထလိုက်မိတော့၏။

ဂူထဲရှိ ကျွန်ုပ်အဖို့ ပြင်ဆင်ထားသော အိပ်ရာပေါ်တွင် ကျွန်ုပ်ငြိမ်းချမ်းစွာ အိပ်စက်လိုက်ရာ မိုးစင်စင်လင်းသည်အထိပင် ဖြစ်လေတော့သည်။ မိုးလင်းသည်နှင့် ကျွန်ုပ်သည် နမက္ကာရကြီး ဘုရားရှိခိုးဖြင့် ရုပ်ပွားတော်အား ပူဇော်ရှိခိုးကာ ဖယောင်းတိုင်နှင့် အမွှေးတိုင်များကို ထွန်းညှိထားလေတော့သည်။

နံနက်ဝေလီဝေလင်းအချိန်တွင် စာအုပ်ထည့်ထားသော လွယ်အိတ်များကို လွယ်ကာ မငယ်နှင့် မကြွယ်တို့သည် ကျွန်ုပ်အား လာရောက်ကန်တော့ကြသည်။

သူတို့သည် ဆွမ်းအုပ်တစ်ခု ယူဆောင်လာရာ ထိုအထဲတွင် နံနက်အာရုံတက်စာအဖြစ် ကောက်ညှင်းပေါင်းနှင့် ငါးခြောက်များကို တွေ့မြင်ရလေသည်။

"ဖေဖေက ရသေ့ကြီးနံနက်စာ ဘုန်းပေးပြီးမှ စာသင်ပါလို့ မှာလိုက်ပါတယ်"

"အေး . . သာဓု . . သာဓု . . သာဓု၊ ဤကောင်းမှုကုသိုလ်ကြောင့် လွတ်မြောက်ရာမှန် မြတ်နိဗ္ဗာန်အတွက် အထောက်အပံ့ဖြစ်ပါစေ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်မှာလည်း ဆွမ်းအုပ်ကို ဖွင့်ကာ ဖုန်းပေးရင်းမှ မငယ်နှင့် မကြွယ်တို့ကို စာအုပ်ပါသလားဟု မေးလိုက်၏။

"ပါပါတယ် ဘုရား"

"အေး ... ပါရင်လိုက်ရေးပေတော့၊ မထမဆုံးစာကြောင်းကတော့ 'နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ'လို့ ရေးပေါ့"

"တင်ပါ့ဘုရား"

ဦးမြို့၏သမီးနှစ်ယောက်မှာ ငယ်ရွယ်သောဆယ်ကျော်သက် မိန်းကလေးများဖြစ်၍ သွက်လက်သည်။ ငယ်စဉ်က ဘုန်းတော်ကြီးကျောင်းတွင် ပရိတ်ကြီးနှင့် ဘုရားရှိခိုးအမျိုးမျိုးကို သင်ကြားဖူး၍ ပါဠိပါဠိသားများကို ဖတ်တတ်ရွတ်တတ်ကြသည်။

ကျွန်ုပ်မှာ ဗုဒ္ဓဘာသာနှင့် ပတ်သက်ခိုင်မာသော အသိများကို လူငယ်များသိရှိမှ သာသနာတည်တံ့ခိုင်မြဲမည်ကို သိရှိသောကြောင့် လူငယ်များကို သင်ကြားပေးလိုသော စေတနာရှိလေ၏။

ထို့ကြောင့် တစ်နေ့လျှင် နမက္ကာရကြီးဘုရားရှိခိုးတစ်ပိုဒ်နှင့် ဗုဒ္ဓဘာသာသိမှတ်စရာများထဲမှ အကျိုးရှိမည့် တရားတစ်ပုဒ်တို့ကို ဟောပြောကာ မငယ်နှင့် မကြွယ်တို့ကို သင်ကြားပြသပေးခဲ့လေသည်။ မငယ်နှင့် မကြွယ်တို့မှာ ကျွန်ုပ် သင်ကြားသည်တို့ကို ရေးမှတ်ရင်း စာအုပ်ထဲတွင်ရှိသည် စာပိုဒ်များကို ဖတ်ကာ မရှင်းလင်းသည်များကို ကျွန်ုပ်အား ပြန်လည်မေးမြန်းလေသည်။

"အစိန္တေယျဆိုတာ ဘာပြောတာလဲ ရသေ့ကြီး"

"အစိန္တေယျဆိုတာ မကြံစည်နိုင်တာကို ပြောတာပေါ့၊ မြတ်စွာဘုရားရဲ့ ဉာဏ်တော်ဟာ လူတို့ကြံစည်လို့ မရနိုင်လောက်အောင် ထူးခြားအံ့ဩဖွယ်ရာကောင်းတာကို ပြောတာပဲ"

"မှန်လှပါ ဒါဆို အစိန္တေယျကြီးဘုရားရှိခိုးဆိုတာ မြတ်စွာဘုရားရဲ့ မကြံစည်နိုင်အောင် ထူးဆန်းတဲ့ ဉာဏ်ပညာဂုဏ်ပုဒ်တွေကို ရှိခိုးတာပဲပေါ့ဘုရား"



"ဟုတ်တယ် မငယ်ရဲ့"

"ဒါဆို ဒီလိုရှိခိုးရင် ဘယ်လိုကုသိုလ်မျိုး ရသလဲ"

မငယ်က မကြွယ်နှင့်မတူ။ စပ်စပ်စုစု ကြံကြံဖန်ဖန် မေးခွန်းထုတ်တတ်သည်။ ပြန်ဖြေသောအဖြေကို ကျေနပ်မှသာ စာကို ဆက်၍ကျက်မှတ်တတ်သည်။

"မြတ်စွာဘုရားရဲ့ ဉာဏ်တော်တွေကို ကြည်ညိုရှိခိုးတာ 'ဗုဒ္ဓါနုဿတိ' ပေါ့၊ ဗုဒ္ဓါနုဿတိဆိုတာ ကမ္မဋ္ဌာန်းလေးဆယ်ထဲမှာ ပါတယ်။ ဒါကြောင့် သမာဓိကို ပွားများတတ်တယ်လို့ စာတွေပေတွေက ဆိုတယ်။ သမာဓိဆိုတာ ကုသိုလ်လား၊ အကုသိုလ်လား မငယ်"

မငယ်က မျက်လုံးလေး ဝိုင်းသွားသည်။

"သမာဓိဆိုမှတော့ ကုသိုလ်ပေါ့ ရသေ့ကြီး"

ဟု ပြုံးကာ ဖြေသည်။

* * * * * *

www.burmeseclassic.com

နေထန်းတစ်ဖျားအချိန်သို့ ရောက်သောအခါတွင် ဦးမြို့သည် ဒေါ်မြိုင်နှင့်အတူ ဆွမ်းအုပ်လာပို့လေသည်။ ကျွန်ုပ်အား ရှိခိုးကန်တော့ ရင်း စားကျက်နေသည့် သမီးနှစ်ယောက်ကို ကြည့်ကာ

"ရသေ့ကြီး ဒီဂူကို ကြွလာတာ တပည့်တော်တို့မိသားစု သိပ် ဝမ်းသာပါတယ်ဘုရား၊ တပည့်တော်ရဲ့ သမီးနှစ်ယောက်လည်း ဗုဒ္ဓဘာ သာစာပေသင်ကြားရ၊ တပည့်တော်တို့လည်း ဆွမ်းဒါနကုသိုလ်ပြုရ ဖြစ် ပါတယ်"

ဟု ဆိုလေသည်။

"စာပေတွေ အကျင့်မြတ်တွေ ဘယ်လောက်သင်သင်ကျင့်ကျင့် ကံတရားက အရေးကြီးတယ် ဦးမြို့"

"ဘုရား"

"မကောင်းမှု အကုသိုလ်ကံကို လုပ်ခဲ့တဲ့သူဟာ မကောင်းမှု အ ကုသိုလ်ကံရဲ့အကျိုးကို ခံရတာပဲ၊ သာမန်လူတွေ မပြောနဲ့ ရှင်မောဂ္ဂလာန် တို့လို မဟာသာဝကရဟန္တာကြီးတောင် ပြုခဲ့တဲ့ကံအကျိုးပေးတာ ခံရ တယ် မဟုတ်လား"

"တင်ပါ့ဘုရား"



"တပည့်တော်မ ဒါကြောင့် ပြောတာပေါ့ဘုရား၊ ဦးမြို့ဟာ အင် မတန်နှုတ်လွယ်တယ်ဘုရား၊ ဆေးသမားတွေကို ဆဲဆိုအော်ဟစ်ခိုင်းရတာ နေ့စဉ်လိုပါပဲ၊ ဒါကြောင့် တပည့်တော်မက သတိပေးစကား ဆိုရတယ်"

ဒေါ်မြိုင်က အခွင့်ဆိုက်သည်နှင့် မိန်းမသားတို့သဘာဝအတိုင်း ဦးမြို့ကို တိုင်တန်းပြောဆိုသည်။ ဦးမြို့မှာ အလုပ်သမားများနှင့် ပြောနေ ဆိုနေကျ ဒေါသဗေဒသဘောမျိုးရှိနေသည်ကို ကျွန်ုပ် အကဲခတ်မိလေသည်။ ကျွန်ုပ်မှာ အိမ်ထောင်သည်တို့ သဘာဝကို သိရှိသူဖြစ်ရာ

"ဒီကိစ္စမှာတော့ ဒကာမကြီးရယ်၊ ပြောနေကျဝသီ ဖြစ်နေတာ ကိုး၊ ဒီတော့ ဒကာကြီးက ဝစီဗေဒ ထိတိုင်းရှဆိုတာ သတိထားပြီးတော့ အော်တာဟစ်တာဆဲတာဆိုတာကို လျှော့ပေတော့"

ဦးမြို့က ခေါင်းငုံ့နေသည်။ ဦးမြို့မှာ ဘာသာရေးကို ဝါသနာပါ ကာ လုပ်ကိုင်ဆောင်ရွက်လိုသော်လည်း ကိလေသာစိတ် မကုန်သေးသည် ကို အကဲခတ်မိသည်။

ကျွန်ုပ်မှာ သူတို့မိသားစုက စေတနာဖြင့် ဆက်ကပ်သော ဆွမ်း ကို စားသောက်ပြီးနောက် အကျိုးရှိအောင် ကျင့်ကြံအားထုတ်ဖို့ လိုသည် ဟု တွေးမိသည်။

မိုးဦးကျကာလသို့ ရောက်သောအခါ မှိုများမျှစ်များ ပေါ်သော ကြောင့် မှိုဟင်းနှင့် မျှစ်ဟင်းတို့ကို ချက်ပြုတ်၍ ယူလာကြ၏။ စားသောက် ၍ ကောင်းအောင် ငါးပိတို့စရာနှင့် ချဉ်ဟင်းတို့ကား နေ့စဉ်ပင် ပါလာ သည် ဖြစ်ပေသည်။ ကျွန်ုပ်သည် ထိုဂူလေးထဲ၌ ခုနစ်ရက်ခန့်ကြာသော အခါတွင် နေသားကျသွားသည်။

အခြားအနှောင့်အယှက်များ မရှိတော့ဘဲ တရားကို ကျကျနန မှတ်၍ ရလာလေသည်။ သမာဓိတရားလည်း ရှိလာကာ မျက်လုံးထဲ တွင် အလင်းရောင်တစ်ခု ပေါ်လာ၍ ထိုအလင်းရောင်ကိုပင် ကျွန်ုပ်သည် မှတ်နေရသည်ကို အရသာရှိနေတော့သည်။

တစ်ခါတစ်ရံတွင် အလင်းရောင်ကို ရှုမှတ်ရင်း မိုးလင်းသွားခဲ့ သည့် ရက်များလည်း ရှိခဲ့လေသည်။ တစ်နေ့တွင်ကား ထူးထူးခြားခြား

www.burmeseclassic.com

www.burmeseclassic.com



ထိုအလင်းရောင်ထဲတွင် လူသုံးဦး ပေါ်လာလေသည်။

ထိုလူသုံးဦးမှာ တစ်ဦးက ဝဝဖြစ်ပြီး တစ်ဦးမှာ လည်ပင်းတွင် ဓားဒဏ်ရာရှိသူဖြစ်လျက် အခြားတစ်ဦးမှာ ကတုံးနှင့် ဖြစ်လေသည်။ ထိုသူသုံးယောက်၏ စကားပြောသံဆိုသံနှင့် အမူအရာများကို အောက်ပါအတိုင်း မြင်တွေ့ရလေသည်။

"ဖိုးညဏ် မြို့ကိစ္စကို ဘယ်လိုရှင်းမလဲ မင်း ဒါကိုပြောစမ်း"

ကတုံးမှာ အရပ်ရှည်ရှည်ဖြစ်၍ ညောင်မြစ်ကို ခြေနှင့်နင်းကာ ခါးထောက်၍ ခပ်ဝဝလူကို မေးလိုက်လေသည်။

"မြို့ကိစ္စက လွယ်ပါတယ်၊ ဒီကောင် အခုတော်တော်ချမ်းသာနေပြီ၊ ရသေ့ကြီးတစ်ပါးတောင် ထန်းတောဝကဝမှာ ထားတယ် ပြောတယ်"

"ဟုတ်လား . . မောင်ရှိန်၊ ဒါဆို အဲဒီရသေ့ကြီးကို သတ်ပြီးတော့ တို့အဲဒီဂူထဲမှာ ခိုအောင်းနေလိုက်ရုံပဲပေါ့၊ ပြီးတော့မှ ဦးမြို့ကို သတ်ပြီးတော့ သူ့သမီးနှစ်ယောက်ကို တောထဲခေါ်သွားကြတာပေါ့"

* * * * * *

ကျွန်ုပ်မှာ ကျွန်ုပ်ကိုသတ်ကာ ကျွန်ုပ်၏ဆွမ်းဒကာဦးမြို့ကို ဒုက္ခပေးမည့် လူသုံးဦး အာရုံထဲတွင် ပေါ်လာသောကြောင့် ဆက်၍ ရှုကြည့်နေမိသည်။ လည်ပင်းတွင် ဓားဒဏ်ရာနှင့်လူမှာ မောင်ရှိန်ဆိုသူဖြစ်၍ ကတုံးမှာ အောင်ထွန်းဆိုသည့်လူဖြစ်ကြောင်း ကျွန်ုပ်မှာ စကားပြောသံဆိုသံများကြောင့် သိရှိရလေတော့သည်။

ဤကိစ္စရပ်မျိုးမှာ နေ့လား၊ ညလား ရွေးချယ်နေ၍ မရ။ ကျွန်ုပ်ရော ဆွမ်းဒကာပါ အန္တရာယ်ရှိနိုင်ကြောင်း သိရှိရ၍ ကျွန်ုပ်မှာ ညကိုးနာရီခန့်မှာပင် ဦးမြို့တို့အိမ်သို့ ကြွချီကာ အသိပေးရန် ဆုံးဖြတ်လိုက်လေတော့သည်။

သို့သော် ကျွန်ုပ် တရားထိုင်နေရာမှ ထမည်ပြုလိုက်စဉ်မှာပင်



"ထွက်ပြေးဖို့ စိတ်မကူးပါနဲ့ ရသေ့ကြီး"

ဟူသော အသံကို ကြားလိုက်ရလေတော့သည်။ ကျွန်ုပ် လှည့်၍ ကြည့်လိုက်သောအခါတွင် တရားထိုင်စဉ်က အာရုံထဲတွင် မြင်ခဲ့သော ဖိုးညဏ်ဆိုသည့် ခပ်ဝဝလူကြီး ဖြစ်နေသည်ကို တွေ့ရသည်။ ဖိုးညဏ်သည် ဓားရှည်တစ်လက်ကို ကိုင်ထားပြီး ဂူပေါက်ဝကို ပိတ်ထားသည်။

ကျွန်ုပ်မှာ ကျွန်ုပ်၏ ခန္ဓာကိုယ်ကို မသေမီကပင် အပြီးစွန့်နိုင်ဖို့ ကြိုးစားနေရာ လူဆိုး၊ ဓားပြများ ခြိမ်းခြောက်ရိုက်နှက်၍ သေဆုံးရမည်ကို အလွန်အမင်း မကြောက်တော့ပေ။

"ဒီမှာ ဖိုးညဏ်၊ မင်းတို့သိထားဖို့က မကောင်းမှုဆိုတာ ဘယ်တော့မှ အကျိုးမပေးဘူး၊ မင်းတို့လုပ်သမျှ မင်းတို့နောက်ကို လိုက်နေမှာပဲ"

ကျွန်ုပ်က ခပ်ဝဝလူကို နာမည်ခေါ်ကာ ပြောလိုက်သောကြောင့် ဖိုးညဏ်ဆိုသည့် လူဝကြီးမှာ အံ့အားသင့်သွားလေသည်။

"ကျုပ်နာမည်ကို ရသေ့ကြီးက သိနေပါလား"

"မင်းနာမည်တင် မဟုတ်ဘူး၊ မင်းနောက်က လူနှစ်ယောက်နာမည်ကိုပါ ငါသိတယ်၊ ဟိုကောင်က မောင်ရှိန်၊ ဟိုကောင်က မောင်ထွန်းပဲ၊ မင်းတို့အကုသိုလ်အလုပ်ကို ဆက်လုပ်ကြဦးမလို့လား"

ဖိုးညဏ်မှာ ရှေ့သို့မတိုးရဲဘဲ ဂူပေါက်ဝတွင် ရပ်လျက်ရှိသည်။ ကျွန်ုပ်မှာ အပြင်လောကတွင် တစ်ကြိမ်မျှ သူတို့နှင့် မတွေ့ဘူးဘဲ သူတို့နာမည်ကို သိနေသောကြောင့် ထိတ်လန့်သွားကြသည်။

ဖိုးညဏ်သည် ဓားကိုချကာ ကျွန်ုပ်အား လက်အုပ်ချီလိုက်လေသည်။

"မင်းတို့ ငါ့ကို ဖမ်းထားပြီး ဒီဂူထဲကနေ ဆောင့်နေဖို့ စိတ်ကူးဘယ်မဟုတ်လား၊ မင်းတို့ ညောင်ပင်အောက်မှာ တိုင်ပင်နေတာလေ"

ကျွန်ုပ် အပ်ချမတ်ချ ပြောလိုက်၍ မောင်ရှိန်နှင့် အောင်ထွန်းတို့ သူတို့ပါ ထိုင်ကာ လက်အုပ်ချီလိုက်သည်။

"တပည့်တော်တို့ အမှားအယွင်းရှိတာ ခွင့်လွှတ်ပါဘုရား တပည့်

www.burmeseclassic.com

www.burmeseclassic.com



တော်တို့ မကျေနပ်တာက မြို့ဟာ တပည့်တော်ရဲ့ ထန်းတောကို အကြွေးနဲ့ သိမ်းထားတာပါဘုရား၊ အတိုးတွက်တွေများလို့ တပည့်တော်ရဲ့ မိဘများမရွေးနိုင်လို့ တပည့်တော် ဒီလိုကြံစည်ရတာပါဘုရား"

ဖိုးညာဏ်ဆိုသူမှာ တကယ့်လူဆိုးလူမိုက် မဟုတ်ဘဲ လူကောင်းသူကောင်းဘဝမှ လူဆိုးလူမိုက်အဖြစ်သို့ ကူးပြောင်းတော့မည့်အချိန် ဖြစ်နေသည်ကို သိရလေသည်။

"ဒကာကြီးဖိုးညာဏ် လူဆိုတာ ကိုယ်ပြုသမျှကံ၊ ကိုယ်သာခံရတာ ၊ မကောင်းမှုကံဆိုတာ ရှောင်လွှဲလို့ မရဘူး ခံရတာပဲ၊ ဒကာကြီးတို့ကို နိယာမသဘာဝ ပြောပြမယ်၊ တစ်ခါက လယ်သမားတစ်ဦးဟာ လယ်ထဲက နွားတစ်ကောင်ကို ပေကပ်ကပ် လုပ်နေလို့ ရိုက်သတဲ့၊ ရိုက်တော့ အဲဒီနွား ငါ့အကြောင်းသိရမယ်ဆိုပြီးတော့ တစ်ခါတည်း နွားလည်ပင်းမှာ ကရွတ်တစ်ခွေကို စွပ်ပြီး မီးရှို့လွှတ်သတဲ့၊ နွားကလည်း လန့်ပြီး ထွက်ပြေးတော့ ကရွတ်ခွေကလောင်တဲ့မီးက နွားကို လောင်ပြီး နွားသေသွားသတဲ့ ဒကာတို့"

ကျွန်ုပ် ပြောသောစကားကို စားပေါ်လက်ဖိကာ ကျုံ့ကျုံ့ထိုင်နေသော ဖိုးညာဏ်သည် ကောင်းစွာနားကြားနေသည်ကို တွေ့ရလေသည်။ သူ့အဖော်နှစ်ဦးဖြစ်သော မောင်ရှိန်နှင့် အောင်ထွန်းတို့မှာလည်း ခေါင်းငုံ့ကာ ငြိမ်နေလေသည်။

"ဒီနွားက လယ်ကွင်းထဲမှာပဲ သေဆုံးသွားတော့ လယ်သမားကလည်း ခိုင်းမရတဲ့နွားတော့ မီးလောင်ပြီး သေပြီဆိုပြီး ထားလိုက်တယ်။ ဒီလိုနဲ့ လယ်သမားဟာ သေတော့ ကျီးကန်းဖြစ်သတဲ့၊ တစ်နေ့တော့ အမှိုက်ပုံမီးရှို့တဲ့နေရာကို ကျီးကန်းက ပျံလာတာ အမှိုက်ပုံထဲက မီးလောင်နေတဲ့ ကရွတ်ခွေတစ်ခုဟာ မီးခိုးတွေနဲ့ ကောင်းကင်လွင့်တက်လာရာက ပျံလာတဲ့ ကျီးကန်းလည်ပင်းကို သွားစွပ်ပြီး ကျီးကန်းဟာ မီးလောင်သေရသတဲ့၊ ဒါကြောင့်မို့ ဒကာဖိုးညာဏ် ဓမ္မပဒမှာ ပြုခဲ့တဲ့ကုသိုလ်ကံတွေ ပြုသူရဲ့နောက်ကို လှည်းဘီးနောက်ကို လှည်းရာပါသလိုပဲ အမြဲလိုက်လေ့ရှိတယ်လို့ ဟောတော်မူတယ်"



"တင်ပါဘုရား"

"ဒကာတို့ဟာ ရှေးဘဝအကုသိုလ်ကြောင့် ထန်းတော သူများဆီ ပေါင်ရတာယ်၊ အပေါင်ဆုံးတာယ်၊ မကောင်းတဲ့အကုသိုလ် ထပ်ပြီးလုပ်ရင် ပိုပြီးဆိုးဦးမှာပေါ့"

* * * * * *

ကျွန်ုပ်မှာ ဦးမြို့သည် သူတော်ကောင်းစိတ်ဝင်ကာ ကောင်းမှုများပြုနေသောကြောင့် ထန်းတောအများအပြားကိုလည်း ပိုင်ဆိုင်ရာ ဖိုးညာဏ်တို့ ထန်းတောဆယ့်ငါးဧကလောက်ကိုကား အရင်းအတိုင်းဖြင့် ပြန်ရွေးလျှင် ပေးနိုင်ကောင်းသည်ဟု ကျွန်ုပ် တွေးဆမိလေသည်။

"ဖိုးညာဏ်"

"ဘုရား"

"မတိုက်ဘဲ မလုဘဲနဲ့ ထန်းတောကို မလိုချင်ဘူးလား"

ဖိုးညာဏ်မှာ ကျွန်ုပ်အား မော့ကြည့်လိုက်လေသည်။

"ရရင်တော့ လိုချင်တာပေါ့ဘုရား"

"အေး . . ကောင်းပြီ၊ ပေါင်တုန်းက အရင်ဘယ်လောက်လဲ"

"ဟိုခေတ်က ငွေငါးရာပေါ့ဘုရား"

"အေး . . အဲဒီငွေငါးရာနဲ့ အရင်းတိုင်း ပြန်ရွေးရမယ်ဆိုတာ ဒကာကြီးဖိုးညာဏ် ရွေးနိုင်ပါ့မလား"

"ငါးရာဆိုရင်တော့ ရွေးနိုင်တာပေါ့ဘုရား၊ တပည့်တော်တို့အိမ်မှာရှိတဲ့ ရွှေလေးငွေလေးနဲ့ အမျိုးတွေဆီကစုပြီး ရွေးရင် ရနိုင်တာပေါ့ဘုရား၊ အခုဟာက အတိုးအရင်းနဲ့ တစ်သောင်းနီးနီး ကပ်နေလို့ အဆုံးထားလိုက်ရတာပေါ့ဘုရား"

"ကဲ . . ဒကာကြီးဖိုးညာဏ် ဆုံးဖြတ်လေ၊ ရွေးချင်တယ်ဆိုရင်တော့ အရင်းနဲ့ရအောင် ကျုပ်ပြောပေးမယ်၊ ဦးမြို့ကလည်း လတ်ခံမှာပါတာပေါ့နော်၊ ဒါမှမဟုတ် ဒကာကြီး လာရင်းချည်ရှယ်ချက်အတိုင်း ကျုပ်ကိုဖယ်ရှားပြီး ဦးမြို့ကို စားပြလုယက်ချင်တယ်ဆိုလည်း ကျုပ် ဒီဝှက

www.burmeseclassic.com

www.burmeseclassic.com



ထွက်ခွာသွားပါမယ်၊ ဖမ်းတော့ ဖမ်းမထားပါနဲ့''

ကျွန်ုပ်က မေတ္တာရပ်ခံလိုက်သည်။ ဖိုးဉာဏ်မှာ ခေါင်းငိုက်စိုက်ကျကာ တွေဝေနေလေသည်။

''မှန်လှပါ ရသေ့ကြီးပြောတဲ့နည်းလမ်းကို လိုက်တာ အကောင်းဆုံးပါပဲဘုရား''

ကျွန်ုပ် ပြောဆိုသောနည်းလမ်းကို သင့်လျော်ကြောင်း ဖိုးဉာဏ်က ပြောကာ လက်အုပ်ချီ၍ ထလိုက်၏။

''ဒါဆိုရင် သဘက်ခါမနက် နေထွက်ချိန်လောက်မှာ လာခဲ့ပေတော့''

''ငမြို့နဲ့က တပည့်တော်နဲ့ ရန်ဖြစ်ထားပါတယ်ဘုရား''

''မပူပါနဲ့ မနက်ဖြန်လောက် ငွေငါးရာရအောင်စုထား၊ ဦးမြို့တာဝန်ကို ရသေ့ကြီးတာဝန်ထား၊ ကဲ . . ပြန်ကြပေတော့ ကျန်းမာပါစေ ချမ်းသာပါစေ''

ကျွန်ုပ်က ဆုတောင်းစကား ဆိုလိုက်ရာ ကျွန်ုပ်အား အန္တရာယ်ပေးရန် ဦးစွာလာကြသော ဖိုးဉာဏ်တို့သုံးယောက် လက်အုပ်ချီကာ လာရာလမ်းအတိုင်း ပြန်သွားလေသည်။ ညကား တိတ်ဆိတ်မှောင်မဲလျက်သာ ရှိနေလေသည်။

သူတို့သုံးဦးသည် ထန်းတောထဲသို့ ဝင်ရောက်ကာ ပျောက်ကွယ်သွားသောအခါ ကျွန်ုပ်၏နားထဲတွင် စကားသံတစ်သံကို ကြားယောင်လာလေသည်။

''အင်း . . သမာဓိရတာကိုတော့ သိပ်ပြီးအသုံးချလို့ ရပြီလို့ မထင်နဲ့၊ ဘာဝနာအားက နည်းတော့ အချိန်နဲ့ကပ်ပြီးတော့မှ သိစရာရှိတာ သိရတယ်၊ ရှောင်လို့ကိမ်းလို့ မရဘူး''

ကျွန်ုပ်သည် အသံကြားရာဆီသို့ လှည့်ကြည့်လိုက်သောအခါတွင် တစ်ကိုယ်လုံး ဝတ်ဖြူစင်ကြယ် ဝတ်ဆင်ထားပြီး တောင်ဝှေးတစ်ချောင်းကို ကိုင်ထားသည့် လူပုဂ္ဂိုလ်တစ်ယောက်ကို တွေ့လိုက်ရသည်။

ကျွန်ုပ်သည် ဉာဏ်ဂုဏ်သို့ရောက်ကတည်းက နှောင့်ယှက်သောသူ



များကိုသာ တွေ့ရပြီး ထိုသို့သော ပုဂ္ဂိုလ်မျိုးကို မတွေ့ရပေ။ ခေါင်းတွင် မျက်နှာသုတ်ပဝါတစ်ထည်ကို ပေါင်းထားပြီး ကြည်လင်သော မျက်နှာဖြူစင်သော အသားအရည်ရှိသူ ဖြစ်၏။

အထူးသဖြင့် မျက်လုံးများမှာ ပို၍တောက်ပနေလေသည်။

ကျွန်ုပ်က ထိုသူ့ဘက်သို့ လှည့်ကာ မေးမြန်းလိုက်မိသည်။

''အဘက ဘယ်သူ့ဘယ်ဝါဆိုတာ သိပါရစေ''

''သူတော်ကြီးဦးဖိုးပင်းဆိုတာ ကျုပ်ပါပဲ၊ ရသေ့ကြီးရဲ့ အားထုတ်မှုကို တွေ့ရလို့ အကူအညီပေးချင်လို့ လာခဲ့တာပါ''

''ကောင်းလှပါပြီ . . လိုအပ်တာများရှိရင်လည်း နည်းလမ်းပေးပါ''

''ဒါဆိုရင် ကျုပ်နောက်က လိုက်ခဲ့ပေတော့''

မီးခိုးလိုလို မြူလိုလို အငွေ့များယှက်သမ်းနေသည့်ကြားမှ ဝတ်ဖြူစင်ကြယ် ဝတ်ဆင်ထားသော သူတော်ကြီးဦးဖိုးပင်းသည် ကျွန်ုပ်၏ရှေ့မှ တရွေ့ရွေ့ သွားနေလေသည်။ ကျွန်ုပ်လည်း သူ့နောက်မှ လိုက်ပါလာခဲ့သည်။

ထန်းတောဘက်သို့ သွားခြင်းမဟုတ်ဘဲ ကျွန်ုပ် တရားအားထုတ်ရာ ဝ၏နောက်ဖက်ရှိ တောင်ကြောပေါ်သို့ တက်သွားခြင်း ဖြစ်သည်။ လရောင်သည် နေ့ကဲ့သို့ပင် ထိန်ထိန်လင်းနေကာ ပတ်ဝန်းကျင်တွင် နှင်းမြူများယှက်သိုင်းလျက် ရှိနေလေသည်။

ကျွန်ုပ်သည် ကျွန်ုပ် တရားအားထုတ်ရာဝ၏နောက်သို့ တစ်ကြိမ်မျှပင် လျှောက်လှမ်းမကြည့်ဘူးရာ ဤတောင်ကြောပေါ်သို့လည်း မရောက်ဖူးချေ။

တောင်ကြောပေါ်သို့ တက်သောလမ်းမှာ လှေကားထစ်များ ရှိနေပြီး ဝတ်ဖြူစင်ကြယ်နှင့် သူတော်ကြီးသွားသည့်လမ်းကိုသာ မြင်ရ၍ ပတ်ဝန်းကျင်ကို နှင်းမြူများကြောင့် မည်သည့်အရာမျှ မမြင်ရချေ။

မကြာမီ မြင့်မားသော တောင်တန်းပေါ်သို့ ရောက်ရှိလာတော့၏။ ထိုတောင်တန်းပေါ်တွင် ဘုရားစေတီလေးများကို သုံးလေးဆူမြင်

www.burmeseclassic.com

www.burmeseclassic.com



တွေ့မြင်နေရလေတော့သည်။

"ခု တပည့်တော်တို့ရှေ့က တွေ့မြင်နေရတဲ့ စေတီဟာ 'မေတ္တာဦး' စေတီပါပဲ ရသေ့ကြီး၊ အဲဒီမှာ ကျွန်ုပ်နဲ့အတူ မေတ္တာဓာတ်ပွားများကြရအောင်"

"ကောင်းပါပြီ သူတော်ကြီး"

သူတော်ကြီးဦးဖိုးပင်သည် မုခ်ဦးလေးခုရှိသော စေတီတော်ကြီး ရင်ပြင်တော်ပေါ်သို့ ကျွန်ုပ်ကို ခေါ်ဆောင်လာခဲ့လေသည်။ ကျွန်ုပ်တို့ တက်လာသော မုခ်ဦးမှာ နဂါးပါးစပ်ကြီးသဏ္ဌာန် ထုထား၍ နဂါးပါးစပ်ကြီးထဲသို့ ဝင်ရသကဲ့သို့ ရှိသည်။ စေတီတော်ထဲတွင် လိုဏ်ရှိကာ စေတီ၏အတွင်းသို့ ထိုလိုဏ်ပေါက်မှ ဝင်ရန် တံခါးရှိလေသည်။

ရန်ကုန်ရှိ ဗိုလ်တထောင်ဘုရား၏ ဌာပနာတိုက်နှင့် သဏ္ဌာန်တူကာ ကျွန်ုပ်လည်း ဖိုးသူတော်၏နောက်သို့ လိုက်ကာ ဝင်ခဲ့ရလေတော့သည်။

* * * * * *

အတွင်းပိုင်းတွင် အာဠာဝကအား မြတ်စွာဘုရားက ချတ်ခေါ်မှုခန်းကို ထုလုပ်ထားသောရုပ် ရှိနေလေသည်။ ကြောက်မက်ဖွယ်ရာ ကောင်းလှသော ဘီလူးကြီးအာဠာဝကသည် တောင်ထိပ်တစ်ခုပေါ်တွင် ခြေတစ်ဖက်နင်းကာ အခြားတောင်ထိပ်ပေါ်တွင် ခြေတစ်ဖက်လှမ်း၍ မြတ်စွာဘုရားအား ဘွဲ့ဖြူပုဆိုးခေါ် နတ်တန်ဆာဖြင့်-ပစ်ရန်ရည်ရွယ်၍ လုပ်ဆောင်နေပုံ ဖြစ်၏။

ကျွန်ုပ်သည် ပိဋကတ်ကျမ်းဂန်တွင်ပါသော မြတ်စွာဘုရား၏ အာဠာဝကဘီလူးချတ်ခန်းကို ပြန်သတိရမိသည်။ အာဠာဝကသည် ဘုန်းတန်ခိုးရှိသော နတ်ဘီလူးဖြစ်သည်။

သူ၏ဘုံဗိမာန်မှာ သူနေထိုင်သော ညောင်ပင်ပေါ်ရှိ ဗိမာန်ပင်ဖြစ်လေသည်။ အာဠာဝက၏ ဗိမာန်အထက်တွင် တန်ခိုးငယ်သောနတ်သွားနိုင်ရန် တက်နေသော အလျှံအရှိန် ရှိလေသည်။

အလျှံအရှိန်များ အပေါ်သို့ တက်နေသောကြောင့် တန်ခိုးငယ်သောနတ်များသည် မည်သို့မျှ မတက်နိုင် ဖြစ်နေရသည်။ ထိုအချိန်မှာပင် ဗိမာန်တွင်း၌ရှိနေသော အာဠာဝက၏ မိဖုရားဘီလူးမကြီးသည် မြတ်စွာဘုရားကို ရိုသေကြည်ညိုသောကြောင့် ထိတ်လန့်ခြင်းသက်လျက်

www.burmeseclassic.com

www.burmeseclassic.com



ခိုကြ၏။

"ဘုရားသခင် ကျောင်းတော်အဖြစ် သတင်းသုံးနေပြီ၊ ဘယ်လို လုပ်လေ"

"ကျွန်တော်မျိုးမတို့လည်း မပြောတတ်ဘူး၊ အာဠာဝက ဘီလူး ကြီးသိရင်တော့ ဒေါသအကြီးအကျယ် ထွက်တော့မှာပဲ"

ဘီလူးမများက အာဠာဝကဘီလူး၏အကြောင်းကို အချင်းချင်း ပြောဆိုနေကြသည်။ ထုလုပ်ထားသော ပန်းပုရုပ်ထုများမှာ မာန်ပါလှ သည်။ အစိမ်းရောင်တောက်နေသော လက်နှစ်ဖက်ကို ကားထားသည်။ အာဠာဝက ဘီလူး၏ပာန်ပန်၊ ဗိမာန်ထဲမှ ဘီလူးများနှင့် ဗိမာန်ထဲတွင် စကြ္ကာလှခြေချနေသော မြတ်စွာဘုရား၏ အနုအယာတို့မှာ ပေါ်လွင်ထင်ရှား နေလေသည်။

အာဠာဝကသည် သူ၏ဗိမာန်ထဲ၌ မြတ်စွာဘုရားသခင် ရောက် ရှိနေသည်ကို မသိပေ။ နက်သဘင်အစည်းအဝေးသို့ ရောက်ရှိ၍ နေ သည်။ ကောင်းကင်ခရီးဖြင့် လာသောနတ်များသည် အာဠာဝကဘီလူး ၏ဗိမာန်ထဲမှ တန်ခိုးအရှိန်အဝါများ တက်နေသည်ကို တွေ့၍ အာဠာဝ ကဘီလူးအား အသိပေးကြလေသည်။

"ငါ့ရှင်ကတော့ အတော်ကံကောင်းတာပါပဲ"

"ငါ့ရှင်တော့ ဘုရားရှင်ကို ဖူးရတော့မှာ သေချာပြီ"

နတ်များက အာဠာဝကာ၏ ဗိမာန်သို့ ဝင်ကာ မြတ်စွာဘုရားကို ဖူးမြော်ပြီးမှ လာသောကြောင့် အာဠာဝကကို ပြောပြရာ အာဠာဝကမှာ ဒေါသထွက်လွန်း၍ အသားများပင် တဆတ်ဆတ်တုန်နေလေသည်။

"ဂေါတမမြတ်စွာဘုရားအား ခြေနှစ်ချောင်းမှ ကိုင်ကာ စကြာ ဝဠာတံတိုင်းသို့ပစ်မည်"ဟုလည်း စိတ်ကူးထားလေသည်။

မိမိထက် တန်ခိုးရှိသော နတ်များရှိနေ၍ အာဠာဝကသည် နတ် သဘင်အစည်းအဝေးပြီးအောင် စောင့်လျက်၊ ပြီးသည်နှင့် သူ၏ဗိမာန်သို့ တဟုန်ထိုး ပြန်လာလေသည်။

"အာဠာဝက ဘီလူးကြီး ပြန်လာပြီ"



နတ်တို့၏ ကြွေးကြော်သံမှာ ထိတ်လန့်တကြား ရှိလှသည်။ အာဠာဝကသည် သူ၏ဗိမာန်ထဲ၌ ရှိနေသော ဂေါတမမြတ်စွာဘုရားအား

"ရဟန်းဂေါတမ ထွက်လော့"

ဟု ကြိမ်းမောင်းကာ ပြောလိုက်သည်။ ဂေါတမမြတ်စွာဘုရား က ထွက်တော်မူသည်။ ထိုအခါ အာဠာဝကသည် သုံးကြိမ်တိုင်တိုင် မြတ်စွာဘုရားအား ဗိမာန်ထဲမှ ထွက်ခိုင်းရာ နောက်ဆုံးအကြိမ်တွင် ဂေါတ မမြတ်စွာဘုရားသည် မထွက်တော့ပေ။

"သင် အဘယ်ကြောင့် မထွက်သနည်း"

ဟု မေးမြန်းသောအခါ

"ငါသည် တစ်ကြိမ်ထွက်လျှင် သင်က ခြေထောက်ကိုကိုင်၍ ပစ်မည်မဟုတ်လော"

ဟု မေးလေသည်။

ထိုအခါတွင် အာဠာဝကဘီလူးသည် ထိတ်လန့်သွားတော့၏။ "ငါ့စိတ်တွင်ရှိနေသမျှ ဂေါတမမြတ်စွာဘုရား သိနေပါပကော"ဟု ထိတ် လန့်မိခြင်း ဖြစ်လေသည်။

* * * * * *

နောက်ဆုံးတော့ အာဠာဝကဘီလူးသည် ကဿပမြတ်စွာဘုရား လက်ထက်က ဂါထာလေးပုဒ်ကို အဖြေတောင်းသည်။ ဂေါတမမြတ်စွာ ဘုရားက တရားဒေသနာ ဟောပြကာ ဂါထာလေးပုဒ်၏ အဖြေကို ပြော ကြားသောအခါတွင် အာဠာဝက ဘီလူးမှာ အကျွတ်တရား ရသွားလေ တော့သည်။

အာဠာဝကဘီလူးသည် ဂေါတမမြတ်စွာဘုရားထံတွင် သရဏ ဂုံသုံးပါးတည်သော ဥပါသကာအဖြစ် ခံယူလေတော့သည်။ အာဠာဝက ဘီလူးချွတ်ခန်းကို ပီပြင်စွာ ထုလုပ်ထားသော ရုပ်ထုကို ကြည်ညိုစွာဖော် ရှင်း ကျွန်ုပ်သည်

www.burmeseclassic.com

www.burmeseclassic.com



"မယဉ်ကျေးသော လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့ကို ယဉ်ကျေးအောင်ဆုံးမတော်မူတတ်သောကြောင့် "အနုတ္တရောပုရိသ ဓမ္မသာရထိ" မည်တော်မူ၏ဆိုသော ဂုဏ်တော်ကို ကြည်ညိုပွားများနေမိသည်။

"ရသေ့ကြီး လက်အုပ်ချီပြီး အကြာကြီး ရပ်နေဝါလား၊ ဘာတွေများ ကြည်ညိုနေပါသလဲ"

သူတော်ကြီး ဖိုးပင်းက အာဠာဝက ချတ်ခန်းကို လက်အုပ်ချီတာ ကန်တော့၍ ဘုရားဂုဏ်တော်ကို ရွတ်ဆိုနေသော ကျွန်ုပ်အား မေးလိုက်သည်။

"သူတော်ကြီး"

"ပြောပါ ရသေ့ကြီး"

"မြတ်စွာဘုရားရဲ့ ဂုဏ်တော်တွေထဲမှာ ဘယ်ဂုဏ်တော်ဟာ ကြည်ညိုဖို့ အကောင်းဆုံးလဲ"

ကျွန်ုပ်၏ အမေးကို ရုတ်တရက် မဖြေနိုင်ဘဲ သူတော်ကြီးဖိုးပင်းသည် ရပ်ကာ စဉ်းစားနေသည်။

"မြတ်စွာဘုရားရဲ့ ဂုဏ်တော်တွေကတော့ အစိန္တေယျာ အပ္ပမေယျပေါ့ ရသေ့ကြီး၊ မကြံစည်နိုင် မတွေးနိုင် မနှိုင်းယှဉ်နိုင်တာတွေပဲပေါ့"

"ဟုတ်ပါတယ် . . သူတော်ကြီး၊ ဒါကြောင့်လည်း 'သေဋ္ဌ' လောကထက်မြတ်တယ်၊ 'ဇေဋ္ဌ' လောကထက်ကြီးတယ်၊ 'အတုလ' တုပြိုင်ဖက်ကင်းတယ်လို့ ဆိုကြတာပေါ့၊ ဂေါတမမြတ်စွာဘုရားဟာ ကိလေသာဂဏ္ဌိဝူဆိုတဲ့ လောကသုံးပါးအဆုံးကို ရောက်တော်မူတဲ့သူဆိုတော့ ဂုဏ်တော်ကို ကြည်ညိုမိလို့ ခုလိုကန်တော့နေမိတာပါ"

"သာဓု . . သာဓု . . သာဓု"

သူတော်ကြီးဖိုးပင်းက "သာဓု" ခေါ်လိုက်သည်။ ထို့နောက် လိုဏ်ဘုရားအတွင်းရှိ အခြားမှခ်ဘက်သို့ ရသေ့ကြီးကို ခေါ်ဆောင်လာခဲ့သည်။ ထိုအခါ 'ဘောဓိပင်နှင့် ရွှေပလ္လင်အောင်မြင်တော်မူခန်း' ရုပ်ထုကို ဖူးမြော်ရပြန်လေသည်။

"ရသေ့ကြီး"



ကျွန်ုပ် သူတော်ဖိုးပင်းဘက်သို့ လှည့်ကြည့်လိုက်လေသည်။

"မာ နတ်မင်းမှာ သမီးသုံးယောက်ရှိတယ်ဆိုတာ ကြားဖူးတယ် မဟုတ်လား"

"ကြားဖူးဝါတယ် ဦးသူတော်"

"သူတို့ဖခမည်းတော် မာနတ်က ဗောဓိပင်နဲ့ ရွှေပလ္လင်ကို အောင်တော်မူတဲ့ မြတ်စွာဘုရားကို မတုဖက်နိုင်ခဲ့ဘူး"

"ဒီတော့ သူ့သမီးသုံးယောက်ကို ရာဂနဲ့ဆွယ်ဖို့ လွှတ်ခဲ့တယ် မဟုတ်လား"

"ဟုတ်တယ် . . ရသေ့ကြီး၊ အရှက်ကင်းမဲ့စွာနဲ့ မြတ်စွာဘုရားရဲ့ရှေ့မှာ ဘယ်လိုပဲ မြူဆွယ်မြူဆွယ် လောကသုံးပါးကို အောင်မြင်တော်မူတဲ့ မြတ်စွာဘုရားဟာ မတုန်လှုပ်ဘူး၊ ရာဂအစရှိတဲ့ ကိလေသာအညစ်အကြေးတွေ အားလုံး စင်ကြယ်တော်မူတာကိုး"

"ဟုတ်တယ် ရသေ့ကြီး၊ ဒါဆိုရင် ကျုပ်တို့ရဲ့စိတ်တွေဟာ ဘုရားရှင်ကိုယ်တော်မြတ်ဆီမှာ ကြည်ညိုသဒ္ဓါစိတ်တွေ ပွားနေပြီ၊ ဒီအချိန်ကနေစပြီးတော့ ဒီမှခ်မှာပဲ မေတ္တာဘာဝနာပွားများရအောင် ရသေ့ကြီး"

ကျွန်ုပ်နှင့် သူတော်ကြီးဖိုးပင်းတို့သည် ထိုမှခ်မှာပင်လျှင် မေတ္တာဘာဝနာကို ပွားများကြရာ ကျွန်ုပ်တို့၏ မှခ်ဦးပေါ်မှ လင်းနို့များပျံဝဲနေသည်ကို ကြားရလေသည်။ လင်းနို့များမှ အစရှိသမျှ သတ္တဝါများကို မေတ္တာစိတ် ဖြန့်ဝေလွှမ်းထုံနေကြလေတော့၏။

* * * * * *

www.burmeseclassic.com

www.burmeseclassic.com

မေတ္တာဘာဝနာတွင် ဝင်စားနေသော ကျွန်ုပ်သည် ဆောင်ရွက်စရာကိစ္စရှိသောကြောင့် ထန်းတောအနီးမှ ဌာကို မိုးမလင်းမီ ရောက်ရှိဖို့လိုလေသည်။ ကျွန်ုပ်၏နားထဲတွင် မည်သည့်အသံမျှ မကြားရတော့။ ယုတ်စွအဆုံး လေတိုက်ခိုက်သံ၊ လိုဏ်သံပင် မကြားရတော့။

ကျွန်ုပ် မျက်လုံးများ ဖွင့်ကြည့်လိုက်သောအခါတွင် မည်သည့်စေတီပုထိုးမှ မရှိဘဲ တောင်ကုန်းပေါ်တွင် ထိုင်လျက်ရှိသည်ကို တွေ့ရလေေတော့သည်။ အာ ရုဏ်တက်ချိန်ပင် ရောက်ပြီ။

"တုံ . . တုံ . . တုံ"

အဝေးတစ်နေရာရှိ ဘုန်းကြီးကျောင်းမှ အုန်းမောင်းခေါက်သံကို ကြားရသည်။ ကျွန်ုပ်သည် လေကားထစ်များမှ တောင်ကုန်းအောက်သို့ ဆင်းသက်လာခဲ့လေသည်။

ကျွန်ုပ် ဗာရာအားထုတ်သည့် ဂူမှာကား အထီးတည်းပင် ထန်းတောအနီး၌ တွေ့ရသည်။ ညက တွေ့မြင်ခဲ့ရသော ကိစ္စများမှာ အိပ်မက်မဟုတ်။ ကျွန်ုပ်ကိုယ်တိုင် အမှန်တကယ် တွေ့မြင်ခဲ့ခြင်း ဖြစ်သည်ဟု ပြောနိုင်ပေသည်။



ကျွန်ုပ်သည် ဂူလေးထဲသို့ ဝင်ကာ ဖယောင်းတိုင်ကို ထွန်းညှိ၍ ထုံးစံအတိုင်း ရုပ်ပွားတော်ကို ရှိခိုးပူဇော်ကန်တော့လိုက်လေသည်။ ခဏကြာသောအခါ မငယ်နှင့် မကြွယ်တို့ ရောက်ရှိလာလေသည်။

"မင်္ဂလာပါ ရသေ့ကြီး"

ကျွန်ုပ်အား ရှိခိုးကန်တော့ကာ နှုတ်ခွန်းဆက်သလိုက်၏။

"မင်္ဂလာပါ ဒကာမလေး၊ တို့ ဒီနေ့တော့ ဒကာမလေးတို့ကို "ဘဝတု သဗ္ဗမင်္ဂလာ" ဂါထာတော်ကို သင်ပေးမယ်"

ကျွန်ုပ်၏ မိန့်ကြားချက်ကို ကြားသောအခါ သွက်လက်ရဲတင်းသော မငယ်သည် ကျွန်ုပ်အား တုံ့ပြန်ကာ မေးမြန်းလေသည်။

"ဘဝတုသဗ္ဗ မင်္ဂလာ" ဆိုတာ ဘာကိုဆိုလိုတာလဲ ရသေ့ကြီးဘုရား"

"ပြောမှာပေါ့ကွယ် . . သဗ္ဗဆိုတာ အလုံးစုံပေါ့၊ မင်္ဂလာဆိုတာကတော့ လောကမှာ အပြစ်မရှိဘဲ ကောင်းကျိုးချမ်းသာရတာကို ပြောတာ၊ ဘဝတုဆိုတာကတော့ ပြည့်စုံရပါလို၏လို့ အဓိပ္ပာယ်ရတယ်"

မငယ်သည် ကျွန်ုပ် ပြောဆိုရှင်းပြသော စကားများကို စာအုပ်ထဲတွင် လိုက်လံရေးသား မှတ်ထားလိုက်လေသည်။

ကဲ . . စာအုပ်ထဲမှာ လိုက်ရေးပေတော့"

မကြွယ်နှင့် မငယ်တို့သည် စာအုပ်များချကာ ဘုန်းကြီးကျောင်းသားများလို ဂူထဲတွင် ကုန်းကာ စာရေးကြလေသည်။ ကျွန်ုပ်က ဘဝတုသဗ္ဗမင်္ဂလာ(၃)ဂါထာကို အောက်ပါအတိုင်း ရွတ်ပြလိုက်လေတော့၏။

ဘဝတု သဗ္ဗမင်္ဂလံ
ရက္ခန္တု သဗ္ဗ ဒေဝတာ
သဗ္ဗဗုဒ္ဓါ နုဘာဝေန
သဒါသုခီ ဘဝန္တုတေ။

ဘဝတု သဗ္ဗမင်္ဂလံ
ရက္ခန္တု သဗ္ဗဒေဝတာ

www.burmeseclassic.com

www.burmeseclassic.com



သဗ္ဗ ဓမ္မာ နုဘာဝေန
သဒါသုခီ ဘဝန္တုတေ။

ဘဝတု သဗ္ဗမင်္ဂလံ
ရက္ခန္တု သဗ္ဗဒေဝတာ
သဗ္ဗ သံဃာ နုဘာဝေန
သဒါသုခီ ဘဝန္တုတေ။

သုံးပိုဒ်လုံးကို ကူးပြီးသောအခါ မငယ်နှင့် မကြွယ်တို့အား ကျွန်ုပ်သည် အလွှတ်ရရှိစေရန် နှုတ်တိုက်ချပေးလိုက်လေတော့သည်။ ကလေးနှစ်ဦး၏ ရွတ်ဆိုသံကား ဂူထဲတွင် ပဲ့တင်ထပ်နေလေသည်။

* * * * * *

နေရောင်သည် တဖြည်းဖြည်း မြင့်တက်လာ၏။ ထန်းတောထဲတွင် ထန်းပင်တက်သော ထန်းတက်သမားတို့သည် ကြိုးဖြင့် သိုင်းထားသော ထန်းရည်အိုးများကို လွယ်ကာ ထန်းပင်ပေါ်သို့ တက်နေကြပြီဖြစ် သည်။ ဦးမြို့နှင့် ဒေါ်မြိုင်တို့သည် ဆွမ်းအုပ်ကို ပိုက်ကာ ရသေ့ကြီးရှိရာ ဂူထဲသို့ ဝင်လာခဲ့ကြလေသည်။

ရသေ့ကြီးအား ကြည်ညိုစွာ ရှိခိုးလျက် ထိုင်လိုက်သည်။

"ဦးမြို့"

"ဘုရား"

"ဒီနေ့ ဦးမြို့နဲ့ ကျုပ် စကားပြောစရာရှိတယ်၊ ဒီတော့ ဒီဒကာမကြီးနဲ့ ဒကာမလေးနှစ်ယောက်ကို ပြန်လွှတ်လိုက်ပေတော့"

"တင်ပါ့ဘုရား"

ဆွမ်းအုပ်ချကာ ရှိခိုးပြီး နားနေသော ဒေါ်မြိုင်က ဦးမြို့ကို ကြည့်လိုက်လေသည်။ ဦးမြို့က ခေါင်းညိတ်ပြလိုက်လေသည်။ မိဘအရိပ်အကဲကိုသိသော မငယ်နှင့် မကြွယ်တို့သည်လည်း ဒေါ်မြိုင်၏ နောက်သို့



လိုက်ရန် ရသေ့ကြီးအား ရှိခိုးကန်တော့လိုက်ကြသည်။

ယခုဆိုလျှင် မငယ်နှင့် မကြွယ်တို့မှာ ဂါထာများ ဘုရားရှိခိုးများ ရရှိရုံသာမက အိမ်တွင်လည်း တရားထိုင်တတ်နေပြီ ဖြစ်လေသည်။ ရသေ့ကြီးကား နေရောင်ကို ကြည့်လိုက်၏။ နံနက်(၁၀)နာရီကျော်ကျော်ပင် ရှိသေးသည်။ ဆွမ်းဘုန်းပေးချိန် မရောက်သေး။

ဦးမြို့မှာလည်း လက်အုပ်ချီလျက် ရသေ့ကြီး မိန့်ကြားမည့်စကားကို စောင့်စားနားထောင်နေလေသည်။

"ဦးမြို့"

"ဘုရား အမိန့်ရှိပါ"

"ဦးမြို့ကို တစ်ခုမေးစရာရှိတယ်"

"မေးပါဘုရား"

"ဦးမြို့ ဖိုးညဏ်ဆိုတဲ့လူကို သိသလား"

"ဘုရား"

ဦးမြို့သည် ခေါင်းငုံ့ကာ တစ်စုံတစ်ရာကို တွေးနေလေသည်။ အတိတ်က ကိစ္စများကို ဦးမြို့သည် ပြန်၍တွေးမြင်နေပုံရလေသည်။

"တပည့်တော်ရဲ့ ရန်ဖက်ပါဘုရား၊ အရှင်ဘုရားကို ဘာများအနှောင့်အယှက်ပေးလို့လဲ"

ဦးမြို့က စိုးရိမ်သံဖြင့် မေးလိုက်လေသည်။

"ဦးမြို့ကို ကျုပ် ရှင်းရှင်းပဲ ပြောပြပါ့မယ်၊ မိနေ့က ကျုပ် တရားထိုင်တော့ အာရုံထဲမှာ လူသုံးယောက်မြင်တယ်။ အဲဒီလူတွေက ဖိုးညဏ်ရယ်၊ မောင်ရှိန်ရယ်၊ တွန်းအောင်ရယ်"

"ဘုရား အမိန့်ရှိပါ"

ဦးမြို့သည် တည်ငြိမ်မှု ပျက်ပြားသွားသည်။ သူ့ခေါင်းတွင်ပေါင်းထားသော မျက်နှာသုပ်ပဝါကို ချွတ်ကာ မျက်နှာပေါ်မှ ချွေးများကိုသုပ်လိုက်လေတော့သည်။

"သူတို့က ဓားတွေနဲ့ ဦးမြို့ကို ဒီဂူကစောင့်ပြီးတော့ ဦးမြို့ရဲ့သမီးတွေကို ပြန်ပေးဆွဲမလို့တဲ့"

www.burmeseclassic.com



"ဘုရား ဟုတ်လားဘုရား၊ ဒါဆို တပည့်တော်ရဲ့ သမီးနှစ်ယောက်နဲ့ဇနီးကို ပြန်လွှတ်လိုက်တာ မှားပြီထင်တယ်"

"နေပါဦး ဦးမြို့၊ ကျုပ်အမိန့်ရှိတာကို နားထောင်ပါ"

ကုန်းကုန်းကွကွနှင့် ဦးမြို့မှာ ထိုင်ရမလို ထရမလို ဖြစ်နေသည်။ ခင်းမနှင့် ဇနီးအတွက် 'ဗျာပါရဝိတက်'များပေါ်နေခြင်းဖြစ်ကြောင်း ကျွန်ုပ်ရိပ်မိပါသည်။

"သူတို့စကားပြောတာကို အာရုံထဲမှာ မြင်ပြီး မကြာခင် သူတို့ ဒီဝှကို ရောက်လာတယ်၊ ကျုပ်က ဖိုးညဏ်ရဲ့ နာမည်ကို ခေါ်လိုက်တော့ သူတို့သုံးယောက်လုံး လန့်သွားတယ်၊ ပြီးတော့ ကျုပ်ကလည်း အာရုံထဲမှာ မြင်တဲ့အတိုင်း ထုတ်ဖော်ပြောလိုက်တော့ သူတို့ ကျုပ်ကို ထိုင်ကန်တော့ကြတယ်"

ထိုအခါတွင်မှ ဦးမြို့မှာ စိတ်အေးသွားပုံရလေသည်။ ကျွန်ုပ်လည်း ဖြစ်ပျက်ပုံအလုံးစုံကို ဖွင့်ဟပြောပြလိုက်တော့၏။ ထိုအခါမှ ဦးမြို့သည် စိတ်အေးချမ်းသာ ဖြစ်သွားဟန်ဖြင့်

"သူတို့ ထန်းတောလိုချင်တယ်ဆိုရင်လည်း တပည့်တော်သူတို့ထန်းတောကို ရသေ့ကြီးမိန့်သလို ငွေငါးရာနဲ ပြန်ပြီးအရွေးခံပါ့မယ် ဘုရား၊ တပည့်တော်တို့ကိုသာ အန္တရာယ်မပေးဖို့ ဆုံးမပေးပါ"

"စိတ်ချ ဦးမြို့၊ သူတို့ဟာ ကျုပ်ရဲ့တရားစကားကြောင့် စိတ်တွေမာန်တွေ ကျသွားပါတယ်၊ မနက်ဖြန် စာချုပ်စာတမ်းနဲ့ ငွေငါးရာယူဖို့ ဒီဝှကို စောစောလာခဲ့ပေတော့"

ကျွန်ုပ်၏ စကားကြောင့် ဦးမြို့သည် ရှိသေစွာ ရှိခိုး၍ ပြန်သွားလေသည်။ ကျွန်ုပ်မှာ ဤဝှတွင် နေထိုင်စဉ် ဖိုးညဏ်နှင့် ဦးမြို့တို့၏ ကိစ္စကို ပြေလည်အောင်ရှက်ပေးနိုင်၍ ရန်ငြိမ်းကာ စိတ်ချမ်းသာမှု ရရှိသွားလေတော့၏။

ကျွန်ုပ်၏ ဆွမ်းဒကာဖြစ်သူ ဦးမြို့နှင့် ရန်ဖက်ဖြစ်သူ ဦးဖိုးညဏ်တို့မှာ ထန်းတောကိစ္စ ညှိနှိုင်းမှုဖြစ်ပြီးနောက် ရန်ကြေးရန်စ ပြေလည်သွားသည်။



ဆယ့်ငါးကေရှိသော ထန်းတောကို ပေါင်ရင်း ငွေငါးရာကျပ်ဖြင့် ပြန်ပေးရသောကြောင့် ဦးမြို့အဖို့ နစ်နာသည်ဟု တွက်နိုင်သော်လည်း တစ်သက်လုံး မပြေဖြစ်နေသည့် ရန်ညှိုးရန်စ ပြေသွားခြင်းက ပို၍ မြတ်ပေသည်။

နှစ်ဦးလုံးမှာ တစ်ဦးနှင့်တစ်ဦး ရန်ညှိုးရန်စ မပြုတော့ပါဟု ကျွန်ုပ်၏ရှေ့တွင် ကတိကဝတ်ပြုကြ၏။ ကျွန်ုပ်ကလည်း အမျက်ဒေါသသည် အကျိုးမများကြောင်း ပြောဆိုဆုံးမကာ နှစ်ဦးလုံးအား ငြိမ်သည့်အခါမျှ ဒေါသစိတ်ကြောင့် သူတစ်ပါးကို ကိုယ်ထိလက်ရောက်မပြုလုပ်ဖို့ ပြောဆိုခဲ့သည်။

ထိုညတွင် ကျွန်ုပ်သည် ဖယောင်းတိုင်မီးပူဇော်ကာ မေတ္တာပို့အမျှဝေလျက် သတိပဋ္ဌာန်တရားကို ပွားများအားထုတ်ရာ "အနန္တနယ ဆရာသခင်"၏ ကြည်လင်ပီသသောအသံ ပေါ်လာသည်။

"ရသေ့ကြီး စတုရင်၊ သင်ကား ရေစကြို-ပခန်းနယ်တွင် ပြုဖွယ်ရာ အမှုကိစ္စများပြုလျက် ကမ္မဋ္ဌာန်းတရားကိုလည်း တစ်စုံတစ်ရာ အကျိုးသက်ရောက်မှုရှိအောင် အားထုတ်ပြီးစီးခဲ့ပေပြီ။ ယခုအခါတွင် သင့်အား ဂန္ဓာရီခရီးတစ်ခုထံသို့ ကျုပ် စီစဉ်ပို့ဆောင်ပါအံ့"

ကျွန်ုပ်သည် ဆရာသခင် အနန္တနယ၏ စကားသံကို နားစိုက်ထောင်နေသည်။

"သင်သည် မေတ္တာဘာဝနာနှင့် သတိပဋ္ဌာန်တရားတို့၌ မပေါက်မြောက် မအောင်မြင်သေးသော်လည်း ပေါက်မြောက်အောင်မြင်ရန် ပါရမီရှိသူဖြစ်ကြောင်း ကျွန်ုပ် တွေ့မြင်လိုက်ရပြီး သံသရာဘဝ၌ သင်နှင့် ပတ်သက်သော သူတို့အား ပြုဖွယ်ကိစ္စတို့ကို ပြီးမြောက်အောင် ဂန္ဓာရီအကျင့် ကျင့်သူတို့သည် လုပ်ရမြဲဖြစ်၏"

ကျွန်ုပ်သည် ရေစကြို-ပခန်းနယ်မှ မည်သည့်နေရာသို့ သွားရမည်ကို သိရှိလိုသဖြင့် ဆရာသခင် အနန္တနယ၏ မိန့်ကြားသံကို အာရုံစိုက်လျက် နားထောင်နေရာ

"ရသေ့ကြီး စတုရင်၊ ယခု သွားရမယ့်နေရာကား သင်ကိုယ်

www.burmeseclassic.com

www.burmeseclassic.com



တိုင် ကျင်လည်ဖူးသော အမရပူရတောင်မြို့သို့ သွားကာ သင် အမိဌာန် ဖြင့် တရား အားထုတ်ရမည် သင် အားထုတ်ရမည့် နေရာမှာ တောင် သမန်ရွာရှိ ကျောက်တော်ကြီးဘုရားမှာပင် ဖြစ်သည်။ ထိုနေရာ၌ သင့်အ တွက် ဆွမ်း၊ ကွမ်းကိစ္စကို မပူပါနှင့်။ သင်၏အဆက်အနွယ်များကား သင့်ကို လာရောက်ကူညီကြပေလိမ့်မည်"

ကျွန်ုပ်က စိတ်ထဲမှ မည်သည့်အချိန်တွင် အမရပူရကျောက် တော်ကြီးဘုရားသို့ သွားရမည်ကို အာရုံပြုကာ မေးမြန်းလိုက်သည်။ ထို အခါတွင် ဆရာသခင်၏အသံက

"သင်သည် မနက်ဖြန်နေ့လည်မှာပင် ထိုနေရာသို့ စတင်ခရီး ထွက်ခွာရမည် ဖြစ်သည်"

ဟု မိန့်ကြားလေတော့သည်။

ကျွန်ုပ်တို့ ဂန္ဓာရီကျင့်စဉ်သမားများမှာ ဒကာ၊ ဒကာမများနှင့် တွေ့ကြုံဆုံကွဲဖြစ်မြဲ ဓမ္မတာသဘောတရားအတိုင်းသာ ထားရ၏။ ကျွန်ုပ် ထွက်ခွာတော့မည့် အကြောင်းကို ပြောဆိုရန် ဦးမြို့အား စောင့်မျှော်နေ ရာ ဦးမြို့ကိုမိသားစုသာမဟုတ် နောက်တစ်နေ့တွင် ဖိုးညက်၊ ထွန်းအောင် နှင့် မောင်ရှိန်တို့ပါ ရောက်ရှိလာကြသည်။

ဦးဖိုးညက်က ပေါင်မုန့် လိမ္မော်သီးများကို ယူလာပြီး မောင်ရှိန်က ထန်းသမားဖြစ်၍ သကာရည်အိုးကို ယူဆောင်လာသည်။ ဦးမြို့ကတော့ ထုံးစံအတိုင်း ဆွမ်းအုပ်နှင့် ဆွမ်းဟင်းများ ယူလာသည်။

နောက်ပိုင်းတွင် ကျွန်ုပ်အား ဆွမ်းနှင့်ဆွမ်းဟင်း ပို့ခွင့်ပြုပါရန် ဦးဖိုးညက်က ခွင့်တောင်း၏။ ကျွန်ုပ်က

"ကျုပ် ဒီနေ့ခရီးထွက်ရတော့မှာ အထက်က အမိန့်ရောက်လာ ပြီ"

ဟု ပြောသောအခါ ဦးမြို့ရော ဦးဖိုးညက်တို့ စိတ်ကောင်းခြင်း ကာ မငယ်နှင့်မကြွယ်တို့က ငိုယိုကြလေသည်။

ဆရာသခင် အနန္တနယ၏ အမိန့်အရ ကျွန်ုပ်မှာ သင်ယောင်းက

www.burmeseclassic.com



ဝင့်ကြွားနောင်ထုံးများကို ဖြေလျက်ရှိရာ ယခုအခါ အမရပူရမြို့သို့ ကျွန်ုပ်ထွက်ခွာလာခဲ့ရလေတော့သည်။ ကျွန်ုပ် ပခုက္ကူမှ တစ်ဆင့် ပုဂံညောင်ဦးသို့ ကူးကာ ထိုမှ ဂျစ်ကားဖြင့် မန္တလေးသို့ လာခဲ့လေသည်။ မန္တလေးသို့ ရောက်လျှင် အမရပူရမှာ မဝေးတော့ချေ။

အမရပူရမြို့သည် မန္တလေးနှင့် စစ်ကိုင်းလမ်းပေါ်တွင်ရှိရာ မန္တလေးမှ မြင်းလှည်းနှင့် သွားလျှင် ရောက်နိုင်သောခရီး ဖြစ်သည်။ ကျွန်ုပ်သည် မဟာမြတ်မုနိဘုရားကြီးကို ဝင်ရောက်ဖူးမြော်ပြီးနောက် ဘုရားကြီးဘေးရှိ ကျောက်စာများ စုဆောင်းထားရှိသော ကျောက်စာရုံထဲသို့ ဝင်ခဲ့သည်။

ထိုကျောက်စာတို့မှာ မြန်မာပြည်အရပ်ရပ်ရှိ ကျောက်စာများကို မင်းတုန်းမင်းကြီးက စုခိုင်း၍ စုဆောင်းထားသော ကျောက်စာများဖြစ်သည်ဟု ဆိုကြ၏။

ကျွန်ုပ်သည် ကုန်းဘောင်နှင့် အမရပူရခေတ်တွင် လူ့ဘဝအကြိမ်ကြိမ်ဖြစ်ခဲ့ရာ မိမိ၏ဘဝဟောင်းမှ မိတ်ဆွေများ၊ ရန်သူများ၊ ချစ်သူများကို တွေ့မြင်ရပေါင်းများလှသဖြင့် ဘဝသံသရာနှင့် ပတ်သက်၍ လေးနက်သော ယုံကြည်မှုက ရောက်ရှိနေပေသည်။

ရေစကြို-ပခန်းတွင် တွေ့ဆုံခဲ့ရသော ခင်လေးနှင့် မနန်းမြင့်ကဲ့သို့ ကျွန်ုပ် နီးကပ်လှသော ဘဝဟောင်းမှ ဇနီးများကို တွေ့ရသောအခါ ကျွန်ုပ်မှာ ထိုစဉ်မှဖြစ်ရပ်များအပေါ် အံ့သြခြင်း၊ ဝမ်းနည်းခြင်း၊ တုန်လှုပ်ခြင်းများဖြစ်ကာ မြတ်စွာဘုရားဟောတော်မူသည့် 'ဒုက္ခသစ္စာ'ကို ကောင်းစွာတွေးတော သဘောပေါက်မိလေတော့သည်။

လူ့ဘဝကို ရရှိခြင်းသည် ကံကောင်းလှ၏ဟု ဆိုသော်လည်း အကျိုးတရားမှာ ဒုက္ခသစ္စာသာ ဖြစ်တော့သည်။ တစ်ဘဝတွင် တစ်ခါသေသည်။

ဘဝတို့သည် သေခြင်းတရားဖြင့်သာ အဆုံးသတ်သည်။ လောဘသက္ကာယဖြင့် ကျေနပ်ရောင့်ရဲမှုမရှိသော အလိုဆန္ဒတို့နောက်သို့ လိုက်ရင်း ဒုက္ခဖြင့်သာ အဆုံးသတ်ရတော့သည်။



ဒုက္ခဟူသည်မှာ 'သုခဝေဒနာ'ခံစားမှုထက် ပိုမိုတွေ့ကြုံရပြီး 'သုခသစ္စာ'ဟူ၍ သတ္တဝါတို့၏ ဘုံဘဝ၌ မရှိနိုင်ကြောင်း သိရသောအခါ ကျွန်ုပ်မှာ တုန်လှုပ်ချောက်ချားမိပါတော့သည်။

သတ္တဝါတိုင်းသည် လောဘ၊ ဒေါသဖြင့် မေ့လာလျက်သာ ဘဝတွင် နေထိုင်ကြသည်။ မေ့မောနေသောကြောင့်သာ ပျော်ရွှင်မှု ဝမ်းမြောက်မှုများဖြစ်လျက် နေနိုင်ကြခြင်း ဖြစ်သည်။

"အို၊ နာ၊ သေ"ခြင်းဖြင့် မိမိသည် လောဘဇာတ်ခုံပေါ်မှ နောက်ဆုံးထွက်ခွာသွားရမည် ဆိုသည်ကို သိပါက ပျော်နိုင်ကြတော့မည် မဟုတ်။ လောကဇာတ်ခုံမှ ထွက်မြောက်ရာလမ်းကို ရှာကြံတော့မည်သာ ဖြစ်သည်။ ကျွန်ုပ်မှာ လူ့ဘဝကိုစွန့်ကာ ရသေ့ဝတ်ဖြင့် ဂန္ဓာရီအကျင့်နောက်သို့ လိုက်ပါခဲ့ခြင်းသည်ပင် ထို အို၊ နာ၊ သေကို ကြောက်သောကြောင့် ဖြစ်သည်။

ဘဝသံသရာဝဲဇလုပ်၌ နစ်မြုပ်လျက်ရှိသော လူတို့ကား တရားကို မသိနိုင်ပေ။ သုဂတိဘဝဖြစ်သော ကာမ(၇)ဘုံ၌ ဖြစ်လျှင် တရားအထိုက်အလျောက် ရနိုင်ပေသေးသည်။

အပါယ်လေးဘုံ၌ ကျရောက်လျှင်ကား ဒုက္ခအပေါင်းအားကြုံတွေ့ရကာ တရားလည်း မမွေးနိုင်တော့ဘဲ ဝဲဩဃ၌ လည်နေရတော့မည်သာ ဖြစ်ပေတော့သည်။

ထို့ကြောင့် လူ့ဘဝ၏ အနှစ်သာရကို မပျက်ပြယ်စေရန် ကျွန်ုပ်သည် တရားကို နှလုံးသွင်းလျက် မွေ့လျော်လိုသောဆန္ဒ ရှိနေခြင်း ဖြစ်သည်။ ကျောက်စာရုံထဲ၌ ကျောက်စာတစ်ချပ်ကို ကျွန်ုပ်ရပ်ကာ ဖတ်ရှုနေမိသည်။

ထိုကျောက်စာကား မြန်မာပြည်အရပ်ရပ်တွင် တွေ့ရတတ်သော "ကျွဲစွာမင်းအမိန့်တော်ပြန်တမ်း" ပင် ဖြစ်သည်။ ကျွဲစွာမင်းသည် ဗိဒ္ဓကတ်ကျမ်းဂန်တတ်၍ တစ်နေ့လျှင် (၇)ခါ စာချသည်ဟု ဆိုသည်။

သဒ္ဒါဗိန္ဒုကျမ်း၊ ပရမတ္ထဗိန္ဒုကျမ်းများ ရေးသားခဲ့သော ကျမ်းတတ်ရှင်ဘုရင် ဖြစ်သည်။ အရပ်ရပ်၌ရှိသော မကောင်းမှုဒုစရိုက် ကျူးလွန်

www.burmeseclassic.com

www.burmeseclassic.com



သူများ ထိတ်လန့်စေရန် ခိုးသူတို့ခံရသည့် မင်းပြစ်မင်းဒဏ်နှင့် သံသရာအပြစ်တို့ကို ကျောက်စာတွင် ရေးထားခဲ့သည်။

ကျွန်ုပ်သည် ပုဂံခေတ် ကျစွာမင်းကြီးသို့ စိတ်အာရုံရောက်နေရာမှ နံနက်စာဆွမ်းဘုဉ်းပေးရမည်ကို သတိရလာသည်။ အချိန်မှာ နံနက် (၁၀)နာရီကျော်လောက် ရှိပေပြီ။ ဘုရားဝင်းထဲမှ ထွက်လာခဲ့သည်။

ဘုရားကြီးအနီးတွင်ရှိသော ထမင်းဆိုင်တစ်ဆိုင်မှာပင် ဆွမ်းစား၍ မြင်းလှည်းငှားစီးရပေတော့မည်။ ကျွန်ုပ်သည် အိတ်ကို စမ်းကြည့်ရာ ဆွမ်းဒကာ ဦးမြို့ လှူလိုက်သော လမ်းစရိတ်မှာ ယခုထိ တစ်ပြားမှ မသုံးရသေးပေ။

* * * * * *

သင့်လျော်ရုံ ဆွမ်းဖြင့်ပင် စားသောက်တော့မည်ဟု စိတ်ကူးထားရာ လည်စွပ်အင်္ကျီအဖြူ ပုဆိုးအဖြူကွက်ကို ဝတ်ဆင်ထားသော ဒကာကြီးတစ်ဦးသည် ကျွန်ုပ်အား လက်အုပ်ချီလိုက်သည်။

သူသည် ကတုံးကို ပြောင်အောင် တုံးထားပြီး သာမန်လူများထက် ပို၍ကားသော နားရွက်ပိုင်ရှင်ဖြစ်၏။ မျက်လုံးမှာလည်း ဝိုင်းစက်ပြူးကျယ်၍ ကျွန်ုပ်ကို အံ့ဩသော မျက်လုံးများဖြင့် ကြည့်လျက်ရှိသည်။

"အရှင်ဘုရား အရှင်ဘုရားဟာ ရသေ့ကြီး စတုရင်္ဂ မဟုတ်ပါလား ဘုရား"

"ဟုတ်ပါတယ် ဒကာကြီး"

"ဟာ . . တပည့်တော်ထင်တာ မှန်နေပြီပဲ၊ အရပ်မြင့်မြင့် မေးရိုးကားကားနဲ့ အသက်ငါးဆယ်ကျော်အရွယ် ရသေ့ကြီးဆိုတာ အမှန်ပဲ"

သူ၏စကားကြောင့် ကျွန်ုပ် အံ့အားသင့်သွားသည်။ သူသည် ကျွန်ုပ် ရောက်ရှိလာမည်ဟူသော သတင်းကို ကြိုတင်သိရှိနေသူ ဖြစ်ပေသည်။

"ကျုပ် ရောက်လာမယ်ဆိုတာ ဒကာကြီး ဘယ်လိုသိသလဲ"

"တပည့်တော်ဟာ အမရပူရအင်းရဲ့ တစ်ဖက်မှာရှိတဲ့ တောင်



သမန်ရွာ ကပ္ပိယကြီးဦးဘိုးအေးပါ၊ ကျောက်တော်ကြီးဘုရား ဝေယျာဝစ္စလုပ်ပြီး အဲဒီနားကကျောင်းကို ညအိပ်တည်းခိုလာတဲ့ ရဟန်းသံဃာနဲ့ လူပုဂ္ဂိုလ်များလည်း ကူညီထောက်ပံ့တဲ့သူပါ၊ မနေ့ကတော့ လူတစ်ယောက်က တပည့်တော်နေတဲ့ ကျောင်းပေါက်ဝရောက်လာပြီး "ဘိုးအေး . . ဘိုးအေး ထ . . ထ၊ မနက်ဖြန်နေ့လည်မှာ ကျောက်တော်ကြီးဘုရားမှာ အဓိဋ္ဌာန်ဝင်တရားအားထုတ်မယ့် ရသေ့ကြီးတစ်ပါး ရောက်လာလိမ့်မယ်၊ အဲဒါသွားစောင့်ပြီး ခေါ်လိုက်လို့ ပြောတယ်" ဒါနဲ့ အမရပူရနဲ့ စစ်ကိုင်းဆွဲနေတဲ့ တပည့်တော်မြင်းလှည်းလေးပါ ယူလာပါတယ်ဘုရား၊ ဒီဆိုင်မှာလဲ အရှင်ဘုရား ကြွလာတာမြင်ရင် ဘုန်းပေးချင် ဆက်ကပ်ဖို့ ပြောထားပါတယ်၊ ဘာများသုံးဆောင်လိုပါသလဲ ရသေ့ကြီး"

"ရပါတယ် ဒကာကြီး၊ အဆင်သင့်တာပဲ ကပ်ပါ"

ထမင်းဆိုင်မှာ ဟင်းမျိုးအစုံအလင်ရှိသောကြောင့် ကြက်သားဟင်း၊ ငါးပိကြော်နှင့် ငါးခေါင်းဟင်းချိုတို့ဖြင့် ကျွန်ုပ်အား ဆွမ်းကပ်လေသည်။

ကျွန်ုပ်လည်း သင့်လျော်ရုံမျှတအောင် ဆွမ်းစားပြီးနောက် ကပ္ပိယကြီးဦးဘိုးအေးနှင့်အတူ အမရပူရသို့ လိုက်ပါလာခဲ့လေသည်။ အမရပူရနှင့် မန္တလေးလမ်းမှာ ဖြောင့်ဖြူး၍ မန္တလေး၏တောင်ဘက်တွင် အမရပူရမြို့ ရှိလေသည်။

ဆွမ်းစားပြီးသည်နှင့် လှည်းအဆင်သင့်ရှိ၍ အမရပူရမြို့သို့ လိုက်ပါလာခဲ့သည်။ ရာသီဥတုမှာ မပူလွန်းမအေးလွန်း အနေတော်ရုံကလေးသာရှိ၍ ခရီးသွားလာ၍ ကောင်းသောကာလ ဖြစ်သည်။ ဘုရားကျောင်းကန်များ စေတီပုထိုးများဖြင့် စည်ကားခဲ့သောနေရာ ဖြစ်လေသည်။

အမရပူရမြို့ကို တည်ထောင်သူမှာ ဘိုးတော်ဘုရား(ခေါ်)ဗဒုံမင်း ဖြစ်သည်။ ဘိုးတော်ဘုရားသည် စဉ့်ကူးမင်းကို မောင်းကားစားမောင်မောင် လုပ်ကြံ၍ မောင်းကားစားမောင်မောင်ကို ညီတော်သန်းတလဲမင်းသား လုပ်ကြံလျက် ထီးနန်းတင်မြှောက်ခံရသူ ဖြစ်သည်။

စဉ့်ကူးမင်းလက်ထက်က စစ်ကိုင်းသို့ ပို့ထားခြင်းခံရကာ စစ်

www.burmeseclassic.com



ကိုင်းမှ အင်းဝကို ရှုတော်မူပြီး အင်းဝကို မနှစ်သက်၍ ဓာတ်တော်အရ အမရပူရမြို့ကို တည်ထောင်ခြင်းပင် ဖြစ်၏။

"ရသေ့ကြီး အရင်က အမရပူရကို ရောက်ဖူးသလား"

ကျောက်တော်ကြီးဘုရားသို့ ပို့ဆောင်ပေးမည့် ကပ္ပိယကြီးဘိုးအေးက ကျွန်ုပ်အား မေးသည်။

"ငယ်ငယ်တုန်းကတော့ တစ်ကြိမ်နှစ်ကြိမ် ဘုရားဖူးရောက်ခဲ့ဖူးပါတယ်။ ဒါပေမယ့် သိပ်မမှတ်မိဘူး"

"အမရပူရက သာယာပါတယ်၊ ထန်းသမားတွေ ယက္ကန်းသမားတွေနေကြတာများတယ်။ အမရပူရ ယက္ကန်းစင်တွေက ချည်ထည်ပိုးထည်တွေဟာ မန္တလေးခေတ်မှာလည်း ခေတ်စားခဲ့တာပေါ့"

ကပ္ပိယကြီးဦးဘိုးအေးက ကျွန်ုပ်ကို လှည်းမောင်းရင်း ရှင်းပြလာခဲ့သည်။ ကျွန်ုပ်လည်း နားထောင်ကာ လိုက်ပါလာခဲ့လေသည်။

* * * * * *

မြင်းလှည်းသည် အမရပူရမြို့ထဲရှိ တောင်မင်းကြီးစေတီသောသို့ ရောက်သောအခါ ရပ်လိုက်လေသည်။

"မြင်းလှည်းက ဒီမှာထားခဲ့ရမှာ ဘုရား"

ကျွန်ုပ်အား ဆင်းစေလိုသော သဘောဖြင့် ပြောဆိုသည်ကို သိ၍ မြင်းလှည်းပေါ်မှ ကျွန်ုပ် ဆင်းသက်ခဲ့၏။ မြင်းလှည်းအပ်နှံနေကျ အိမ်တွင် ကပ္ပိယကြီးဦးဘိုးအေးသည် သူ၏မြင်းလှည်းကို သွားထားလိုက်သည်။ ဂန္ဓာရုံကျောင်းဆောင်နားရှိ အိမ်တွင် မြင်းလှည်းကို အပ်နှံခြင်းပင် ဖြစ်သည်။

ကျွန်ုပ်သည် အဆင်သင့်သည်နှင့် တောင်မင်းကြီး စေတီတော်မုခ်ဦးအတွင်းသို့ ဝင်လာခဲ့သည်။ တောင်မင်းကြီးစေတီထဲရှိ ရုပ်ပွားတော်မှာ ကြည်ညိုစရာ သပ္ပါယ်လှသော ကျောက်ဆင်းတုကိုယ်တော်ကြီးပင် ဖြစ်သည်။ ခိုင်ခံ့သော တန်ဆောင်းကြီးထဲတွင် မျက်နှာပြင်ချောမောတင့်တယ်လှသော ကျောက်ဆင်းတုကိုယ်တော်ကြီးမှာ အံ့ဩဖွယ်ရာပင် ဖြစ်သည်။



ဘိုးတော်လက်ထက်က ကျောက်ဆစ်လက်ရာများမှာ ထူးထူးခြားခြား ကောင်းမွန်လှသည်။ ကျွန်ုပ်သည် ကြီးမားလှသော ရုပ်ပွားတော်ကြီးရှေ့တွင် ရိုသေစွာရှိခိုးကန်တော့လျက်ရှိစဉ် ကပ္ပိယဦးဘိုးအေး ရောက်ရှိလာသည်။

"ရသေ့ကြီး ဒီရောက်နေတာကိုး"

"ဘာဖြစ်လို့လဲ ကပ္ပိယကြီး"

"တပည့်တော်က ရှာလိုက်ရတာ ဘယ်များထွက်သွားသလဲလို့"

"ဒီနေရာတော့ ကပ္ပိယကြီးရောက်လာမယ်ထင်တာနဲ့ ဝင်ပြီးတော့ ဖူးလိုက်တာပါပဲ"

"ဖူးတော့ ဘာထူးခြားမှုတွေ့လဲ ရသေ့ကြီး"

"ဒီရုပ်ပွားတော်ဟာ ကျောက်ဆစ်လက်ရာကောင်းပြီး အလွန်ချောမောပြေပြစ်တာကို သတိထားမိပါတယ်"

"မှန်လှပါ ရသေ့ကြီးပြောတာ မှန်ပါတယ်။ ဒီရုပ်ပွားတော်ကြီးဖြစ်လာရတာကလည်း အင်မတန်ချောမောတဲ့ လူတစ်ဦးကို အကြောင်းပြုပြီးတော့ ဖြစ်လာရတာပါ"

"ဘယ်လို ကပ္ပိယကြီး"

"ရသေ့ကြီး ဒီအကြောင်း မကြားဖူးဘူးလား"

"မကြားဖူးပါဘူး ကပ္ပိယကြီးရဲ့၊ သိရင်ပြောပြပါဦး"

လူအချို့သည် မိမိအနည်းငယ်မျှ သိသည်ကို ထုတ်ဖော်ပြောပြလိုသောဆန္ဒရှိကြသည်။ အချို့ကမူ မိမိက များစွာသိသည်ကို ဖွင့်ဟမပြောတော့ဘဲ အခြားသူများကို အထင်သေးသော မျက်နှာဖြင့်သာ ပြုံး၍နေတတ်ကြလေသည်။

ကပ္ပိယကြီးဘိုးအေးကား ထိုလူမျိုးနှစ်မျိုးထဲတွင် ပါဝင်သည် မဟုတ်ဘဲ မိမိက စေတနာဖြင့် တစ်ယောက်လူကို သိထားသည်များ ထုတ်ဖော်ပြောပြလိုသော သဘောသာ ရှိလေသည်။

"ဘိုးတော်ဘုရားက ၁၁၄၃–ခု တပေါင်းလပြည့်နေ့မှာ အင်းဝနေပြည်တော်ကို အလိုတော်ပြည့်သတဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ ကျုပ်ကြားဖူးပါရဲ့"

"ရသေ့ကြီး ကြားဖူးသလိုပဲ၊ အင်းဝနေပြည်တော်ဟာ အချက်အချာကျတဲ့ မြစ်ကမ်းတံနေရာ မဟုတ်လား"

"ဟုတ်ပါတယ် ကပ္ပိယကြီး"

"ဒါဆိုရင် ဘာဖြစ်လို့ ဘိုးတော်ဘုရားက အင်းဝကနေ အမရပူရကို ပြောင်းရတာလဲ"

"ဒီလိုဖြစ်မယ် ကပ္ပိယကြီးရဲ့၊ အတိတ်နိမိတ်အဆောင်တွေအရ အင်းဝထက် အမရပူရဟာ သင့်လျော်တယ်လို့ ဗေဒင်ဟူးရားပညာရှင်တွေက ပြောကြလို့ ဖြစ်မယ်။ ဘာဖြစ်လို့လည်းဆိုတော့ အင်းဝဟာ တကယ့်အချက်အချာကျတဲ့ နေရာပဲဗျ"

"ဟုတ်ပါတယ် ရသေ့ကြီး၊ ဘိုးတော်ဘုရားဟာ ဗေဒင်ကိန်းခန်းအရ နန်းတက်ပြီး နှစ်နှစ်အကြာ မြန်မာသက္ကရာဇ် ၁၁၄၅–မှာ အမရပူရမြို့ကို တည်ထောင်တာပါပဲ၊ ဒါကြောင့် အမရပူရကို ဘိုးတော်ပြည်ကြီးလို့ ရေးစပ်ကြတာပေါ့"

* * * * * *

ကျွန်ုပ်မှာ ပဋိပတ္တိအကျင့်ဖြင့် မွေ့လျော်နေခဲ့ရာ ပရိယတ္တိသမားဖြစ်သော ကပ္ပိယကြီးဦးဘိုးအေး၏ စကားများကို နားထောင်ရသည်မှာ နှစ်လိုမိလေတော့၏။ ကျွန်ုပ်က နားနားနေနေ သဘောဖြင့် တောင်မင်းကြီးစေတီမှ ကျောက်တန်းရုံကိုမှီကာ ထိုင်လိုက်သည်။

"ဦးပိန်တံတားကျော်ရင် ကျောက်တော်ကြီးဘုရားက သိပ်မဝေးပါဘူး၊ ရသေ့ကြီး နားနားနေနေပေါ့"

"ကျုပ်ကလည်း စိတ်အေးလက်အေးပါပဲ၊ ကဲ . . ဘိုးတော်ဘုရားအကြောင်း ဆက်ပါဦး"

"ဘိုးတော်ဘုရားထက် တပည့်တော် ပြောပြချင်တာက ဒီတောင်မင်းကြီးစေတီအကြောင်းပါ၊ ဘိုးတော်ဘုရား စစ်ကိုင်းမှာနေတော့ အိမ်တော်ပါကျွန်တွေထဲမှာ ဦးကျော်ရွှေ၊ ဦးပေါ်နဲ့ မြတ်ထင်တို့ စစ်ကိုင်းပါသွားကြတယ်။ ဘိုးတော်ဘုရားက စစ်ကိုင်းမှာ အိမ်နိမ့်စံဘဝနဲ့ အိုးဖုတ်ပြီး ရောင်းရတယ်ဆိုပဲ"

"မှော်ဘီဆရာသိန်းကြီးရဲ့ ပါးစပ်ရာဇဝင်"ထဲမှာတော့ ကျုပ် ဖတ်ဖူးပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်က ဝန်ခံစကားပြောလိုက်သည်။

"ရသေ့ကြီး ဖတ်ဖူးတာ မမှားပါဘူး၊ အင်းဝမှာ မင်းဖြစ်တော့ ဗထားဆုံး ဦးကျော်ရွှေနဲ့ ဦးပေါ်ဦးတို့က ဝန်ကြီးဖြစ်ကြတယ်။ ဒီထဲမှာ ဦးကျော်ရွှေကို ရန်တုန်မြို့အပိုင်စားပေးတော့ ဦးကျော်ရွှေကို တောင်ခင်းကြီးလို့ ခေါ်ကြတာပဲ"

"ခု . . ဒီဘုရားဘွဲ့တော် ပေးထားတာကလည်း တောင်မင်းကြီးစေတီပဲ ကပ္ပိယကြီးရဲ့"

"ဟုတ်တယ် . . ရွှေပြည်ဦးဘတင်က သဘောမတူပေမယ့် မော်ဘီဆရာသိန်းကြီးကတော့ တောင်မင်းကြီးဆိုတာ ဦးကျော်ရွှေပဲလို့ မှတ်ချက်ပြုရတယ်။ အဲဒီဦးကျော်ရွှေမှာက သားတစ်ယောက်ရှိသတဲ့၊ အဲဒီသားကိုလည်း ဘိုးတော်ဘုရားက ချစ်မြတ်နိုးတော်မူလို့ အတွင်းတော်မှာ ဝင်ခွင့်ထွက်ခွင့် ပြုထားသတဲ့၊ ဒါနဲ့ ဦးကျော်ရွှေသားဟာ အနောက်ဆောင်မှာနေတဲ့ မိဖုရားတွေနဲ့ ရှုတ်ရှုတ်ရှက်ရှက် ဖြစ်တဲ့အသံ ကြားရသတဲ့"

"အော် . . မျက်နှာသာပေး ရွှေရေးပန်းကန်တက်ဆိုတဲ့ သဘောပေါ့"

"အင်း . . ဒါကတော့ ထားပါတော့၊ ဒါနဲ့ ဘိုးတော်ဘုရားက ဦးကျော်ရွှေကို "ကျော်ရွှေ မင်းရဲ့သားကို နည်းနည်းပါးပါး ဆုံးမပါဦး"လို့ မိန့်တော်မူသတဲ့၊ ဦးကျော်ရွှေကလည်း သားတစ်ယောက်ထဲရှိတော့ ချစ်တာပေါ့၊ ဒါပေမယ့် အများအတွက် ကြည့်တော့ သူ့သားကို ဦးကျော်ရွှေက မညှာနိုင်တော့ဘူး၊ ကြောင်တစ်ကောင်နဲ့ ကြွက်တစ်မြှုံလို ဖြစ်မယ်ဆိုပြီး အဆုံးစီရင်လိုက်သတဲ့၊ ဘိုးတော်မင်းတရားက မတွေ့လို့ ဦးကျော်ရွှေကို မေးတဲ့အခါ ဦးကျော်ရွှေက လက်လွန်သွားကြောင်း လျှောက်ထားလို့ ဘိုးတော်ဘုရားပါ စိတ်မကောင်းဖြစ်သွားရတယ်လို့ ပြောကြတယ်"

"အင်း . . ကပ္ပိယကြီး ပြောတာနဲ့ ကျုပ် ကြားဖူးတာ နည်းနည်းတော့ အဆက်အစပ်ရှိလာပြီ၊ ဒါနဲ့တောင်မင်းကြီး ဦးကျော်ရွှေက ဒီစေတီကိုတည်ရောဆိုပါတော့"



"မှန်ပါတယ် ဘုရား၊ ဒါကြောင့် တောင်မင်းကြီးစေတီလို့ ဘွဲ့တော်ပေးထားတာပါပဲ၊ ဦးကျော်ရွှေရဲ့သားဟာ တော်တော်ချောတဲ့ လူငယ်လို့ ပြောတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရေသောက်ရင် အကြောစိမ်းလေးတွေ မြင်ရအောင်ကိုလှတဲ့ မင်းသားလို့ အမှတ်အသားရှိကြတယ်"

"အင်း . . သင်္ခါရတရားပဲပေါ့ ကပ္ပိယကြီးရယ်၊ မိဘကောင်းစားတဲ့အချိန်ရောက်မှ အကျင့်သီလက မမြဲနိုင်တာကိုး၊ သတ္တဝါတွေ အပါယ်လေးပါးကို ကျရတာလဲ ဒီအကုသိုလ် ဒုစရိုက်တရားတွေကြောင့်ပဲ မဟုတ်လား"

"ဟုတ်ပါတယ် ဘုရား၊ ဟော . . အနောက်တောင်က မိုးတွေမဲလာပြီ၊ မိုးမရွာခင် တောင်သမန်ရွာဘက်ကို ကူးမှကောင်းမယ်ထင်တယ် ဘုရား"

* * * * * *

ဦးပိန်တံတားထိပ်သို့ ရောက်သောအခါ ရေထဲတွင် ပင်စည်တစ်ဝက်မြုပ်နေသော မယ်ဇယ်ပင်တန်းကြီးကို တွေ့ရသည်။ မယ်ဇယ်ပင်များမှာ ညီညာအောင် အတန်းလိုက်စိုက်ထားသောကြောင့် ရာသီဥတုသုံးမျိုးလုံးတွင် တောင်သမန်အင်းနှင့် ဦးပိန်တံတားကို အလှဆင်လျက်ရှိနေလေသည်။

ကျွန်ုပ်ကား ရသေ့ဘဝပင် ဖြစ်သော်လည်း သဘာဝအလှများကိုကား တွယ်တာမက်မောသော 'ကာမစ္ဆန္ဒ နီဝရဏ' မကုန်နိုင်ဘဲ ရှိပုံရသည်။ တောင်သမန်အင်းထဲမှ ရေလှိုင်းများထနေသည့် အင်းရေများ၊ ထိုအင်းရေများပေါ်တွင်ရှိသော ဦးပိန်တံတားနှင့် ကမ်းစပ်မှ မယ်ဇယ်ပင်များ၏ သဘာဝအလှသည် အမရပူရမြို့၏ အဆင်တန်ဆာတစ်ခုပင် ဖြစ်ပေလိမ့်မည်။

ဦးပိန်တံတားပေါ်တွင် လေတဟူးဟူးတိုက်ခိုက်နေသည်။ မကြာမီ မိုးရွာချတော့မည် ဖြစ်သည်။ အနောက်တောင်အရပ်တွင် ထိုမိုးမဲများ သို့လျက်ရှိနေပြီ။ ဦးပိန်တံတားပေါ်သို့ ကျွန်ုပ်နှင့် ကပ္ပိယကြီးဦးဘိုးအေး

www.burmeseclassic.com

www.burmeseclassic.com



တို့ လှမ်းမျှော်လာကြသည်။ ဦးပိန်တံတားပေါ်တွင် ခရီးသွားတို့နားနေရန် ဇရပ်သုံးဆောင် ဆောက်ထားသည်။

ဦးပိန်တံတားသည်လည်း စိတ်ဝင်စားဖွယ်ရာ ကောင်းလှသည်။ အရှေ့ရွာသို့ ရောက်လျှင် ဦးပိန်တံတားကို အရောက်သွားကြသည်။ ဦးပိန်တံတားပေါ်မှ တွေ့ရသော အမရပူရဘုရားများနှင့် ကျောက်တော်ကြီးတို့ကို ရှုမြင်ဖူးမြော်ရသည်မှာ ကြည်နူးဝမ်းမြောက်ဖွယ်ရာပင် ဖြစ်လေသည်။

ဦးပိန်တံတားပေါ်တွင် ဇရပ်ငါးဆောင်ရှိသည်။ သစ်လုံးတိုင်များနှင့် သစ်သားများခင်းကာ ဆောက်ထားသော ဦးပိန်တံတားကြီးမှာ မြို့ဝန်ဘိုင်ဆတ်ဆိုသော ကုလားက လာဘ်စား၍ ဆောက်သော တံတားဟု ဆိုခဲ့ကြသည်။

ဦးပိန်တံတားနှင့် ပတ်သက်၍ သမိုင်းကြောင်း အရှုပ်အထွေးတစ်ခုတော့ ရှိနိုင်ပေသည်။ ထိုအရှုပ်အထွေးကို ဖြေရှင်းနိုင်သော တိကျသူမပေါ်သေးဟု ဆိုရမလို ဖြစ်နေလေသည်။

သူတစ်ပါးတို့ကို ထိခိုက်မည်စိုးသောကြောင့် သမိုင်းကို ခပ်ညာညာ ရေးနေကြသည်ဟူ၍လည်း ကျွန်ုပ် တွေးနေမိလေသည်။ ဦးပိန်တံတားမှ လျှောက်လှမ်းလာရာ တောင်သမန်ရွာအနီးသို့ ရောက်သောအခါတွင် အင်းထဲမှ အင်းတိုင်ကြီးတစ်တိုင်ကို တွေ့ရသည်။ အင်းတိုင်ကြီး၏ ထိပ်တွင် ဗိတ်ဖြူနှင့် ဗိတ်နီကို စည်းနှောင်ထားသည်။

များသောအားဖြင့် ဗိတ်ဖြူစနှင့် ဗိတ်နီတို့သည် နတ်ကွန်းများ ကျောင်းဆောင်များတွင် တွေ့ရသလို လေထဲတလူလူလွင့်လျက် ရှိနေလေသည်။ မိုးသားများက ကောင်းကင်တစ်ပြင်လုံး အုံ့၍နေလေသည်။

"မိုးလွတ်ပါ့မလား မသိဘူး ရသေ့ကြီး"

"လွတ်ချင်လည်း လွတ်ပေါ့လေ၊ မလွတ်ချင်လည်း စိုရုံရှိတာပေါ့"

စိုရုံဟုသာ ကျွန်ုပ် ပြောရသည်။ ကျွန်ုပ်တွင် သင်္ကန်းတစ်စုံနှင့် သပိတ်တစ်လုံးသာ ပါသည်။ ပခုံးပေါ်တွင် ဒုကုဋ် ခေါ် သင်္ကန်းကြီးကို တင်ထား၍ ခင်းစရာ မြှုံစရာအဖြစ် ကျွန်ုပ် အမြဲသုံးနေရသည်။



ရွာမယောင်ဖြင့် အုံ့နေသော မိုးသားပြင်များမှာ ကျွန်ုပ်တို့ထန်းတောကို ဖြတ်၍ ခတ်ပေါင်းစုဘုရားထဲသို့ ရောက်သည်အထိ မရွာသေးချေ။ ခတ်ပေါင်းစုဘုရားထဲတွင် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း ရှိသည်။ ကျောင်းထဲမှဖြတ်ကာ တစ်ဖက်အပေါက်မှ မထွက်မီ ရှေးဟောင်းဘုရားလေးတစ်ဆူကို တွေ့ရသည်။

ထုံးပင် သိပ်မရှိချင်တော့။ အုတ်သားများပင် ပေါ်နေသည်။ ပဲခူးမြို့မှ မဟာစေတီကဲ့သို့ပင် စေတီ၏ အလယ်အထက်ပစ္စယာ၌ လူလျှောက်ရန်လမ်းကလေး ရှိသည်ကို တွေ့ရသည်။

"ဒါ . . ခတ်ပေါင်းစုစေတီဆိုတာပဲ ရသေ့ကြီး"

* * * * * *

ခတ်ပေါင်းစုစေတီကို ကျွန်ုပ်သည် သေချာစွာ ကြည့်ရှုဖူးမြော်လိုက်သည်။ မူလကတော့ သပ္ပာယ်ဖွယ်ရာ ကောင်းသည့် စေတီတစ်ဆူဖြစ်ပေလိမ့်မည်။ စေတီတော်၏ ဆားတွင် အုတ်ဂူဆန်ဆန် စေတီသေးလေးတစ်ခု ရှိနေလေသည်။

ကျွန်ုပ်၏ရင်ထဲတွင် ထိုအရာများကို မြင်တွေ့ရသည်မှာ တစ်မျိုးပင် ခံစားနေရသည်။ ကျွန်ုပ် လွမ်းသလိုလို စိတ်မကောင်းသလိုလိုဖြစ်မိသည်။ ထို့ကြောင့် ကျွန်ုပ် ပြုခဲ့သမျှသော ဒါနကုသိုလ် ၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်တို့အား အမျှပေးဝေလိုက်သည်။

ကျွန်ုပ်တို့ ကျောက်တော်ကြီးဘုရားပေါ်သို့ ရောက်တော့မှပင် မိုးသည် အညှိုးကြီးစွာ ရွာချလိုက်လေတော့သည်။ ကျောက်တော်ကြီးဘုရား၏ ရင်ပြင်တော်(အပြင်)ပတ်ပတ်လည်တွင် မိုးစက်များသည် မှုန်များ၊ သဲများကို ရေစီးနှင့် မျှော၍ချနေကြသည်။

ကျောက်တော်ကြီးဘုရားကို ကျွန်ုပ်သည် သားရေအိတ်လွယ်ဖယောင်းတိုင်ထုတ်လျက် မီးပူဇော်ကာ ရှိခိုးကန်တော့လိုက်လေသည်။

ကျွန်ုပ်၏ဆရာသခင် အနန္တနယ၏ အမိန့်မရမချင်း ဤဘုရား

www.burmeseclassic.com



မှ ကျွန်ုပ် ထွက်ခွာရဦးမည် မဟုတ်ပေ။ ကပ္ပိယကြီးသည် ကျွန်ုပ် ဘုရားရှိခိုးနေသည်ကို ထိုင်ကာ စောင့်နေ၏။

"ကပ္ပိယကြီး အလုပ်ကိစ္စများရှိသလား"

ကျွန်ုပ်က အားနာ၍ လှည့်မေးလိုက်လေသည်။

"မရှိပါဘူး ရသေ့ကြီး၊ ရသေ့ကြီးကို တပည့်တော်ရဲ့ကျောင်းကို ခေါ်သွားဖို့ စောင့်နေတာပါ"

ထိုအခါမှ ကျွန်ုပ်သည် သတိရမိတော့၏။

ဟုတ်ပေသားပဲ . . ကျွန်ုပ်မှာ ဤကျောက်တော်ကြီးဘုရားထဲတွင် မည်သို့အိပ်စက်ပါမည်နည်း။ ကျောက်တော်ကြီးဘုရားမှ လိုဏ်ဘုရားဆန်ဆန် ဆောက်လုပ်ထားသောဘုရားဖြစ်၍ အတွင်း၌ ကျောက်ဆင်းတုကိုယ်တော်ကြီးတစ်ဆူ ကြည်ညိုဖွယ်ရာ ရှိနေလေသည်။ ကျောက်တော်ကြီးဘုရားကို သာယာဝတီမင်းသည် ပူဇော်ကိုးကွယ်၍ ကျောက်သားအလွန်ကောင်းသည်ကို တွေ့ရှိရသည်။

အလားတူ မန္တလေးတောင်ခြေတွင် ကျောက်တော်ကြီးဘုရားတစ်ဆူရှိရာ တောင်ခြေရှိ ကျောက်တော်ကြီးဘုရားမှာလည်း ကျောက်ဆစ်လက်ရာ ကောင်းမွန်လှပါသည်။ သို့သော် ရှေးကျသော ဤကျောက်တော်ကြီး၏ မျက်နှာတော်ထုဆစ်ပုံကိုကား မီမည်မထင်မိပေ။

မိုးသည် စဲသွားလေပြီ။ ကျွန်ုပ်သည်လည်း စောင့်ဆိုင်းနေရသော ကပ္ပိယဦးဘိုးအေးကို အားနာ၍ သားရေအိတ်ကိုလွယ်ကာ သပိတ်ကိုလည်း လွယ်လျက်ထလိုက်လေသည်။

"မိုးကတော့ တော်တော်စဲသွားပါပြီ"

"ဟုတ်ပါတယ် . . ရသေ့ကြီး၊ ကျောင်းကို ကြွလို့ရပြီလားဘုရား"

"ရပါပြီ"

ကျွန်ုပ်သည် ကျောက်တော်ကြီးဘုရားဝင်းပြင်ရှိ ကျောင်းကလေးသို့ ထွက်ကာ လိုက်ပါလာခဲ့ရာ သေသပ်စွာ တစ်ဖက်ယပ်ဆောက်လုပ်ထားသော ကျောင်းကလေးကို တွေ့ရလေသည်။ ကျွန်ုပ် ရောက်မည်ဟု သိ၍ ကြိုတင်ရှင်းလင်းထားသောကြောင့် ကျောင်းကလေးမှာ မိုးလုံလေလုံနှင့်



တရားကျင့်၍ ကောင်းသော နေရာကလေး ဖြစ်နေလေတော့သည်။

ကျွန်ုပ်မှာလည်း ခရီးပန်းလာသည့်ဏ တစ်ကြောင်း မိုးမိသည်က တစ်ကြောင်းကြောင့် သက်န်းလေးကို ခင်းလျက် အသင့်ရှိသော စောင်ဖြင့် လွှမ်းခြုံကာ အိပ်စက်လိုက်လေသည်။

ဘုရားစာများကို နှုတ်မှ တတွတ်တွတ် ရွတ်ရင်း ကျွန်ုပ် အလွန်မြတ်နိုးနှစ်သက်လှသော ကျီးသဲလေးထပ် ဆရာတော်ကြီး၏ နမက္ကာယ အစိန္တေယျကြီးဘုရားရှိခိုးကို ရွတ်ဆိုကာ ရှိခိုးလျက်ရှိနေလေသည်။

ကျွန်ုပ်သည် ဘုရားစာများရွတ်ဆိုနေသည့်အချိန်မှာ မိုးသည် သည်းထန်စွာ ရွာ၍လာ၏။ ကျွန်ုပ်အတွက် သောက်ရေအိုးတစ်အိုးနှင့် မီးဖိုထဲတွင် မီးခဲနှင့်ထားသော ရေနွေးအိုးတစ်အိုးရှိနေရာ ကပ္ပိယကြီးက

"ရသေ့ကြီး ချမ်းရင် ရေနွေးပူပူထပြီး သောက်ပါလားဘုရား"

ဟုခေါ်သော်လည်း ကျွန်ုပ် မထဘဲ အိပ်ပျော်သွားလေတော့၏။

* * * * * *

www.burmeseclassic.com

www.burmeseclassic.com

၉

ကျွန်ုပ်သည် တောတောင်လျှိုမြောင်များကြား၌ရှိသော လှည်းတစ်စီးပေါ်သို့ ရောက်ရှိနေသည်။ ကျွန်ုပ်၏ ကိုယ်ပေါ်တွင်လည်း အနက်ရောင်ခေါင်းပေါင်းနှင့် အင်္ကျီတို့ကြောင့် ကျွန်ုပ်သည် ရှမ်းမဟုတ်ဘဲ လူသားတစ်ဦး ဖြစ်နေသည်ကို တွေ့ရှိရလေသည်။ ကျွန်ုပ် လှည်းပေါ်တွင် ကျွန်ုပ်၏သမီးဖြစ်သူ မိန်းကလေးလည်း ပါလာသောကြောင့်

"အဘ နေကောင်းရဲ့လား ခရီးက ဝေးသေးတယ်"

ဟု ပြောလေသည်။

"နေကောင်းပါတယ် သမီးရယ်၊ ရှေ့မှာ စစ်ကိုင်းကို ရောက်တော့မယ်ဆို"

"ဘယ်က စစ်ကိုင်းရမှာပဲ အဘရဲ့၊ အဲဒါ မန္တလေးတောင်ပေါ်က ဘုရားတွေ မြင်နေရတာ"

ကျွန်ုပ်မှာ ရှမ်းအမျိုးသားကြီးအသွင်ဖြင့် ရှမ်းဘောင်းဘီနှင့် ရှမ်းအင်္ကျီတို့ကို ဝတ်ဆင်ထား၏။ ကျွန်ုပ်မှာ လှည်းခုနစ်စီး၏ နောက်ဆုံးလှည်းကို စီးနှင်ရသူ ဖြစ်သည်။

"စိုင်းခမ်းရေ မြန်မြန်မောင်းပေါ့ မိုးမချုပ်ခင် မန္တလေးကို ရောက်



မဖြစ်မယ်"

"ဟုတ်ကဲ့ . . ဟုတ်ကဲ့"

ကျွန်ုပ်မှာ ဦးစိုင်းခမ်းဆိုသူဖြစ်၍ ကျွန်ုပ်၏ သမီးလေး နန်းမွန်နှင့် ကျွန်ုပ်တို့မှာ 'စော်ဘွားကြီး စဝ်ရွှေဦး'၏ လက်ရင်းတပည့်များ ဖြစ်လေသည်။ စဝ်ရွှေဦးမှာ ချမ်းသာသလောက် သဘောထားကောင်းမွန်ပြီး အလှူအတန်း ရက်ရောသူ ဖြစ်သည်။

မန္တလေးမြို့သို့ ရောက်သောအခါ ပေါင်းမိုးဖြင့် အလုံပိတ်ထားသော လှည်းခုနစ်စီးကို ကျွန်ုပ်တို့၏ လူများက ဓားလှံများကိုင်ဆွဲကာ လှည်းများဖြင့် ပတ်ရံကာကွယ်ထားလေသည်။ မန္တလေးရှိ မြို့သူမြို့သားများမှာလည်း ပျော်ပွဲရွှင်ပွဲများ ကျင်းပနေကြရာ တစ်မြို့လုံး စည်ကားလျက်ရှိလေသည်။

"အဘ ခဏနားပြီး အမရပူရကို ဆက်သွားရမှာ ဆေးသောက်ချင်သောက်ပါ့လား"

ကျွန်ုပ်မှာ ဖျားလျက်နှင့် စော်ဘွားကြီး၏အမှုကို လိုက်ပါထမ်းရွက်ရသူ ဖြစ်သောကြောင့် သမီးက သတိပေးစကား ဆိုလိုက်လေသည်။

"အေး . . ဆေးသောက်ထားရင်တော့ တော်တော်ကောင်းမှာပါပဲ"

အဝေးမှ ဓာတ်စင်တွင် မင်းသားကြီးအကကို ကနေသည်။ ဓာတ်စင်ထောင့်တွင် မီးတိုင်များ ထွန်းထားကာ ပွဲလမ်းသဘင်များဖြင့် သူတို့ကို ကြိုဆိုကြခြင်း ဖြစ်လေသည်။

"ဟော့ . . လှည်းဝိုင်းနားက ဘယ်မှမသွားကြနဲ့ ပျော်ရွှင်မှုမှာ မနေကြနဲ့၊ စော်ဘွားကြီးရဲ့ မိန့်"

ကျွန်ုပ်တို့ကို အုပ်ချုပ်သော စော်ဘွားကြီး၏ အမိန့်ကို ထုတ်ပြန်သည်ကို ကြားရသည်။ သာယာဝတီမင်းတရားကြီး တည်ထားကိုးကွယ်ဆောက်လုပ်သော ကျောက်တော်ကြီးဘုရားတွင် ဌာပနာရန် ကျောက်မျက်ရတနာများကို လှည်းခုနစ်စီးဖြင့် ကျွန်ုပ်တို့တိုက်၍ ယူလာရာ လမ်းတွင်အန္တရာယ်မရှိအောင် ကာကွယ်စောင့်ရှောက်ကြရခြင်းပင် ဖြစ်သည်။

www.burmeseclassic.com



သမီးနန်းမွန်သည် ကျွန်ုပ်အား ရေတကောင်းထဲမှ ရေတစ်ခွက် ခပ်ပေးသည်။ ကျွန်ုပ်သည် နီညိုညိုဆေးမှုန့်များကို ပါးစပ်ထဲသို့ ထည့်သွင်းကာ မျိုချလိုက်လေသည်။ ရေကို သောက်လိုက်၏။ ထိုနေရာတွင် ကျွန်ုပ်တို့ တစ်ညအိပ်လိုက်ခြင်းမှာ မှားယွင်းခြင်းပင် ဖြစ်လေတော့သည်။

နံနက်မိုးသောက်သည်နှင့် စော်ဘွားကြီး စဝ်ရွှေဦးသည် လှည်းများကို ပြင်ဆင်စေကာ မန္တလေးမြို့မှ အမရပူရမြို့သို့ မောင်းနှင်လာခဲ့သည်။

"စော်ဘွားကြီး ကျန်းမာပါစေ"

"စော်ဘွားကြီး ချမ်းသာပါစေ"

အမရပူရမှ လူများက လမ်းဘေးနှစ်ဖက်မှ လက်များဝှေ့ယမ်းကာ ဆုတောင်းပတ္ထနာ ပြုခဲ့လေသည်။ တဆောင်းလဖြစ်သောကြောင့် ကျွန်ုပ်တို့သည် ရေခန်းနေသော တောင်သမန်အင်းထဲမှ လှည်းကိုဖြတ်၍ မောင်းလာခဲ့ကြလေသည်။ တောင်သမန်ရွာမှာလည်း လူများစည်ကားနေလေသည်။ ကျောက်တော်ကြီးဘုရားမှာလည်း မင်းနေပြည်တော်မှ ရဲမက်များဝန်းရံနေသည်။

* * * * * *

တောင်သမန်အင်းကိုကျော်ကာ တောင်သမန်ရွာထဲသို့ လှည်းတန်းကြီး ဝင်မိသည်နှင့်ပင် ကျယ်လောင်သော အသံကြီးကို ကြားလိုက်ရသည်။

"အောင်ပြီ . . အောင်ပြီ"

"အောင်ပြီ"

ထိုအသံများကြောင့် စော်ဘွားကြီးက လှည်းများကို ရပ်နိုင်းလိုက်သလို ကျွန်ုပ်လည်း အံ့အားသင့်သွားလေတော့သည်။ တောင်သမန်ရွာထဲတွင်ကား လူတို့ကြပ်သိပ်စည်ကားနေရာ ထန်းတောအကျော်တွင် စော်ဘွားကြီးသည် ဆက်သွား၍ မရတော့ဘဲ လှည်းများကို ဝိုင်းထားနိုင်းလိုက်သည်။ ရတနာများပါသော လှည်းကို ကျွန်ုပ်တို့၏ အမျိုးသားအစောင့်



များသည် အလယ်တွင် ထားကာ ဘေးမှ ဝန်းရံထားလိုက်ကြချေတော့သည်။ ကျွန်ုပ်နှင့် နန်းမွန်မှာ လှည်းပေါ်တွင် ထိုင်လျက် အခြေအနေကို စောင့်ကြည့်နေကြသည်။

သို့သော် အဝေးမှ ပြောသောစကားသံများကိုကား ကြားမိသည်။

"ကျောက်တော်ကြီးဘုရားဌာပနာ ပိတ်သွားပြီ"

"မင်းမြတ်ရဲ့အလှူပွဲကြီး အောင်မြင်သွားပြီ"

"အောင်ပြီ . . အောင်ပြီ"

ဆိုင်းသံ၊ ဗုံသံများလည်း သိမ့်သိမ့်ညံအောင် ထွက်ပေါ်လာသည်။ ကျွန်ုပ်မှာ ရင်လေးသွားသကဲ့သို့ ကျွန်ုပ်၏ သမီးနန်းမွန်မှာလည်း မျက်နှာမကောင်းတော့ချေ။ စော်ဘွားကြီး၏ စကားကို ကျွန်ုပ် ပြန်၍ကြားယောင်လာမိတော့၏။

"ဦးစိုင်းခမ်း ရွှေငွေရတနာဆိုတာ ဘဝကို ပါအောင် ယူသွားရတယ်၊ ဒီတော့ ကျုပ်မှာရှိတဲ့ ရွှေငွေလှည်းခုနစ်စီးကို ကျောက်တော်ကြီးဘုရားမှာ ဌာပနာရမယ်"

"ကောင်းပါတယ် သခင်ကြီး"

"ဒီအလှူကြီး ပြီးမြောက်အောင် ဦးစိုင်းခမ်းတို့လည်း ဝိုင်းဝန်းကူညီကြပါ"

"စိတ်ချပါ . . အသက်စွန့်ပြီးတော့ အောင်မြင်အောင် ကူညီပါ့မယ်"

ဆိုင်းသံ၊ ဗုံသံများဖြင့် လူစည်ကားနေသော ကျောက်တော်ကြီးဘုရားအနီးသို့ ကျွန်ုပ်တို့ တိုးမရဖြစ်နေစဉ်မှာပင် "သာယာဝတီမင်းတရားကြီးအမိန့်တော်" ဟူသောအော်ဟစ်သံကို ကြားရသည်။

ကျွန်ုပ်တို့သည် ဘုန်းတော်ကြီးလှသော သာယာဝတီမင်း၏ အမိန့်တော်ကို ကြားရ၍ လှည်းများပေါ်မှ ဆင်းကာ မြေပြင်တွင် ဒူးထောက်ကာ အမိန့်တော်နာခံကြသည်။

"စော်ဘွားကြီး စဝ်ရွှေဦးသည် ကျောက်တော်ကြီးဘုရားကို ဘဝရှင်မင်းကြီးဌာပနာတော် ပိတ်ပြီးပြီဖြစ်၍ မင်းတရားကြီးနှင့် တွေ့ဆုံရန်

www.burmeseclassic.com

www.burmeseclassic.com




ရွှေတော်သို့ ဝင်စေ"

အမတ်တစ်ဦး၏ အမိန့်တော်ကြားရသည်နှင့် စော်ဘွားကြီးသည် ထိုအမတ်ရဲမက်များနှင့်အတူ လိုက်ပါသွားလေတော့သည်။ ကျောက်တော်ကြီးဘုရားဝင်းပတ်လည်တွင်ကား သာသနာ့အလံ တလူလူဖြင့် သပ္ပာယ်နေလေတော့သည်။

သာယာဝတီမင်း၏ ပန်းချီတော်တို့သည်လည်း ကျောက်တော်ကြီးဘုရား၏ အတွင်းဝှလှိုဏ်အမိုးတွင် ဆေးရေးပန်းချီများကို ဇာတ်ကြီးဆယ်ဘွဲ့ ငါးရာ့ငါးဆယ်ဇာတ်ကွက်များထဲမှ ထုတ်နှုတ်ရေးသားလျက်ရှိပေသည်။

ညနေပိုင်းတွင် ဘုရင်မင်းမြတ် ဆင်တော်နှင့် ပြန်ကြွသည်ကို ကျွန်ုပ်တို့ ဖူးမြင်လိုက်ကြရ၏။ ကျွန်ုပ်တို့၏ ခေါင်းဆောင်ကြီး စစ်ရှေ့ဦးကား သဒ္ဓါတရား ပြတ်သားသူသာ ဖြစ်သည်။ သူသည် ကျောက်တော်ကြီးဘုရားကို မမီလျှင်လည်း ဌာပနာအတွက် ရည်ရွယ်ထားသော ကျောက်သံပတ္တမြားများကို ပြန်၍မယူလိုတော့။

ဤဘုရားအနီးတွင်ပင် စေတီတစ်ဆူတည်ကာ ဌာပနာ၍ ကိုးကွယ်တော့မည်ဟု အမိန့်ခံကာ စေတီတစ်ဆူတည်ရန် သာယာဝတီမင်းထံ ခွင့်ပန်လိုက်လေတော့သည်။



စေတီတော်တည်ရမည့်နေရာမှာ မြေပြင်ညီဖြစ်သောကြောင့် လုပ်အားကို ညီညာစွာ လုပ်ကိုင်တတ်သော ကျွန်ုပ်တို့မှာ ကုသိုလ်ရေးကို အားကက်သရော လုပ်ကိုင်ကြလေသည်။

ကျွန်ုပ်တို့၏ စော်ဘွားကြီးကား အသက်အရွယ်အိုမင်းသည်ကတစ်ကြောင်း၊ ပင်ပန်းစွာ ဘုရားတည်သောအလုပ်ကို လုပ်သည်ကတစ်ကြောင်း၊ မြေပေါက်ဘုရားကြီးတစ်ဆူပြီးကာ ဌာပနာပိတ်ကာနီးတွင် ဖျားနာလေတော့သည်။

"သတိထားပါဘုရား ကျွန်တော်မျိုးတို့ ရှိနေကြပါတယ်"

ကျွန်ုပ်နှင့် သမီးဖြစ်သူ နန်းမွန်တို့သည် တတ်အားသမျှ ပြုစုစောင့်ရှောက်ကြပါသည်။ စော်ဘွားကြီးသည်ကား သူ့နေရာကို သူရွေးသည် ထင်ပါ၏။ "ဓာတ်ပေါင်းစေတီ"ဟု အမည်ပေးသော စေတီကြီးကို ပါလာသော ရတနာလှည်းခုနစ်စီး သွတ်သွင်းကာ ဌာပနာသည့် အချိန်မှာပင် စော်ဘွားကြီး ကံတော်ကုန်ရှာလေသည်။

ကျွန်ုပ်တို့မှာ မျက်ရည်ရွှဲကာ ဝမ်းနည်းငိုကြွေးကြ၏။ ကျွန်ုပ်သည် ကျန်းမာရေးမကောင်းသည့်ကြားမှပင် စော်ဘွားကြီး၏ အုတ်ဂူ

www.burmeseclassic.com



စေတီကို ခါတ်ပေါင်းစုစေတီဝင်းထဲမှာပင် တည်ကာ အုတ်စီ၍ ပေးလိုက်လေသည်။

"အဘ"

"သမီး"

"သမီးတို့ရဲ့ စော်ဘွားကြီးကို ဒီနေရာမှာပဲ ထားခဲ့ရတော့မှာပေါ့နော်"

"ဘယ်တတ်နိုင်မလဲ သမီး၊ သူက နေခဲ့တာကိုး"

ကျွန်ုပ်တို့သည် ဝူဘုရားစေတီကို တည်ပြီးနောက် လှည်းများဖြင့် ပြန်ထွက်လာရာ ကျွန်ုပ်မှာ နာကျင်သော ဝေဒနာနှင့် ဖျားနာသော ဝေဒနာကို ခံစားရသောကြောင့် လှည်းပေါ်တွင် အိပ်စက်လျက် လိုက်ပါသွားရလေတော့သည်။

"အဘ သိပ်ပြီး ပင်ပန်းနေပြီ၊ မန္တလေးတောင်ခြေမှာ နားကြတာပေါ့"

"မနားနဲ့သမီး သွားမယ့်ခရီးကိုသာ သွားပါ၊ အဘကြောင့် တစ်ခြားလူတွေ ဒုက္ခရောက်နေပါ့မယ်"

"ဦးစိုင်းခမ်း ဘယ့်နှယ်နေလဲ"

"ဦးစိုင်းခမ်း သွားနိုင်ရဲ့လား"

ကျွန်ုပ်၏မိတ်ဆွေများက ကျွန်ုပ်ကို မေးလိုက်လေသည်။ ကျွန်ုပ်မှာ နှုတ်မှ ပြန်မပြောနိုင်တော့ပေ။ သင်း၏တုံ့ပြန်သံကိုသာ နောက်ဆုံးကြားရလေတော့သည်။

ကျွန်ုပ်ကြားရသည်ကား ကျွန်ုပ်သမီး နန်းမွန်၏ ငိုသံနှင့် ကျွန်ုပ်ကို ဖုံးလွှမ်းသွားသော အမှောင်ထုကြီးပင် ဖြစ်လေတော့သည်။

"အဘ . . . အဘ"

နန်းမွန်၏အသံမှာ အမှောင်ထုထဲတွင် ဝေး၍သွားသည်။ ကျွန်ုပ်တစ်ကိုယ်လုံးမှာ ချွေးများပျံ၍ နိုးလာလေသည်။

ဖက်ရွက်မိုးထားသော ကျောင်းခေါင်မိုးပေါ်သို့ မိုးစက်များ တပေါက်ပေါက်ကျသံကို ကြားနေရလေသည်။ အဝေးမှ တိုနီးခေါက်သံကို



ကြားရ၏။

"ရသေ့ကြီး ယာဂု(ဆန်ပြုတ်)သောက်ဖို့ အဆင်သင့် ဖြစ်နေပါပြီ"

ထိုအခါတွင်မှ ကျွန်ုပ်သည် အိပ်မက်ရှည်တစ်ခုကို မက်ခဲ့ကြောင်း သိလိုက်ရပါတော့သည်။ ကျွန်ုပ်၏ အတိတ်ဘဝတစ်ခုပင်လားဟု ဝေခွဲမရ ဖြစ်မိသည်။

* * * * * *

နံနက်လင်းသောအခါတွင် ကျွန်ုပ်မှာ ကိုယ်အနည်းငယ် ပူနေသည်။ ကပ္ပိယကြီးဦးဘိုးအေးက ကျွန်ုပ်အား နံနက်စောစော ယာဂုကျိုကာ တိုက်သည်။ ယာဂု(ဆန်ပြုတ်) မှာ ဝမ်းအေး၍ အကောင်းဆုံးဆေးနည်းတစ်မျိုးပင် ဖြစ်သည်။

အစားအသောက်ကြောင့်လည်းကောင်း၊ သွေးလေကြောင့်လည်းကောင်း အာဂန္တုဖျားနာခြင်းကို ယာဂုသည် ပျောက်ကင်းအောင် ဆေးဝါးကုသနိုင်လေသည်။ ယာဂုသောက်လိုက်ခြင်းဖြင့် ဝမ်းထဲတွင် အေးသွားကာ နေသာထိုင်သာ ရှိသွားသည်။

"ကပ္ပိယကြီး"

"ဘုရား"

"ကျောက်တော်ကြီးဘုရား တည်တော့ ဌာပနာပိတ်ပွဲလုပ်တာ ကြားဖူးလား"

"မကြားဖူးပါဘူး ဘုရား"

"ဌာပနာပိတ်ပွဲက အလွန်စည်တာပေါ့၊ သာယာဝတီမင်းက ဘာသာတရား ကြည်ညိုတဲ့မင်းဆိုတော့ ကျောက်တော်ကြီးဘုရားကို စည်စည်ကားကားနဲ့ ပူဇော်တယ်"

"တင်ပါ့ဘုရား အရှင်ဘုရားရော ဘယ်လိုသိပါသလဲ"

ကပ္ပိယဦးဘိုးအေးက ကျွန်ုပ်ကို ပြန်၍မေးသည်။ ကျွန်ုပ်က ညကအိပ်မက်အကြောင်း ပြောပြသည်။

"ညက ကျောက်တော်ကြီးဘုရားနဲ့ ဓာတ်ပေါင်းစုစေတီတည်

www.burmeseclassic.com

www.burmeseclassic.com



တဲ့အကြောင်း အိပ်မက်မက်တယ်''

"ဟုတ်လားဘုရား၊ အရှင်ဘုရား ကျောက်တော်ကြီးဘုရား ကြွယ်၊ ကူညီစောင့်ရှောက်ပါလို့ပြောတာ မိန်းကလေး ခပ်ငယ်ငယ်ပဲဘုရား"

ကျွန်ုပ်မှာ ကပ္ပိယဦးဘိုးအေး စကားကြောင့် အံ့အားသင့်သွားခါ။

"ဆံပင်ကို ဘယ်လိုထုံးထားလဲ"

"တပည့်တော် သိသလောက်ကတော့ ဆံပင်ကို နောက်မှာ ထုံးပြီး ဆံရှည်ရှည်ကို ပခုံးတစ်ဖက်ပေါ်ကို ချထားတဲ့ မိန်းကလေး ရုပ်ရည်က သန့်သန့်ပြန့်ပြန့်ပါပဲ"

ကျွန်ုပ်သည် "နန်းမွန်"ကို သတိရမိသည်။ ညက အိပ်မက်ထဲမှ နန်းမွန်သည် ဆံပင်ကို ထိုကဲ့သို့ပင် ထုံးနှောင်ကာ ချထားတတ်လေ့ရှိ၏။

ကပ္ပိယကြီး ဦးဘိုးအေး တိုက်သော ငန်းနီကျော်၏အစွမ်းကြောင့် ကျွန်ုပ်မှာ နေ့လည်ပိုင်းတွင် ကျန်းမာရေးအခြေအနေ စိုးရိမ်စရာ မရှိတော့ပါ။ ဖျားလည်းမဖျား၊ ကိုယ်ပူရှိန်လည်းမရှိ၊ ခွေးများထွက်ကာ လန်းဆန်းလာလေသည်။

ထို့ကြောင့် ကျွန်ုပ်သည် နံနက်စာစားပြီးသည်နှင့် ဓာတ်ပေါင်းစုဘုရားဘက်သို့ ထွက်လာခဲ့သည်။ ဓာတ်ပေါင်းစုဘုရားဝင်းထဲတွင် ခြေတံရှည် ဘုန်းကြီးကျောင်းလေး ရှိသည်။ ဘုန်းကြီးကျောင်းလေးမှာ ပြားပြားရှည်ရှည်လေး ဖြစ်လေသည်။

ကျွန်ုပ်သည် ထိုဘုန်းတော်ကြီး ကျောင်းထဲသို့ ဝင်လာခဲ့ရာ အသက်လေးဆယ်ကျော်မျှရှိ ရဟန်းတော်တစ်ပါး ကျောင်းအောက်တွင် ရပ်နေသည်ကို တွေ့ရသည်။

"အရှင်ဘုရား ဒီကျောင်းကလား ဘုရား"

ကျောင်းကို လက်ညှိုးထိုးကာ ကျွန်ုပ်က မေးလိုက်၏။

"ဟုတ်ပါတယ် ရသေ့ကြီး၊ ကျောင်းပေါ်ကို တက်ပါဦး"

"တပည့်တော် မေးစရာရှိလို့ပါ ဘုရား"



"ဟာ . . အတော်ပဲ၊ ကျောင်းပေါ်မှာလည်း သဘော်သီးတွေ၊ စပျစ်သီးတွေ၊ လက်ဖက်တွေ ရှိတယ်၊ ကျုပ်ကလည်း လှူရမယ့်သူ စောင့်နေတာ၊ တက်ပါ ရသေ့ကြီး၊ မွန်းမှမလွဲသေးပဲ စားရင်းသောက်ရင်း စကားပြောကြတာပေါ့"

ခင်မင်ဖော်ရွေပုံရသော ရဟန်းတော်နှင့် ကျောင်းပေါ်သို့ ပါလာခဲ့သည်။

ကျောင်းပေါ်သို့ ရောက်သောအခါတွင် ဖွင့်ထားသော ပြတင်းပေါက်မှ ဓာတ်ပေါင်းစုစေတီကို မြင်နေရသည်။ ကျွန်ုပ်သည် ကျောင်းပေါ်မှ ရုပ်ပွားဆင်းတုတော်ကို ကန်တော့ကာ ကျွန်ုပ်နောက်မှ ကျော်သွားကာ—ဘုရားအနီးတွင် ကျွန်ုပ်ဖက်လှည့်ကာ ထိုင်သော ရဟန်းတော်ကို ဦးချကန်တော့လိုက်၏။

ကိုရင်လေးတစ်ပါးက စားစရာအသီးအနှံများကို ရသေ့ကြီးရှေ့သို့ လာချပေးသည်။ သဘော်သီးနှင့် သရက်သီးများမှာ လှီးပြီးသားများ ဖြစ်သည်။

"ကဲ . . ဘုဉ်းပေးပါဦး ရသေ့ကြီး၊ ခုမှ ဆယ့်တစ်နာရီခွဲပဲ ရှိပါသေးတယ်"

ဆရာတော် ပေးစွန့်သော သဘော်သီးကို စားလိုက်သည်။ ဆရာတော်မှာ ဖော်ရွေ၍ စေတနာကောင်းသော ရဟန်းတော်တစ်ပါးဖြစ်ကြောင်း သိရှိရသည်။ ထိုအခါတွင်မှ စကားပြောဆို၍ ကောင်းမည့်ပုဂ္ဂိုလ်ဟု သိ၍ ကျွန်ုပ်သည် သိလိုသောကိစ္စကို မေးမြန်းလိုက်လေတော့သည်။

"ဒီဘုရားကို ဘယ်လိုဘွဲ့တော် ခေါ်ပါသလဲဘုရား"

"ဓာတ်ပေါင်းစုစေတီလို့ ခေါ်ပါတယ်ရသေ့ကြီး"

"ဒီဘုရားအကြောင်းကို အရှင်ဘုရား ကြားဖူးပါသလားဘုရား"

ကျွန်ုပ်က ရိုသေစွာ လျှောက်ထားလိုက်ရာ ဆရာတော်က ခေါင်းခြေ်းစားလျက်

"ကြားတော့ ကြားဖူးပါတယ်၊ ဘုန်းကြီးကို ဆရာ[illegible]

[illegible]ပြောပြခဲ့တာပေါ့၊ ဆရာတော်ကြီးက[illegible]

www.burmeseclassic.com



တာတွေပါရင် မှသဿဝါဒဖြစ်မှာ ကြောက်ရသေးတယ်”

ဟု မိန့်ကြားသည်။

ဝိနည်းနှင့် ပတ်သက်၍ ဆင်ခြင်သော ဆရာတော်ဖြစ်သည်ကို သိရှိရသောကြောင့် ပို၍ကြည်ညိုလေးစားမိသည်။

“ပြောပါဘုရား၊ တပည့်တော်တို့က နောက်လူတွေဆိုတော့ ရှေ့လူတွေပြောတဲ့စကား စဉ်းစားချင့်ချိန်ပြီး မှတ်သားရတာပေါ့ဘုရား”

ကျွန်ုပ်၏ စကားကြောင့် ဆရာတော်မှာ ပြုံး၍ သွားလေတော့သည်။

“ရသေ့ကြီးပြောတဲ့ စကားက အဓိပ္ပာယ်ကျယ်ဝန်းပါတယ်။ ရှေးက အကြောင်းတွေ လေ့လာမှတ်သားတဲ့အခါ မှန်မမှန်၊ ဟုတ်မဟုတ်ကို ဉာဏ်နဲ့ဆင်ခြင်တိုင်းထွာပြီး မှတ်သားတာ အကောင်းဆုံးပဲ၊ ဘုန်းကြီးတို့ လူမျိုးအကြောင်း သမိုင်းရေးဆရာတွေက ရေးလိုက်တာ ဟုတ်တာတွေရော မဟုတ်တာတွေရောပဲ၊ ရသေ့ကြီး တစ်ခုမေးချင်တယ်”

“မေးပါဘုရား”

“တိုင်းပြည်အုပ်ချုပ်တဲ့ ဘုရင်တွေဟာ သူတော်ကောင်းတွေ ချည်းပဲလား”

“မဟုတ်ပါဘုရား၊ ပုထုဇဉ်လူဆိုးလူမိုက်တွေလည်း ပါတာပါ ပဲဘုရား”

“ဟုတ်ပေတယ် ရသေ့ကြီး၊ ဒါပေမယ့် ကိုယ့်အကြောင်းတွေ တော့ နောင်လာနောင်သားတွေ မှတ်သားရအောင်ကောင်းတာတွေ ကျန် စေချင်တယ် မဟုတ်လား”

“မှန်လှပါဘုရား”

“ကိုယ့်အကြောင်း သူများက ကောင်းတာပြော ကျန်ခဲ့ချင်ရင် ကောင်းတာလုပ်ရတယ်၊ မှန်တာလုပ်ရတယ်။ ကောင်းတဲ့စကားပြောရ တယ်၊ ကိုယ်မှားတာကို မှားတယ်လို့ ဝန်ခံပြီးပြုပြင်ရတယ်။

အရှင်ဘုရားပြောတာ သဘောကျပါတယ်ဘုရား”



“ဒါမှ နောက်လူတွေက ကိုယ့်အကြောင်း ပြောတဲ့အခါ ကောင်း တာပြောမှာပေါ့၊ ဒီလိုပဲ ဒီဓာတ်ပေါင်းစုစေတီအကြောင်း ပြောမယ်ဆိုရင် အလွန်စေတနာကောင်းတဲ့ စော်ဘွားတစ်ယောက်အကြောင်း ပါမှာဘဲ”

“မိန့်ကြားပါဘုရား”

“ကျောက်တော်ကြီးဘုရားကို သာယာဝတီမင်းက တည်ထားကိုး ကွယ်တယ်။ ကျောက်တော်ကြီးဘုရား ဌာပနာပိတ်ကာနီးမှာ ရှမ်းစော်ဘွား ကြီးတစ်ဦးက ရတနာတွေ လှည်းခုနစ်စီးတိုက်ပြီး ယူလာသတဲ့၊ ဒီရောက် တော့ ကျောက်တော်ကြီးဘုရားက ဌာပနာတော်ပိတ်လို့ အဲဒီရတနာတွေ ပြန်ပြီး လှည်းနဲ့ မသယ်ယူတော့ဘဲ ကျောက်တော်ကြီးဘုရားတည်တဲ့နား မှာ ‘ဓာတ်ပေါင်းစုစေတီ’ဆိုပြီး ဒီစေတီကို တည်ထားကိုးကွယ်ခဲ့တယ်လို့ ပြောကြတယ်”

ဘုန်းတော်ကြီး၏ စကားမှာ ကျွန်ုပ် အိပ်မက်နှင့်တူညီနေသော ကြောင့် ကျွန်ုပ် ဝမ်းသာပီတိဖြစ်မိလေသည်။ ဘုန်းတော်ကြီးကိုကား ကျွန်ုပ် ၏ အိပ်မက်အကြောင်းကို ပြောပြလိုသော်လည်း ကြွားဝါသည်ဟု လည်း ကောင်း၊ ချဲ့ထွင်သည်ဟုလည်းကောင်း ထင်မည်စိုးသောကြောင့် ကျွန်ုပ် သည် ပြောပြခြင်း မပြုတော့ပေ။

ဘုန်းတော်ကြီးက ကျွန်ုပ်ကို ကြည့်နေသည်။

“ဘုရားတည်ဖို့လာတဲ့ စော်ဘွားကြီးကလည်း ဒီနေရာမှာပဲ သေ ဆုံးသွားတယ် မဟုတ်လားဘုရား”

“ဟုတ်တယ် . . ဟိုဖက်ဘေးက စေတီလေးဟာ သူ့ရဲ့အုတ်ဂူ ပဲပေါ့”

ကျွန်ုပ်သည် စေတီလေးကို လက်အုပ်ချီကာ ကန်တော့လိုက်မိ သည်။ ထိုစေတီထဲတွင်ရှိသော ရုပ်အလောင်းကား ကျွန်ုပ်တို့အပေါ်တွင် ကျေးဇူးရှိသော စေတနာသဒ္ဓါကြီးမားလှသည့် စော်ဘွားကြီး ဖြစ်နေသော ကြောင့်ပင်။

ကျွန်ုပ်သည် အတိတ်မှ အရိပ်များကို သတိရမိလာကာ ဆရာ တော်အား ကန်တော့၍ ပြန်လာခဲ့လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

လူ့ဘဝဆိုသည်မှာ စွဲမိစွဲရာ ဖြစ်တတ်သည်ဆိုသောစကား မှန်လှသည်။ သံသရာဘဝတွင် ဇာတိ ဇရာ မရဏဟူသော မွေး၊ အို၊ သေ အပိုင်းသုံးပိုင်းဖြင့် သတ္တဝါတို့သည် ဖြစ်ပျက်သေဆုံးနေကြသည်။

ဘဝအသက်ဖြစ်သော ဇာတိကို မစွန့်လွှတ်နိုင်သောကြောင့် ဇရာ၊ ဗျာဓိ၊ မရဏ ဟူသော နိပ်စက်တတ်သည့်အရာများနှင့် တွေ့ကြုံနေရသည်။

ကျွန်ုပ်သည် တရားကို နှလုံးသွင်းကာ ဆင်ခြင်လျက် တစ်ဦးတည်း ငြိမ်သက်စွာ ထိုင်နေသည်။ ညနေနေရောင်သည် သစ်ပင်များကြားမှ ကျောက်တော်ကြီးဘုရားပေါ်သို့ ထိုးကျလျက်ရှိနေလေသည်။

ထိုအချိန်မှာပင် ရပ်ဝေးမှ လာဟန်တူသော ဘုရားဖူးမိသားစုတစ်စု ကျောက်တော်ကြီးဘုရားဝင်းထဲသို့ ဝင်လာကြလေသည်။ မျက်နှာသုတ်ပဝါပေါင်းထားသော အဘိုးကြီးတစ်ဦး၊ အဘွားအိုကြီးတစ်ဦးနှင့် လူငယ်လေးတစ်ဦး အသက်နှစ်ဆယ်ရွယ် မိန်းမပျိုလေးတစ်ဦးတို့ ဖြစ်ကြသည်။ သူတို့ကို ကြည့်ရသည်မှာ တောင်ပေါ်သားများနှင့် တူသည်။

ကျောက်တော်ကြီးဘုရားကို မိသားစုလေးဦး ဦးချကန်တော့ကြ



သည်။ ကျွန်ုပ်မှာ ကျောက်တော်ကြီးဘုရား၏ ဘယ်ဘက်ထောင့်တွင် ထိုင်ကာ တရားကို နှလုံးသွင်းဆင်ခြင်နေရာမှ ထိုမိသားစုကို အာရုံရောက်သွားသည်။ အနက်ရောင်ခေါင်းပေါင်းများကို ပေါင်း၍ထားသောကြောင့် ရှမ်းတိုင်းရင်းသားလား၊ ပအိုဝ့်တိုင်းရင်းသားလား ခွဲခြား၍မရပေ။

ဘုရားရှိခိုးပြီးသောအခါတွင် ကျွန်ုပ်ရှိရာဘက်သို့ လှမ်းကြည့်ကြသည်။ ထို့နောက် ရှမ်းလူမျိုးဖြစ်ဟန်တူသော အဘွားကြီးက ကျွန်ုပ်ထံသို့ ငွေတစ်ဆယ်တန်ရွက် လာ၍လှူလေသည်။

အသက်နှစ်ဆယ်အရွယ် မိန်းကလေးက ကျွန်ုပ်ကို ခပ်စိမ်းစိမ်းကြည့်နေသည်။ ကျွန်ုပ်မှာလည်း မျက်နှာဝိုင်းဝိုင်းနှင့် နှာတံပေါ်ပေါ် မိန်းကလေးကို ခေတ္တအာရုံစိုက်လိုက်မိသည်။ ထိုအခါ နားထင်စပ်မှ အမဲမှတ်လေးကို သတိရမိသည်။

"နန်းမွန်"

ဟုတ်သည်။ ကျွန်ုပ်သည် ညကအိပ်မက်ထဲမှ နန်းမွန်ကို တွေ့ရှိရခြင်းပင် ဖြစ်သည်။ သို့သော် နှစ်ကာလပေါင်းကြာလှပြီ ဖြစ်သောဘဝမှ နန်းမွန်တော့ မဖြစ်နိုင်တော့ပေ။ အသစ်တစ်ဖန် လူဖြစ်လာသော နန်းမွန်သာ ဖြစ်ရပေမည်။

"နန်းမွန်"ဟု ကျွန်ုပ် အာရုံထဲမှ သတ်မှတ်လိုက်မိသော မိန်းကလေးသည် ကျွန်ုပ်ထံမှောက်သို့ ရောက်ရှိလာကာ ကျွန်ုပ်ကို ဝတ်ဖြည့်ကန်တော့လိုက်သည်။ ကျွန်ုပ်သည် နန်းမွန်မှ ဘဝပြောင်းကာ လူဖြစ်လာသည်ဟု ထင်ရသော မိန်းမပျိုကို

"ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ အလိုဆန္ဒတွေ ပြည့်စုံပါစေ၊ ဒီမိဒီဖနဲ့ အိုအောင်မင်းအောင် ပျော်ရွှင်စွာ နေရပါစေ"

ဟု ဆုတောင်းပေးလိုက်သည်။

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေ"

နန်းမွန်က အသံဝဲဝဲလေးဖြင့် ပြောလိုက်သည်။ မိန်းမပျိုသည် ကန်တော့ဝတ်ဖြည့်ပြီး ကျွန်ုပ်ထံမှ ထွက်မသွားသေး။ သူမ အိတ်ကလေးထဲမှ ငွေတစ်ရာတန်တစ်ရွက်ကို ထုတ်ကာ လှူလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"သမီး လမ်းမှာ သုံးဖို့ခွဲဖို့ ငွေတွေကို မလှူပါနဲ့ကွယ်၊ သိမ်းထားပါ"

ကျွန်ုပ်သည် ကျွန်ုပ် ယခုဘဝတွင် မွေးထားသော သမီးအရင်းမှ ဆေးသော ငွေကို မလိုချင်သည့် စိတ်ထားမျိုး ဖြစ်ပေါ်လာကာ ပြောဆိုလိုက်သည်။

"ယူပါ ဘုန်းကြီးရသေ့ရယ်၊ သမီးက စေတနာကောင်းတယ်"

ယခုဘဝမှ ဖေဖေဖြစ်သော မျက်နှာဝိုင်းဝိုင်းနှင့် လူကြီးက ကျွန်ုပ်ကို ဘုန်းကြီးရသေ့ဟု ခေါ်ကာ ငွေကို လက်ခံဖို့ပြောနေသည်။

"ဘာဖြစ်လို့လဲ မသိဘူးအဘ၊ ဒီရသေ့ကြီးကို မြင်ရတာ သမီး စိတ်ချမ်းသာတယ်၊ စိတ်ကြည်နူးတယ်"

အသက်နှစ်ဆယ်အရွယ် မိန်းမပျိုက ပြောသံကြားရသည်။ ကျွန်ုပ်မှာ မျက်လုံးအစုံ မှိတ်ထားရင်းမှ "စိတ်ချမ်းသာမှ ကြည်နူးမှာပေါ့ သမီးရယ်၊ ကျုပ်ဟာ သာယာဝတီမင်းလက်ထက်က သမီးရဲ့အဖေ ဖြစ်ခဲ့တာကိုး" ဟုရေရွတ်ပြောဆိုမိသည်။

သို့သော် ကျွန်ုပ်၏အသံသည် အပြင်သို့ထွက်မလာပါ။

* * * * * *

"လာ . . သမီး မိုးတွေရွာတော့မယ်"

ဖခင်လုပ်သူက ခေါ်သံကြားရသည်။

"ကဲ . . သွားကြစို့ သမီး၊ ဦးပိန်တံတား ဟိုဖက်ကို မိုးလွတ်အောင် ကူးမှကောင်းမယ်"

အမေ၏အသံလည်း ပေါ်လာသည်။

"မမပဲ ပြောတယ်လေ၊ ဦးပိန်တံတားပေါ်က ဇရပ်မှာ မိုးမရွာခင် ခဏထိုင်ဦးမယ်နော်၊ ခုတော့ ဘယ်ရတော့မလဲ မိုးတွေရွာတော့မယ်"

ကျွန်ုပ်မှာ မျက်လုံးမှိတ်ထားရင်းမှ သူတို့မိသားစု၏ ပြောဆိုရေရွတ်သံကို ကြားရသည်။ ကျွန်ုပ်၏ ရင်ထဲတွင်လည်း လှိုက်လှဲသော ဝေဒနာတစ်ရပ် ပေါ်ပေါက်လာလေသည်။ တတ်နိုင်ပါက ကျွန်ုပ် ဤဘဝတွင်



လည်း နန်းမွန်ကို ကျွန်ုပ်၏သမီးအဖြစ်သာ ရှိစေချင်သည်။

ညက အိပ်မက်နှင့် တိုက်ဆိုင်လွန်းလှသော ဘဝဟောင်းက သမီးကို တွေ့မြင်ရသောကြောင့် ကျွန်ုပ်သည် စိတ်နှလုံးများမှာ တုန်လှုပ်လျက်ရှိနေသည်။

"တပည့်တော်မတို့ကို ခွင့်ပြုပါဦး ရသေ့ကြီး"

"အော် . . အေး . . သွားကြ၊ သွားကြ၊ ကျန်းမာကြ၊ ချမ်းသာကြပါစေ၊ ပျော်ရွှင်ကြပါစေ"

ကျွန်ုပ်၏ ဆုပေးသံမှာ ယခင်လိုကြည်လင်ခြင်းရှိဟန် မတူ။ နန်းမွန်သည် (ယခုဘဝနာမည် မသိရသော မိန်းကလေး) ကျွန်ုပ်အား အံ့ဩသောမျက်နှာဖြင့် ကြည့်ကာ ချာခနဲ လှည့်ထွက်သွားရလေတော့သည်။ ကျွန်ုပ်သည် သံသရာ၏ သဘောသွားကို သိပါသည်။

ဒေသနာအားဖြင့်လည်း နာယူဖူးလျက် ကိုယ်တိုင်အကျင့်အကြံအားဖြင့်လည်း အားထုတ်ဖူးပါသည်။ အနန္တနယရသေ့ ဆရာသခင်သည် ကျွန်ုပ်အား ထိုအကြောင်းများကြောင့်သာ အမရပူရသို့ စေလွှတ်ခြင်း ဖြစ်နိုင်သည်။ ကျွန်ုပ်သည် ဝေဒနာကြောင့် တဏှာဖြစ်ရသော 'ပဋိစ္စသမုပ္ပါဒ်' ကို ဆင်ခြင်မိသည်။

သတ္တဝါတို့သည် ဆက်စပ်နေသော ပဋိစ္စသမုပ္ပါဒ်ကြောင့် သံသရာကျင်လည်နေကြရသည်။ ပဋိစ္စသမုပ္ပါဒ်စက်ဝန်းကို သံသရာမှ မလွတ်သူမှန်သ၍ မည်သူမျှ ကျော်ဖြတ်နိုင်ခြင်း မရှိပေ။

ဘဝကိုဖြစ်စေ ဇာတိကိုဖြင့်စေ တဏှာဖြစ်လာပါက စွဲလမ်းသော ဥပါဒါန်ဖြစ်မည်။ ဥပါဒါန်ရှိလျှင် ဘဝဟူသော သံသရာလည်မည့် တရားနှင့် ကြုံရတတ်ပေသည်။ သံသရာလည်သည့် တရားဖြစ်သော ဘဝကြောင့် သံသရာ၏အစ ဒုက္ခသစ္စာသို့ ဝင်သော ဇာတိဖြစ်တော့မည်သာ ဖြစ်လေသည်။

'ဇာတိ'ဖြစ်လျှင် 'ဇရာ'နှင့်'မရဏ'ကို နှစ်သက်၍ ကျွန်ုပ်က လက်ခံကြသည် မဟုတ်။ ဇရာနှင့် မရဏသည် မလိုချင်ဘဲ ရောက်ရှိလာသော ဇည့်သည်ဟု ဆိုသင့်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် အိုချင်လွန်းလို့ဗျာ။ ခုထိကို မအိုနိုင်သေးဘူး"

ဟု မည်သူမျှ မပြော။

ဆံပင်ဖြူပေါက်လာလျှင် ဆံပင်ကို ဆေးဆိုးခြင်း၊ အသားအရည် တွန့်လာလျှင် မျက်နှာကို ပေါင်းတင်ခြင်းတို့ဖြင့် အသားအရည်ကို ချော မွတ်အောင် ပြုလုပ်ကာ ဇရာကို တော်လှန်ကြသည်။

"ဇရာ"၏သဘာဝကား ထိုသို့ပြုလုပ်၍ မရပေ။ အချိန်တန် လျှင် ရောက်လာသည်သာ ဖြစ်သည်။ ဇရာရောက်လျှင် မရဏသည် လည်း အလိုလိုရောက်လာလေတော့သည်။ လူတိုင်းသည် 'မရဏ'သို့ မရောက်မီ 'ငါ အသက်ရှင်ဦးမည်'ဟုထင်ကာ လုပ်လက်စအလုပ်များကို ဆောင်ရွက်နေကြသည်။

မရဏက ဖြုံးစားကြီး ရောက်ရှိလာသောအခါတွင်ကား မည်သို့ မျှ မတတ်နိုင်တော့။ အလုပ်များရပ်ကာ မရဏခေါ်ရာနောက်သို့ လိုက်ရ ပေတော့မည်။ ကျွန်ုပ်သည်လည်း မရဏတရားခေါ်ဆောင်ရာနောက်သို့ တစ်နေ့တွင် လိုက်ရတော့မည် ဖြစ်၏။

ကျွန်ုပ်၏ ရုပ်နာမ်သည်မမြဲ ဖောက်ပြန်ပြိုကွဲရဦးမည်။ ယခု လည်း ပြိုကွဲ၍နေဆဲသာ ဖြစ်ပေသည်။

* * * * * *

ကျွန်ုပ် မသေမီ တစ်စုံတစ်ရာသော တရားထူးကို ရသွားချင် သည်။ တရားထူးကို ရရှိလိုသူသည် အပျင်းကြီး၍မရ။ 'မရဏနုဿတိ' ဖြစ်ပေါ်နေစဉ်မှာပင် ကျွန်ုပ်သည် ကျွ[illegible]၏ 'ကာယဂတာသတိ'ကို သုံး သပ်ဆင်ခြင်လိုက်လေသည်။ လူ၏ သုံးဆယ့်နှစ်ကောဋ္ဌာသမှ မက်မောစ ရာ ငါဟူ၍ တွယ်စရာ တစ်ခုမျှမရှိ။

"ကေသာ၊ လောမာ၊ နခါးဒန္တာ၊ တစော၊ ဆံပင်၊ မွေးညှင်း၊ အရေထူအရေပါး၊ သွား" ကျွန်ုပ်သည် ရွံရှာစက်ဆုပ်ဖွယ်ကောင်းသော ဆံပင်စုများ၊ မွေးညှင်းများကို အာရုံထဲတွင် မြင်အောင် စွဲကြည့်သည်။

ထိုအခါ ရွံစရာကောင်းသော ဆံပင်ထွေးများ၊ ဝက်ခေါက်လို



အရေထူများ၊ ကြက်အရေခွံလို အရေပါးများ၊ အရိုးနှင့် တစ်ဆက်တည်း ပေါ်နေသော သွားကြီးများ၊ ကျွန်ုပ်သည် ထိတ်လန့်စရာ လှသေကောင်များ၊ အရိုးခေါင်းများကို အာရုံထဲတွင် ပေါ်လာသည်။

"အဋ္ဌိ"ခေါ် အရိုးစုကြီးသည် ကျွန်ုပ်၏ အာရုံထဲတွင် ထင်ရှား လာသည်။ မျက်လုံးပေါက်၊ နှာခေါင်းပေါက်၊ သွားကြီးများ ကျိုးတိုးကျဲ တဲဖြင့် ဘော်ချာရိုးလက်ရိုး တင်ပဆုံရိုးများဖြင့် ဆက်နေသော အရိုးစုကြီး များ လူတစ်ကိုယ်လုံးတွင် အရိုးစုချည့်သာ ရှိသည်ဟု အာရုံပြုလိုက်သည်။

ထိုအခါ ကျွန်ုပ် တွေ့မြင်ခဲ့သော ရေစကြို–ပခန်းကြီးမှ ခင်လေး ဆိုသော မိန်းမသည်လည်းကောင်း၊ ကံလှဘုရားအနီးမှ ကျွန်ုပ်၏သချိုင်း ဝူသို့ ခေါ်ဆောင်သွားသော နန်းမြင့်ဟူသည့် မိန်းမချောသည်လည်း ကောင်း၊ ယခုမကြာမီကမှ တွေ့လိုက်ရသည့် ကျွန်ုပ်ဘဝဟောင်းမှ သမီး နန်းမွန်သည်လည်းကောင်း အရိုးစုများသာတကားဟု ထင်မြင်လာတော့ သည်။

ပူပန်သည့်စိတ်၊ စွဲလမ်းသည့်စိတ်များသည် လျော့ပါးသွားကာ ဖြူစင်သော အရိုးစုအာရုံနိမိတ်သည် ကျွန်ုပ်၏အာရုံထဲ၌ ပေါ်လာသည်။ ပက်လက်ငန့်စန့်ရှိနေသော အရိုးစုမှ အလင်းရောင်များ ဖြာထွက်လျက် ရှိသည်။

အရိုးစုသည် အနိစ္စ–မမြဲသောသဘော၊ ဒုက္ခ–ဆင်းရဲသော သဘော၊ အနတ္တ–ကိုယ်မပိုင်သောသဘောဟု အာရုံတင်ကာ ရှုလိုက်မိ လေသည်။ ထိုအခါ အရိုးစုကြီးသည် အလင်းရောင်များမှိန်ကာ အပိုင်းပိုင်း ကျိုးပြတ်၍ အရိုးခဲ အကွဲအပြားများ ဖြစ်လာသည်။

ကျွန်ုပ်သည် ဘာမျှအနှစ်သာရ မရှိသော ခဲလို၊ သဲလို အရိုးစများ ကို တွေ့ရသောကြောင့် တွယ်တာမှု တပ်မက်မှု နည်းပါးသွားလေတော့ သည်။ 'အဋ္ဌိ'ခေါ်သော အရိုးစုကမ္မဋ္ဌာန်းသည် ကျွန်ုပ်အတွက် ကျောက် တော်ကြီးဘုရားတွင် ထိမိသောတရားအာရုံတစ်ခု ဖြစ်နေလေပြီ။

တရားနှင့် မွေ့လျော်သူသည် တရားအာရုံကို ထိမိ[illegible]နေပျော် သည်။ ကျွန်ုပ် မျက်လုံးမိတ်လိုက်သည်နှင့်ပင် အရိုးစုတစ်[illegible]သည် ကျွန်ုပ်

www.burmeseclassic.com

www.burmeseclassic.com



ထင်မြင်လာသည်။ ထိုအရိုးစုကို ကျွန်ုပ် စူးစိုက်ကြည့်နေစဉ်မှာပင် အရောင်အလင်းများ ထွက်လာသည်။

အဖြူရောင်၊ အပြာရောင် တောက်နေသော အရိုးစုသည် ကြောက်စရာမကောင်းတော့ဘဲ နှစ်သက်စရာ ကောင်းလာသည်။ ထိုအခါ ကျွန်ုပ်သည် အရိုးစုမှ ထွက်သော အလင်းထဲတွင် လူ့ဘဝ ရုပ်ပုံကားချပ်များကို ထင်မြင်ရပြန်သည်။ ထိုလူ့ဘဝ ရုပ်ပုံကားချပ်တို့သည်ကား နှစ်သက်မက်မောဖွယ်ရာ အလျှင်းမသိတော့။

အရိုးပြိုင်းပြိုင်းနှင့် ဆင်းရဲအိုမင်းနေသောသူများ၊ သချိုင်းတွင် သေဆုံးသွားသော အသေကောင်များဟူ၍ စပ်ဆုတ်စရာများအဖြစ် ကျွန်ုပ်မြင်လာရသည်။ အရိုးစုမှ ထွက်နေသော အလင်းရောင်သည် မပျောက်သေး။ ထိုအလင်းရောင်ထဲတွင် ဘဝအမျိုးမျိုးတို့သည် ပေါ်ပေါက်၍ လာပြန်လေသည်။

ဘဝတစ်ဘဝတွင် ကျွန်ုပ်သည် ပြေးလွှားနေရသည်ကို တွေ့ရသည်။ ကျွန်ုပ်၏ နောက်မှ ရန်သူများ လိုက်လာလေသည်။ သူတို့ပါးစပ်မှလည်း "သစ္စာဖောက် မပြေးနဲ့" ဟု အော်လိုက်ကြသည်။

ကျွန်ုပ်မှာ သေသားကို ကြောက်ကာ ပြေး၍သာ နေရလေသည်။

* * * * * *

ကျွန်ုပ် ပြေးနေစဉ်မှာပင် မိုးက သည်းသည်းမဲမဲ ရွာချလာသည်။ ကျွန်ုပ်သည် နောက်မှ လူများကို မျက်ခြည်ပြတ်ကာ မိုးရွာထဲမှာပင် ထူထပ်သောတောကြီးထဲသို့ ဝင်လာသည်။ ကျွန်ုပ် ချမ်းလှသည်မှာလည်း ပြောမနေပါနှင့်တော့။ ကျွန်ုပ်သည် မိုးလွတ်၍ သက်သာမည့်နေရာ ရှာသည်။

အင်ပင်များ၊ ကျွန်းပင်များ၏ အရွက်များပေါ်သို့ မိုးစက်ကျသံ တစ်ဖောက်ဖောက် မြည်နေသည်။ ကျွန်ုပ်သည် ထိုဖက်ရွက်များကို ဖယ်ကာ ခိုလှုံ၍ ရမည့်နေရာကို ရှာဖွေနေမိသည်။ ထိုအခါ ကျွန်ုပ်သည် တောင်ကုန်းလေးပေါ်မှ မြေနီကျောက်ဂူလေးကို မြင်တွေ့မိလေသည်။

"ဟာ . . ဟိုဟာ ဂူလေးပဲ၊ ဟိုဂူထဲမှာဆိုရင်တော့ မိုးလုံမှာပဲ"

တောင်ကုန်းလေးပေါ်သို့ ရောက်ရှိရန် ကျွန်ုပ်၏ ခြေထောက်တွင် ပတ်နေသော နွယ်များနှင့် ခါးလောက်ရှိသော ချုံနွယ်များကို ဖယ်ကာ တိုးလာခဲ့ရသည်။

မိုးများသည် ရွာ၍ကောင်းတုန်းပင် ဖြစ်လေသည်။ ကျွန်ုပ်သည် မည်သူက လိုက်၍ပြေးနေသည်ကို မသိဘဲ အဆင်သင့်တွေ့သော မြေနီတောင်ကုန်းပေါ်မှ မြေနီဂူလေးထဲသို့ ဝင်လိုက်မိလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မြေနီဂူလေးမှာ ကုန်းမြင့်ပေါ်တွင်ရှိ၍ မြေနီမှုံပိုင်းပတ်ဝန်းကျင်ကိုလည်း မြင်ရလေသည်။ ကျွန်ုပ်သည် တစ်ဦးတည်းဖြစ်၍ မြေနီဂူထဲတွင် စိတ်ချလက်ချ မနေရဲသေးပေ။ နောက်မှ လိုက်လာသူများက ကျွန်ုပ်ကို တွေ့မြင်ကာ အသတ်ခံရမည်ကို စိုးရိမ်နေမိသည်။

ထို့ကြောင့် စုတ်ပြဲနေသော ကျွန်ုပ်၏အင်္ကျီကို ချွတ်ကာ ဂူထဲရှိ သစ်ကိုင်းကျိုးများပေါ်တွင် ကျွန်ုပ် တင်ကာ လှမ်းလိုက်လေသည်။ မိုးကအုံ့မှိုင်းညိုမဲနေသောကြောင့် ဂူထဲမှ အရာများကို သဲကွဲစွာ မမြင်တွေ့ရသေးပေ။

ကျွန်ုပ်သည် လိုအပ်ပါက ထွက်၍ ပြေးနိုင်စေရန် ဂူပေါက်ဝတွင် မှီကာ မျက်လုံးများမှိတ်ထားလိုက်သည်။ တောထဲမှ လှုပ်ရှားသံများကိုကား မကြားရတော့။ ကျွန်ုပ် ခေတ္တခဏမျှ အိပ်ပျော်သွားသည် ထင်သည်။

ကျွန်ုပ် အိပ်ရာမှ နိုးလာသောအခါတွင် ကျေးငှက်သံလေးများကို ကြားလာရမိသည်။ ကျွန်ုပ်၏ ကိုယ်ပေါ်မှ ဂုဆိုးမှာလည်း ခြောက်သွေ့ကာ လှမ်းထားသောအင်္ကျီကို ကြည့်လိုက်ရာ နေရောင်ကြောင့် ခြောက်သွေ့နေသည်ကို တွေ့ရသောကြောင့် ဝတ်ရန်ယူလိုက်ရာ အင်္ကျီလက်တစ်ဖက်သည် တစ်စုံတစ်ရာနှင့် ချိတ်မိနေသည်ကို တွေ့ရလေသည်။

ထိုအခါတွင်မှ ကျွန်ုပ်သည် အင်္ကျီငြိနေသော နေရာကို ဖြုတ်ရန် ကြည့်လိုက်သောအခါ မတ်တတ်သေနေသော လူရိုးစုတစ်စုကို တွေ့မြင်ရလေတော့သည်။

"ဟင်"

အရိုးစုမှာ လူများမရောက်သည်မှာ နှစ်ကာလကြာပြီ ဖြစ်သော ဂူထဲတွင် ရှိနေသောကြောင့် ဖြူဖွေးလျက်ရှိနေလေသည်။

"ဟင်.. ဟိုဖက်မှာလည်း ဒီလိုပဲ ရပ်နေတဲ့ လူတစ်ယောက်ပါလား"

ကျွန်ုပ်သည် ဂူပေါက်ဝတစ်ခု၏ အခြားတစ်ဖက်သို့ ကြည့်လိုက်သောအခါတွင်လည်း အရိုးစုတစ်ခုမှာ ရပ်လျက်ပင် နံရံကိုမှီကာ



သေဆုံးနေသည်ကို တွေ့ရသည်။ ဘေးတွင်လဲကျနေသော သံရိုးတပ်လှံရှည်များ တွေ့ရသဖြင့် တစ်စုံတစ်ရာ စောင့်နေရင်း မတ်တတ်သေသည်အထိ နေကြခြင်း ဖြစ်၏။

ကျွန်ုပ်သည် ထိုလူရိုးကြီးနှစ်ခုကို တွေ့သောအခါ ထိတ်လန့်၍ ဤဂူထဲမှ ပြန်ထွက်သွားရလျှင် ကောင်းမည်လားဟု တွေးမိသည်။

သို့သော် ကျွန်ုပ်သည် အပြင်ဖက်၌ မိုးလုံလေလုံ နေထိုင်ရန် မလွယ်ကူသည်ကို သိသောကြောင့် စိတ်ကိုတင်းကာ နေရောင်ခြည်၏ အလင်းဖြင့်မင် ဂူတွင်းရှိ အရိုးစုနှစ်ခုကြားရှိ ဂူပေါက်ထဲသို့ ဝင်လာခဲ့မိလေတော့သည်။

ထိုဂူပေါက်လေးမှာ လူတစ်ရပ်သာသာရှိပြီး အမိုးမှာ အမိုးခုံးဖြစ်၍ ဘေးနှစ်ဖက်တွင်ကား နံရံသည် ခုံးလုံးမနေဘဲ တည့်မတ်နေသည်ကို တွေ့ရသည်။

* * * * * *

ကျွန်ုပ် ဝင်လာသော ဂူလမ်းလေးမှာ အတော်ရှည်ပြီး ခန်းမတစ်ခုထဲသို့ ရောက်ရှိသွားတော့သည်။ ထိုအခါတွင်မှ ကျွန်ုပ်သည် လူတစ်စု၏ ဝမ်းနည်းကြေကွဲဖွယ်ရာ သေဆုံးမှုကို တွေ့ရလေတော့သည်။ အရိုးစုကြီးတစ်ခုသည် ဆွေးမြေ့နေသော မှို့စများပေါ်တွင် ထိုင်လျက်ရှိသည်။ မူလက ဒူးပေါ်လက်ထောက်ကာ ထိုင်နေဟန်ရှိပြီး နံရံကို ကျောမှီထားသည်။

လက်ချောင်းများတွင် လက်စွပ်နှင့် ဆွဲကြိုးများကို တွေ့သည်။ လဲကျကာ ရှိနေသော အရိုးစုများတွင် လက်ကောက်နှင့် လည်ဆွဲရတနာများရှိနေသော အရိုးစုများမှာ မိန်းမအရိုးစုဟု ထင်မှတ်ရသည်။ ရွှေနှင့် ကျောက်များမှာ မဝင်းလက်တော့ဘဲ အညိုတက်ကာ မှိုင်းလျက်ရှိနေလေတော့သည်။

ကျွန်ုပ်သည် ဘုရင်တစ်ပါးလက်ထက်က ထွက်ပြေးလာသော လူတစ်စုဟု ထင်မှတ်မိ၏။ ကျွန်ုပ် အထင်မှာ မမှားနိုင်ပေ။ အဘယ်

www.burmeseclassic.com

www.burmeseclassic.com



ကြောင့်ဆိုသော် နံရံထောင့်ရှိ ခြများစားနေသော သေတ္တာထဲမှ ရွှေငွေရတနာများနှင့်အတူ ပေစာတစ်ပိုင်းတစ်စကိုလည်း တွေ့မြင်ရလေသည်။ ထိုပေစာကို ဖတ်ကြည့်သောအခါမှ 'နရသီဟပတေ့'ခေါ် တရုတ်ပြေးမင်းလက်ထက်က လူများဖြစ်ကြောင်း သိရှိရတော့သည်။

နရသီဟပတေ့မင်းသည် ဥဇနာမင်း၏ သားတော်အငယ် ဖြစ်သည်။ ဥဇနာမင်းသည် ဆင်ထိန်းကမ်းဖြူရွာမှ တောင်သူသမီးကို မိဖုရားဖွားစောအမည်ဖြင့် မိဖုရားမြှောက်ကြောင်းကို ပေမူတွင် ရေးသားထားသည်။

ပေမူသည် ဟောင်းဆွေးနေသောကြောင့် အချို့အစိတ်အပိုင်းများမှာ ပျက်ပြယ်နေပြီဖြစ်သော်လည်း ပေမူရေးသားသူမှာ နရသီဟပတေ့မင်းကြီး၏ တပ်မှူး 'သိခ်ဗလ' ဖြစ်ကြောင်းကိုကား သိရလေသည်။

သိခ်ဗလသည် နရသီဟပတေ့မင်းကြောင့် တရုတ်လူမျိုးတို့နှင့် စစ်ဖြစ်လျက် စစ်ပြေးရပုံကို ရေးသားထားရာ ကျွန်ုပ်မှာ ဖတ်ရှုလျက် ရင်နာဝမ်းနည်းမိလေတော့သည်။

နရသီဟပတေ့မင်းကား ဘုန်းကံရှိသော်လည်း အမြော်အမြင်နည်းသော မင်းတစ်ပါးဖြစ်ကြောင်းကို သိခ်ဗလက ပေထုပ်တွင် အောက်ပါအတိုင်း ရေးသားဖော်ပြထားလေသည်။

* * * * * *

. . . . သခင်အား ကျွန်ုပ်သည် မဟုတ်မမှန် မရေးသားပါ။ ကျွန်ုပ်သည် အကွဲကွဲ အပြားပြား စစ်သည်များကို စုရုံးကာ တိုက်ခိုက်ပါသော်လည်း တရုတ်တာကာလူမျိုးတို့၏ စစ်ကို မခံနိုင်ခဲ့ပါ။"

ငဆောင်ချမ်းအရပ်တွင် ကျွန်ုပ်တို့သည် ဆင်တပ်နှင့် တိုက်ရာ ၎င်းတို့က မြင်းတပ်နှင့် ခုခံသော်လည်း မခံနိုင်၍ ဆုတ်ခွာသွားရသည်။ ကျွန်ုပ်သည် ဆင်တပ်နှင့် လိုက်လံတိုက်ခိုက်ခဲ့ရာက တရုတ်တို့အကြားမိုးရွာသောကြောင့် ကျွန်ုပ်တို့ဆင်တပ်မှာ ပျက်ရတော့သည်။



ဤအဖြစ်အပျက်များဖြစ်ပွားရသည်မှာ ကျွန်ုပ်တို့၏ အရှင်သခင်ဘုရင်မင်းမြတ် နရသီဟပတေ့ကြောင့်ပင် ဖြစ်လေသည်။ နရသီဟပတေ့မင်းကို သက္ကရာဇ် ၆၄၃–ခုနှစ်တွင် မောင်းဂွတ်(တာကာ)လူမျိုးဘုရင်က သံများစေလွှတ်ခဲ့သည်။

သံများစေလွှတ်ခဲ့သော အကြောင်းမှာ လက်အောက်ခံအဖြစ် လက်ဆောင်ဝဏ္ဏာဆက်သရန် လာရောက်တောင်းခံခြင်းပင် ဖြစ်သည်။

အနော်ရထာမင်းကြီးလက်ထက်ကပင် တရုတ်တို့ကို 'ရွှေပေါင်းချောင် ငွေပေါင်းချောင်' ဆက်ဖူးသည်ဖြစ်၍ အင်အားကြီးသော လူမျိုးကြီးနိုင်ငံကို လေးစားမိတ်ဖွဲ့ရမည်ကို မဖွဲ့ဘဲ အရှင်နရသီဟပတေ့သည် ရိုင်းပျစွာ ပြုမူခဲ့သည်။ တရုတ်တို့ထံမှ စေလွှတ်သော သံအမတ်များကို ဖမ်းဆီးကာ သတ်ဖြတ်လိုက်လေသည်။

အမတ်ကြီး အနန္တနယက မသင့်လျော်ပါဟု တားမြစ်သည်ကိုပင် လိုက်နာခြင်းမရှိခဲ့ပေ။ ထို့ကြောင့် တရုတ်တို့က မြင်းတပ်နှင့် ချီလာသည်ကို ကျွန်ုပ်တို့က ခုခံခြင်းဖြစ်သည်။ နရသီဟပတေ့မင်းကြီးသည် မွားပြီးရင်း ဆက်၍မွားလေတော့သည်။

ကျွန်ုပ်တို့ စစ်႐ှုံးကာ ဆုတ်ခွာလာရကြောင်း ကြားသိသောအခါ ရွာသာမြို့ကို မြို့တည်၍ ခံမည်ဟု စီစဉ်ကြံရွယ်၍ မှူးမတ်စစ်သည်များကို ဘုရားတန်ဆောင်းဝှကျောင်းကို ဖျက်၍ အုတ်များယူပြန်သည်။

သို့သော် ထိုအကြံအစည်မှာ ပျက်၍ ကျွန်ုပ်တို့သည် နေပြည်တော်တိုင်အောင် ဆုတ်ခဲ့သည်နှင့် နရသီဟပတေ့မင်းကြီးသည် အောက်ပြည်အောက်ရွာ ပုသိမ်ထိအောင် ဆုတ်ခွာသွားလေသည်။

ကျွန်ုပ်မှာလည်း မိဖုရားရွှေစံကားနှင့် ကျွန်ုပ် နောက်လိုက်နောက်ပါ ကျွန်များဖြင့် ထွက်ခွာပြေးခဲ့ရာ ဤတောတောင်သို့ ရောက်ရှိခဲ့သည်။ ကျွန်ုပ် ရောက်ရှိသည့် တောကြီးမှာ ကြီးမားနက်နဲလှ၍ ရိုးမတောကြီးဟုပင် ဆိုရမည်ဖြစ်သည်။

စစ်သည်တို့မှာ ကွဲပြားစွာ ထွက်ခွာပြေးကြရာတွင် ကျွန်ုပ်မှာ အခြားသူများနှင့် ကွဲကာ ကျွန်ုပ်၏ ကိုယ်ရံတော်မိဖုရားဆောင်းမရှားနှင့်

www.burmeseclassic.com

www.burmeseclassic.com



အတူ ဤတောတွင်းသို့ ရောက်ရှိလာရာ ကျွန်ုပ်၏ ငယ်ကျွန်များက တောတွင်းရှိ စားသောက်ဖွယ်ရာများကို ရှာဖွေကာ ဆက်သသောကြောင့် ဤမှုတွင် ယခုထိ အသက်ရှင်ခဲ့ခြင်းပင် ဖြစ်တော့သည်။

သို့သော် ကျွန်ုပ်တို့ထံမှ ရဲမက်များသည် ကျားဆွဲ၍ လည်းကောင်း ဝံကိုက်၍လည်းကောင်း တဖြည်းဖြည်း လျော့ပါးလာကြရာ မကြာမီ ကျွန်ုပ်တို့အားလုံးလည်း သေမင်းနှင့် ရင်ဆိုင်ရတော့မည် ထင်၏။

ဤသည်မှာ ထိုက်သူများသည် ကျွန်ုပ်တို့ ယူဆောင်လာခဲ့သော ရတနာများရရှိပါက သိရှိနိုင်ရန် အတိုချုပ်မှတ်တမ်းပင် ဖြစ်ပေတော့သည်။

ကျွန်ုပ်သည် ပေမူကို ဖတ်ရှုမိရာမှ နရသီဟပတေ့မင်း၏ တပ်ဗိုလ်ကြီး 'သိခ်ဝလ'၏ ရေးသားချက်ကို တွေ့ရသောအခါ နရသီဟပတေ့၏ ဘဝဇာတ်ကြောင်းကို ပြန်ပြောင်းတွေးတောမိလေတော့သည်။ နရသီဟပတေ့သည် သံအရာရှိများကို ချောင်းမြောင်း မဆက်ဆံသောကြောင့် တရုတ်တို့နှင့် စစ်ဖြစ်ရာ သက္ကရာဇ် ၆၄၆–ခုတွင် ပုသိမ်အထိပင် ပြေးရလေသည်။

တရုတ်တို့မှာ ပြည်မြို့သို့ ရောက်အောင် လိုက်လာပြီးမှ ခရီးဆေး၍ အစားအစာ အခက်အခဲကြောင့် တရုတ်မော်သို့ အရောက်တွင် လှည့်ပြန်ကာ ပုဂံမြို့ကို ဖျက်ဆီးလုယက် ယူငင်သွားကြလေ၏။ တရုတ်တို့ ပြန်သွားကြောင်း နရသီဟပတေ့ သိလျှင် အရင်ပုဂံသို့ ပြန်ရန် ခံစဉ်လေသည်။

အမြော်အမြင်ကြီးမားလှသော နရသီဟပတေ့မင်း၏ မိဖုရားစောဘ မင်းနှင့်အတူ ထွက်ခွာပြေးကြသော အကွဲကွဲဖြစ်နေသည့် စစ်သည်ရဲမက်တို့ကို မစုရုံးဘဲ လှသူအနည်းငယ်ဖြင့် ဖောင်တော်ကို ဆန်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



နရသီဟပတေ့မင်း၏ သားတော်သုံးပါးတွင် သားတော်ကြီး ဥဇနာသည် နရသီဟပတေ့မင်း၏ အကျိုးကို လို၍ ညီဖြစ်သူ သီဟသူ စိတ်ထားနှလုံးထား မဖြောင့်သည်ကို ရိပ်မိ၏။ ထို့ကြောင့် ဥဇနာက သားတော်လတ် 'သီဟသူ' ကို သံခြေကျင်းခတ်ကာ ဖမ်းဆီး၍ ပုသိမ်သို့ ယူခဲ့သည်ကို နရသီဟပတေ့မင်းသည် သိ၏။ သားတော်သီဟသူကို သူ၏ ဖောင်တော်အနီးတွင် ခေါ်၍ထားခဲ့လေသည်။

သီဟသူသည် သူ့လူများနှင့် တိုင်ပင်ကာ ခိုးယူခိုင်း၍ ဖောင်နားမှ လွတ်မြောက်ကာ ပြည်မြို့သို့ ရောက်ရှိသွားလေသည်။ နရသီဟပတေ့မင်းသည်လည်း သိခ်ဗလတို့လို တပ်မှူးကောင်း လူကောင်းမပါဘဲနှင့် ပြည်မြို့သို့ ဖောင်ကိုကပ်သည်။

ထိုအခါ ဖောင်တော်၏ဝန်းကျင်တွင် ရဲမက်တော်သုံးသောင်တို့ ဝန်းရံလာသော သီဟသူသည် နရသီဟပတေ့မင်းအား အဆိပ်ပါသော ပွဲတော်အုပ်ကို ဆက်သလေသည်။

နရသီဟပတေ့မင်းက မိဖုရားစောနှင့် တိုင်ပင်သောအခါ ဓားလှံ လက်နက်နှင့်စာလျှင် အဆိပ်စား၍ သေခြင်းကကောင်းသည်ဟု ဆို၍ ပွဲတော်အုပ်ကို စားကာ နတ်ရွာစံရလေတော့၏။ တရုတ်ပြေးမင်း နတ်ရွာစံသောအခါ တောထဲတွင် ခိုအောင်းနေသော တပ်မှူးသိခ်ဗလကဲ့သို့ ပုဂ္ဂိုလ်များက ထွက်လာ၍ မရတော့ပေ။

အဘယ်ကြောင့်ဆိုသော် သီဟပတေ့ကို အဆိပ်ကျွေး၍ သတ်သော သီဟသူသည် ပုသိမ်တွင်ရှိနေသော အစ်ကိုဥဇနာနောက်သို့ လိုက်၏။ ထိုအခါတွင် ဥဇနာမှာ မကျန်းမာသောကြောင့် အသက်ငွေ့ငွေ့ သာရှိသည်ကို သီဟသူက နှုတ်နှုတ်စင်း၍ သတ်လေတော့သည်။

သီဟသူမှာလည်း သူ့တရားက သူ့ကို စီရင်သည်ဟုသာ ဆိုရပေမည်။ ဝဲခူးစားငပမွန်က ကျုံးမြောင်းပြင်ကာ ခုခံသည်ကို နှိမ်နင်းဖို့သွားရာ ငပမွန်က မြို့ထိပ်မှ မချေမင်း စကားပြောသည်ကို လေးနှင့်ပစ်မည်ဟု လေးကို ငင်၍ ဆွဲတင်ရာ အငင်လွန်၍ ကိုယ့်မြားက ကိုယ့်ကိုမှန်ကာ အသက်ဆုံးရလေတော့သည်။



သီဟသူမရှိတော့သည့်နောက် ပုဂံထီးနန်းကို နရသီဟပတေ့၏ အငယ်ဆုံးသားတော်ကျော်စွာက သက္ကရာဇ် ၆၄၈–တွင် မင်းပြုသည်။ ထိုမင်းလက်ထက်မှာလည်း သူပုန်သူကန်များ ထကြွ၍နေရာ ရှမ်းညီနောင်သုံးဦးမှာ ပို၍အာဏာရှိလာသည်။

မိဖုရားစော ကူညီ၍ ရှမ်းညီနောင်သုံးဦးသည် မြင်းစိုင်းတွင် မင်းပြိုင်အုပ်ချုပ်ရာ တပ်မှူးသိခ်ဗလသည် တောထဲမှ မထွက်နိုင်ဘဲ ရှမ်းညီနောင်၏ တပည့်များ လိုက်လံသတ်ဖြတ်ခြင်း ခံရသည်။

ကျန်သော လူနည်းစုနှင့် ဂူထဲတွင် ပုန်းနေရာမှ ရှမ်းတပ်များ ဝန်းရံသောကြောင့် အစာထွက်၍ မရှာနိုင်တော့ဘဲ ထိုဂူထဲမှာပင် အသက်ကုန်ဆုံးကြရခြင်း ဖြစ်ပေတော့သည်။

ကျွန်ုပ်သည် အလွန်နက်ရှိုင်းသော တောကြီးထဲသို့ ရောက်ရှိလာသည်ကို သတိမူမိသည်။ သေတ္တာထဲမှရှိသော တပ်မှူးကြီး၏ ရတနာများကို ယူဆောင်ကာ ကျွန်ုပ်နောက်မှ လိုက်နေသော ရန်သူတို့လက်မှ လွတ်အောင် ပြေးရမည်ဟု သတိရသည်နှင့် အဝတ်ထုပ်တစ်ထုပ်ဖြင့် ရတနာများကို ထည့်ကာ ထားလိုက်၏။

ကျွန်ုပ်၏ ကိုယ်ပေါ်တွင်ကား အကျီနဲ့ပုဆိုးနဲ့သာရှိ၍ အပေါ်အကျီကို ရသမျှကျောက်မျက်နှင့် ရွှေများကို ထုပ် ထားလိုက်မိလေတော့သည်။ အမောပြေသည်နှင့် အထုပ်ကိုဆွဲကာ အစားရေစာတစ်ခုခု စားဖို့ရရန် ကျွန်ုပ် ထွက်လာခဲ့လေသည်။

* * * * * *

www.burmeseclassic.com

ကျွန်ုပ်၏ ကျောတွင် မားရှည်တစ်ချောင်းကို လွယ်ထားခဲ့သည်။ ကျွန်ုပ်သည် မိုးမချုပ်မချင်း တောထဲတွင် ဖြတ်သန်းလာခဲ့ရာ ညနေစောင်းသို့ ရောက်သောအခါ တောင်ပေါ်မှ လှမ်း၍ မြင်ရသော တောင်ခြေရွာလေးကို တွေ့မြင်ရလေတော့သည်။

တောင်ခြေရွာလေးတွင် တွင်းထဲမှ ရေကို ငင်၍ဆွဲသော ရေငင်တိုင်များ၊ စိုက်ခင်းများ၊ အိမ်လေးများကို တွေ့ရသောကြောင့် ကျွန်ုပ်သည် အလွန်ဝမ်းသာသွားမိတော့သည်။ လူသည် အသက်ဘေးမှ လွတ်၍ ချမ်းသာတော့မည်ကို သိလျှင် ဝမ်းသာလေ့ရှိသည့်အတိုင်း ကျွန်ုပ်မှာလည်း ဝမ်းသာပျော်ရွှင်လာမိတော့၏။

ကျွန်ုပ်သည် ထိုရွာလေးရှိရာသို့ တောင်ဆင်းလမ်းမှ ကွေ့ကောက်သွားခဲ့ရာ အောက်ခြေနားသို့ အရောက်တွင် လူတစ်ဦးနှင့် ဝင်တိုးမိကာ ဖင်ထိုင်လျက် လဲကျရလေတော့သည်။

"အို"

ကျွန်ုပ်နှင့် ဝင်တိုးမိသူကို ကြည့်လိုက်ရာ ယောကျ်ားတစ်ဦး မဟုတ်ဘဲ ကျွန်ုပ်နှင့် မတိမ်းမယိမ်းအရွယ်ရှိ မိန်းမပျိုတစ်ဦး ဖြစ်နေသည်



ကို တွေ့လိုက်ရလေသည်။

"ဟင် . . ရှင် . . ရှင် ဘယ်သူလဲ"

မိန်းမပျိုက ကြောက်ကြောက်လန့်လန့်ဖြင့် ကျွန်ုပ်ကို လက်ညှိုးထိုးကာ မေးလိုက်သည်။ ကျွန်ုပ်က ထိုအခါမှ နာမည်ကို သတိရလာကာ

"ကျုပ်နာမည် ပုညနိုင်ပါ"

"ရှင် စောစောက ရွာကို လာတဲ့ဓားပြတွေထဲကလား"

မိန်းမပျိုက မယုံသင်္ကာအသံဖြင့် ထပ်ကာ မေးလိုက်သည်။

"မဟုတ်ပါဘူး . . ကျုပ်က တောထဲမှာ ကျုပ်ကို သတ်ဖို့လိုက်လာတဲ့သူတွေ တွေ့လို့ ကျုပ်က ထွက်ပြေးလာတာ၊ ကျုပ်ကို သူတို့က သစ္စာဖောက်လို့ ခေါ်တယ်"

"ဟင် . . ဒါဆိုသေချာပြီ၊ ရှင်ဟာ ဓားပြအဖွဲ့ထဲကပဲ ဖြစ်ရမယ်"

မိန်းမပျိုက အံကို ကြိတ်ကာ ပြောလိုက်လေသည်။ ထိုအချိန်မှာပင် လူတစ်ယောက်၏အသံပေါ်လာသည်။

"ညီမလေး မြခက်ရေ၊ မြခက် ခုထိလိုက်မလာသေးဘူးလား"

"ဟော . . ကျွန်မအစ်ကို လာနေပြီ"

ကျွန်ုပ်မှာ မိန်းကလေးတစ်ဦး၏ ပါးစပ်တွင် ကျွန်ုပ်၏သေရေးရှင်ရေးရှိသည်ကို သဘောပေါက်လိုက်လေသည်။

"ဒီလိုပါ ကျုပ်က သောင်သာရွာကပါ၊ ဓားပြတွေက ကျုပ်ကို ဖမ်းလာပြီး သူတို့နဲ့ ဓားပြတိုက်ဖို့ လိုက်ရမယ်ဆိုပြီး ခေါ်လာတယ်။ တောထဲရောက်တော့ ကျုပ်က ဓားပြမတိုက်ချင်တာနဲ့ ထွက်ပြေးလာတာပါ၊ ကျုပ်ကို ဓားပြလို့ မပြောပါနဲ့နော်"

မိန်းမပျိုက ကျွန်ုပ်ကို ကရုဏာသက်သော မျက်လုံးများဖြင့် စိုက်ကြည့်နေလေတော့သည်။

"ရှင်ပြောတာ တကယ်နော်"

"တစ်ကယ်ပါ ခုလဲ ထမင်းနှစ်နပ်လုံး မစားရသေးပါဘူး"

"ဒါဆို ကျွန်မတို့အိမ်ကို လိုက်ခဲ့၊ ရှင် ရိုးသားရေးတားတော့ မ

www.burmeseclassic.com



လုပ်နဲ့နော်။ ကျွန်မက ရှင်သာ ဓားပြဆိုရင် ကိုင်းခုတ်တဲ့ဓားနဲ့ ခုတ်သတ်မှာ"

မိန်းမပျိုက လက်ထဲမှ ဓားကြီးကို ထောင်ပြသည်။ ထိုစဉ်မှာဝင်အရပ်ရှည်ရှည် ခမောက်ကို ကျောလွယ်ထားသော လူရွယ်တစ်ယောက် ပေါ်လာသည်။

"မြခက် ဘာလဲ"

လူရွယ်က တင်းမာသော မျက်နှာဖြင့် ကျွန်ုပ်ကို ကြည့်ရင်း မေးလိုက်သည်။

"ဒီမှာ လူတစ်ယောက် ဓားပြလိုက်လို့ ထွက်ပြေးလာတာ ထမင်းမစားရသေးလို့တဲ့"

မြခက်က ကျွန်ုပ်၏ စကားများကို အကျဉ်းချုံ့ကာ ပြောပြလိုက်သည်။

"ဘာ . . မင်းက ဓားပြရန်ကြောက်လို့ ထွက်ပြေးလာတာလား"

"ဟုတ်ပါတယ်"

"နာမည် ဘယ်လိုခေါ်သလဲ"

"ပုညနိုင်ပါ"

"သူ့ကြည့်ရတာ ရိုးပါတယ် ညီမရယ်၊ အိမ်ကိုသာ ခေါ်ခဲ့ပါ၊ အိမ်ကျမှ ထမင်းစားလို့ရမှာပေါ့"

ရှေ့နားသို့ သွားသောအခါ နွားလှည်းတစ်စီးကို တွေ့ရသည်။ နွားလှည်းပေါ်တွင် ထင်းများရှိ၍ ထင်းလာခုတ်သော မောင်နှမဟု သိလိုက်ရလေသည်။ မြခက်၏အစ်ကိုနာမည်မှာ ဘထွန်းဟုခေါ်၍ မောင်နှမနှစ်ယောက်လုံး သဘောကောင်းကြပေသည်။

ကျွန်ုပ်သည် ဘထွန်းတို့အိမ် လိုက်သွားခဲ့ရာ ဘထွန်းမှာ မြခက်နှင့် မောင်နှမတော်စပ်ပြီး မိခင်အိုကြီး ခေါ်မြကိုသာ မောင်နှမနှစ်ယောက်က လုပ်ကိုင်ကျွေးမွေးနေကြသည်ကို သိရလေသည်။

"ခုတလောမှာ ဓားပြတွေက တော်တော်ထနေတာဗျ၊ ခင်ဗျားတို့ ညောင်သာရွာရော ဘယ်လိုအခြေအနေရှိလဲ"



ဘထွန်းက ကျွန်ုပ်ကို မေးသည်။

"ဟာ . . ညောင်သာရွာကတော့ ပျက်ပါပြီဗျာ၊ အိမ်တွေလည်း မီးရှို့လိုက်ကြတယ်၊ ကျုပ်တို့လို အရွယ်ကောင်းတွေလည်း ဓားပြခေါင်းဆောင် စံကင်းက ဖမ်းပြီး ဓားပြအဖွဲ့ထဲ ဝင်ခိုင်းတာ ကျုပ်တောင် ခုအပြေးကောင်းလို့၊ ဒါနဲ့ ခင်ဗျားတို့မောင်နှမကို ညကျမှ တိုးတိုးတိတ်တိတ် ပြောစရာရှိသေးတယ်"

"ဘာလဲဗျ"

* * * * * *

ကျွန်ုပ်သည် ဘထွန်းနှင့် မြခက်တို့ရွာသို့ လိုက်ပါသွားရာ ရွာစည်းရိုးပတ်လည်တွင် တဆောင်းလက်ပက်ပင်များ စိုက်ထားပြီး ဝါးနှင့်ညှပ်ကာ ကြိုးချည်ထားသောကြောင့် သပ်ရပ်ညီညာနေသည်။ လှည်းတစ်စီးသည် ရွာတံခါးမှ ဖုံတထောင်းထောင်းထကာ ဝင်၍သွားလေသည်။

တောင်ခြေရွာလေးဖြစ်သောကြောင့် မြို့နှင့် အဆက်အသွယ် ဝေးလှလေသည်။ ကျွန်ုပ်မှာ ဓားပြများလိုက်၍ ပြေးရသောကြောင့် မနေ့ကတစ်နေ့လုံး မိုးမိခြင်း၊ အစာမစားရခြင်းတို့ကြောင့် တစ်ကိုယ်လုံးကိုက်ခဲကာ အဖျားဝင်လာလေသည်။

မြခက်မှာ ကိုယ်လုံးကိုယ်ပေါက် တောင့်တင်း၍ မျက်နှာလုံးလုံး၊ နှာ သါလေးဖြင့် ချစ်စရာကောင်းလှသည်။ နားနောက်မှ ကောက်၍နေသော ဆံစလေးများနှင့် ထိုင်လိုက်၊ ထလိုက်၊ ဟင်းအိုး၊ ထမင်းအိုးများ တည်နေသည်ကို အမှတ်မထင် တွေ့မြင်နေရ၏။

"ကဲ . . ညီမ ထင်းတွေကို ချလိုက်ဦးမယ်"

တဲပေါက်ဝမှ ဘထွန်းက ပြောဆိုလိုက်၍ ကျွန်ုပ်မှာ မနေသာတော့ဘဲ

"ကျွန်တော်ပါ ကူလုပ်ပါ့မယ်"

ဟုဆိုကာ သွားရောက်ကူညီလုပ်ဆောင်လေတော့သည်။

ကျွန်ုပ်မှာ လူက နေမကောင်းချင်သလိုလို ဖြစ်နေသော်လည်း

www.burmeseclassic.com

www.burmeseclassic.com



ဘထွန်းတို့အိမ်ရောက်စဖြစ်၍ အမြင်မတွေ့ဖြစ်နေသော အလုပ်ကို ဝင်၍ ကူညီမှ ကောင်းမည်ဟု ယူဆကာ လှည်းပေါ်မှ ထင်းများကို ချပေးနေသည်။ မြခက်ကတော့ မီးမွှေးကာ တောထဲမှ နှုတ်လာသော မှိုနှင့် မျှစ်များကို ချက်ပြုတ်ရန် ပြင်ဆင်နေလေသည်။

ထင်းပုံရှိရာသို့ ထင်းများကို မယူကာ ပစ်ချနေကြရာ ကျွန်ုပ်က အောက်မှယူ၍ ဘထွန်းက အပေါ်မှ ပေးသည်။ ဘထွန်းမှာ စိတ်ကောင်းနှလုံးကောင်းရှိ၍ ရိုးသားသောသူ ဖြစ်၏။ တစ်ကြိမ်တွင် ကျွန်ုပ်၏ လက်နှင့် ဘထွန်း၏လက်ထိမိရာ ကျွန်ုပ်လက်များ ပူနေကြောင်း သတိထားမိသွားသည်။

"ဟင် . . မင်း လက်တွေပူနေပါလား"

"ဗျာ . . ဟုတ်လား"

"ဟုတ်တယ် . . သွား . . သွား . . အိမ်ပေါ်တက်နေတော့ မင်း နေမကောင်းဘူး"

"ရပါတယ်"

ကျွန်ုပ်မှာ လူတစ်ဦး အလုပ်လုပ်နေစဉ်တွင် အိမ်ပေါ်သို့ တက်ကာ အနားယူမနေချင်သောကြောင့် ငြင်းဆန်လိုက်၏။ ကျွန်ုပ်၏စကားကို ဘထွန်းက လက်မခံပေ။

"သွားပါကွာ . . နည်းနည်းပဲ ကျန်ပါတော့တယ်။ ခါတိုင်းလဲ ဒီထင်းတွေကို ပါ ဘစ်ယောက်ထဲ ချနေကျပါကွ"

"ညီမလေး"

"ရှင်"

"ဒီမှာ ညည်းသည်ကို ဆေးတိုက်လိုက်ပါဦး၊ ထင်းတွေ လာကူချနေတာ နေကောင်းတယ် အောက်မေ့လို့၊ ခု သူက ကိုယ်တွေ ပူနေတယ်"

"ဟုတ်ကဲ့ အစ်ကိုကြီး"

ကျွန်ုပ် မတတ်သာသည့်အဆုံး အိမ်ပေါ်သို့ တက်ခဲ့ရသည်။ အိမ်ကလေးမှာ မကျယ်ဝန်းလှ။ မြခက်နှင့် ဘထွန်းတို့အိပ်သော အခန်းနှစ်ခန်းရှိပြီး ဘေးတွင် အဖီလေးတစ်ခု ရှိသည်။ မြခက်သည် ဖျာနှင့်



ခေါင်းအုံးကိုယူကာ ထိုအဖီလေးထဲတွင် ကျွန်ုပ် လှဲနေနိုင်ရန် နေရာဖြင့်ပေးသည်။

ဆံတောက်ကလေးနှင့် မြခက်မှာ ကျွန်ုပ်၏ မျက်လုံးထဲတွင် လှပ်ရှားတိုင်း ကြည့်၍ကောင်းနေလေသည်။ ထောက်ထားသော ကလားမှ အပြင်သို့ ကြည့်လိုက်သောအခါတွင် တဲအိမ်လေးဘေးမှ ယာခင်းကို တွေ့ရသည်။ မုံညင်း၊ မုံလာ၊ ဆလပ်နှင့် ချဉ်ပေါင်စသည့် အပင်လေးများ စိုက်ပျိုးထားရာ စိမ်းစိုနေလေသည်

"ဒါ . . မြခက်တို့ ယာခင်းလေးလား"

"ဟုတ်တယ်ရှင့် . . အဲဒီအပေါက်က လေတိုက်တယ်၊ ရှင်နေမကောင်းရင် တံခါးပိတ်မှ"

မြခက်က ပြောပြောဆိုဆို သူမ လက်ဖဝါးဖြင့် ကိုယ်ကို စမ်းကြည့်သည်။

"အို . . ကိုယ်တွေက ခြစ်ခြစ်တောက် ပူတာပါပဲလား"

မြခက် ထိတ်လန့်သွားပုံရသည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်မှာ မြခက်တိုက်သော ရေနွေးပူပူလေးနှင့် ဆေးခါးခါးကို ဖွတ်မိတ်ကာ မျိုချလိုက်ရာ ရင်ထဲတွင် ပူ၍ သွားလေတော့သည်။

"အိုး"

"ဘာဖြစ်တာလဲရှင့်"

"သိပ်ခါးတဲ့ဆေးပဲ"

"ကဲ . . ရှင် ခဏလှဲပြီး စောင်ခြုံနေလိုက် ချွေးထွက်ရင်နေကောင်းသွားမှာပါ"

မြခက်သည် သူတို့ဖော်မြူလာအတိုင်း ကျွန်ုပ်အား စောင်တစ်ထည်ပေးသည်။ ကဲလားပြတင်းပေါက်၏တံခါးကို ဖြုတ်ကာ တံခါးပိတ်လိုက်သည်။ အလင်းရောင်က လျော့သွား၏။ ကျွန်ုပ်၏ခေါင်းမှာက တစစ်စစ်ကိုက်ခဲနေသည်။ မျက်လုံးများက လေးနေသည်။ ခဏကြာသောအခါ ကျွန်ုပ်သည် မိုက်ခနဲဖြစ်ကာ အိပ်ပျော်သွားလေတော့သည်။

"ထ . . . ထ . . မိုးတောင်ချုပ်တော့မယ်၊ ရှင် ထမင်းစားဦး"

မြခက်၏အသံ၊ ကိုယ်ကို လှုပ်သံ ကြားရသည်။ ကျွန်ုပ် မျက်လုံးဖွင့်ကြည့်သောအခါ၌ ကျွန်ုပ်၏ခြေရင်းရှိ စားပွဲလေးတွင် မောင်နှမ



နှစ်ယောက် ထမင်းစားရန် ပြင်ဆင်နေလေသည်။

"ပုညနိုင် ထကွ၊ အစာမရှိရင် ခေါင်းမူးတတ်တယ်"

"အား"

ကျွန်ုပ်၏ တစ်ကိုယ်လုံးမှာ ချွေးများရွှဲနေ၍ ကျွန်ုပ်က ထကာ စောင်ကို ဖယ်၍ ချွေးများကို သုတ်လိုက်သည်။

"အင်္ကျီ၊ လုံချည်ကတော့ သိပ်ကောင်းကောင်းမရှိဘူး၊ ရော့ . . ငါ့အင်္ကျီတွေပဲ မင်းဝတ်ကွာ၊ ဒါလည်း ငါ့လုံချည်ပဲ"

ကျွန်ုပ်မှာ ဥစ္စာခြောက်ကာ ကဲလားအောက်တွင်ရှိသော ကျွန်ုပ်အင်္ကျီစနှင့် ထုပ်ထားသည့်အထုပ်ကလေးကို ကြည့်ရာ ယူလာစဉ်ကအတိုင်း လက်ရာမပျက် ရှိနေလေသည်။ ကျွန်ုပ် ဝူထဲမှလာသော ရွှေငွေရတနာများမှာ ပုဂံခေတ်က ပစ္စည်းများဖြစ်၍ တန်ဖိုးသေးလှမည် မဟုတ်ချေ။

ဘထွန်းက သူ၏အင်္ကျီနှင့် လုံချည်တစ်ပတ်နွမ်းကို ပေးသည်။ အဟောင်းပင် ဖြစ်သော်လည်း စင်ကြယ်အောင် လျှော်ကာ ခေါက်ထားခြင်းကြောင့် သန့်ပြန့်မွေးကြိုင်နေသည်။

ကျွန်ုပ်သည် အိမ်ပေါ်သို့ တက်ကာ ကျွန်ုပ်ကိုယ်မှ ချွေးများကို သုတ်ကာ ဘထွန်း၏အင်္ကျီလုံချည်များကို ဝတ်ဆင်လိုက်လေသည်။ ကျွန်ုပ်၏ ကိုယ်မှာ ဘထွန်းထက် အနည်းငယ်ကြီး၍ တင်းရင်းကြပ်ထုတ်နေလေသည်။

မြခက်က တစ်ချက်လှမ်းကြည့်ကာ

"အင်္ကျီက ကြပ်နေတာပဲ၊ အသက်ရှူလို့ ရရဲ့လား"

ဟု မေးသည်။ ကျွန်ုပ်က 'ရပါတယ်' ဟု အလိုက်သင့် ပြန်ဖြေလိုက်ရသည်။

ဘထွန်းက ကျွန်ုပ်၏နဖူးကို စမ်းကြည့်ပြီး

"အင်း . . ကိုယ်ပူမရှိတော့ပါဘူး၊ ထမင်းစားလို့ရပါပြီ"

ဟုပြောသည်။

မြခက်သည် တောထဲမှ ခူးလာသော မျှစ်နနများကို ပြုတ်၍

www.burmeseclassic.com

www.burmeseclassic.com



နှမ်းနှင့် ဖဲမှုန့်ဆီချက်များဖြင့် သုတ်ထားရာ မွှေးကြိုင်နေသည်။ မှိုဟင်းမှာလည်း စားချင်ဖွယ်ရာ မှိုဖူးများကို အိုးထဲမှ ခပ်ထားသည်ကို တွေ့ရသည်။ ငါးဖျော်ထားသော ငါးပိရည်နှင့် ဘူးညွန့်ပြုတ်တို့စရာကိုလည်း တွေ့ရသည်။

"လာ . . ထမင်းတစ်ခါတည်း စားရအောင်"

ဘထွန်းက ကျွန်ုပ်ကို ပခုံးပုတ်၍ ခေါ်သည်။ ထိုစဉ်မှာပင် သူတို့အမေ ပြန်လာသည်ကို တွေ့ရလေသည်။

"သား ဘယ်ကဧည့်သည် ရောက်နေလဲ"

ကျွန်ုပ်ကို တွေ့၍ အသက်ခုနစ်ဆယ်ကျော် အဘွားကြီးက မေးလိုက်သည်။

"တောထဲက တွေ့လာတဲ့ ဧည့်သည်ပါ အမေ"

"စား . . လူကလေး၊ တို့မိသားစုသုံးယောက်ကတော့ ဖြစ်သလိုစားတာပဲ"

အဘွားကြီးက ကျွန်ုပ်ကို ပြုံး၍ ပြောသည်။ ကျွန်ုပ်မှာ ဒေါ်မြခေါ် စိတ်သဘောထားကောင်းလှသော အသက်(၇၀)ကျော်အရွယ် အဘွားကြီးကို တွေ့ရ၍ သူတို့မိသားစုသုံးဦးကို မည်သည့်အခါမျှ စိတ်ဆင်းရဲစရာ အလုပ်မျိုး မလုပ်ဟု ဆုံးဖြတ်မိသည်။

"သူက ညောင်သာရွာက အမေရဲ့၊ မိဘတွေလည်း မရှိကြတော့ဘူး၊ သူတို့ရွာ ဓားပြက မီးရှို့ပြီး သူ့ကို ဖမ်းသွားတာ၊ သူက ဓားပြမလုပ်ချင်လို့ ထွက်ပြေးလာတာလေ"

အဘွားအိုကြီးက ထမင်းဝင်မစားဘဲ တိုင်ကိုမှီကာ ပြောင်းဖူးဖတ်ဆေးလိပ်ကို မီးညှိလိုက်သည်။

"အေးကွယ် . . သူများစိတ်ဆင်းရဲပြီးမှ ကိုယ်ရတဲ့ငွေကို ဘာလုပ်ရမှာလဲနော်၊ လူတစ်ယောက် ဗိုက်တစ်လုံး ဘယ်လိုရှာစား ရတာပဲ မဟုတ်ဘူးလား"

"ဟုတ်ပါတယ် အမေ"

"သွားစရာရှိရင်လည်း သွားပေါ့၊ ဘယ်မှသွားစရာမရှိလည်း အ



မေတို့အိမ်မှာ နေလို့ရပါတယ်။ ရှိတဲ့အလုပ်လုပ်ရတာ အတူစားပေါ့"

သဘောကောင်းသော ဒေါ်မြတ ခွင့်ပြုလိုက်၍ ကျွန်ုပ်မှာ ဘထွန်းကို လှမ်းကြည့်လိုက်သည်။

"ဟုတ်တယ် . . ပုညနိုင်၊ တို့ကို အားမနာနဲ့ တို့မောင်နှမလည်း မင်းရောက်လာတော့ တအားရှိတာပေါ့"

မိသားစုသုံးယောက်က ကျွန်ုပ်ကို သူတို့တဲလေးတွင် နေထိုင်ရန် လက်ခံလိုက်ကြပြီ ဖြစ်၏။ ကျွန်ုပ်မှာ စားခဲ့ဖူးသမျှ ထမင်းဟင်းတို့တွင် မြခက်တို့နှင့် ယခုတစ်ကြိမ် စားရသောထမင်းကို အရသာရှိလှသည်ဟု ထင်မိလေသည်။

ကျွန်ုပ် အားရပါးရ ထမင်းစားသည်ကို ကြည့်ကာ မြခက်က ဘေးရှိ ထမင်းအုတ်ထဲမှ ထမင်းများကို ခပ်ထည့်ပေးသည်။

"စား . . အစ်ကို၊ အဖျားကျတော့ ဆာလာမှာပေါ့"

ကျွန်ုပ်သည် သုံးပန်ကန်လောက် ခပ်မောက်မောက် စားလိုက်သောအခါမှ ဝမ်းဗိုက်ထဲမှ လေများမှာ ငြိမ်သွားလေသည်။ စားပွဲသေးသေးလေးဖြင့် အဘွားကြီးကို ထမင်းဟင်းများ ထည့်ကာ မြခက်က ပေးလိုက်သည်။

စင်စစ် မြခက်နှင့် ဘထွန်းတို့၏ အမေမှာ ခေါင်းရင်းရှိ ခြံထဲမှ အိမ်ကလေးတွင် နေလျက် ထမင်းစားချိန်ရောက်မှ ကူးလာခြင်း ဖြစ်သည်။

ထမင်းစားသောက်ပြီးနောက် လက်ဆေးရည်နှင့် လက်သုတ်ပုဝါများကို ပေးကာ မြခက်က သူ့အမေကို တွဲ၍ ခေါင်းရင်းခြံသို့ လိုက်ပို့လေသည်။ မြခက် ပြန်လာသောအခါတွင် မှောင်ရီသမ်းနေပြီ ဖြစ်လေသည်။ ဘထွန်းသည် ရေနံဆီမီးခွက်လေးကို မီးညှိလိုက်လေတော့သည်။

"ဒီရွာမှာကတော့ ဓားပြမလာရင် အေးနေတာပါပဲကွာ၊ ရွာထဲက ကိုဇော်မင်းက ဓားပြတွေနဲ့ သိနေတော့ ဓားပြခေါင်းဆောင်ကို သွားပြီး ဆက်ကြေးပေးတာနဲ့ ရွာထဲကို ဓားပြဝင်နှိပ်စက်တာ အေးနေတာပဲ"

"အစ်ကိုကြီး ပြောမှ သတိရတယ်၊ ကိုဇော်မင်းတောင် မြို့တက်တာ အိမ်ဖက် မလာတာ ကြာပြီနော်"

www.burmeseclassic.com

www.burmeseclassic.com



"အေး . . ရွာထဲမှာ အလုပ်ရှုပ်နေတယ် ထင်တယ်၊ ရွာတော်ရှင်ပွဲလည်း နီးနေပြီလေ"

မောင်နှမနှစ်ယောက် အပြန်အလှန် ပြောဆိုနေသည်ကို ကျွန်ုပ်နားထောင်နေမိသည်။ ပြီးတော့မှ

"ရွာတော်ရှင်ပွဲဆိုတာ ဘာလဲ"

ဟု ကျွန်ုပ်က မေးလိုက်မိသည်။

"ရွာတော်ရှင်ပွဲဆိုတာ ဒီတောင်ခြေမှာ ရှိတဲ့ 'အင်ကြင်းမြိုင်' ရွာကို ရှေးအဆက်ဆက်ကတည်းက စောင့်ရှောက်လာတဲ့ ရွာတော်ရှင်မကို ကန်တော့တဲ့ပွဲပေါ့ အစ်ကို၊ သိပ်ပျော်စရာကောင်းတယ်။ မီးပုံပွဲလည်း ရှိတယ်။ ရွာထဲက လူငယ်တွေက ရွာတော်ရှင်မရဲ့ နတ်ကွန်းကို ဝိုင်းကကြရတယ်"

"အော်"

ကျွန်ုပ်သည် အင်ကြင်းမြိုင်ရွာ၏ သူ့ရွာနှင့်သူ့ဓလေ့ကို နားလည်သဘောပေါက်လိုက်သည်။

"ကိုဇော်မင်းက အမြဲတမ်း ရွာသားတွေကို စုပြီးတော့ တစ်အိမ်ကို ကြက်ဖြစ်ဖြစ်၊ ဝက်ဖြစ်ဖြစ် တတ်နိုင်တာ ဆက်ဖို့ ပြောတယ်။ သူတို့အိမ်ကတော့ အမြဲတမ်း ဝက်တစ်ကောင် ဆက်တယ်"

ဇော်မင်းဆိုသူမှာ ဓားပြများနှင့်လည်း သိကာ ရွာတော်ရှင်မ၏ ကိုယ်စားလှယ်ကဲ့သို့လည်း ဖြစ်နေသောကြောင့် ကျွန်ုပ်သည် ထိုသူကို တွေ့မြင်လိုနေလေသည်။

ကျွန်ုပ်သည် ကျွန်ုပ်တွင်ပါလာသော ရွှေငွေများကို ဘထွန်းနှင့် မြခက်တို့ ဝမ်းသာအောင် အံ့သြပေးပြောကြားဖို့ စိတ်ကူးပြီး ဖြစ်သည်။ ဤသို့ဖြင့် ကျွန်ုပ်သည် အင်္ကျီဖြင့်ထုပ်ထားသော အထုပ်ကို ယူလိုက်သည်။

"ပုညနိုင် ဘာတွေထုပ်ထားတာလဲကွ၊ ဆေးမြစ်တွေလား"

ဘထွန်းက လှမ်းမေးသည်။ ကျွန်ုပ်က မီးခွက်နားသို့ အထုပ်ကလေးယူလာကာ

"ဘာလဲ သိချင်ရင် လာကြည့်လေ၊ မမြခက်လည်းလာ"

ဟုခေါ်လိုက်၏။ ထို့နောက် လေးထောင့်စားပွဲလေးပေါ်တွင် အထုပ်ကိုတင်ကာ ကျွန်ုပ်က ဖွင့်ပြလိုက်သည်။

"ဟာ"

"ဟင်"

ဘထွန်းရော မြခက်ပါ အံ့သြသွားကြသည်။ ကျွန်ုပ်၏အင်္ကျီစုတ်ဖြင့် ထုပ်ထားသော အထုပ်ထဲတွင် ထိုမျှအဖိုးတန်သော ပစ္စည်းများ ရှိလိမ့်မည်ဟု သူတို့ မထင်ကြပေ။

သို့သော် ရွှေငွေရတနာများကို တွေ့သောအခါ ဘထွန်းသည် မျက်နှာတည်သွားကာ မြခက်သည်လည်း မျက်နှာထားတစ်မျိုး ဖြစ်သွားလေသည်။ သူတို့သည် ကျွန်ုပ်အား ရိုးသားသူဟု ထင်မြင်ထားရာမှ အထင်လွဲသွားပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ပုညနိုင် မင်း ဒါတွေဘယ်ကရတာလဲ"

"ဟုတ်တယ် . . အစ်ကို၊ ဒါဓားပြတွေဆီက ယူလာတာလား၊ ဒါဆိုရင် ဓားပြတွေက ရှင့်ကို လိုက်ရှာမှာပဲ၊ ကျွန်မတို့အိမ်မှာ ရှင့်ကို လက်ခံထားလို့ မဖြစ်ဘူး"

ကျွန်ုပ်က ခေါင်းခါလိုက်သည်။

"ကျုပ်ကို အထင်မလွဲပါနဲ့၊ ဒါ ရွှေငွေရတနာတွေက ကျုပ်က ဘယ်ကခိုးလာတာမှ မဟုတ်ပါဘူး၊ ကျုပ်နဲ့ထိုက်လို့ ရလာတာလို့ ပြောရမှာပဲ"

ကျွန်ုပ်သည် ထိုရွှေငွေများကို မည်သို့မည်ပုံရလာကြောင်းနှင့် ကျွန်ုပ် ဖတ်ရှုပြီးသော ပေထုပ်ကြီးကို ထုတ်ကာ ပြလိုက်လေတော့သည်။ ထိုအခါတွင်မှ ဘထွန်းသည် ကျေနပ်သွားကာ မြခက်ကလည်း သက်ပြင်းချလိုက်လေတော့သည်။

"မသိဝါဘူးရှင် ခေတ်အခါကြီးက မကောင်းတော့ ဓားပြတွေနဲ့ ရန်ဘက်ဖြစ်တဲ့သူဆိုရင် ကျွန်မတို့ ဘယ်လက်ခံရဲပါ့မလဲ"

"ဟုတ်တယ် . . ပုညနိုင်၊ ကိုယ့်အန္တရာယ်ကိုယ်ကြည့်ရှောင်နေရတယ်၊ မင်း ဒီရတနာတွေကို ဒီအတိုင်းထားလို့ မဖြစ်ဘူး"

"ဘာဖြစ်လို့လဲ ကိုဘထွန်း"

"ရွာထဲကလူတွေ တစ်ယောက်သိသွားရင် ပြဿနာပေါ်နိုင်တာပေါ့၊ တစ်နေရာမှာ မြှုပ်ထားပြီးမှ လိုသလောက်ယူပြီး သုံးစွဲတာ ကောင်းမယ်"

"ဟုတ်တယ် . . အစ်ကိုကြီးပြောတာ မှန်တယ်"

"ဒါဆိုလည်း အဲဒီလိုပဲ လုပ်ကြတာပေါ့"

ကျွန်ုပ်နှင့် ဘထွန်းတို့သည် ထိုရွှေငွေရတနာထုပ်ကို ယာခင်းဘေးရှိ ခြံစည်းရိုးထောင့်တွင် တွင်းနက်နက်တူးကာ မြှုပ်လိုက်ကြတော့သည်။ လက်ကောက်တစ်ကွင်းနှင့် ဆွဲကြိုးတစ်ကုံးသာ ကျွန်ုပ် ယူထားလိုက်၏။

ထိုပစ္စည်းများကို အင်ကြင်းမြိုင်နှင့် အနီးဆုံးရှိ တောင်ပေါ်မြို့



တွင် ရောင်းချပေးပါရန် ဘထွန်းကို အပ်လိုက်သည်။ ဘထွန်းမှာ မိသားစုလိုဖြစ်နေ၍ ရွာတော်ရှင်ပွဲတွင် ဝက်တစ်ကောင်လောက်လှူရန် ကျွန်ုပ်အား ပြောလေသည်။

ကျွန်ုပ်မှာ သူ့တစ်ပါးအသက်နှင့် ပတ်သက်၍ ဖြစ်သောကြောင့် ဝက်တစ်ကောင်တန်ဖိုးရှိသော ငွေနစ်ရာကို ပေးဖို့အာမခံလိုက်သည်။ တောင်ပေါ်မြို့လေးသို့ ရွှေထည်များရောင်းရန် ဘထွန်း ထွက်ခွာသွားစဉ်မှာပင် တဲလေး၌ ကျွန်ုပ်နှင့် မြခက်တို့နှစ်ဦး ကျန်ခဲ့လေသည်။

ကျွန်ုပ်သည် ထင်းပုံဘေးတွင် ထင်းများခွဲနေလေသည်။

* * * * * *

မြင်းခွာသံကြားရ၍ ကျွန်ုပ်ခြံဝင်းအဖြင်သို့ ကြည့်လိုက်သည်။ အသက်သုံးဆယ်အရွယ် ကျွန်ုပ်နှင့် မတိမ်းမယိမ်း လူတစ်ဦးသည် မြင်းကိုစီးကာ ခြံဝင်းထဲသို့ ဝင်လာသည်။ သူ၏မျက်နှာမှာ တင်းမာခက်ထန်နေပြီး နှုတ်ခမ်းမွေး၊ ပါးသိုင်းမွေးများလည်း ခပ်ရေးရေးရှိနေလေသည်။

"ဘထွန်းရှိလား ဘထွန်း"

"ဗျာ"

"မင်းက ဘယ်သူလဲကွ၊ ဘထွန်းကို ခေါ်လိုက်စမ်း"

ကျွန်ုပ်မှာ ဆံပင်ကတုံးဆံတောက်နှင့် ခန့်ညားသောလူရွယ်ကို တစ်ချက်ကြည့်လိုက်ပြီး

"ကိုဘထွန်း မရှိဘူးဗျ"

ဟု တုံ့ ပြန်ပြောလိုက်လေသည်။

"ကိုဘထွန်းမရှိရင် မြခက်ရော"

"မြခက်တော့ မီးဖိုထဲမှာ ရှိပါတယ်ဗျ"

ကျွန်ုပ် စကားအဆုံးတွင် နှုတ်ခမ်းမွေးစနှင့် လူသည် မြင်းပေါ်မှ လွှားကနဲ ခုန်ဆင်းလာကာ မြင်းကို ခြံတိုင်တွင် ချည်နှောင်လိုက်၏။

ပြီးနောက် ကျွန်ုပ်ကို လုံးဝဂရုမစိုက်ဘဲ အိမ်ထဲသို့ ဝင်သွားလေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ အိမ်ထဲမှ မြခက်၏အသံ ထွက်ပေါ်လာ၏။

"အို . . ကိုဇော်မင်း လန့်လိုက်တာ"

"အံမယ် . . ငါ့ကိုများ လန့်ရတယ်ရှိသေးတယ်၊ နင်က ဘာတွေတွေးနေလို့လဲ"

"ဘာမှမတွေးပါဘူး . . ဘာလဲ ရွာတော်ရှင်မပွဲဇော်ပွဲကိစ္စ ပြောမလို့လား"

"ဟုတ်တယ် . . နင်တို့အိမ်က ခါတိုင်းနှစ်လိုပဲ ကြက်တစ်ကောင်လား"

"မဟုတ်ဘူး ကိုဇော်မင်း၊ ဝက်တစ်ကောင်ထည့်မှာပါ"

"အံမယ် တကယ်"

"ဟုတ်ပါတယ် ကိုဇော်မင်းရဲ့"

ကျွန်ုပ်မှာ အိမ်နှင့်ကပ်နေသောကြောင့် သူတို့ပြောသော စကားကို အတိုင်းသားကြားနေရသည်။

"ဘထွန်းက ဒီယာခင်းနဲ့ နွေကို ထင်းတိုက်တဲ့အလုပ်ပဲ လုပ်တာမဟုတ်လား၊ ဘယ်က ဝက်တစ်ကောင်ဖိုး ရှိမှာလဲ"

မြခက်က အိမ်ရှေ့သို့ မေးငေါ့ပြုပြတ်သည်။

"ဧည့်သည်က ထည့်တာလား၊ အဲဒါ ဘယ်ကဧည့်သည်လဲ"

"ကိုဘထွန်း မိတ်ဆွေပါ"

"ဓားပြခေါင်းဆောင် ဇောထီးက ရွာကို ဧည့်သည်ရောက်ရင် သူ့ဆီကို လာပြောပါ၊ ပြောထားတယ်။ မြခက် ရှုပ်ရှုပ်ရှက်ရှက်ဆို လက်မခံပါနဲ့"

ဇော်မင်း၏ အပြောအဆိုမှာ ရင့်သီးလှသည်။ ကျွန်ုပ်မှာ စိတ်ထဲတွင် ထောင်းခနဲ ဖြစ်မိသော်လည်း ပြဿနာမကြီးထွားစေရန် သည်းခံနေလိုက်ရသည်။

စံပယ်ဖူးကလေးလို လှပသော မြခက်ကို ဇော်မင်းလို မုဆိုးဆန်ဆန်လူကြမ်းကြီးက သိမ်းပိုက်မည်စိုး၍ ကျွန်ုပ်လက်ထဲတွင် ရှိနေသော ပေါက်ဆိန်ကို ခပ်ကျစ်ကျစ် ဆုပ်ကိုင်ထားလိုက်မိလေတော့သည်။



"ကျွန်မ ခုလောလောဆယ်တော့ အမေ့ကျန်းမာရေး ဂရုစိုက်နေရတယ်။ အတိအကျ မပြောနိုင်ဘူး"

* * * * * *

ဇော်မင်းသည် မြခက်ထံမှ လက်ထပ်မည့်ရက်ကို တိတိကျကျ အဖြေမပေး၍ စိတ်ဆိုးကာ အိမ်ထဲမှ ထွက်လာသည်။ မြခက်အပေါ်တွင် ခုခဲ့သောစိတ်သည် ကျွန်ုပ်ကို တွေ့မြင်သောအခါ၌ ပို၍ဆိုးသွားသည်ဟု ထင်ရလေသည်။

"ဟေ့ကောင် မင်းနာမည် ဘယ်သူလဲ"

ကျွန်ုပ်အား လှမ်းမေးသည်ဟု သိရှိသော်လည်း မေးသောလေသံမှာ မာကျောလှသောကြောင့် ကျွန်ုပ် မကြားချင်ယောင်ဆောင်နေလိုက်သည်။

ဇော်မင်းသည် ကျွန်ုပ်ရှိရာသို့ လျှောက်လှမ်းလာသည်။

"ဒီမှာ ငါမေးနေတာ မကြားဖူးလား"

"ကြားသားပဲ"

ကျွန်ုပ်က ခပ်ဆတ်ဆတ် ပြန်ဖြေလိုက်သည်။

"ကြားရင် ပြောလေ"

"ကျုပ်နာမည် ပုညနိုင်၊ ညောင်သာရွာသား"

"အေး . . တို့ရွာမှာနေရင်တော့ ကောင်းကောင်းနေ၊ မြခက်ကို စိတ်အနှောင့်အယှက် ဖြစ်အောင်လုပ်တယ် ကြားရင် မင်းနဲ့ငါနဲ့ တွေ့မယ်ဒါပဲ"

ဇော်မင်းက ကြိမ်းဝါးကာ မြင်းပေါ် ခုန်တက်၍ ထွက်သွားလေတော့သည်။ မြခက်သည် တဲလေးထဲမှ ထွက်လာသည်။

"ဘာပြောသွားတာလဲ အစ်ကို"

"မြခက် ကြားတဲ့အတိုင်းပဲ၊ မြခက်ကို စိတ်မချမ်းသာအောင် မလုပ်နဲ့တဲ့၊ ကျုပ်နဲ့မြခက်ကို မသက်ာပုံရတယ်"

ကျွန်ုပ်က ပွင့်လင်းစွာပင် ပြောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကလည်း သူ့လိုလူကို လက်မထပ်ချင်ပါဘူး၊ အမေနဲ့ အစ်ကိုကြီးက ဓားပြတွေရဲ့ အန္တရာယ်ရှိတယ်။ ဘာမှ ရန်ဖက်ဖြစ်အောင် မလုပ်နဲ့ အချိန်ဆွဲပြီး လှည့်ရှောင်ပါဆိုလို့"

"ဟင် .. ဒါဆို မြခက် ကိုဇော်မင်းကို လက်ထပ်ဖို့ ရည်ရွယ်ချက်မရှိဘူးလား"

"ဟုတ်တယ် မရှိဘူး၊ ဒီကြားထဲမှာ ကျွန်မ ထွက်ပေါက်ရှိရင် အဲဒီထွက်ပေါက်ကနေ သူနဲ့ဝေးတဲ့နေရာကို ပြေးမှာပဲ"

ကျွန်ုပ်မှာ သက်ပြင်းချလိုက်မိသည်။

"ဖြစ်ရလေ မြခက်ရယ်၊ မြခက်ရဲ့ အခက်အခဲကို ကျုပ် ခုမှ သိရတယ်"

မြခက်က ခေါင်းငုံ့နေလေသည်။ သူမ၏မျက်လုံးအကြည့်နှင့် အမူအရာများကြောင့် မြခက်သည် ကျွန်ုပ်အပေါ် တိမ်းညွတ်နေသည်ကို ရိပ်မိပါသည်။

"အရေးကြီးတာက အစ်ကိုက လူစိမ်းဖြစ်နေတယ်။ မြခက်ကြောင့် အစ်ကို့မှာ အန္တရာယ်တစ်ခုခု ဖြစ်မှာ စိုးရိမ်တယ်"

"ဘာပဲဖြစ်ဖြစ် မြခက်ကို ကျုပ် ကူညီဖို့ ဆုံးဖြတ်လိုက်ပြီ၊ ဘယ်လိုအန္တရာယ်ပဲဖြစ်ဖြစ် မြခက်ရဲ့ရှေ့က ကျုပ် ရင်ဆိုင်မယ်"

"ရှင်"

ကျွန်ုပ်၏ စကားကြောင့် မြခက်၏ မျက်လုံးများသည် စူးရှတောက်ပလာသည်။ မြခက်သည် ကျွန်ုပ်ထံမှ ကြားရသော စကားကို သူမနားပင် သူမမယုံနိုင်အောင် ဖြစ်နေလေသည်။

"အစ်ကိုနဲ့ဆိုရင် မြခက် ဘယ်ရောက်ရောက် လိုက်ရဲသလား"

"လိုက်ရဲပါတယ် အစ်ကို၊ မြခက်ကို အဲဒီလိုခေါ်သွားဖို့ အစ်ကိုက ဆုံးဖြတ်လိုက်ပြီလား"

"ဟုတ်တယ် မြခက်၊ ကျုပ် အဲဒီလိုပဲ လုပ်ဖို့ ဆုံးဖြတ်လိုက်တယ်"

"ဖြစ်ပါ့မလား အစ်ကိုရယ်"



မြခက်သည် ရင်တထိတ်ထိတ်ဖြစ်နေရှာသည်။ ကျွန်ုပ်သည် မြခက်၏ကိုယ်လေးကို ထွေ့ဖက်ကာ ချော့မော့လိုက်တော့၏။

"ကိုယ်ဟာ ယောကျ်ားပါ မြခက်၊ ဘာမဆိုရင်ဆိုင်ရဲပါတယ်"

* * * * * *

ဘထွန်း ပြန်လာသောအခါ တောင်ပေါ်မြို့မှ ရွှေထည်ပစ္စည်းများ ရောင်းချ၍ရသော ငွေများ ပါလာသည်။ ငွေများကို ဘထွန်းသည် မြင်းကုန်းနှီးအောက်တွင် ထားကာ ယူလာခဲ့ခြင်း ဖြစ်သည်။ ငွေတစ်သောင်းကျော်နီးပါး ပါလာခဲ့သည်။ မြခက်နှင့် ကျွန်ုပ်မှာ မထင်မှတ်ဘဲ ချစ်သူဘဝသို့ ရောက်ရှိသွားပြီဖြစ်သောကြောင့် အရိပ်အကဲ ကြည့်ကာ နေကြရသည်။

ငွေများကို ကျွန်ုပ်သည် ရေတွက်ကာ ထိုခေတ်က တန်ဖိုးဖြင့် အိမ်တစ်ဆောင်နှင့် လယ်ကေငါးရာလောက် ဝယ်ယူနိုင်သော ငွေဖြစ်သည်ကို နားလည်လိုက်လေသည်။

ရှာတော်ရှင်မနတ်ပွဲအတွက် ဝက်တစ်ကောင်ကို ပေးရန် ငွေနှစ်ရာကျပ်ကို ဘထွန်းအား ပေးလိုက်ပြီး ကျန်ငွေများကို ကျွန်ုပ်သည် မြခက်အား ပေးအပ်လိုက်တော့၏။ မြခက်က ငွေများကို ယူကာ သိမ်းဆည်းလိုက်လေသည်။ ဘထွန်းက

"ပုညနိုင် မင်းရော ဘာမှမဝယ်ဘူးလား"

ဟု မေးသည်။

"ဝယ်စရာဆိုလို့ အဝတ်အစားပဲ ရှိတာပဲ၊ တစ်စုံနှစ်စုံလောက် ကြည့်ဝယ်တာပေါ့"

"ရပါတယ် မြခက် ရှာတော်ရှင်မနတ်ပွဲ မတိုင်ခင် ဝယ်ပေးပါ့မယ်"

မြခက်က တာဝန်ယူလိုက်၍ ဘထွန်းသည် ဘာမျှမပြောတော့။ မြခက်က ဇော်မင်း လာသွားကြောင်း ဘထွန်းကို ပြောပြလိုက်သည်။ ဘထွန်းက

www.burmeseclassic.com

www.burmeseclassic.com



"ပုညနိုင် မင်းရှိလို့ တော်သေးတာပေါ့ကွာ၊ နို့မို့ရင် ငါ့ညီမကို သူက ဆွဲလားလွဲလား လုပ်ချင်လုပ်မှာ၊ ငါလည်း ဒီကောင့်ကြောင့် စိတ်ရှုပ်ပါတယ်" ဘတွန်းက ညည်းတွားလိုက်သည်။

"မြခက်နဲ့ ကိုဇော်မင်းကို ကိုဘတွန်းက သဘောမတူဘူးလား"

"ဘယ်တူမလဲကွာ . . ဒီကောင်က ဓားပြတွေနဲ့ အဆက်အသွယ်ရှိတယ်ဆိုပြီး ဟိုဖက်ရွာ ဒီဖက်ရွာမှာ ယူထားတဲ့ မယားတွေက သုံးလေးယောက်ရှိတယ်၊ သူ့ လက်ထပ်တာ မလွန်ဆန်နိုင်လို့ ယူရင် မြခက်က မယားငယ်ဖြစ်မှာပဲ"

ရွာတော်ရှင်မနတ်ပွဲကို ရွာထဲတွင် ပျော်ရွှင်စွာ ကျင်းပနိုင်ရန်အတွက် ရွာထဲမှ ဆန်နှင့်ကြက်များ ဓားပြခေါင်းဆောင် 'စောထီး' နေထိုင်ရာတောထဲသို့ ဇော်မင်းက သွား၍ပို့ရလေသည်။ ဇော်မင်းသည် သူ့နောက်လိုက်ရွာသားနှစ်ဦးနှင့် လှည်းပေါ်သို့ ကြက်ဆယ်ကောင်နှင့် ဆန်နှစ်အိတ်ကို တင်ကာ ယူဆောင်သွားခဲ့လေသည်။

ရွာတော်ရှင်မပွဲတော်လုပ်မည့်ရက်သို့ ရောက်သောအခါ ရွာထိပ်ရှိ အင်ကြင်းပင်တွင် ဘေးမှ မြက်များရှင်းကာ မဏ္ဍပ်ကို ထိုးကြလေသည်။ အင်ကြင်းပင်တွင် နတ်ကွန်းရှိ၍ အင်ကြင်းပင် ပတ်ပတ်လည်တွင် မီးဖိုကြီးသုံးခု ပြုလုပ်ရန် စီစဉ်လိုက်သည်။

ထို့နောက် ထိုမီးဖိုသုံးခုတွင် ထင်းများထည့်ကာ ဝက်တစ်ကောင်နှင့် ကြက်များ၊ ဆိတ်များကို ကင်လေသည်။ ဆိတ်နှစ်ကောင်နှင့် ဝက်တစ်ကောင်ဆိုလျှင် သူတို့ အင်ကြင်းမြိုင်ရွာ လူဦးရေ အတော်လောက်ပင် ဖြစ်လေသည်။

ညနေစောင်းကတည်းက ရွာထဲမှ ကာလသားများက ရောက်ရှိလာကာ လုပ်စရာရှိသည်များကို ပြုလုပ်ကြ၏။ မီးဖိုလုပ်ရန် တွင်းတူးခြင်း၊ မဏ္ဍပ်ထဲတွင် ဝါးစားပွဲနှင့် ဝါးထိုင်ခုံများ ပြုလုပ်ခြင်း ငှက်ပျောဖက်များကို ခုတ်ကာ တပ်ထားခြင်း၊ ဝါးပိုးနှင့် ထည့်ထားသော ခေါင်ရည်အိုးများကို ဝါးတန်းသုံးခုတွင် ချိတ်ဆွဲထားခြင်းတို့ကို ပြုလုပ်ထားလေသည်။

အင်ကြင်းပင် နတ်ကွန်းကို ဝန်းရံကာ စိုက်ထားသော ဝါးတိုင်များပေါ်တွင် မှောင်ရီသမ်းသည်နှင့် မီးတုတ်များကို ထွန်းညှိလိုက်လေတော့သည်။ ကျွန်ုပ်သည် မြခက်ရွာထဲရှိ အထည်ဆိုင်မှ ဝယ်လာသော ပလေကပ်လုံချည်အပြာ၊ ချည်အင်္ကျီအစိမ်းနုအကွက် လက်တိုကို ဝတ်ဆင်လိုက်သည်။

မြခက်မှာ အင်္ကျီလုံချည်အသစ် ဝတ်ဆင်ထားသော ကျွန်ုပ်ကို နှစ်သက်ကျေနပ်စွာ ပြုံးကြည့်နေလေသည်။

"အစ်ကို"

"ဘာလဲ မြခက်"

"တောင်းမှာ အကွပ်၊ လူမှာ အဝတ်ဆိုသလိုပဲ၊ အစ်ကိုက လုံချည်အင်္ကျီအသစ် ဝတ်လိုက်တော့ တကယ်ကြည့်ကောင်းတဲ့ လူချောယောက် ဖြစ်လာတာပဲ"

"အို . . မြခက်ကလဲ"

ကျွန်ုပ်သည် မြခက်၏ ချီးမွမ်းမှုကြောင့် မနေတတ်မထိုင်တတ် ဖြစ်သွားမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပြောတာပါ အစ်ကိုရဲ့၊ ကိုဇော်မင်းက အစ်ကို့ကို တွေ့ရင်တော့ မနာလိုဖြစ်တော့မှာပဲ၊ အစ်ကို ရင်ဆိုင်ဖို့ ကြည့်သာတွေး ထားပေတော့"

ကျွန်ုပ်၏ စိတ်ထဲတွင် ထိုသူ၏နာမည်ကို ကြားလိုက်ရသောကြောင့် တင်းမာခက်ထန်သွားမိလေသည်။

"တစ်ယောက်ချင်းဆိုရင်တော့ မြခက်ရယ် ကိုယ် သူ့ကို ဘယ်ကြောက်ပါ့မလဲ"

"သူ့နောက်မှာ ဓားပြခေါင်းဆောင် ဇောထီးနဲ့ ဓားပြတွေ ရှိနေတာက ခက်တာပေါ့"

မြခက်က ညှိုးလျှစွာနှင့် ညည်းညူပြောဆိုလိုက်လေသည်။

"ဒါပေမယ့် သူတို့လက်က လွတ်အောင် ပြေးနိုင်ရင်တော့ မြခက်နဲ့ အစ်ကိုတို့ဘဝဟာ ငြိမ်းချမ်းမှာပဲ မဟုတ်လား"

"ဟုတ်တယ် . . အစ်ကို၊ အစ်ကိုနဲ့သာ ခွဲရရင်တော့ မြခက် သေမှာပဲ"

ကျွန်ုပ်မှာ မြခက်ကို တွယ်တာမိသည့် သံယောဇဉ်ကြောင့် မည်သည့်အရာမဆို ရင်ဆိုင်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။ ရွာထဲမှ လူများသည်လည်း ဝတ်ကောင်းစားလှ ဝတ်ဆင်ကာ ရွာထိပ်သို့ ထွက်ခွာသွားကြပြီ ဖြစ်သည်။

ကျွန်ုပ်သည်လည်း မြခက်နှင့်အတူ မီးရောင်များ ထိန်လင်းနေသော ရွာထိပ်သို့ ထွက်လာခဲ့လေတော့သည်။ မြခက်မှာ ကျွန်ုပ် ဆင်ပေးထားသော အဖြူရောင် ဂုလဲပုတီးနှင့် ပန်းနုရောင်ပိုးအင်္ကျီ၊ လုံချည်များကြောင့် နတ်သမီးလေးတစ်ပါးကဲ့သို့ ဝင်းလက်တောက်ပစွာ လှနေလေသည်။

ရွာထိပ်တွင် ဆိတ်နှစ်ကောင်နှင့် ဝက်နှစ်ကောင်တို့ကို ကင်လျက် တစ်နေ့ရာတွင် ဝက်ရိုးဝကလီစာများ ပြုတ်သော ဟင်းချိုအိုးကြီးကို တည်ထားလေသည်။

ကျွန်ုပ် မြခက်ကို ရွာတော်ရှင်နတ်ကွန်းဇရပ်ရှိရာသို့ ခေါ်သွား



လွှတ်လိုက်ပြီးနောက် ခပ်ခွာခွာမှ လိုက်လာသည်။ ရွာထဲမှ ကာလသားများနှင့် မိန်းမပျိုများက မြခက်ကို ဆီးကြိုနှုတ်ဆက်ကြလေသည်။ ကျွန်ုပ်မှာ မျက်နှာစိမ်းဖြစ်သောကြောင့် ဘထွန်းက ထွက်၍ ပခုံးကိုဖက်ကာ ခေါင်းရည်များချထားသော ကာလသားနှစ်ဦးရှိရာသို့ ခေါ်သွားသည်။

ဝါးဆစ်ခွက်ကလေးများဖြင့် ခေါင်းရည်များထည့်ထားရာ ကျွန်ုပ်ဖို့လည်း ဝါးဆစ်ခွက်နှင့် ထည့်ကာ ဘထွန်းက ပေးလေသည်။ ရွာတော်ရှင်မအနီးတွင် ဗုံနှစ်လုံးနှင့် လင်ကွင်းတစ်ခု ပုလွေမှုတ်သူတစ်ဦးတို့က ဇော်မင်း၏ အချက်ပေးသံ ပေါ်လာသည်နှင့်တင် တီးခတ်လေသည်။

"ဗုံ . . ဗုံ . . ဗုံ"

"ချွမ် . . ချွမ် . . ချွမ်"

ဗုံကို တုတ်နှင့် ရိုက်တီးသံ၊ လင်ကွင်းသံ၊ ပုလွေသံတို့မှာ ညအမှောင်တွင် ထိတ်လန့်အံ့သြသော အာရုံခံစားမှုတစ်မျိုးကို ဖြစ်စေလေသည်။ ခဏကြာပြီးသောအခါ ခေါင်းရည်သောက်နေသော ကာလသားများသည် မီးပုံများဘေးတွင် ဝိုင်းကာ လက်နှစ်ဖက် မြှောက်၍ ကကြလေတော့သည်။

"ဟေး . . ဟေး . . ဟေး . . ဟေး"

ကြည့်ရှုနေသော သူများလည်း ပျော်ရွှင်လာကြကာ ကပွဲထဲသို့ ဝင်ကာ ကကြလေသည်။ အိမ်ခြေတစ်ရာကျော် ရှိသည့် အင်ကြင်းမြိုင်ရွာမှ လူငယ်လူရွယ်များသည် ဝတ်ကောင်းစားလှနှင့် ဝင်၍ ကကြရာ ရွာသူမိန်းမပျိုများလည်း ပါလာကြလေသည်။

အနီရောင်ယက္ကန်းကျ အင်္ကျီကြီး ဝတ်ထားသော ဇော်မင်းသည်လည်း ကနေရာမှ ကပွဲထဲဝင်လာသော မြခက်ကို တွေ့သောအခါ မြခက်ရှိရာသို့ နီးနီးနားနားပင် သွားကာ အတူယှဉ်ကာ ကလေတော့သည်။ မြခက်မှာကား လူကြားထဲသို့ တဖြည်းဖြည်း မသိမသာ ဆုတ်သွားလေသည်။

မြခက် သူနှင့်အတူ ယှဉ်ကာ လက်နှစ်ဖက်မြှောက်၍ ခုန်ကာ ကသောအကမျိုးကို ကရန်လာခဲ့သော ဇော်မင်းသည် အခြားမိန်းမပျိုများ ကြားတွင် ရောက်ရှိနေသောကြောင့် လူကြားထဲမှ ရုတ်တရက် ထက်က

www.burmeseclassic.com



ကာ မီးပုံများကို လှည့်ပတ်နေလေသည်။

ကျွန်ုပ်မှာ ကနေသူများကို လှမ်းကာ အာရုံစိုက်နေမိ၍ ခေါင်ရည်ခွက်ကို မသောက်ပေ။ ဘထွန်းက ကျွန်ုပ်အား

"သောက်လေ ပုညာ၊ မင်းက ခေါင်ရည်မသောက်တတ်ဘူးလား"

ဟု ခွက်ကို ကိုင်ကာ လက်ထဲပေးရင်း ပြော၏။

"ကျုပ် လူမှန်းသိကတည်းက အခုနှစ်ဆယ်ကျော်တဲ့အထိ ဘာမူးယစ်ဆေးဝါးမှ မသောက်တတ်ဘူးဗျ၊ စိတ်မရှိပါနဲ့"

"အော် . . ကိစ္စမရှိဘူး၊ ကောင်းတယ် အဲဒါ ကောင်းပါတယ်"

ဘထွန်းမှာ ကျွန်ုပ်၏စိတ်ဆန္ဒကို သိရှိပြီး ဖြစ်သောကြောင့် ထိုသို့ ပြောကာ ထပ်၍မတိုက်တော့ပေ။ မိန်းကလေးများကား ပျော်ရွှင်ကပြခြင်းသာ ဖြစ်သည်။ ခေါင်ရည်ကိုကား မသောက်ကြပေ။

မကြာမီ ကျွန်ုပ်ကို ရှာနေသော မြခက်သည် မဏ္ဍပ်အပြင်မှ တွေ့မြင်သွား၏။ ဘထွန်းက ကျောပေးထားသော နေရာမှ မြခက်က လှမ်း၍ လက်ယပ်ခေါ်သည်။

ကျွန်ုပ်မှာ ပန်းနုရောင်အင်္ကျီ၊ လုံချည် ပုလဲပုတီးဖြင့် လှပနေသော မြခက်ရှိရာသို့ မသိမသာ ထလာခဲ့လေတော့သည်။ ဘထွန်းကား ရိပ်မိဟန်တူလေသည်။ သို့သော် သူသည် အခြားရွာသားများနှင့် မသိချင်ယောင်ဆောင်ကာ နေခဲ့လေသည်။

မြခက်သည် ကျွန်ုပ်အနားသို့ ရောက်သည်နှင့် လက်ကိုဆွဲကာ မှောင်ရိပ်မှ သစ်ပင်နားသို့ ခေါ်သွားလေသည်။

"လာ . . အစ်ကို၊ ကြည့်ရတာ သိပ်အကဲမရဘူး"

"ဘာအကဲမရတာ..လဲ မြခက်ရဲ့"

"မြခက့် စိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်နေတယ်သိလား"

မှောင်ရိပ်ရှိ ကညင်ပင်ကြီးအောက်သို့ ကျွန်ုပ်၏လက်ကို ဆွဲခေါ်လာကာ မြခက်က ပြောလိုက်သည်။

"ဘာဖြစ်နေသလဲဆိုတာကို ကိုယ့်ကို ပွင့်ပွင့်လင်းလင်း ပြောပါဦး"



"လူတွေ မျက်နှာကြည့်ရတာ မကောင်းဘူး အစ်ကို၊ စောထီးတို့ ဓားပြအဖွဲ့ လာလိမ့်မယ် ထင်တယ်"

"ဟုတ်လား . . မြခက် ဘယ်လိုလုပ်သိသလဲ"

"ကိုဇော်မင်းရဲ့ ညီမနှစ်ယောက် အေးမင်းနဲ့ဆွေမင်းတို့ ဒီပွဲကို မလာဘူး"

"ဟုတ်လား"

"သူ့ညီမတွေကို မလာခိုင်းတာ ဓားပြတွေ ဝင်မှာစိုးလို့၊ ဟော . . ဟိုမှာ ကိုဇော်မင်း ကျွန်မကို လိုက်ရှာနေပြီ"

မြခက်သည် ကျွန်ုပ်၏လက်ကို ဆွဲကာ မှောင်ရိပ်ထဲရှိ သစ်ပင်အုပ်များနောက်သို့ ခေါ်လာခဲ့လေတော့သည်။ မြခက်မှာ ထက်မြက်၍ ဉာဏ်ကောင်းသောကြောင့်သာ အခြေအနေကို ကြို၍ အကဲခတ်နိုင်ပေသည်။

သစ်ပင်များကြားမှ အလင်းရောင်ရှိသော မဏ္ဍပ်ထဲသို့ ချောင်းကြည့်ရာ ဇော်မင်းသည် မြခက်၏အစ်ကိုဘထွန်းရှိရာသို့ သွားကာ မေးမြန်းပြောဆိုနေသည်ကို တွေ့ရသည်။

"တွေ့လား အစ်ကို မြခက်ကို သွားမေးနေတာ"

"ဟုတ်တယ် . . တို့ဘာလုပ်ရမလဲ"

"ထွက်ပြေးတာ အကောင်းဆုံးပဲ အစ်ကို"

"ကိုဘထွန်းရော"

"အစ်ကို့ကို ကြိုပြောပြီးသားပါ၊ သူလည်း ဓားပြရန်ကို လွတ်အောင်ရှောင်မှာပါ"

မြခက်၏ စကားမဆုံးသေးပေ- မြင်းခွာသံများကို ကြားရသည်။ ကခုန်နေသော သူများသည် ရုတ်တရက် ဖြစ်သောကြောင့် ရပ်ဆိုင်းသွားကာ မြင်းခွာသံများကို နားထောင်လိုက်ကြသည်။ ရွာနှင့်နီးလာ၍ မြင်းခွာသံများက ပိုမိုကျယ်လောင်လာသည်။

မြခက်သည်လည်း ကျွန်ုပ်၏လက်ကို ဆွဲကာ သစ်ပင်များထူထပ်သော အမှောင်ထုထဲသို့ ဆွဲခေါ်လာလေသည်။ မီးရောင်မရှိသော်သို့ ယ

www.burmeseclassic.com



မိုက်သောညလည်း ဖြစ်နေလေသည်။

"လာ . . အစ်ကို၊ ဒါရွာစည်းရိုးပဲ၊ တစောင်းပင်တွေကြားထဲမှာ အပေါက်ရှိတယ်၊ ကျွန်မနောက်က လိုက်ခဲ့"

ရွာစည်းရိုးနားသို့ သစ်ပင်ကြားမှ ရောက်ရှိလာခြင်း ဖြစ်သောကြောင့် ကျွန်ုပ်သည် ဆူးများနှင့် မငြိရန် မြခက်သွားသလို ကိုယ်တစ်စောင်းဝင်ကာ အပြင်သို့ တိုးထွက်ရလေသည်။

မြခက်ကား မာကျောသန်စွမ်းလှသည်ကို ထိုအခါမှပင် သိရလေသည်။

"အစ်ကို ကျွန်မလို မှောက်လျှားထိုးတိုးပြီးထွက်"

မြခက်က ကျွန်ုပ်အားတွင်မှောက်ရင်း စည်းရိုးကို တိုးထွက်နေသည်။ ကျွန်ုပ်သည် မြခက်၏ ကျောပြင်လေးကို စမ်းမိပြီး သူ့အားမှခေါင်းနှင့် ကျောလွတ်ရုံအပေါက်မှ တိုးထွက်လိုက်သည်။ ကျွန်ုပ် လက်မောင်းများတွင် တစောင်းဆူးခြစ်မိသော်လည်း အလေးမထားနိုင်တော့ပေ။ ရွာထဲမှ အော်သံကြားရသည်။

"ပြေးကြဟေ့ . . ပြေးကြ၊ ဓားပြတွေ လာနေပြီ"

ရန်းရင်းဆန်ခတ် ပြေးလွှားသံများသည် ကျွန်ုပ်တို့နောက်၌ ကျန်ခဲ့တော့၏။ ကျွန်ုပ်နှင့်မြခက်ကား လက်ချင်းတွဲကာ ရွာစည်းရိုးအပြင်မှ တောအုပ်ထဲသို့ တိုးဝင်ပြေးလွှားလာခဲ့လေတော့သည်။

* * * * * *

မှောင်ထဲတွင် ဖြစ်၍ ကျွန်ုပ်တို့မှာ ဓားပြရန်မှ လွတ်လျှင် ပြီးရောဟု သဘောထားကာ တောအုပ်ထဲသို့ အလဲလဲအပြိုပြိုဖြင့် တိုးဝင်ခဲ့ကြလေသည်။ ကျွန်ုပ်မှာ သစ်ငုတ်တစ်ခုကို ခလုတ်တိုက်၍ လဲရာ မြခက်က ကျွန်ုပ်ကို ဆွဲထူလိုက်သည်။

"တော်တော်နာသွားလား ကိုပုည"

"မှောင်နေတော့ ခြေထောက်မှာ နာတာပဲ သိတယ်၊ ခုဘယ်ကို ရောက်လာပြီလဲ"



"ကျွန်မ သိပါတယ်၊ ဓားပြတွေနဲ့ ဝေးတဲ့ တောင်ဆင်းလမ်းကို ဦးတည်လာတာ၊ ရှင့်ခြေထောက်ဘယ်လိုနေလဲ"

ကြယ်ရောင်ဖြင့် တစ်ဦးမျက်နှာတစ်ဦး ခပ်ရေးရေးမြင်ရသည်၊

"လမ်းလျှောက်လို့ ရပါတယ် မြခက်ရယ်"

ကျွန်ုပ်က မြခက်၏ ပခုံးကို ဖက်ကာ ပြောလိုက်သည်။

"ဒါဆိုလဲ ဒီရိုးလေးတစ်ရိုးတော့ အမြန်ဆုံးကျော်ရမှာပဲ၊ ဟိုဖက်မှာတော့ တောထဲကို ဝင်တဲ့လမ်းခွဲတွေ အများကြီးပဲ ပုန်းစရာချုံတွေ အပင်တွေပဲ ပေါတယ်"

"ဒါဆိုလဲ အဲဒီရောက်အောင်သွားပေါ့ မြခက်"

ကျွန်ုပ်က မြခက်၏လက်ကို ဆုပ်ကာ မြဲမြဲကိုင်ထားရင်း ပြောသည်။ မြခက်မှာ ကျွန်ုပ်၏လက် သူမ၏လက်ကလေးဖြင့် ပြန်ဆုပ်ကာ

"အစ်ကို ကျွန်မတို့ကို ဓားပြတွေ ရှာမရနိုင်တော့ပါဘူး"

ဟု ခပ်တိုးတိုးပြောသည်။

သူမ၏အသံမှာ ကျွန်ုပ်အတွက် ရင်ခုန်စရာကောင်းလှသည်။ ကျွန်ုပ်သည် သူမ၏ရှက်ရွံ့ခြင်းနှင့် ဝမ်းသာခြင်းတို့ ရောပြွမ်းနေသောအသံကို ကြားရသည်။ ထို့နောက် ကျွန်ုပ်တို့သည် အောက်သို့ နိမ့်ဆင်းသွားသော တောင်ခေါင်းတစ်ခုအတွင်းသို့ ရောက်ရှိလာခဲ့ကြသည်။

တစ်ဦးနှင့်တစ်ဦး ကပ်ကာ လက်ချင်းမြဲမြဲဆုပ်၍ လာကြရာ မြခက်၏လက်များ ပူနွေးနေသည်ကို ကျွန်ုပ် ကောင်းစွာသတိထားမိခဲ့သည်။

"မြခက်"

"ရှင်"

"ဒီလိုက်ခေါင်းက တော်တော်ရှည်သလား"

"ဟုတ်တယ် . . အကွေ့အကောက်လည်း များတယ်"

ကျွန်ုပ်သည် မြခက် ခေါ်လာသည့်လမ်းအတိုင်း အကွေ့အကောက်ဖြင့် တောင်ခေါင်းထဲမှ လျှောက်လှမ်းလာရာ မကြာမီ ကျွန်ုပ်တို့အားကိုယ်ခန္ဓာကို ပြင်ပလေတဟူးဟူး တိုက်ခတ်နေသည်ကို သိလိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"လေတိုက်တာ သိပ်အေးတာပဲ"

ကျွန်ုပ်က မြခက်ကို ခပ်တိုးတိုးပြောလိုက်သည်။

"ဟုတ်တယ် အစ်ကို၊ ကျွန်မတို့ မြစ်ကမ်းစပ်ကို ရောက်လာပြီ ဆေ"

လဆုတ်လညတွင် လခြမ်းသည် သန်းခေါင်ရောက်လုနီးမှ ထွက်ပေါ်လာသည်။ အရှေ့ဘက်မှ ထွက်ပေါ်လာသော လခြမ်းအရောင်ကြောင့် ဝှပေါက်ဝမှ မြင်ရသော ချုံနွယ်များပေါ်တွင် ငွေရောင်ယှက်သမ်းနေသည်။

မြစ်ကမ်းစပ်ရှိ ခရုပင်၊ လမုပင်နှင့် သင်းပေါင်းပင်တို့သည် လရောင်အောက်တွင် လှုပ်နေသည်။ ထိုသစ်ပင်များကြားတွင် တိုးကာသွားနေရသည်မှာ ကျွန်ုပ်၏စိတ်တွင် ကမ္ဘာသစ်တစ်ခုသို့ သွားနေရခြင်းနှင့်ပင် တူနေလေတော့သည်။

ကျွန်ုပ်တို့သည် သစ်ပင်ချုံနွယ်များကြားမှ ကျော်လွန်ကာ သဲသောင်ပြင်သို့ ရောက်ရှိလာကြသည်။

"အစ်ကို"

"ဟင်"

"အစ်ကို မြခက်ကို တစ်သက်လုံး ပစ်မသွားရဘူးနော်"

မြခက်က ကျွန်ုပ်ဘက်သို့ လှည့်ကာ ခပ်ကြော့ကြော့လေးရုပ်ရင်း ပြောလိုက်၏။ ကျွန်ုပ်က မြခက်၏အသွင်ကို ကြည့်ကာ ပခုံးနှစ်ဖက်ကို ကိုင်ရင်း

"အစ်ကို အသက်ရှိသမျှတော့ မြခက်နဲ့ ဘယ်တော့မှ မခွဲပါဘူး"

ဟု ပြောလိုက်လေသည်။ မြခက်နှင့် ကျွန်ုပ်သည် တစ်ဦးကိုတစ်ဦး လွတ်ထွက်သွားတော့မည့်အလား တင်းကြပ်စွာ ဖက်ထားလိုက်ကြ၏။ ထိုအချိန်မှာပင် မြစ်ကမ်းစပ်သို့ လှေလေးတစ်စီးလာ၍ ဆိုက်ကပ်လေသည်။ ကျွန်ုပ်တို့သည် လူချင်းခွာလိုက်ကြကာ "ဟော . . လှေတစ်စီး ရောက်လာပြီ"ဟု ကျွန်ုပ်က ပြောလိုက်လေသည်။

"အဲဒါ ကျွန်မ လွန်ခဲ့တဲ့သုံးရက်လောက်ထဲက ကြိုပြီးမှာထားတဲ့ လှေပဲရှင့်၊ သွားကြစို့"

လှေထဲတွင် ခေါင်းပေါင်းနှင့် လူကြီးတစ်ဦး ထိုင်နေသည်ကို တွေ့ရလေသည်။

ကျွန်ုပ်မှာ လှေပေါ်သို့ရောက်မှ မြခက်တို့ခြံထောင့်တွင် မြှုပ်နှံထားသော ရတနာထုပ်ကို သတိရမိလေသည်။ လှေကိုပဲ့ကိုင်ကာ လှော်ခတ်နေသော အသက်လေးဆယ်ကျော်အရွယ် လူကြီးမှာ

"မြခက်ရေ . . ဘထွန်းတို့တော့ 'သင်တော'ရွာဘက်ကို ထွက်ပြီးသွားပြီ"

ဟု ပြောလေသည်။

"သွားမှာပေါ့ ဘကြီးညိုရဲ့၊ သင်တောရွာမှာက သူ့ချစ်သူ နွယ်နွယ် ရှိတာကိုး"

"အော် . . ဘထွန်းက ဒါကြောင့် သင်တောရွာကို ပြေးတာကိုး"

"ရွာထဲမှာတော့ ဆူညံနေမှာပေါ့"

ကျွန်ုပ်က ဝင်ပြောလိုက်ခြင်း ဖြစ်သည်။

"ဟုတ်တယ် . . ဧော်မင်းက မြခက်တို့ မောင်နှမနဲ့ ညှိသည်

www.burmeseclassic.com

www.burmeseclassic.com



တို ဓာချပြဆွေနဲ့ လိုက်ရှာနေတာပေါ့၊ ဘာထွန်းကလည်း ဘယ်အချိန်က ထွက်သွားလဲ မသိဘူး၊ ကျုပ်လည်း မြခက် လှေငှားထားတာ သတိရလို့ ကမန်းကတန်းလှေပေါ်တက်ပြီး လှော်လာရတာ”

မြခက်တို့၏ အင်ကြင်းမြိုင်ရွာမှ ယခု လှိုင်းဂွက်စွာလာခဲ့သည်။ လိုက်ဖြတ်လမ်းမှာ အတော်ပင် ဝေးလေသည်။ ရေစုန်ခရီးဖြစ်သောကြောင့် ဦးညိုသည် အချိန်မီရောက်လာနိုင်ခြင်း ဖြစ်ရှလေသည်။

ဦးညိုသည် လှေကို ရေစုန်အတိုင်း ဆက်၍ မျှောလာသည်။ မြခက်က ကျွန်ုပ်၏ပခုံးကို လွှတ်လပ်စွာပင်မှီကာ လက်မောင်းကို ဖက်တွယ်ထားလေသည်။

ကျွန်ုပ်က မြခက်၏ခါးကို ဖက်လိုက်ရာ ခါးတွင် ဖုထစ်နေသော အရာကို စမ်းလိုက်မိသည်။ ထိုအရာမှာ ခါးတစ်နေရာသာမဟုတ် ခါးတစ်ခုလုံးတွင် ပတ်နေသည်ကို တွေ့ရလေသည်။

“ဘာတွေလဲ မြခက်ရဲ့”

ကျွန်ုပ်က ခပ်တိုးတိုးမေးလိုက်သည်။ ထိုအခါမှ မြခက်က ကျွန်ုပ်၏လက်မောင်းကို ဆိတ်ရင်း

“ဘာတွေလဲဆိုတာ သေချာစဉ်းစားကြည့်ပါဦး”

ဟုပြောသည်။

ကျွန်ုပ်သည် မြှုပ်နှံထားသော ရတနာများကို မြခက်သည် ခါးကို ပတ်မိသော အဝတ်အိတ်ရှည်လေးထဲ ထည့်ကာ ခါးပတ်ပတ်လာကြောင်း သိလိုက်ရသည်။ ထို့ကြောင့် သူမခါးမှာ သိမ်၍မနေဘဲ ခပ်တုတ်တုတ်ဖြစ်နေသည်ကို ကျွန်ုပ် သဘောပေါက်မိတော့သည်။

“မြခက်က တယ်ပြီးတော့ အကွက်မြင်ပါလား၊ ကိုယ်ကတော့ ကျန်ခဲ့ပြီလို့ အောက်မေ့တာ”

“အဲဒါကြောင့် အစ်ကိုတို့ယောကျာ်းတွေဟာ ခက်တာပေါ့ရှင်၊ ရောက်တဲ့နေရာမှာ ဒုက္ခမတွေ့အောင် ကျွန်မ ကြံစည်ရတာပေါ့”

မြခက်က ကျွန်ုပ်၏ပေါင်ကို ပုတ်ကာ ပြောလိုက်သည်။ ကျွန်ုပ်မှာ မြခက်၏ကိုယ်ကို ရင်ခွင်ထဲတွင် တင်းကြပ်စွာ ဖက်ထားလိုက်မိတော့



သည်။ လှေမှာ ပေါင်းမိုးရှိသောကြောင့် ကျွန်ုပ်တို့နှစ်ဦးကို လှေပဲ့မှ ဦးညိုက ရုတ်တရက် မမြင်နိုင်ပေ။

ကျွန်ုပ်သည် မြခက်ကို တင်းကြပ်စွာ ဖက်လျက် ရင်ခွင်ထဲသို့ ဆွဲသွင်းလိုက်၍

“ဦးညိုရှိတယ် အစ်ကို၊ ကျွန်မက ဦးညိုကို လှေခပေးရဦးမယ်”

ဟု ပြောသည်။

မကြာမီမှာပင် လှေကလေးသည် မြစ်ကမ်းစပ်ရှိ ရွာလေးတစ်ရွာတွင် ဆိုက်ကပ်လိုက်လေသည်။

“မြခက်ရေ”

“ရှင်”

“ဒါ နင်ပြောတဲ့ ရွှေကင်း ရွာပဲဟေ့”

“ကျေးဇူးပါပဲ ဦးညို၊ သစ်ပုံထိပ်မှာ ရပ်ပေးနော်”

ကျွန်ုပ်၏လက်များကို ဖြုတ်ဖယ်ကာ မြခက်က ထသွားသည်။ ကျွန်ုပ်ကလည်း လှေဦးပိုင်းသို့ မြခက် ထွက်သလို ခေါင်းငုံ့၍ထွက်လာခဲ့လေသည်။

မြစ်ကမ်းစပ်မှ လရောင်ဖြင့် တောင်ကုန်းပေါ်ရှိ ဇေတီကို ဦးစွာ မြင်ရသည်။ သန်းခေါင်ကျော်အချိန် ဖြစ်သောကြောင့် သစ်ပုံများရှိရာ ကုက္ကိုပင်များနားသို့ လှေကို ထိုးလိုက်သည်။

ထိုနေရာတွင် ကုန်းပေါ်သို့ တက်သော ဝါးတံတားလေး ရှိနေသည်။ ရေကျချိန် ဖြစ်နေသောကြောင့် ဝါးတံတားလေးမှာ တစ်ဝက်ခန့် ရေထဲတွင် ရောက်နေသည်။ ငွေစက္ကူတစ်ရွက်ကို ထုတ်ကာ ဦးညိုအား မြခက်က ပေးလိုက်သည်။

“ကျွန်မတို့ ဒီရွာမှာ နေတယ်ဆိုတာ ဘယ်သူ့ကိုမှ မပြောပါနဲ့နော်”

မြခက်က ဦးညိုကို နှုတ်ပိတ်ခအဖြစ် တစ်ရာတန်တစ်ရွက်ကို ပေးလိုက်သည်။ ထိုခေတ်က တစ်ရာတန်တစ်ရွက်၏ တန်ဖိုးမှာ မသေးလှချေ။ ဆန်တစ်ပြည်ကို ငွေတစ်မတ်သာ ရှိလေသည်။ ဦးညိုသည် ဝမ်း

www.burmeseclassic.com

www.burmeseclassic.com



သာအားရ ခေါင်းညိတ်လိုက်၏။

မြခက်သည် မူလက 'ရွှေကင်း' ရွာတွင် နေထိုင်ခဲ့ဖူးသည်။ မြခက်တို့ငယ်စဉ်ကပင် မိဘများက အင်ကြင်းမြို့သို့ ပြောင်းရွှေ့ရသောကြောင့် မြခက်တို့မောင်နှမမှာ လိုက်ပါလာခဲ့ခြင်း ဖြစ်ပေသည်။ ထို့ကြောင့် မြခက်သည် ရွှေကင်းရွာတွင် အသိမိတ်ဆွေ ပေါလှလေသည်။

မြခက်သည် ကမ်းပါးပေါ်မှ တက်လာသည်နှင့် သေဘောမှ လွတ်မြောက်လာသလို ရွှင်ပျသွက်လက်နေသည်။

"အစ်ကို"

"ဟင်"

"အစ်ကို မပျော်ဘူးလားဟင်"

"ပျော်တာပေါ့ မြခက်ရယ်"

"မြခက်တော့လေ ဒီဘဝမှာ အသက်ရှိသမျှ အစ်ကိုနဲ့ ဘယ်တော့မှ မခွဲဘူးသိလား၊ ဒီရွာမှာ မြခက်တို့အိမ်လေးတစ်လုံး ဝယ်ပြီး နေကြမယ်နော်"

မြခက်က ကျွန်ုပ်ကို မိုကာ ကနွဲ့ကလျဖြင့် ပြောလေသည်။ ရွှေကင်းရွာ၏ လှေဆိပ်ရှိ ဇရပ်လေးထဲတွင် ကျွန်ုပ်တို့နှစ်ဦး ဝင်၍ထိုင်လိုက်သည်။

"ကျွန်မ သိတယ် အစ်ကိုရဲ့၊ ကိုဇော်မင်းဟာ ရွာတော်ရှင်မ ပူဇော်ပွဲမှာ စားပြတွေကို ခေါ်ပြီးတော့ ကျွန်မတို့ကို ဒုက္ခပေးမယ်ဆိုတာ ကျွန်မ သိတယ်"

"မြခက်က ဘယ်လိုလုပ်သိသလဲဟင်"

"သိတာပေါ့ အစ်ကိုရယ်၊ မြခက်ကို ကိုဇော်မင်းက လက်ထပ်ချင်နေတာပဲ၊ ပြီးတော့ အစ်ကိုနဲ့လဲ မသင့်ကိုဖြစ်နေပြီလေ"

"မြခက်က သိပ်ပြီးတော့ ဉာဏ်ကောင်းတာပဲ"

"ဉာဏ်ကောင်းလို့ကို လိုချင်တဲ့ယောကျ်ားကို ရအောင်ယူနိုင်တာပေါ့ မဟုတ်ဘူးလား"

မြခက်က ကျွန်ုပ်၏ပေါင်ကို ဆွဲလိမ်ကာ ပြောလိုက်သည်။



"အား . . နာတယ် မြခက်ရဲ့"

"အားမနာပါနဲ့ရှင်"

"အို . . ကြည့်ပါလား"

ကျွန်ုပ်တို့နှစ်ယောက်သည် တစ်ဦးနှင့်တစ်ဦး ကျီစယ်ကစားရင်း အလွန်ပင် ပျော်ရွှင်နေကြသည်။ မကြာမီ မိုးသောက်ရောင်နီပေါ်လာကာ ဈေးသည်များ မြစ်ဆိပ်မှ တဲလေးသို့ ရောက်လာ၏။

"ဘာသည်လဲ"

"ကောက်ညှင်းပေါင်းနဲ့ ငါးကြော်"

"နှစ်ပြားဖိုးလောက်ပေးပါ"

ကောက်ညှင်းပေါင်း ပူပူနွေးနွေးနှင့် ငါးကြော်လေးများသည် စား၍ ကောင်းလှသည်။ နှစ်ပြားဖိုးဆိုလျှင် ငှက်ပျောဖက်နှင့် တစ်ပုံကြီး ရလေသည်။ ကူးတို့သမ္ဗာန်များလည်း မြစ်ဆိပ်သို့ ဆိုက်လာကြသည်။

တစ်ဖက်ကမ်းမှ ဈေးရောင်းသောသူများ တောင်းများရွက်ကာ လာကြ၏။

"သရက်သီးမှည့်ရမယ်"

"သဘော်သီးတွေလည်း ပါတယ်"

မြစ်ဆိပ်မှ ဇရပ်လေးတွင် ရောက်နေသောသူများကို အော်ရောင်းကာ အရပ်ထဲမှဖြတ်လျက် ရွှေကင်းရွာသို့ ဝင်သွားကြသည်။

"လာ . . အစ်ကို၊ ဒီ..ချိန်ဆိုရင် ဒေါ်လေးဥတို့ နိုးလောက်ပါပြီ"

ကျွန်ုပ်သည် မြခက်ခေါ်ဆောင်ရာသို့ လိုက်ပါလာခဲ့တော့သည်။ နွ..ယယ်လမ်းမှ လျှောက်လှမ်းလာရာ ပျဉ်ထောင်နှစ်ထပ်အိမ်ကြီးတစ်လုံး ရှိသော ခြံဝင်းထဲသို့ မြခက်က ကျွန်ုပ်ကို ခေါ်သွားလေသည်။

"ဒေါ်ဥရှိလား"

"ဒေါ်ဥ"

အသက်လေးဆယ်ကျော် ဘီးဆံပတ်နှင့် မိန်းမကြီးတစ်ဦးထွက်လာသည်။ မျက်နှာဝိုင်းဝိုင်းနှင့် မျက်ခုံးထူထူ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ . . အော် . . ဘယ်သူလဲလို့ မြခက် နှင် မြခက် မဟုတ်လား"

"သေချာကြည့်ပါဦး ဒေါ်ဥရဲ့"

"အော် . . မြခက်ရယ်၊ ငါ့မနည်းကြည့်ယူရတယ်။ မနက်အစောကြီးပါလား၊ အော် . . ညည်းက ယောကျ်ားရလို့ လာကြွားတာကိုး"

ကျွန်ုပ်မှာ ထိုစကားကြောင့် ရှက်သွားလေသည်။

"လာ . . ကြွားတာ မဟုတ်ဘူး ဒေါ်ဥရေ၊ ကျွန်မတို့ ဒေါ်ဥတို့ရွာမှာ နေမလို့"

မြခက်က အိမ်ပေါ်လှမ်းတက်ရင်း ပြောသည်။ လယ်တစ်ဖက်က ကျွန်ုပ်လက်ကို ဆွဲကိုင်ထားသည်။

"ကိုကျော်မောင်ရေ ထွက်ကြည့်ပါဦး၊ ဒီမှာ ရှင့်သမီး မြခက်က သူ့ယောကျ်ားကို ထွက်ပြေးမှာစိုးလို့ လက်ကို မလွှတ်ဘဲ ဆွဲထားတယ်တော့"

"အို . . ဒေါ်လေးကလဲ"

မြခက်က ရှက်သွားသည်။ သို့သော် ကျွန်ုပ် လက်ကိုကား မလွှတ်ဘဲ ခင်းထားသော သင်ဖြူးဖျာပေါ် အရောက်သွား၍ ထိုင်လေသည်။ ဦးကျော်မောင်မှာ အသက်ငါးဆယ်ခန့်ရှိ၍ နာတံပေါ်ပေါ်၊ မေးရိုးကားကားနှင့် စိတ်သဘောထားကောင်းသော ရုပ်သွင်မျိုးရှိသည်။

"မြခက် . . ဟယ် . . ဘာသံမကြား ညာသံမကြား ယောကျ်ားရနေတာကိုး"

မြခက်က ကျွန်ုပ် ထိုင်နေသည်ကို လှည့်ကာ

"ခုလာနေဦးနော် အစ်ကို"

ဟု ပြော၍ ဒေါ်ဥတို့လင်မယားနှင့် အိပ်ခန်းထဲတွင် စကားတိုးတိုးပြောဆိုတိုင်ပင်ကြသည်။ ခဏကြာသောအခါ ရေနွေးဇန်းနှင့် မြေပဲကြော်၊ ငါးခြောက်ကြော်များထည့်ကာ ဦးကျော်မောင်က ထွက်လာ၏။

"ရေနွေးသောက်ကွာ . . ငါ့တူမ ဇတ်ဇတ်ကျဲကို မင်း ယူနိုင်တာချီးကျူးပါတယ်။ ဒီရွာမှာ အခြေချလို့ကတော့ အစစအရာရာ တို့တာဝန်



ထားပါကွာ၊ ဟိုဖက်ဆားက မြေကွက်က ရောင်းချင်နေတာ ကြာပြီ၊ သူတို့က တို့အပ်ထားတယ်။ အဲဒီမှာပဲ အိမ်ဆောက်နေကြတာပေါ့"

"မြခက်သဘောပါပဲ ဦးလေး"

"အေး . . မြခက်ကို သိပ်အလိုမလိုက်နဲ့ကွ၊ ရိုက်စရာရှိတာရိုက်၊ မိန်းမဆိုတာ ရိုက်ပေးရတယ်"

မြခက်က နောက်မှ ရောက်လာကာ

"ဦးလေးကျော်နော် ဒေါ်ဥနဲ့ တိုင်လိုက်မယ်၊ ဘာတွေ မြှောက်ပေးနေတာလဲ"

ကျွန်ုပ်၏ ရင်ထဲတွင် ပျော်သည်ကိုသာ သိသည်။ မြခက်နှင့်အတူနေရတော့မည်ဆို၍ ကျွန်ုပ်မှာ ပီတိသောမနဿဖြစ်နေခြင်းဟု နားလည်မိသည်။

* * * * * *

www.burmeseclassic.com

www.burmeseclassic.com

လူ့ဘဝဆိုသည်ကား အပျော်နှင့်ပင် မပြီးပေ။ ဝမ်းနည်းကြေကွဲစရာ စိတ်မချမ်းသာစရာများလည်း သဘာဝအလျောက် ပေါ်ပေါက်လာတတ်ပေသေးသည်။

ကျွန်ုပ်နှင့် ထိုရွာသည် အလွန်လိုက်ဖက်သည်။ မကြာခဏ အလှူလုပ်လေ့ရှိသော ကျွန်ုပ်နှင့် မြခက်တို့ကို တစ်ရွာလုံးက ခင်မင်ကြသည်။ ရွာဦးကျောင်းဆရာတော်ကပင်

"ဒီလင်မယားဟာ နတ်ဆက်တဲ့ လင်မယားပဲ"

ဟု ဖွင့်ဟပြောဆိုဖူးသည်။

လူ့ဘဝကုသိုလ်ကံ ဟူသည်ကား "နတ်ဆက်သည့် လင်မယား" "ကံတူအကျိုးပေး လင်မယား" စသည့် စကားများကို အသာတကြည်ကြည့်၍ မနေပေ။

ကျွန်ုပ်နှင့် မြခက်တို့အိမ်ထောင်သက် ငါးနှစ်ခန့်အကြာတွင် မြခက်သည် မမျှော်လင့်ဘဲ လယ်တဲအနီးမှ အဆိပ်ရှိသော မြွေတစ်ကောင် ကိုက်ခြင်း ခံလိုက်ရသည်။



"ကိုပုညရေ လယ်ကွင်းထဲမှာ မြခက် ပိုးထိလို့ လဲနေတယ်"

"ဟင်"

ကျွန်ုပ်၏ ခေါင်းထဲတွင် ပူခနဲ ဖြစ်သွားသည်။ အိမ်ပေါ်မှ ခုန်ဆင်းကာ ကျွန်ုပ်တို့လယ်ကွက်ထဲသို့ ပြေးလာခဲ့သည်။ လယ်ကွက်ထဲတွင် လူများအုံနေ၏။ မြခက်သည် ကြေးတောင်းရန် လယ်တဲတစ်လုံးသို့ သွားခြင်းဖြစ်၏။

"ဟော . . ဟိုမှာ မြခက်ယောကျ်ား လာပြီ"

ကျွန်ုပ်ကို မြင်၍ လူများအားဖယ်ပေးသည်။ ကျွန်ုပ်သည် မြခက်ကို ပွေ့ချီလိုက်သည်။

"မြခက်"

"မြခက် အစ်ကိုလေ"

မြခက်သည် မှေးစင်းသော မျက်လုံးများ ပွင့်လာလေသည်။

"အစ်ကို"

"မြခက် အစ်ကိုရှိတယ်၊ ဆေးဆရာအိမ်ကို သွားမယ်နော်"

မြခက်က ကျွန်ုပ်၏လက်ကို ဆုပ်ကိုင်ကာ သူ့မရင်ဘတ်ပေါ် တင်လိုက်သည်။

"ကျွန်မ အခြေအနေကို ကျွန်မ သိပါတယ်။ အစ်ကို မြခက် အစ်ကို့ကို နှုတ်ဆက်ပါတယ်"

မြခက် ကျွန်ုပ်၏လက်ကို ဆုပ်ကိုင်ထားသော လက်များသည် ပြေကျကာ ပြုတ်ကျသွားသည်။

"မြခက်"

ကျွန်ုပ် မြခက်ကို ပွေ့ကာ အသံကုန်အော်လိုက်သည်။ မြခက်က ပြန်၍ မထူးနိုင်တော့ပေ။ သူ့ခေါင်းသည် လဲကျကာ ငြိမ်သက်နေလေပြီ။ ကျွန်ုပ်ကို အလွန်မက်မောတွယ်တာ ချစ်ခင်သော မြခက်အား ကျွန်ုပ်ကို ခွဲခွာသွားခဲ့လေပြီ။

ရွှေကင်းရွာ၏ ထုံးတမ်းစဉ်လာအတိုင်း သင်္ချိုင်းစပ်တွင် ထင်းများပုံကာ မီးတိုက်၍ အလောင်းကို သဂြိုဟ်ကြလေသည်။ မြခက်၏အခင်တို့

www.burmeseclassic.com

www.burmeseclassic.com



ကိုဘထွန်းလည်း ရောက်ရှိနေ၏။

ကျွန်ုပ်ကား ဖြေမဆည်နိုင်ဘဲ ပါးပေါ်သို့ မျက်ရည်ဖြိုင်ဖြိုင် စီးကျနေသည်။ ထင်းမီးဖြင့်တိုက်ကာ အရိုးကျသောအခါမှ အရိုးကို ကောက်ကာ ဝူသွင်းကြမည် ဖြစ်သည်။

"မြခက်"

"ကျုပ်ကို တစ်ယောက်ထဲ ထားခဲ့ပြီလား မြခက်ရယ်"

ကျွန်ုပ်သည် မချိတင်ကဲ ရေရွတ်ကာ မီးတောက်ထဲမှ မြခက်ကို ကြည့်နေသည်။

"သတိထားပါ ပုညရာ၊ ငါတို့လည်း မြခက်ကို ချစ်တာပါပဲကွာ"

ကိုဘထွန်းက ကျွန်ုပ်ကို နှစ်သိမ့်သည်။ တဖျစ်ဖျစ်မြည်ကာ လေရှိန်ဖြင့် မြခက်၏ ခန္ဓာကိုယ်ကို မီးသည် လောင်သွား၏။ ထင်းပုံသူက "အရိုးကျ"သော အနေအထားကို သိနေသည်။

တဖြည်းဖြည်း မီးများငြိမ်းသွားသောအခါ မြခက်၏အရိုးစုသည် တငွေ့ငွေ့တောက်နေသော မီးစများကြားတွင် ကျန်ခဲ့သည်။

ဦးခေါင်းရိုး၊ နံရိုး၊ တင်ပါးဆုံရိုးနှင့် ခြေချောင်းရိုးများသည် အုန်းရည်ဖြင့်လောင်းကာ ဆေးလိုက်သောအခါ ဖွေးဖွေးစင်နေသည်။ ကျွန်ုပ်သည် ထိုအရိုးစုကို မမှိတ်မသုန် ကြည့်နေမိလေသည်။ အသံများသည် တိတ်ဆိတ်သွား၏။ အရိုးစုနှင့် ကျွန်ုပ်လည်း တိတ်ဆိတ်စွာပင် ကျန်ခဲ့လေသည်။

"ရသေ့ကြီး"

"ရသေ့ကြီးဘုရား"

"ဟင်"

ထိုအခါမှ ကျွန်ုပ်သည် အတိတ်သို့ အာရုံလွင့်မျောနေကြောင်း သတိရကာ မျက်လုံးဖွင့်လိုက်မိတော့သည်။

ကျောက်တော်ကြီးဘုရားအတွင်းမှာ တိတ်ဆိတ်နေ၍ ကပ္ပိယကြီး ဦးဘိုးအေးယူလာသော ရေနံဆီမီးခွက်ရောင်သာ ရှိတော့သည်။



"ရသေ့ကြီး တစ်ညလုံး ကျောင်းပေါ်တက်မလာလို့ တပည့်တော် လိုက်လာတာ ဘုရား၊ အအေးမိနေပါဦးမယ်"

ကျွန်ုပ်မှာ အိပ်မက်မှ လန့်နိုးလာသူကဲ့သို့ ကျောက်တော်ကြီး ဘုရားကို ကန်တော့ကာ ထလိုက်သည်။ အတိတ်ဘဝများစွာတို့ကား ကျွန်ုပ်တွင် အုံ့ဩစွာရှိနေကြောင်း သိရသည်။

ကျွန်ုပ်သည် ဒါန၊ သီလ၊ ဘာဝနာတို့အား ဘဝဟောင်းမှ ပြိတ္တာများကို အမျှပေးဝေကာ ဘုရားလိုဏ်ထဲမှ ထွက်လာခဲ့လေတော့သည်။

* * * * * *

ကျွန်ုပ်သည် ကျောက်တော်ကြီးဘုရားထဲတွင် 'အဋ္ဌိကမ္မဋ္ဌာန်း' ခေါ် 'အရိုးစု' ကမ္မဋ္ဌာန်းကိုရှုကာ အရောင်အလင်းများရလျက် အရိုးက အလင်းဖြာထွက်လာပြီးမှ 'လောဘ'အာရုံ ပေါ်လာကာ ဘဝဟောင်းမှ ကိုဘထွန်းနှင့် မမြခက်တို့ကို အိပ်မက်ပမာ ပြန်မြင်လာရသည်။

ထိုဘဝတွင် ကျွန်ုပ်သည် ကာမဝိတက်ခေါ် မမြခက်၏အလှကွန် ယက်တွင် ယစ်မူးကာ နေခဲ့ပုံကို တရားမှထလိုက်သည်နှင့် အထင်းသား ပင် ဆင်ခြင်မိလေတော့၏

ကျွန်ုပ်သည် သစ်ရွက်မိုးထန်းလက်ကာ တဲကျောင်းထဲတွင် ရောက်ရှိကာ တစ်ညလုံးလိုလို အိပ်မရဘဲ အာရုံလွင့်မျောမှုကို တွေးတော နေမိရာ ကျွန်ုပ်၏ အနန္တနယဆရာသခင်၏ အသံကို ကြားရလေသည်။

"ရသေ့ကြီး စတုရင်၊ သင်ဟာ အတိတ်ဘဝက ဇနီးဟောင်းကို အာရုံပြုမိ၍ တရားကမ္မဋ္ဌာန်းမှ ပျက်ကာ အာရုံနောက်သို့ လိုက်ပါ။ သင်၏လေ့ကျက်ထားသော သမာဓိဖြင့် အတိတ်ဘဝဇာတ်ခုံထဲတွင် ပြန်လည် ဝင်ရောက်ကပြကာ ပုညနိုင်ဘဝက ကာမဂုဏ်စိတ်ဖြင့် ငိုလိုက်ရယ်လိုက် ဖြစ်ခဲ့လေပြီ"

"တင်ပါဘုရား"

ကျွန်ုပ်အကြောင်းကို အရာအားလုံး သိရှိနေသော ဆရာသခင် အား ကျွန်ုပ်သည် ဝန်ခံလိုက်ရလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



"သင်၏ သမာဓိအင်အားများမှာ ကိလေသာစိတ်၏ တိုက်ဖျက်မှုကြောင့် အင်အားရော့ပါးသွားခဲ့လေပြီ။ လောဘစိတ်သည် လောဘဟူသော ကာမစ္ဆန္ဒ နိဝရဏတရားသည် မင်္ဂစိတ်ဖိုလ်စိတ်မှ လွဲ၍ ကျန်စိတ်များကို ဖြိုကွဲပျက်စီးအောင် ဖြိုခွင်းတတ်သည်ဆိုသည်ကို မမေ့နှင့်"

ကျွန်ုပ်မှာ ဆရာသခင်၏ စကားများကို လေးနက်ရှိသေစွာ နားထောင်နေ၏။

"လောကီစိတ်(၈၁)မှာ ဒုက္ခနဲ့ မောဟ၊ ဒေါသစိတ်မျိုးကို ရှောင်ပြီး လောဘစေတသိက်က စိတ်ပေါင်း(၇၆)ခုကို အာရုံပြုနိုင်တယ်။ မျိုးချဖျက်ဆီးနိုင်တယ် ရသေ့ကြီး၊ ရသေ့ကြီးရဲ့ စိတ်နောက်ကို လိုက်ပါပြီး ငိုခြင်းရယ်ခြင်း ဖြစ်ရတာဟာ လောဘက ခြယ်လှယ်တာပဲ၊ ဒါကြောင့် လောဘကို 'သမုဒယ သစ္စာ'လို့ ဆိုတယ် ဘာဖြစ်လို့လဲဆိုတော့ ငိုခြင်းရယ်၊ ရယ်ခြင်းရယ်၊ စိတ်ဆင်းရဲခြင်းရယ်ဟာ လောဘကြောင့် ဖြစ်ပေါ်လာတာမို့လို့ပဲ ရသေ့ကြီး"

"ဘုရား"

"လောဘဆိုတာ စေတသိက်(စိတ်မဟုတ်ဘူးနော်)ကို မြင်အောင်ရှုပေတော့၊ လောဘဆိုတာ လိုချင်လိုချင်နေတယ်။ ကပ်ငြိတွယ်တာတတ်တယ်။ သေဟာတောင် ဘဝနိကန္တိလောဘဆိုတဲ့ အမျှင်လေးက နောက်ဘဝကို ရှာဖွေလိုချင်နေတယ်။ ဒါကြောင့် သံယောဇဉ်မြစ်မှာ မွန်းနစ်ပြီး ဒုက္ခပင်လယ်ထဲမှာ မျှောရတာပဲ ရသေ့ကြီး"

"မှန်လှပါ"

"လောဘဟာ သူတစ်ပါးတိုက်တွန်းလို့လဲ ဖြစ်ပေါ်တတ်တယ်၊ သူ့အလိုလိုလည်း ဖြစ်ပေါ်တ◌တယ်။ ဒါကြောင့် အာမိသလို့ဆိုတဲ့ ပစ္စည်းတွေကို မတပ်မက်အောင် ကျင့်ရတယ်။ အနိစ္စဒုက္ခ လက္ခဏာပေါ်အောင် ရှုမှတ်ရတယ် ရသေ့ကြီး၊ သတိလွတ်တာနဲ့ စိတ်က ပြေးတာပဲ၊ သူပြေးတဲ့နောက် လိုက်နေရင်တော့ မြင်းရိုင်းလိုက်စီးသလို ဖြစ်မှာပဲ"

ကျွန်ုပ်သည် ညက ဘဝဟောင်းမှ ချစ်သူခင်သူများနှင့် တွေ့ရ၍ သမာဓိပျက်ပြယ်ကာ အငိုအရယ်များ ဖြစ်ခဲ့ရာ ဆရာသခင် အနုန္တနယ၏



ပြောဆိုဆုံးမမှုကို ငြိမ်၍ ခံနေရလေသည်။

"ဒီအတိုင်းဆိုရင် ရသေ့ကြီး ဒီအမရပူရမှာ ဆက်ပြီး တရားကျင့်လို့ မရဘူး၊ စိတ်ကို တည်ငြိမ်အောင်ထိန်းပါ၊ ပြီးတော့ အဆင်း၊ အသံ၊ အနံ့နောက်ကို မလိုက်မိပါစေနဲ့၊ သတိနဲ့ခန္ဓာဖြစ်ပျက်မှုသာ ဉာဏ်ကပ်ထားပေတော့၊ နောက်ထပ်တစ်လလောက် ရသေ့ကြီး ဒီအမရပူရမြို့မှာ တရားဆက်ပြီး အားထုတ်ရမယ်၊ အဓိဋ္ဌာန်အောင်အောင် ကြိုးစားပါ"

ဆရာသခင်သည် နောက်ဆုံးအမှာစကားကို ပြောကြားပြီးနောက် အသံတိတ်ဆိတ်သွားလေသည်။ ကျွန်ုပ်မှာလည်း အနားမယူရသေးသည် ဖြစ်သောကြောင့် အိပ်ရာသို့ ဝင်ကာ လှဲလျောင်းလိုက်သည်။

ကျွန်ုပ်၏ အာရုံထဲတွင်ကား စိတ်သဘောထားကောင်းသော ကိုဘထွန်းနှင့် မြခက်တို့မောင်နှမကိုသာ မြင်ယောင်နေမိသေးသည်။

ရုပ်နာမ်ဓမ္မသင်္ခါရတွေဟာ ခဏ မစဲ ဖြစ်ပျက်ပြောင်းလဲနေကြတာပဲလေ။

* * * * * *

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်မှ အမရပူရသို့ ရောက်ရှိပြီးနောက် တရားကျင့်ကြံသော အလုပ်ကို လုပ်နေရာ ကျွန်ုပ်၏ ဆွမ်းဒကာ ကပ္ပိယကြီး ဦးဘိုးအေးနှင့် အေးဆေးစွာ စကားမပြောဆိုရပေ။

ကပ္ပိယကြီး ဦးဘိုးအေးကား အလွန့်စိတ်အေးချမ်းသူ ဖြစ်သည်။ ကျွန်ုပ်၏ ဆွမ်းကိစ္စပြုလုပ်ပြီးလျှင် ဘုရားထဲ၌ တရားထိုင်ချင်လည်း ထိုင်နေတတ်သည်။ စင်္ကြံလျှောက်ချင်လည်း လျှောက်နေတတ်သည်ကို တွေ့ရသည်။

သူ၏ဘဝမှာ တရားနှင့်သာ မွေ့လျော်လျက်ရှိသည်ကို တွေ့ရသည်။ ကျွန်ုပ်သည် နံနက်အာရုံဆွမ်းစားပြီးနောက် ကပ္ပိယကြီးဦးဘိုးအေးနှင့် စကားပြောဆိုရန် စိတ်ကူးမိသည်။

"ဦးဘိုးအေး"

"ဘုရား"

"ကျုပ်လည်း ဒီကျောက်တော်ကြီးဘုရား ရောက်လာပြီး ခင်ဗျားနဲ့အေးအေးလူလူ စကားမပြောရသေးဘူးနော်"



"ဟုတ်ပါတယ် ရသေ့ကြီး၊ ရသေ့ကြီးမှာလည်း တရားအားထုတ်ဖို့ အခွင့်အခါနဲ့ရှိနေတော့ တပည့်တော်လည်း အနှောင့်အယှက် ဖြစ်မှာစိုးလို့ စကားမပြောရတာပါ"

"ဒီနေ့တော့ ကျုပ်လည်း စိတ်တွေကို လျှော့ချပြီး တရားအခွင့်အခါနဲ့ ကို မှန်မှန်လုပ်ဖို့ စိတ်ကူးပါတယ် ကပ္ပိယကြီး"

"ကောင်းပါတယ် . . ရသေ့ကြီး၊ လောကီအလုပ်ဖြစ်ဖြစ် လောကုတ္တရာအလုပ်ဖြစ်ဖြစ် စိတ်နောက်ကိုယ်ပါ အလောတကြီးလုပ်တာ အကျိုးမများပါဘူး၊ ချင့်ချင့်ချိန်ချိန် တွေးတွေးဆဆ လုပ်တာဟာ အမှန်ဆုံးပါပဲ"

ကျွန်ုပ်သည် ရောက်ကတည်းက တရားကမ္မဋ္ဌာန်းကိုသာ အာရုံစူးစိုက်နေရာ ကပ္ပိယကြီး ဦးဘိုးအေးသည် ကျွန်ုပ်ထက် အသက်အနည်းငယ်ကြီးသူဖြစ်၍ ကျွန်ုပ်အား တစ်နည်းအားဖြင့် ချိန်ဆလုပ်ကိုင်နိုင်ရန် သတိပေးပြောဆိုနေသည်။

ကျွန်ုပ်မှာ အာရုံခံစားမှုများကို တားမြစ်ငြင်းပယ်ခြင်း မပြုနိုင်သောကြောင့် ထိုအာရုံများ ခေါ်ဆောင်ရာသို့ လိုက်ပါသွားမိကာ တရားလက်လွှတ်ဖြစ်တတ်သည်။ ကပ္ပိယကြီးမှာလည်း တရားအားထုတ်နေသူသာဖြစ်သောကြောင့် ထိုကဲ့သို့ ဖြစ်မဖြစ်ကို သိရှိလိုက်သည်။

"ကပ္ပိယကြီး"

"ဘုရား"

"အာရုံခံစားမှုဟာ တော်တော်ဆိုးတာပဲနော်"

"တင်ပါ့ဘုရား စေတသိက်(၅၂)ပါးနဲ့ စိတ်(၈၉)ပါးကလည်း လူကို အမျိုးမျိုးခြယ်လှယ်နေကြတာပါပဲ"

"အာရုံထဲမှာ ပေါ်ပေါက်လာတဲ့ ခံစားမှုတွေကို ခွဲသတ္တိနည်းနည်းနဲ့တော့ ဖြတ်တောက်လို့ မရဘူးထင်တယ်"

"ဘယ်ရပါ့မလဲ ရသေ့ကြီးရယ်၊ တပည့်တော်တို့ရဲ့ [illegible] ခံတတ်ခံနဲ့ ဆိုင်တာပေါ့၊ တပည့်တော်ဆိုရင် ဒေါသခံတတ်ခံ [illegible] ဒေါသခံတတ်ခံကြောင့် ဘဝတစ်လျှောက်လုံး အာရုံနှောင့်လိုက်ပြီး [illegible]

www.burmeseclassic.com



ဖြစ်ခဲ့ရသလို တရားရှာတဲ့အခါမှာလဲ အများကြီး အနှောင့်အယှက်ဖြစ်ရတာပဲ၊ ဒါကြောင့် မေတ္တာသုတ်ကို ရွတ်ပြီး တပည့်တော် မေတ္တာဘာဝနာပဲ ပွားနေရတော့တာပါပဲ ဘုရား"

"အင်း . . ဦးဘိုးအေးရဲ့ မေတ္တာသုတ်ရွတ်သံကို ကျုပ် ကြားမိပါရဲ့၊ ကမ္မဋ္ဌာန်းလေးဆက်မှာတော့ ဒေါသကြီးတဲ့သူဟာ မေတ္တာဘာဝနာပွားရမယ်ဆိုတာပဲ"

"မှန်ပါတယ်ဘုရား တပည့်တော်ကိုလည်း မေတ္တာဘာဝနာကကယ်လို့ အခုလို ငြိမ်းချမ်းတဲ့ ဘဝကို ရောက်ခဲ့ရတာပါ၊ တပည့်တော်ဟာ ဒီလိုစိတ်အေးလူအေးဘဝ ရောက်မယ်လို့ ငယ်ငယ်က မတွေးခဲ့မိဘူး"

ကပ္ပိယကြီး ဦးဘိုးအေးက သူ၏ဘဝကို အမှတ်ရမိဟန်ဖြင့် ရေရွတ်ပြောဆိုလိုက်သည်။ ကျွန်ုပ်မှာလည်း ကပ္ပိယကြီးဦးဘိုးအေး၏ ငယ်စဉ်ကအဖြစ်အပျက်များကို သိရှိလိုသည်နှင့်

"ဘယ်လိုများဖြစ်ခဲ့လို့လဲ ဦးဘိုးအေး"

ဟု မေးလိုက်ရာ

"တပည့်တော်ဘဝဟာ ရှုပ်ထွေးဖွေလီလှပါတယ်ဘုရား"

ဟု ဆိုကာ အစချီ၍ ပြောပြလေတော့၏။

* * * * * *

ကသာထောင်ကြီးတွင် ထောင်သားသစ်များ ရောက်ရှိလာသောကြောင့် ထောင်တွင်းအမှုထမ်းများသည် အလုပ်ရှုပ်လျက် ရှိနေလေသည်။ ကသာထောင်ဘူးဝမှ တာဝန်ကျသော ထောင်မှူးသည် သူ၏လက်အောက်အခန်းအုပ်များ၊ တန်းစီးများနှင့် စာရင်းစာရွက်ကိုကိုင်ကာ လူများ စစ်လျက်ရှိသည်။

"မြင့်သောင်း"

စာရင်းစာရွက်မှ နာမည်ကို ခေါ်လိုက်သည်။ ထိုအခါ ထောင်တွင်းသို့ ရောက်ရှိလာသူက



"အဘနာမည် ညီထွန်း၊ ၃၇၉(၅၄) ဖောက်ထွင်းမှု မသင်္ကာ"

ဟု အော်ပြောရလေသည်။ ဤသို့ဖြင့် ပုလိပ်ချုပ်မှ ထောင်ထဲသို့ ရောက်လာသူများအားလုံးကို နာမည်နှင့် အဘအမည်မှန်မမှန် စစ်ဆေးကြရလေသည်။

ထောင်မှူးသည် အဘအမည်နှင့် အမှုတွဲမှန်လျှင် သူ့လက်ထဲမှ စာရွက်တွင် အမှတ်ခြစ်လိုက်ရတတ်သည်။

"ဘိုးအေး"

"ရှိ"

"အဘအမည် ဦးတင်အေး ၃၁၂(က) လူသတ်မှု"

အသက်နှစ်ဆယ်အရွယ်သာ ရှိသေးသော အသားဖြူဖြူ၊ အရပ်မြင့်မြင့် မောင်ဘိုးအေးသည် သူ၏အဘအမည်နှင့် အမှုကို အော်ဟစ်လိုက်ရသည်။

ထောင်မှူးကြီး ဦးကျော်ဇောမှ အိန္ဒိယမြန်မာကပြားကြီး ဖြစ်သည်။ သူ၏နှုတ်ခမ်းမွေးများကို သပ်ကာ ရုပ်ရည်သနားကမား ရှိသည့် ဘိုးအေးကို စူးစိုက်ကြည့်လိုက်သည်။

ထို့နောက် လက်နှင့်ဖယ်ကာ ရှေ့ဆက်သွားခိုင်းလိုက်သည်။ ထောင်ထဲမှ ဘာရာနှစ်ဦးက သူ၏ကိုယ်ခန္ဓာတွင် ငွေနှင့် လျှို့ဝှက်ယူလာသော ပစ္စည်းရှိမရှိ ရှာဖွေစမ်းသပ်ကြလေသည်။

ပုဆိုးကိုပါ ဖြေပြရသည်။ တစ်ကိုယ်လုံး ရှိသမျှကို အကုန်စမ်းပြီး စိတ်ကျေနပ်မှ နှစ်ယောက်တစ်တွဲတန်းစီ ခိုင်းထားလိုက်သည်။

ဘူးဝမှ ဝင်လာသော ထောင်သားများကို စစ်ဆေးပြီးသောအခါ သက်ဆိုင်ရာ အချုပ်ထောင်များသို့ ဘာရာတစ်ဦးက ခေါ်ဆောင်သွားလေတော့သည်။

ဘိုးအေးသည် ရုံးထုတ်စစ်ဆေးရန်ရှိသည့်အတွက် ထောင်ကြိုချုပ်များကိုထားသော တိုးချဲ့ဆောင်တွင် နေရာချထားခြင်း ခံရလေသည်။

ထောင်ထဲသို့ ရောက်သည်နှင့် အခန်းမှူး ဗဟာဒူး မောင်သိန်းဖြင့် စတင်တွေ့မြင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘိုးအေး ဝင်"

ဘိုးအေးက အချုပ်ခန်းထဲသို့ ခေါင်းငုံ့ဝင်လိုက်သည်။

"ခွပ်"

"အား"

အခန်းတွင်းသို့ ဝင်လာသည့် ဘိုးအေးကို အမှတ်မထင် အခန်းမှူး ဗဟာထူးက လက်သီးဖြင့် ထိုးလိုက်သောကြောင့် အချုပ်ခန်းထဲတွင် လဲကျသွားလေသည်။

ဘိုးအေးသည် မည်သည့်အပြင်မျှ မကျူးလွန်ဘဲ အထိုးခံရခြင်းဖြစ်သည်။ ထို့ကြောင့် နှုတ်ခမ်းထောင့်စွန်းမှ သွေးများကို လက်ခုံဖြင့် သုတ်လိုက်ပြီးနောက် အခန်းမှူး 'ဗဟာထူး' ကို ကြည့်လိုက်သည်။

"ကျုပ်ကို ဘာလို့ထိုးတာလဲ"

အရပ်မြင့်မြင့် ဗလကောင်းကောင်းနှင့် ဘိုးအေးက ပြန်မေးလိုက်၍ ဗဟာထူးက ဒေါပွကာ

"အောင်မာ . . မင်းကို ငါ့လက်သီးအကြောင်း ပြထားတာလေ၊ နောက်ထပ်ခံချင်သေးလို့လား"

ဟု မေးသည်။

ဘိုးအေး၏ ဒေါသ ကျွရှိန်းက ထလာလေတော့သည်။

"ဒီမှာ ကျုပ် ထောင်စည်းကမ်းကို ဘာမှဖောက်ဖျက်တာ မဟုတ်ဘူး၊ ခင်ဗျား သတ္တိရှိရင် နောက်တစ်ချက် ထိုးကြည့်ပါလား"

ဗဟာထူးက သူ့လက်သီးကို ပြင်လိုက်ကာ ရှေ့သို့ တိုးလာသည်။ အချုပ်ခန်းထဲမှ အချုပ်သားများက ထိတ်လန့်စွာ ကြည့်နေကြသည်။

"ကဲ . . ငါ့ကို ပြန်ချေဦး"

ဗဟာထူးက ဘိုးအေးကို ပြုံးကာ ထိုးလိုက်၏။

ဘိုးအေးက ခေါင်းကိုငုံ့ပေးလိုက်ကာ ဗဟာထူး၏ ချိုင်းကြားကို သူ့လက်သီးထိုးချလိုက်သည်။

"ဘုန်း"

"အား"



အခန်းမှူး ဗဟာထူးမှာ ဘုန်းခနဲ လဲကျသွားလေတော့သည်။ သည့်နောက်တော့ ဗဟာထူးနှင့် ဘိုးအေးတို့ သူတစ်ပြန်ကိုယ်တစ်ပြန် ထိုးသတ်ကြလေတော့သည်။

ဘိုးအေးမှာ မြန်မာ့လက်ဝှေ့ကို ကောင်းစွာ ထိုးဖူးသူဖြစ်ပြီး တိုက်ခိုက်ရေးနည်းအမျိုးမျိုးကို လေ့လာလိုက်စားသူဖြစ်ရာ မိနစ်ပိုင်းအတွင်းမှာပင် ဗဟာထူးသည် မထနိုင်အောင် လဲကျသွားလေတော့သည်။

အချုပ်ခန်းထဲသို့ ရောက်လာသော ဘာရာနှစ်ဦးသည် တုတ်ဖြင့် ဘိုးအေးကို ဝင်ကာ ရိုက်၏။ ဘိုးအေးက လက်သီးချက်ဖြင့် တစ်ယောက်တစ်ချက် ထိုးလိုက်ရာ ဘာရာများ လဲကျသွားလေသည်။

"အချုပ်ထောင်ထဲမှာ ရန်ဖြစ်နေကြပြီ"

"ထောင်မှူးကြီးကို အကြောင်းကြားကြ"

ဘိုးအေးနှင့် ဘာရာများသည် ထိုးကြရိုက်ကြ ဖြစ်နေရာ မကြာမီ ဘာရာတစ်ဦး၏ အကြောင်းကြားမှုကြောင့် ထောင်မှူးကြီး ရောက်ရှိလာလေတော့သည်။ ထောင်မှူးကြီးသည် ဘောင်းဘီတို အင်္ကျီလက်တိုဖြင့် နံပါတ်တုတ်ကို ကိုင်ကာ ရောက်လာသည်။

"ဟေ့ . . ရပ်လိုက်ကြစမ်း"

ထောင်မှူးကြီးက အော်လိုက်သောကြောင့် ဘာရာများရော ဘိုးအေးပါ ထိတ်လန့်ကာ ရန်ပွဲကို ရပ်လိုက်သည်။

ဘိုးအေး၏ခေါင်းတွင်လည်း တုတ်ချက်မိထား၍ သွေးများရွှဲနေသည်။ အခန်းမှူး ဗဟာထူးကတော့ မထနိုင်။

"ဘာရာနှစ်ဦး သူ့ကိုခေါ်ခဲ့"

ဟု အမိန့်ပေးလိုက်သည်။

ဘိုးအေးသည် ထောင်ကို အုပ်ချုပ်သူရောက်လာမှန်း သိသောကြောင့် ဘာရာနှစ်ဦး၏လက်ကို ချုပ်ကိုင်ခြင်း ခံရသည်ကို မမှန်းတန်းတော့ဘဲ အချုပ်ထောင်ထဲမှ ထွက်ကာ လိုက်ခဲ့သည်။ တံခါး[illegible] ဘိုးအေးထွက်သွားပြီး တံခါးကို ပြန်ပိတ်ကာ သော့ခတ်လိုက်လေသည်။

ထောင်မှူးကြီးသည် ထောင်ထဲရှိ သူ၏အနားယူရာ အိမ်ကလေး

www.burmeseclassic.com

www.burmeseclassic.com



သို့ ဘိုးအေးကို ခေါ်လာခဲ့၏။ ထောင်မှူးကြီးက ဘိုးအေးကို အကျိုးအကြောင်း မေးသည်။ ဘိုးအေးက သူ့အား အချုပ်ထောင်ထဲသို့ ဝင်ဝင်ချင်း လက်သီးနှင့် ထိုးသည်ကို ခုခံကာ ပြန်၍ထိုးနှက်ကြောင်း ပြောပြသည်။

"မင်းသတ္တိက ဘယ်ဆိုးလို့လဲကွ၊ ထောင်ထဲရောက်တာတောင် အုပ်ချုပ်တဲ့သူကို ပြန်ခုခံရဲတယ်ဆိုတော့ အပြစ်ပေးမှာ မကြောက်ဘူးလား"

"ထောင်မှူးကြီး ပေးတဲ့အပြစ်ကို ကျွန်တော် ခံပါ့မယ်"

ဘိုးအေးက ခပ်တည်တည် ပြောသောကြောင့် ထောင်မှူးကြီး ဦးကျော်ဇောက ခေါင်းညိတ်လိုက်သည်။

"အေး . . ကောင်းပြီ၊ မင်းကို ငါ အမှန်တော့ ကော်စားတိုက်ပိတ် အပြစ်ပေးရမှာ"

"ကော်စားတိုက်ပိတ်"ဆိုသည့်စကားကို ထိုအခါမှပင် ဘိုးအေး ကြားဖူးလေသည်။ ကော်စားတိုက်ပိတ်ဟူသော စကားကို ထောင်သားများ ထံ နောက်မှ စုံစမ်းကြည့်သောအခါ တစ်ယောက်စာတိုက်ကလေးထဲတွင် အလုံပိတ်ကာ စားချိန်တွင် ကော်ရည်ကဲ့သို့ ပစ်ချွဲနေသော ထမင်းပျော့ကို ပေးသည်ဟု သိရလေသည်။

ဗြိတိသျှလက်အောက်ခံ ကိုလိုနီခေတ်ဖြစ်သောကြောင့် အင်္ဂလိပ် အစိုးရ၏ မြန်မာလူမျိုးအပေါ် ရက်စက်မှုကို ခံရသည့်အချိန် ဖြစ်သည်။ ထောင်မှူးကြီးသည် ငယ်ငယ်ရွယ်ရွယ်နဲ့ ကြီးလေးသောအပြစ်ဒဏ်ကို ခံရမည့်ဘိုးအေးကို သနားကရုဏာသက်မိပုံရသည်။

"မင်းကို ခြေကျင်းခတ်ရမယ်"

သံထောက်ပါသော ခြေကျင်းကွင်းကို ဘိုးအေး ဝတ်ဆင်ရလေတော့၏။

* * * * * *

မြက်ပင်များကို သူ့ဓားနှင့် ဓော့၍ ခုတ်လိုက်တိုင်း သံခြေကျင်းသံက ချွင်ခနဲ ချွင်ခနဲ မြည်၏။ ခြေတစ်လှမ်းလှမ်းလျှင် ချွင်ခနဲ မြည်ကာ ခြေလှမ်းကို မြန်မြန်လှမ်း၍မရ။ သံခြေကျင်းနှစ်ခုကို ဘယ်ညာခြေထောက်တွင် စွပ်ထားပြီး အလယ်မှသံထောက် တစ်ပေခန့်ခံထားသောကြောင့် လမ်းကို မြန်မြန်လျှောက်၍မရပေ။

လမ်းလျှောက်တိုင်း လေးသောသံချောင်းကြီးကိုလည်း သယ်နေရသည်။ ထောင်မှူးကြီး ဦးကျော်ဇောက သူ၏ပန်းခြံထဲမှ မြက်များကို ဘိုးအေးအား ခုတ်ခိုင်းထားခြင်းပင် ဖြစ်လေသည်။

ထောင်မှူးကြီး၏ မိသားစုနေသည့် အိမ်မှာ ထောင်အုတ်နံရံ သားတွင် ကပ်ကာ ဆောက်ထားသော နှစ်ထပ်တိုက်လေးဖြစ်သည်။ ထောင်ကြီး၏ မလွယ်ပေါက်တံခါးမှ အစောင့်နှစ်ဦး၏ သေားရှိ [illegible] နှစ်ထပ်ကို ကျော်ကာ ထွက်လိုက်လျှင် ထောင်မှူးကြီးအိမ်ရှိ [illegible] သို့ တည့်မတ်စွာ ရောက်မည်ဖြစ်သည်။

အင်္ဂလိပ်အစိုးရ အမှုထမ်းဖြစ်သော ထောင်မှူးကြီး ဦးကျော်ဇော

www.burmeseclassic.com



သည်၊ နှစ်ထပ်တိုက်ပုလေးကို ခြံ၏အလည်တွင် ဆောက်လုပ်ထားပြီး ခြံရှင်းအွင် သူ့သမီး သူဇာမြင့် စိုက်ထားသည့် ပန်းဥယျာဉ်လေး ရှိသည်။ မာလီက မြက်များရှင်းသော်လည်း ခြံမှာ ကျယ်သောကြောင့် မာလီတစ်ဦး မနိုင်ဖြစ်နေသည်။

ထို့ကြောင့် တစ်လလျှင် တစ်ခါလောက် ထောင်ကျများကို ခေါ်၍ ရှင်းလင်းပစ်ရသည်။ ယခုတော့ ထိုတာဝန်ကို ဘိုးအေးအား ပေးထားလေသည်။ ဘိုးအေးသည် ဘာရာနှစ်ဦးနှင့် မိုးလင်းလျှင် ရောက်လာပြီး ဘိုးအေးအား လုပ်ကွက်ကို ပြကာ ဘာရာများက ပြန်သွားကြလေသည်။

ထောင်မှူး ဦးကျော်အေး အိမ်ပေါက်ဝတွင် သေနတ်ကိုင်သော ဂေါရာအစောင့်ပုလိပ်ရှိသည်။ ထို့ကြောင့် ဘိုးအေး ထွက်ပြေးမှာ မပူရချေ။

သူဇာမြင့်သည် နံနက်စာစားရင်း ပေါက်တူးဖြင့် မြက်များ ရှင်းလိုက်၊ ဓားကိုယူကာ မြက်ပင်ရှည်များ ခုတ်လိုက်လုပ်နေသော ဘိုးအေးကို တွေ့သွားသည်။

ဘိုးအေးမှာ အသားဖြူဖြူ၊ မျက်ခုံးထူထူနှင့် နုပျိုသော ရုပ်လက္ခဏာရှိသည်။ အသက်အရွယ်မှာလည်း ငယ်သေးသည်ကို တွေ့ရ၍ သူဇာမြင့်က စိတ်ဝင်စားသွားလေသည်။

"ဖေဖေ"

"ဟော"

"ဟိုအကျဉ်းသားက ထောင်ကျလား"

"ထောင်ကျပေါ့ သမီးရဲ့၊ ထောင်ကျရုံတင်မကဘူး သံထောက်ခြေကျင်းပါ တပ်ထားရတယ်"

"ဘာဖြစ်လို့လဲ"

"ဟာ . . သူက ထောင်ထဲရောက်တာတောင် အခန်းမှူးတွေကို ပြန်ပြီး ထိုးကြိတ်တာကိုး"

သူဇာမြင့်၏ စိတ်ထဲမှ



"တော်တော်သတ္တိကောင်းတဲ့သူပဲ"

ဟု မှတ်ချက်ချလိုက်သည်။ နံနက်အစာစားချိန်သို့ ရောက်သောအခါ အိမ်မှ ဘာရာတစ်ဦးက ထမင်းပန်းကန်ပြားထဲသို့ ထမင်းနှင့်ဟင်းများပုံကာ မြက်နုတ်ရာမှ ခေတ္တထိုင်နားနေသော ဘိုးအေးထံ သွားပေးရလေသည်။

သူဇာမြင့်က ထမင်းဟင်းထည့်နေသော ဘာရာကို တွေ့၍

"ဦးလေး ဒါဘယ်သူ့ဖို့လဲ"

ဟု မေးသည်။

"ဟိုအကောင်ဖို့လေ"

"ခဏလေး"

သူဇာမြင့်က သူတို့ထမင်းစားခန်းထဲ ဝင်သွားသည်။ ထို့နောက် ဆိတ်သားကြော်နှစ်တုံးယူကာ ထည့်ပေးလိုက်သည်။

ပြတင်းပေါက်မှ လှမ်းကြည့်နေသောကြောင့် အကင်းပါးသော ဘာရာမှာ ဆိတ်သားကြော်နှစ်တုံးကို သူစားဖို့ယူကာ မထားရဲတော့ပေ။ ထိုနေ့က ဘိုးအေးသည် ဝတ်ဝတ်ဖြင့် ထမင်းကို ဆိတ်သားကြော်ဖြင့် အားရပါးရ စားရလေသည်။

* * * * * *

ဘိုးအေးသည် ပေါက်တူးကို ချကာ နဖူးမှ ချွေးများကို လက်ခုံဖြင့် သပ်ချလိုက်၏။ သူ၏နှာခေါင်းထဲတွင် အမွှေးနံ့တစ်မျိုးကို ရရှိနေသည်။ သူလှည့်ကြည့်လိုက်သောအခါ နှာတံပေါ်ပေါ် မျက်လုံးပြူးပြူးနှင့် မိန်းကလေးတစ်ဦးကို တွေ့ရသည်။

ထိုနေ့မှာ ဘိုးအေး ထောင်မှူးကြီး၏ အိမ်တွင် မြက်ရှင်း၍ သုံးရက်မြောက်နေ့ပင် ဖြစ်လေသည်။

"ကျုပ်ကို ဘာများခိုင်းစရာရှိလို့လဲ"

ဘိုးအေးက သူဇာမြင့်ကို လှည့်ကာ မေးလိုက်လေသည်။

"ကျွန်မ မီးဖိုထဲက ရေပိုက်ပြတ်သွားလို့ရှင့်၊ ရေတွေ ထွက်နေ

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ အဲဒါ ရှင်များလုပ်တတ်မလားလို့"

"ဝက်အူရစ်ရှိသလား"

"ရှိပါတယ် . . ကျွန်မအားနဲ့တော့ မရဘူး"

"ကျုပ် လိုက်ကြည့်မယ်လေ"

ဘိုးအေး လိုက်သွားသည်။ အိမ်ပေါက်ဝမှ တံခါးစောင့်နှင့် ခြံစောင့်က လှမ်းကြည့်နေသည်။ သူဇာမြင့်မှာ ထောင်မှူးကြီး၏သမီး ဖြစ်သောကြောင့် မည်သူမျှ တားမြစ်ပိတ်ပင်ရဲသူ မရှိပေ။

မာလီကြီးမှာ မီးဖိုထဲတွင် ပန်းကန်ဆေးသော ဘေဆင် ခေါ်ကြွေဇလုံမှ ပိုက်ခေါင်းဆက်ပြုတ်နေ၍ ဆွဲကပ်နေရာ ပိန်လှီသော သူ၏လက်အားဖြင့် မရတော့ပေ။

"ကဲ . . မာလီကြီး၊ ရှင် သူရဲ့အလုပ်သွားလုပ်ပေးလိုက်၊ သူ ရေပိုက်ပြင်ပါလိမ့်မယ်"

ထောင်သားတစ်ဦးအဖို့ ဤသို့ လူကြီး၏ အိမ်တွင် ပြင်ဆင်မှု အလုပ်လုပ်ရခြင်းမှာ ထီပေါက်သကဲ့သို့ပင် ဖြစ်သည်။

ထို့ကြောင့် ဘိုးအေးသည် ဉာဏ်ကောင်းသူ ဖြစ်သည့်အတိုင်း ရေများကျနေသည့် အပေါက်မှ ပိုက်ခေါင်းကို ဆွဲယူကာ ဆက်ကြည့်သည်။ မမိတမိ ဖြစ်နေ၏။ ထို့ကြောင့် သူဇာမြင့်ဘက်သို့ လှည့်ကြည့်ကာ

"ဝက်အူလှည့် မရှိဘူးလား"

ဟု မေးလိုက်သည်။ သူဇာမြင့်က

"အော် . . ရှိပါတယ်ရှင့်၊ ဒီမှာ"

ဟုဆိုကာ ဝက်အူလှည့်တစ်ခုကို ပေးသည်။ သူသည် နံရံနံ တိုင်တွင် ဘေဆင်ကို ဆွဲထားသည့် သံပြားနှစ်ခုကို ဖြုတ်သည်။ ထို့နောက် အောက်သို့ ဆွဲချကာ ပြန်၍ ကြပ်လိုက်လေသည်။ ဝက်အူလှည့်ကို ချကာ လိုက်ခေါင်းနှစ်ခုကို ဆက်ကြည့်သောအခါ အံကိုက်ဖြစ်သွားလေသည်။

သည်တော့မှ သူသည် ဝက်အူရစ်ကို လှည့်ကာ ခေါင်းကို ကြပ်



လိုက်သည်။ ထို့နောက် ရေတစ်ခွက်ကို ဘေဆင်ထဲသို့ ထည့်ကြည့်ရာ ရေများဘေးသို့ မဖိတ်ဘဲ အောက်ပိုက်ထဲသို့ ကျသွားလေတော့သည်။

"ရှင်က ဘယ်ဆိုးလို့လဲ ပိုက်ပြင်ပိုက်ဆက် လုပ်ဖူးလား"

"မလုပ်ဖူးပါဘူး"

"ဟင် . . ဒါဆို ဒီရေပိုက်ကို ရှင် ဘယ်လိုလုပ်ပြီးတော့ ပြင်တာလဲ"

"ဖြစ်နေတာကို ကြည့်ပြီး စဉ်းစားလုပ်တာပါပဲဗျာ၊ ကဲ . . ကျုပ် သွားလို့ရပြီလား"

"နေပါဦးရှင်"

သူဇာမြင့်က စူးရဲသော မျက်လုံးဖြင့် ကြည့်နေ၍ မျက်လုံးချင်း ဆုံမိသော ဘိုးအေးမှာ သူ၏မျက်လုံးကို လွှဲလိုက်သည်။

"ဘာခိုင်းစရာရှိသေးလို့လဲ"

"ခိုင်းမလို့ မဟုတ်ပါဘူး၊ စကားပြောစရာရှိလို့ပါ"

"တော်ကြာ ထောင်မှူးကြီးလာရင်"

"ဒီမနက်တော့ မလာဘူးရှင့်၊ အရေးပိုင်ရုံးမှာ အစည်းအဝေး ရှိတယ်၊ ကျွန်မ မေမေလည်း ဇနီးမော်က အမျိုးတွေဆီသွားတယ်၊ ရှင် ဘာမှုနဲ့ ထောင်ကျတာလဲ"

"လူသတ်မှု"

ဘိုးအေး၏ အဲဖြေစကားကြောင့် သူဇာမြင့်က ထိတ်လန့်သွားသည်။

"ရှင်က လူသတ်မှုကျူးလွန်တယ် ဟုတ်လား"

"ဟုတ်ပါတယ်"

"လူသတ်မှုဆိုတာ ရှင်ပြောမှ ကြားရတော့တယ်၊ ဘယ်လိုဖြစ် ရတာလဲရှင်၊ ရှင်ဟာ ငယ်ငယ်လေးရှိသေးတာပဲ၊ ရှင်က ဘယ်သူ့ကို သတ် တာလဲ"

"မြန်မာလူမျိုးတွေကို အတိုးတွေပေး ငွေချေးပြီး လယ်တွေ သိမ်း၊ မြန်မာမိန်းကလေးကိုပါယူ လုပ်နေတဲ့ ချစ်တီး ကုလားကိုပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"အို"

သူဇာမြင့်သည် ပါးစပ်လေးဟောင်းလောင်း ဖြစ်သွားလေတော့သည်။

"ပြစ်မှုကျူးလွန်ရင် ထောင်ကျမယ်ဆိုတာ ရှင် မသိဘူးလား"

"သိတာပေါ့ဗျာ၊ ဒါပေမယ့် သိပ်မတရားတာခံရလို့ မကျေမနပ်ဖြစ်ပြီးတော့ ခုလိုလုပ်လိုက်မိတာပါပဲ၊ ကျုပ်တို့မှာ ဘိုးဘွားပိုင်တဲ့ လယ်ကေ ရှစ်ဆယ်ကျော် ရှိတယ်"

ဘိုးအေးက သူ၏ဘဝဇာတ်လမ်းကို စ၍ ပြောလိုက်၏။

"ကဲ . . ရှင် ဒီမနက်တော့ ဒီထမင်းစားခန်းထဲမှာပဲ ထမင်းစားသိလား၊ ဘယ်သူမှ ကြောက်စရာမလိုဘူး၊ သူတို့မေးရင် ကျွန်မက ခိုင်းစရာရှိလို့ ခိုင်းထားတယ်ပြော ထိုင်ပါဦး"

ထမင်းစားပွဲရှိ ကုလားထိုင်တွင် ဘိုးအေးကို ထိုင်ခိုင်းသည်။ ဘိုးအေးသည် ညောင်းညာနေသောကြောင့် ဝင်ထိုင်လိုက်သည်။ သူဇာမြင့်က ဘိုးအေးကို ကော်ဖီတစ်ခွက်ဖျော်ကာ ပေးသည်။

"ကျုပ် မသောက်ချင်ဘူး"

"သောက်ကြည့်ပါဦး ရှင် အမောပြေသွားလိမ့်မယ်"

သူဇာမြင့်၏ အသံကလေးက ချိုသာသည်။ မျက်နှာက ပြုံးနေသည်။

ဘိုးအေးသည် ကော်ဖီပန်းကန်ကို ကိုင်ကာ တစ်ငုံသောက်ကြည့်သည်။ အရသာရှိပါဘိခြင်း၊ ဘိုးအေးတစ်သက်နဲ့ တစ်ကိုယ် ထိုအရသာမျိုးကို မြည်း၍ပင် မကြည့်ဘူးခဲ့။

"ဘယ်လိုနေလဲရှင့်"

"အင်း . . ကောင်းသား"

ရိုးရိုးကြီး ပြောသည့် ဘိုးအေးကို ပြုံးကြည့်ရင်း

"ကဲ . . ကောင်းရင် ကော်ဖီသောက်ရင်း ရှင် အမှုဖြစ်ရပုံကို ပြောပါဦး"

* * * * * *

ဦးတင်အေးသည် ဇနီးဖြစ်သူ ဆုံးသွားပြီးနောက် သူ၌ရှိသော လယ်ကေရှစ်ဆယ်ခန့်ကို နွားတစ်ရှဉ်းနှင့် လုပ်ကာ သားသမီးနှစ်ဦးကို ကျွေးမွေးလာခဲ့လေသည်။

သူ့မိတ်ဆွေများသည် ချစ်တီးကုလား 'မုရာမ' ထံတွင် ငွေချေးကာ အတိုးမပေးနိုင်သောကြောင့် လယ်ကို ထိုးအပ်ကာ လယ်မရှိတော့၍ ဆင်းတိုက်သူတိုက်နေကြရပြီ။

ထို့ကြောင့် ဦးတင်အေးသည် ချစ်တီးကုလားများကို အလွန်ပင် မုန်းကာ ဆက်ဆံပြောဆိုခြင်း မပြုခဲ့ပေ။

သို့သော် တစ်နေ့တွင် မုရာမ၏တပည့် 'အာရတီး' သည် ငွေထုပ်တစ်ထုပ်နှင့် အိမ်သို့ ရောက်လာသည်။

"ဆရာမုရာမက တောထဲသွားချင်လို့ ဒီငွေလေးသုံးရာကို ဆရာ့ဆီမှာ ခဏအပ်ထားချင်တယ် ပြောတယ်၊ သူ တောကပြန်လာရင် ဆော့ပြန်ယူပါ့မယ်တဲ့"

ဦးတင်အေးက နွားစာစင်းနေရာ သူ့သားဘိုးအေးသည်း ရှိလေ

www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဟော့ . . ကုလား၊ ရှုပ်ရှုပ်ရှက်ရှက် လာလုပ်မနေနဲ့၊ တောထဲ သွားသုသွားပေါ့ကွ"

ဘိုးအေးက လှမ်းပြောလိုက်သည်။ သို့သော် အာရတီးက

"စိတ်ချရတဲ့အိမ်ဆိုလို့ ဆရာကြီးရဲ့အိမ်ပဲ ရှိတယ်ပြောလို့ပါ"

ဟု ဆိုသည်။

"ကဲပါ သားရာ ယူထားလိုက်ကွာ၊ ညနေကျ လာယူမှာ မဟုတ်လား"

"အား . . ဆရာစိတ်ချ လာယူမှာပါ"

ဘိုးအေးက ငွေထုပ်ကို ယူကာ အိမ်ပေါ်မှ ဆန်ပြာနေသော သူ့အစ်မ 'ရွှေမိ'အား "ရော့ . . အစ်မ သေတ္တာထဲ ထည့်ထားလိုက်" ဟု ဆိုကာ ပစ်ပေးလိုက်သည်။

ရွှေမိက အိမ်ပေါ်မှ အားလုံး ကြားနေသည်ဖြစ်၍ ငွေထုပ်ကို အိပ်ခန်းထဲမှ သေတ္တာထဲသို့ ထည့်ထားလိုက်လေသည်။ ထိုနေ့မှာ ဝါဆိုလဆန်း(၁)ရက်နေ့ ဖြစ်သည်။

မုရာမလည်း ညနေပေါ်မလာ 'အာရတီး'ဆိုသော သူ့တပည့်ကုလားလည်း ပေါ်မလာပေ။ သူတို့သည် မြစ်ကြီးနားတွင်နေရာ ငွေကို လိုက်ပေးဖို့လည်း တကူးတက ဖြစ်နေ၏။

ဘိုးအေးကတော့ မကျေနပ်။

"ဒီကုလားတွေ ဘယ်လိုလုပ်သွားသလဲ မသိဘူး"

ဟု ဆိုကာ ရေရွတ်နေသည်။

ဆယ့်ငါးရက်ခန့်ကြာတော့မှ အာရတီး ရောက်လာ၏။

"အာရတီး ငွေထုပ်လာယူတာလား"

"မဟုတ်ပါဘူး ဆရာရယ်၊ ဒီရွာဘက် ခဏလာတာပါ"

"မင်းဆရာငွေတွေ ယူသွားလေ"

"ဟင့်အင်း . . ကျွန်တော်က မြစ်ကြီးနားပြန်မှာ မဟုတ်ဘူး။ နဘားရွာဘက်သွားမလို့ ဆရာသုံးစရာရှိရင် သုံးထားပါ။ မုရာမဆရာ



က အေးအေးဆေးဆေးပါ အတိုးလည်း မများဘူး"

ထိုသို့ပြောကာ အာရတီး ပြန်သွားသည်။ ငွေကို အတော်ကြာ ဦးတင်အေးသည် သိမ်းထားခဲ့သည်။ သို့သော် ထိုနှစ်က လယ်များပျက်၍ လယ်သမားများ စီးပွားရေး ကပ်ကြုံနေရာ မျိုးစေ့ဝယ်ဖို့ စားဖို့ပင် ငွေမရှိ။

ဦးတင်အေးမှာ ချစ်တီးငွေကို စ၍သုံးရတော့သည်။ ငွေတစ်ရာကို နှစ်ဆယ်နှင့် အတိုးတစ်ရာကျော်ကို အာရတီးက လာတောင်း၏။ ဦးတင်အေး လက်ထဲမှာ ငွေမရှိ။

"ကိစ္စမရှိပါဘူး ဆရာ၊ ဒီစာရွက်မှာသာ လက်မှတ်ထိုးပါ မှတ်ထားပါ့မယ်"

ဘိုးအေး ရှေ့မှာပင် ငွေသုံးရာနှင့် အတိုးထွက်(၆၀)ကို ဦးတင်အေး လက်မှတ်ထိုးပေးလိုက်ရသည်။ ထိုနှစ်မှာပင် နာမကျန်းဖြစ်ကာ ဦးတင်အေး ဆုံးသွားရာ ချစ်တီးငွေ(၄၂၀)မှာ သူတို့မောင်နှမ ခေါင်းပေါ်သို့ ရောက်လာ၏။

ထိုအခါမှ ကုလားသူဌေး မုရာမက ဇန်းမော် ရောက်လာသည်။ ရွှေမိက မုရာမ၏ ငွေများကို ဆိုင်းငံ့ထားပါရန် သွားတောင်းပန်သည်။ ဘိုးအေးသည် အစ်မဖြစ်သူ ရွှေမိ ပြန်လာသောအခါ မျက်နှာမကောင်း၍ အနားကပ်ကာ မေးသည်။

မုရာမဆိုသော ချစ်တီးက သူ့အစ်မရွှေမိကို စော်ကားလိုက်ကြောင်း သိရ၍ ဘိုးအေးသည် ရှိးသားသော တောသူတောင်သားပီပီ ဓားမြောင်ကို ခါးထိုးကာ ထွက်သွားခဲ့လေသည်။ သည့်နောက်တော့ မုရာမကို ဓားနှင့်ထိုးကာ အဖမ်းခံလိုက်လေတော့၏။

* * * * * *

အမှုကိစ္စမှာ အကြီးအကျယ် ဖြစ်လာ၍ ရွှေမိမှာလည်း မြစ်အဲ ခုန်ချသေသွားသည်။ ဘိုးအေးမှာလည်း ထောင်ခုနစ်နှစ်အကျခံရသည်။ ထိုအကြောင်းကို ကြားသိရသောအခါတွင် သူ့ဓာမြင့်မှာ မျက်ရည်များဝဲ သွားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ဘဝက တော်တော်ဆိုးတာပဲရှင်၊ ရှင်ဟာ လူဆိုးမှမဟုတ်ဘဲ အကျဉ်းကျခဲ့သေးသကိုး ... ဘာ ... ဘဲ ... သမားပဲ"

သူဇာမြင့်က ထိုသို့မှတ်ချက်ချသည်။ ထို့နောက် ဘိုးအေးကို ညီနေ့မနက်က ထမင်းစားခန်းထဲမှာပင် အာလူးနှင့် ကြက်သားဘူးသီးချဉ်ရည်ဟင်းများဖြင့် ကောင်းမွန်စွာ ထမင်းကျွေးသည်။

လူသတ်မှုဖြင့် ထောင်ကျနေစဉ်မှာပင် ထောင်မှူးကြီး ဦးကျော်ဇောအိမ်တွင် မြက်ရှင်းခြင်း၊ အိမ်ထောင်ပရိဘောဂများအား ဆေးကြောသန့်စင်ခြင်း လုပ်ပေး၍ သက်သာစွာနေရသော ဘိုးအေးသည် သူဇာမြင့်နှင့် ချစ်ကြိုးသွယ်မိလေသည်။

သူဇာမြင့်သည် ပြင်ပယောကျ်ားလေးများနှင့် တွေ့ကြုံရင်းနှီးမှု မရှိသောကြောင့် ဘိုးအေးကို စွဲလမ်းစွာ ချစ်မြတ်နိုးမိလေသည်။ ကြာလာသောအခါ ထောင်မှူးအိမ်မှ အမှုထမ်းများလည်း ဘိုးအေးနှင့် သူဇာမြင့်တို့ဇာတ်လမ်းကို ရိပ်မိသိရှိလာလေတော့သည်။

ယခုအခါတွင် ဘိုးအေးမှာလည်း ထောင်ထဲတွင် ကောင်းမွန်စွာ နေထိုင်သည်ဟူသော မှတ်ချက်ဖြင့် သံကွင်းစွပ်ခြေထောက်ကိုလည်း ဖြုတ်လိုက်ရပြီ ဖြစ်လေသည်။ ဘိုးအေးမှာလည်း အထူးထောင်ဟုခေါ်သော အဆောင်(၁)တွင် အခန်းမှူးဖြစ်လာသည်။

ဘိုးအေး ထောင်ထဲတွင် ကောင်းစားလာသည်မှာ သူ့အစွမ်းကြောင့်ချည်းမဟုတ်။ ထောင်မှူးကြီး၏သမီး သဇင်မြင့်နှင့် ထောင်မှူးကတော်ကြီး ဒေါ်မြင့်တို့၏ ကျေးဇူးကြောင့်ပင် ဖြစ်လေတော့သည်။

ထိုသို့ဖြင့် ထောင်မှူးကြီးနှင့် ထောင်မှူးကတော်မရှိခိုက် ဘိုးအေးနှင့် သူဇာမြင့်တို့ ချစ်ကြိုးသွယ်လျက်ရှိကြရာ ဂျပန်တို့က မြန်မာပြည်သို့ ဝင်ရောက်လာကာ ၁၉၄၂-ခုနှစ်သို့ ရောက်ရှိလာခဲ့လေတော့သည်။

ဂျပန်လေယာဉ်များ ဗုံးကြဲလာမှုကြောင့် ကသာထောင်မှာ ပျက်စီးသွားရာ ထောင်သားများ ထွက်ပြေးကြလေသည်။ ဘိုးအေးမှာ အင်္ဂလိပ်အစိုးရအမှုထမ်း ထောင်မှူးကြီးနှင့် မိသားစုကို စိုးရိမ်ကာ ထွက်မပြေးနိုင်ခဲ့ပေ။

တပေါင်းလ၏ လရောင်က ထိန်ထိန်သာနေလေသည်။ ဗန်းမော်မြို့နှစ်ထပ်အိမ်ကြီး၏ ရှေ့မန်ကျည်းပင်အောက်တွင် ဘိုးအေးသည် ရပ်နေသည်။

မန်ကျည်းမြစ်ကလေးပေါ်တွင် သဇင်မြင့်က ထိုင်နေသည်။ ဦးကျော်ဇောမှာ ဂျပန်ခေတ်၏ ဦးဦးဖျားဖျားရောဂါဖြစ်သော ပုလိပ်ရောဂါ၏လက္ခဏာများ ဖြစ်ပွားနေလေသည်။

"စစ်ကြီးကလည်း ဘယ်တော့ပြီးမှာလဲ ကိုအေးရယ်၊ ဖေဖေကလည်း နေမကောင်း အိန္ဒိယရောက်အောင် ပြေးရမှာပဲ၊ ဘယ်လမ်းက ပြေးမလဲ"

သူဇာမြင့်က စိတ်ပျက်စွာ ညည်းညူလိုက်လေသည်။

ဒေါ်မြင့်မှာလည်း ဦးကျော်ဇော၏ ရောဂါကို အနီးကပ်ပြုစု စောင့်ရှောက်လျက် ရှိသည်။ သူဇာမြင့်သည် မူလက တိတ်တခိုး ချစ်သူဘဝမှ ယခုအခါ ဘိုးအေးနှင့် ထင်ထင်ရှားရှား ချစ်သူ ဖြစ်နေကြပြီ။

သူတို့နှစ်ဦးသည် သမီးရည်းစားမက မယားမကျ အနေမျိုးဖြင့် နေကိုင်ကြရင်း သူဇာမြင့်တို့မိသားစု ဂျပန်များလက်မှ လွတ်မြောက်ရေး

www.burmeseclassic.com

www.burmeseclassic.com



ကို အားထုတ်နေကြခြင်း ဖြစ်၏။

"မနက်ကျရင်တော့ ဇန်းမော်ကနေ မြစ်ကြောင်းနဲ့ သွားရမှာပဲ မြင့်ရယ်"

"ဖြစ်ပါ့မလား ဂျပန်တွေက မန္တလေးကိုတောင် သိမ်းပြီးပြီဆို တော့ တော်ကြာ အထက်မြန်မာပြည်ကိုပါ သိမ်းမှာပဲ"

"ဒါဆိုလည်း တောထဲတောင်ထဲ ရောက်အောင် သွားပြီးပုန်းနေ ကြဖို့ အကောင်းဆုံးပေါ့"

သူဇာမြင့်မှာ မိဘများနှင့် သူမတို့ ဘဝလုံခြုံရေးကို မတွေးတတ် အောင်ပင် ဖြစ်နေလေတော့သည်။

"မြင့် တစ်ခုစဉ်းစားလေ တောထဲမှာဆိုရင် အသက်အန္တရာယ် တော့ လုံခြုံမယ်၊ ဒါပေမယ့် အစ ဦးလေးကို ကုသနေတဲ့ ဆေးဝါးတွေက ရော ဘယ်ကရမလဲ"

သူဇာမြင့် ခေါင်းကုတ်လိုက်သည်။

"ဟုတ်တယ် . . ကိုအေး၊ ကိုအေးပြောတာ မှန်ပါတယ်၊ ဒီတော့ ဒီလိုပဲ ပုန်းလျှိုးကွယ်လျှိုးနဲ့ သွားရမှာပဲ"

သူဇာမြင့်မှာ ခရီးပန်းသည့်က တစ်မျိုး၊ စိတ်မချမ်းသာသည့်က တစ်မျိုးကြောင့် မျက်နှာလေးများသည် ချောင်၍နေ၏။

"အင်း . . မြင့်လည်း လောကဓံနဲ့ တွေ့ပြီးတော့ ဘဝရဲ့ဒဏ်ရာ ဒဏ်ချက်တွေ ခံနေရရှာပြီ"

ဘိုးအေးက သူဇာမြင့်၏ခေါင်းကို ပွတ်လိုက်သည်။

"လောကဓံဆိုတာဘာလဲ ကိုအေး"

အင်္ဂလိပ်ကျောင်း တက်ခဲ့ရသူ သူဇာမြင့်က ဘိုးအေးကို မေး သည်။

"လောကဓံဆိုတာ ကိုယ်မဖြစ်ချင်တာတွေ ဖြစ်နေတာပေါ့ မြင့် ရယ်၊ ကိုယ်မကြိုက်တဲ့ ဒုက္ခတွေကြုံရတာကို ပြောတာပေါ့"

သူဇာမြင့်သည် ဘိုးအေး၏ကိုယ်ကိုဖက်ကာ ရင်ဘတ်တွင် ပါး အပ်ကာ ငိုလိုက်သည်။



"ကိုအေး ရှိနေလို့သာ မြင့်တို့မိသားစု အဆင်ပြေနေတာ၊ ကိုအေး ကို မြင့်တို့ရဲ့ဒုက္ခတွေ ဝေပေးနေသလို ဖြစ်ပြီ ထင်ပါတယ်"

"ဘယ်ဟုတ်မလဲ မြင့်ရယ်၊ ကိုအေး ဒုက္ခကြုံနေတော့လဲ မြင့်နဲ့ မြင့်မိသားစုက စောင့်ရှောက်ကူညီခဲ့တာ မဟုတ်လား၊ ကိုအေးနဲ့ ပတ်သက် ပြီးတော့ ဘာမှအားမနာနဲ့နော် သိလား"

ဘိုးအေးက သူဇာမြင့်၏ ကျောလေးကို ပွတ်ကာ ချော့သိပ်လိုက် လေသည်။ ထိုစဉ်မှာပင် အဝေးတစ်နေရာမှ ပေါက်ကွဲသံကြီးကို ကြားလိုက် ရလေတော့သည်။

"ဝုန်း"

"ဟော"

"ဒုက္ခပဲ ဂျပန်တွေ ရွာထဲဝင်လာပြီ ထင်တယ်"

နှစ်ထပ်အိမ်ကြီးရှိရာသို့ သူဇာမြင့် ပြေးသွားလေသည်။

ဘိုးအေးသည်လည်း နောက်မှ ပြေးလိုက်သွားသည်။ ဂျပန်များ ရောက်ရှိလာပြီဆိုလျှင် အင်္ဂလိပ်သူလျှိုနှင့် အင်္ဂလိပ်အစိုးရနှင့် ဆက်သွယ် သူကို ရှာကာ ဖမ်းဆီးစစ်ဆေးတတ်သည်။

ဘိုးအေးသည် အိပ်ရာမှ မထနိုင်သော ဦးကျော်ဇောကို ပခုံးပေါ် တွင် ထမ်းကာ နှစ်ထပ်အိမ်ကြီး၏ နောက်ဖေးပေါက်မှ ပြေးသည်။ သူ သည် ညတွင်းချင်း ရေဆိပ်သို့ ရောက်အောင် ပြေးကာ တံငါလှေတစ်စီး ကို ရှာသည်။

သူဇာမြင့်က သူ့မမိခင်၏ လက်ကို ဆွဲကာ နောက်မှ ပြေးလိုက် လာသည်။ ကံအားလျော်စွာ မန္တလေးသို့ စုန်မည့်စစ်ပြေးလှေလေးကို တွေ့ ရသည်။ လှေခက ဈေးကြီးသော်လည်း လူမမာဦးကျော်ဇောကို ထမ်းထား သော ဘိုးအေးက တက်လိုက်သည်။

သို့သော် ထိုနေ့ည လှေပေါ်မှာပင် ဦးကျော်ဇောသည် အလွန် ဒုက္ခရောက်နေသော မိသားစုကိုစွန့်ကာ ဘဝကို အဆုံးသတ်သွားလေ တော့သည်။ သူဇာမြင့်သည် မရှက်နိုင်တော့ဘဲ ဘိုးအေး၏ ရင်ဘတ်တွင် ပါးအပ်ကာ တရှိုက်ငင်ငင် ငိုကြွေးလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ဘိုးအေးသည် သဇင်မြင့်နှင့်အတူ လှေပေါ်တွင် လိုက်ပါလာရင်း စိတ်ဆင်းရဲမှုများကြောင့် ပိန်လှီနေသည့် ဒေါ်မြင့်ကို ပြုစုလာခဲ့ကြလေသည်။

ဒေါ်မြင့် စုဆောင်းထားသည့် ငွေနှင့်လက်ဝတ်လက်စားများကို အဝတ်စုတ်များဖြင့် ထုပ်ထားပြီး လူမမြင်အောင် ထုတ်ကာ ဝယ်စရာရှိရာ ဝယ်ရလေသည်။ ဂျပန်တို့၏ရန်ကိုသာမဟုတ် ဤကာလမျိုးတွင် မညှာမတာ တိုက်တတ်သော ဓားပြကိုလည်း ကြောက်ရသေးသည်။

သို့သော် ဓားပြရန်သည် ကုန်းပေါ်မှာထက် ရေထဲမှာက ပို၍အန္တရာယ်ကင်းသည်။ အဘယ်ကြောင့်ဆိုသော် မိမိအရပ်ဒေသကို စွန့်ကာ စစ်ပြေးလာသော လှေများသည် မနီးမဝေးမြစ်ထဲတွင် မျောနေကြရာ လှေတစ်စီးနှင့် တစ်စီး ကူညီကြသောကြောင့်ပင် ဖြစ်လေသည်။

ဟန်ပုံမရသော လှေတစ်စီးဝင်ရောက်လာလျှင် တစ်စီးနှင့်တစ်စီး သတိပေးကာ စောင့်ရှောက်ကြသောကြောင့် မြန်မာကိုင်းရင်းသားတို့သည် အုပ်ချုပ်သူမရှိသော နေရာ၌ အချင်းချင်းစောင့်ရှောက်ကြပါပေသည်ဟု ပြောစမှတ်ပြုစရာပင် ဖြစ်သည်။

ကမ်းနစ်ဖက်ရွာများမှ မုန့်ဆီကြော်များ၊ ဆီထမင်းများနှင့် အညာမုန့်များ လာရောင်းရာ ထမင်းဆာနေသော စစ်ပြေးဒုက္ခသည်များမှာ အလုအယက်ပင် ဝယ်ယူစားသောက်ကြလေသည်။ ဒေါ်မြင့်မှာ မုန့်ဆီကြော်တစ်ခုစားရာမှ သီးသွားသည်။

"အဟွတ် . . အဟွတ်"

"အမေ . . အမေ ဘယ်လိုဖြစ်ရတာလဲ"

သဇင်မြင့်သည် သူ့အမေ၏ ကျောကို ဖိပေးရင်းမှ ပြောသည်။ လှေထဲမှ ဒေါ်မြင့်သည် လှေဆောင်ကိုကိုင်ကာ ထွေးထုတ်လိုက်လေသည်။

အစာမစားမိသည်မှာ ကြာပြီဖြစ်သောကြောင့် ဝမ်းဗိုက်ထဲမှ လေများလှစ်ထုတ်ခြင်းဟု ဘိုးအေးနှင့် သဇင်မြင့်တို့က ထင်မိကြ၏။

သို့သော် ထိုသို့မဟုတ်ပေ။ လှေကလေးသည် ဈေးသည်များ



ရှိသောရွာ၌ အခြားလှေများကဲ့သို့ပင် ကပ်ကာ ကမ်းပေါ်ရှိ ထမင်းဆိုင်မှ ထမင်းဟင်းများကို ဝယ်ယူစားသောက်ကြသည်။ ဘိုးအေးသည်လည်း ကမ်းပေါ်သို့ တက်ကာ ထမင်းထုပ်သုံးထုပ် ဝယ်လိုက်သည်။

လူတစ်ကိုယ်စာမျှမကသော အိုးကြီးများသည် စစ်ပြေးဒုက္ခသည်များကြောင့် စီကာထပ်ထားရလောက်အောင်ပင် ရောင်းကောင်းလေသည်။ လှေများဖြင့် ကိုယ့်ရွာကိုယ့်မြေကို စွန့်ကာ ပြေးလာသူများသည် ပါသမျှ ငွေလေးဖြင့် အလုအယက် ဝယ်ယူစားသောက်ကြသည်။

ကြက်သားဟင်းနံ့မှာလည်း မွှေးနေ၍ ဆန်မကောင်းလှသော်လည်း ပူပူနွေးနွေးဖြစ်သော ထမင်းထုပ်များမှာ စား၍ကောင်းလှသည်။ ဒေါ်မြင့်မှာလည်း ကြက်သားဟင်းနံ့ကြောင့် ဝမ်းသာအားရ စားလိုက်ရာ လေးငါးလုပ်လောက်တွင် ထုံးစံအတိုင်း တစ်ခွီးခွီးနှင့် သီးပြန်လေသည်။

"အဟွတ် . . အိုး"

"အမေ . . . အမေ"

သီးနေရာမှ ဒေါ်မြင့်သည် နောက်သို့ လဲကျသွားရာ ထမင်းစားနေကြသူများ အနှောင့်အယှက် ဖြစ်သွားလေတော့သည်။

"အဒေါ် . . အဒေါ်"

ဘိုးအေးမှာလည်း စားလက်စထမင်းထုပ်ကို ချကာ မွေ့ထူလိုက်သည်။ ထိုအခါ ဒေါ်မြင့်မှာ မျက်လုံးအထက်သို့ လန်ကာ သတိလစ်သွားသည်ကို တွေ့ရသည်။

အတွေ့အကြုံရှိသော လူကြီးတစ်ယောက်က

"ကမ်းပေါ်သာ သယ်သွားပါတော့ကွာ၊ ဒါမျိုးက သတိလစ်သွားရင် သတိပြန်လည်လာခဲတယ်"

ပစ္စည်းထုပ်များကို သဇင်မြင့်က သိမ်းကာ ဘိုးအေးက ဒေါ်မြင့်ကို ပွေ့၍ ကမ်းပေါ်သို့ တက်ခဲ့ကြသည်။ ဘိုးအေးသည် ထမင်းရောင်းသူများကို မေးလိုက်သည်။

"ဒီရွာမှာ ဆေးဆရာရှိလားဗျ"

"ရှိပါတယ် ဟော . . ဟိုက မြင်နေရတဲ့ရွာလေးသာ ဝင်သွား

www.burmeseclassic.com



ပါ၊ ဦးပုဆိုရင် လူတိုင်းသိပါတယ်"

"ကဲ . . လာမြင့်ရေ အဲဒီအရောက်သွားရမှာပဲ၊ ဒေါ်ဒေါ်ကို အမြန်ဆုံးသတိရဖို့ အရေးကြီးတယ်"

သူဇာမြင့်မှာ မျက်ရည်လေးတစ်ဝဲဝဲနှင့် တောင်းတစ်ခုနှင့် အိတ်တစ်အိတ်ကိုလွယ်ကာ လိုက်လာခဲ့သည်။ မြစ်ကမ်းစပ်တွင်ရှိသော 'နောင်ချိုင်း' ရွာလေးရှိ ဆေးဆရာအိမ်သို့ အရောက်တွင် ဒေါ်မြင့်မှာ အသက်မရှိတော့ကြောင်း သိရသည်။

သဘောကောင်းလှသော ဆေးဆရာကြီးမှာ ဒေါ်မြင့်၏အလောင်းကို ရွာသင်္ချိုင်းကုန်းလေးတွင် သင်္ဂြိုဟ်ရန်အတွက် ကူညီဆောင်ရွက်ပေးသည်။ သူဇာမြင့်သည် မိခင်၏အလောင်းကို ကောင်းမွန်စွာ သင်္ဂြိုဟ်ကာ ရက်လည်ဆွမ်းသွတ်ခဲ့၏။

ဘိုးအေးသည် ကသာထောင်မှ လွတ်ခဲ့ပြီးနောက် မင်္ဂလာပွဲမလုပ်ရဘဲနှင့် သူဇာမြင့်နှင့် အကြင်လင်မယားဘဝသို့ ရောက်ရှိခဲ့သည်။

မြန်မာပြည်တွင်းသို့ ဝင်ရောက်လာသော ဂျပန်များမှာလည်း မြန်မာတစ်ပြည်လုံး တစ်မြို့ပြီးတစ်မြို့ သိမ်းယူကာ စိုးမိုးအုပ်ချုပ်နေကြရာ ဂျပန်စစ်သားများ ၏ အန္တရာယ်ကို ကြားရသောကြောင့် ဘိုးအေးတို့သည် မန္တလေးရှိ ဂေါဝိန်ဆိပ်ကမ်း၌သာ မထင်မရှား လုပ်ကိုင်စားသောက်၍ နေလေသည်။

ဤသို့ဖြင့် မျိုးချစ်ပြောက်ကျားများသည် ဂျပန်များအား မဟာမိတ်တို့နှင့် ပေါင်းကာ ခုခံတိုက်ထုတ်သော ကာလသို့ ရောက်ရှိလာသည်။ ဘိုးအေးသည်လည်း တော်လှန်ရေးသမားများနှင့် လိုက်ကာ မြန်မာပြည်အလယ်ပိုင်းရှိ ဂျပန်များကို တိုက်ထုတ်ရာတွင် ပါဝင်ခဲ့လေတော့သည်။ သူဇာမြင့်မှာလည်း ဂျပန်တော်လှန်ရေးတွင် အတူလိုက်ပါလျက် ကူညီဆောင်ရွက်နေရာ မုံရွာမြို့အနီးတိုက်ပွဲတွင် ဘိုးအေး၏ ချစ်လှစွာသောဇနီးသည် ဂျပန်တို့၏ စက်သေနတ်မှန်ကာ ကွယ်လွန်သွားပြန်လေတော့သည်။

ဂျပန်တော်လှန်ရေးကာလအတွင်း မသေမပျောက် ဖြစ်ခဲ့သော



ဘိုးအေးမှာ ဆွေမရှိ မျိုးမရှိ ဇနီးမရှိ သားသမီးမရှိနှင့် အထီးကျန်ဖြစ်သွားသည်။ သူသည် အဝတ်တစ်ထည် ကိုယ်တစ်ခုနှင့် သွားလာနေရာ စစ်ကိုင်းတောင်ရိုးသို့ ရောက်ရှိကာ သူ့ရင်ထဲမှ ပူလောင်နေသော ခံစားမှုများ ငြိမ်းအေးစေရန် ဗုဒ္ဓမြတ်စွာ၏ တရားတော်ရှာဖွေခဲ့လေသည်။

စစ်ကိုင်းချောင်၌ ရှိသော သီလရှင်များနှင့် ယောဂီများသည် လောကဓံအဖြစ်ဆိုး အမျိုးမျိုးနှင့်ကြုံကာ တရားအားထုတ်နေသူများဖြစ်သောကြောင့် ဘိုးအေးကို ကူညီကာ တရားပြသကြသည်။

ဘိုးအေးသည်လည်း သတိပဋ္ဌာန်တရားပွားများလျှင် သူ့ဘဝ၌ကြုံတွေ့ခဲ့ရသော စိတ်သောကအမျိုးမျိုးတို့ ကင်းငြိမ်းချမ်းသာသည်ဖြစ်၍ ဆရာတော်ဦးဝိမလ၏ နည်းလမ်းညွှန်ပြမှုအတိုင်း တရားအားထုတ်ခဲ့လေသည်။

ဦးဝိမလ ဆရာတော်မှာလည်း မြန်မာပြည်အရပ်ရပ်တွင် တောရဆောက်တည်၍ တရားကျင့်လာရာ ယခု ကျောက်တော်ကြီးဘုရားအားရှိ သစ်ကျောင်းလေးသို့ ပြောင်းရွှေ့လာသောအခါ ဘိုးအေးသည် ကပ္ပိယကြီးအဖြစ် လိုက်ပါလာခဲ့လေတော့သည်။

"ဘိုးအေ . . လူ့ဘုံလူ့လောကမှာ ဘယ်တော့မှ ပူပင်သောကကင်းဝေးတယ်လို့ မရှိဘူး၊ ဒကာကြီးဘိုးအေးရဲ့ မိဘ၊ ဇနီးမယားတွေ ရှိစဉ်ကလည်း မိဘ၊ ဇနီးမယားတွေအတွက် ပူပင်ရတယ်၊ အခု မိဘ၊ ဇနီးတွေ မရှိပြန်တော့လဲ ဒီခန္ဓာကိုယ်ကြီးအတွက် ပူရတယ် မဟုတ်လားဒကာဘိုးအေးဟာ ဒီခန္ဓာကိုယ်ကြီးကို မအိုအောင် မသေအောင် မနာအောင် စောင့်ရှောက်ကျွေးမွေးပေမယ့် ဒီခန္ဓာကိုယ်ကြီးကတော့ အိုနာသေခြင်းကို သွားနေတာပဲ၊ ဒကာကြီး အိုနာသေမဲ့ခင် တရားထူးက ဦးအောင်သာ ရှာဖွေပေတော့"

ဘိုးအေးသည် ဆရာတော်ဦးဝိမလ အဆုံးအမအတိုင်းသင် တရားကို ကြိုးစားရှာဖွေ အားထုတ်သည်။ ဆရာတော်ဦးဝိမလမှာလည်း ရှင်းရင့်ရော်လာသည့်နည်းတူ ကြောမိငင်ခန္ဓာဝန်ကို ချသွားလေသည်။ ဆရာတော်ဦးဝိမလ၏ 'အဂ္ဂိဈာပန' သဘင်ပွဲမှာ အနယ်နယ်အရပ်ရပ်မှ

www.burmeseclassic.com

www.burmeseclassic.com



တသည့်တို့ရောက်လာကာ စိစဉ်သောကြောင့် အထူးပင် စည်ကားသိုက် မြိုက်လှပေသည်။

ဈာပနသဘင်ပွဲ ဆင်နွှဲပြီးသောအခါ စစ်ကိုင်း၊ မုံရွာ၊ မန္တလေးတို့မှာ တသည့်ရဟန်းသံဃာနှင့် ဒကာ၊ ဒကာမတို့သည် မိမိတို့၏ ရပ်ရွာများသို့ ပြန်သွားကြလေတော့သည်။

ဘိုးအေးကား ဆရာတော်ထားခဲ့သည့် သစ်သားကျောင်းလေးတွင်ပင်နေကာ ခရီးသွားတည်းခိုသော ရဟန်းသံဃာများ၊ ယောဂီများနှင့် သူတော်စဉ်များကို ကျွေးမွေးစောင့်ရှောက်နေလေသည်။

အမရပူရမှ သူဌေးဦးထွန်းနှင့် ဒေါ်ဆယ်တို့သည် ကပ္ပိယကြီး ဦးဘိုးအေးထံသို့ ဆရာတော်ဦးဝိမလရှိစဉ်ကကဲ့သို့ပင် လိုအပ်သမျှ စားစရာများနှင့် ငွေတို့ကို ထောက်ပံ့လျက်ရှိရာ ဝတ်ဖြူစင်ကြယ်နှင့် ကပ္ပိယကြီးဦးဘိုးအေးအားလည်း မပူမပင်ရအောင် ဆက်လက်ထောက်ပံ့နေခဲ့လေသည်။

"ကပ္ပိယကြီး တကယ်လို့ ဘုရားဖူးလာကြတဲ့ ရသေ့ရဟန်း သူတော်စင်များ ကပ္ပိယကြီးရဲ့ကျောင်းမှာ တည်းခိုပါက သူတို့ရဲ့စားဝတ်နေရေးကို ကူညီဖြည့်စွမ်းပါ၊ လိုတာလဲ ပြောပါ"

သူဌေးကြီးနှင့် သူဌေးကတော်ကြီးတို့က ထိုကဲ့သို့ ပြောဆိုထားသောကြောင့် ကပ္ပိယကြီးဦးဘိုးအေးမှာ ရသေ့ကြီးကို ဆွမ်းကပ်ရခြင်းဖြစ်ကြောင်း သူ၏ဘဝဇာတ်ကြောင်းကို အဆုံးသတ်သာ ပြောပြလေသည်။

ကပ္ပိယကြီးမှာလည်း သူ့အား ထောက်ပံ့ကျွေးမွေး လှူဒါန်းသူရှိ၍ တရားကိုသာ အေးအေးဆေးဆေး ရှာဖွေနေကြောင်း သိလိုက်ရလေသည်။

"အော် . . ဒါကြောင့် ကပ္ပိယကြီးက တရားအားထုတ်တဲ့သူတွေကို ကူညီနိုင်တာကိုး"

ဟု ကျွန်ုပ် မှတ်ချက်ချလိုက်မိလေတော့သည်။

ကျွန်ုပ်သည် တရားအားထုတ်ရန် ထိုညတွင် ကျောက်တော်ကြီး ဘုရားကြီးအား ရှိခိုးပူဇော်ကာ အဓိဋ္ဌာန်ပြုလုပ်လေသည်။ ရှိသမျှ နတ်များ၊ တောစောင့်တောင်စောင့်များအား အမျှဝေပြီးနောက် ကျွန်ုပ်သည် သတိပဋ္ဌာန်တရားကို စတင်ရှုမှတ်ပွားများလာသည်။

သို့သော် ကျွန်ုပ်၏ စိတ်အာရုံများမှာ မတည်ငြိမ်ဘဲ ပိုးကောင်လေးတို့၏ အော်သံများ၊ လေတိုက်၍ လှုပ်ခတ်သော သစ်ပင်များရှိရာသို့ ရောက်နေသည်။

ထို့ကြောင့် ကျွန်ုပ်သည် ဂုဏ်တော်ကို ပွားများရွတ်ဆိုကာ တရားအားမထုတ်သေးဘဲ စိတ်ငြိမ်အောင် ပြုလုပ်နေရလေသည်။

ကျွန်ုပ်၏စိတ်များသည် တစ်စုံတစ်ရာ အပြောင်းအလဲရှိလာလျှင် ထိုကဲ့သို့ပင် မတည်မငြိမ် ဖြစ်တတ်ကြောင်း သတိထားမိ၍ ပတ်ဝန်းကျင်ကို သတိပြုကာ ကျွန်ုပ်သည် စောင့်ကြည့်နေ၏။

ထိုစဉ်မှာပင် မွှေးပျံ့သော အမွှေးတိုင်ရနံ့တစ်ခုကို ကျွန်ုပ် ရလိုက်၏။

"ဟင် . . ဘယ်သူများ အမွှေးတိုင် ပူဇော်နေပါလိမ့်"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် အမွေးတိုင်နံ့ကို ရ၍ မျက်လုံးဖွင့်ကာ ဘုရားပရဝုဏ်ဆဲသို့ ကြည့်လိုက်၏။ သို့သော် မည်သည့်လူရိပ်လူယောင်မျှပင် မမြင်တွေ့ရချေ။ အမွေးတိုင်နံ့မှာ ဘုရားကြီးရှိရာ ရင်ပြင်တော်အတွင်းဘက်မှ မဟုတ် အပြင်ဂူပေါက်ဝများမှ ဖြစ်နိုင်သည်ဟု ထင်မိသည်။

ကျွန်ုပ်မှာ တရားကို စိတ်မဝင်စားသည့်အဆုံး အမွေးတိုင်နံ့လာရာအရပ်ကို သိနိုင်ရန် ထကာ ရှာဖွေဖို့ ဆုံးဖြတ်လိုက်သည်။ ကျွန်ုပ်တရားအားထုတ်မှုကို နှောင့်ယှက်နေသော အမွေးတိုင်နံ့မှာ မည်သည့်နေရာမှ လွင့်ပျံလာလေသနည်း။

ကျွန်ုပ်သည် ကုန်းဘောင်ခေတ် ပန်းချီများရေးခြယ်ထားသော လိုဏ်မုခ်မှ ထွက်လာခဲ့ရာ အပြင်ဖက်ရှိ ဘုရားရင်ပြင်တော်သို့ ရောက်လာသည်။

ထိုအခါတွင်မှ အမွေးတိုင်ကို ခွက်တစ်ခုတွင်ထည့်ကာ ကျောက်တော်ကြီးဘုရားအား ပူဇော်ကန်တော့နေသော မိန်းမပျိုတစ်ဦးကို တွေ့လိုက်ရလေသည်။

ထိုမိန်းမပျိုမှာ အသက်နှစ်ဆယ်ဝန်းကျင်ခန့်အရွယ်ရှိပြီး အဖြူရောင်တောက်ပသော ပိုးအင်္ကျီနှင့် ပိုးထဘီကို ဝတ်ဆင်ထားပြီး ရှေးဆန်သော ဝတ်စားဆင်ယင်မှုမျိုးရှိ၏။

လည်ပင်းတွင် ပုလဲပုတီးနှင့် ပုလဲလက်ကောက်များကိုလည်း ဆင်ယင်ထားရာ သာမန်အရပ်သူနှင့် မတူဘဲ နန်းတွင်းသူတစ်ဦးဦးနှင့် အသွင်တူနေပေတော့သည်။

ကျွန်ုပ်သည် မုခ်ဦးထဲမှ ထွက်လာသည်ကို တွေ့သည်နှင့် ထိုမိန်းကလေးသည် ကျွန်ုပ်အား တွေ့မြင်ကာ ဘုရားကို ရှိခိုးနေရာမှ ကျွန်ုပ်အား ဦးချလိုက်လေသည်။

လရောင်က ဘုရားရင်ပြင်တော်ကို ဖြန့်ကျက်ထွန်းလင်းထား၍ ရုပ်ရည်ချောမောလှပသော မိန်းမပျို၏အသွင်ကို ကောင်းစွာတွေ့မြင်လိုက်ရလေသည်။

"ဒကာမလေး . . နေ့ခင်းနေ့လည်မှာ ဘုရားမဖူးဘဲ ဘာလို့



ညမှာမှ ဘုရားလာဖူးရတာလဲ"

ကျွန်ုပ် သိလိုမေးခွန်းကို ခေါင်းငုံ့နေသည့် မိန်းမပျိုအား မေးလိုက်သည်။

"တပည့်တော်မတို့ကို အုပ်ချုပ်တဲ့သူက ညမှဘုရားရှိခိုးခွင့်ပြုလို့ပါဘုရား"

ကျွန်ုပ်မှာ ထိုဒကာမလေး၏ သနားကမားရုပ်ရည်ကို ကြည့်ရင်း သာမန်လူမိန်းကလေး မဖြစ်နိုင် ပရလောကသားတစ်ဦးဖြစ်ရမည်ဟု ထင်မြင်မိလေတော့သည်။

"အေး . . ကိုယ့်အုပ်ထိန်းတဲ့ အရှင်သခင်ရှိတော့လည်း သူခွင့်ပြုတဲ့အခါကျမှဘဲ ဘုရားတရားလုပ်ခွင့်ရှိတော့တာပေါ့၊ ဒါနဲ့ ဒကာမလေးက ဒီအမရပူရကပဲလား"

"မဟုတ်ပါဘုရား . . တပည့်တော်မက မန္တလေးက ဒိုင်းဝန်ရဲ့သမီးပါ"

"အို"

"တပည့်တော်မဟာ ဒိုင်းဝန်ကြီးကျေးဇူးနဲ့ ကြီးပြင်းလာရတာပါ၊ ဒါပေမဲ့ တပည့်တော်မရဲ့ ဘဝက ဏံဆိုးပါတယ်ဘုရား"

"အလို ဘာဖြစ်လို့ပါလိမ့်"

"တပည့်တော်မရဲ့ အစ်ကိုတော် မောင်စောယေက တပည့်တော်မကို အတွင်းတော်ကြီးက ဘဝရှင်ဆီကို ပို့ခဲ့ပါတယ်။ ဘဝရှင်ကိုယ်တော်မြတ်ကလဲ တပည့်တော်မကို မြတ်နိုးချစ်ခင်လှပါတယ်။ ဒါပေမဲ့ အတွင်းတော်က အရှင်မိဖုရားရဲ့အမိန့်ကြောင့် တပည့်တော်မဟာ သတ်ဖြတ်ညှဥ်းဆဲတာ ခံခဲ့ရတာပါဘုရား၊ အချိန်ကြာရင် တပည့်တော်မ အပြစ်ယူခံရမှာမို့ ခွင့်ပြုပါဦးဘုရား"

ကျွန်ုပ်အား လက်အုပ်ချီကာ ထွက်ခွာသွားသော မိန်းမပျိုကို ကျွန်ုပ် အံ့ဩစွာ ငေးကြည့်နေမိသည်။ ထိုမိန်းမပျိုမှာ မန္တလေးခေတ်၏ နောက်ဆုံးမင်းသီပေါနှင့် တိတ်တဆိတ် ဆက်သွယ်ခဲ့သော ခိုင်းခင်ခင်ဝင် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

"ရသေ့ကြီး ကိုယ့်တရားကိုယ်မရှာဘဲ ပရလောကကို လှေ့လာလိုက်စားနေမယ်ဆိုရင် ရသေ့ကြီးရဲ့ ဂန္ဓာရီခရီးစဉ်မှာ အနှောင့်အယှက်ဖြစ်ပေလိမ့်မယ်။ ရသေ့ကြီးပွားများကျင့်ကြံသော အလယ်လမ်းလို့ ခေါ်တဲ့ 'ဈာန်လမ်း' မှာလဲ ပြီးမြောက်ခရီးရောက်မှာ မဟုတ်ဘူး၊ သည်တော့ ရသေ့ကြီး အမရပူရမှာ ဆက်ပြီး တရားမကျင့်ပါနဲ့တော့"

ကျွန်ုပ်သည် ဆရာသခင်အနန္တနယ၏ စကားသံကို ကြားရ၍ လက်အုပ်ချီလိုက်မိသည်။

"လူတို့၏ ပကတိမျက်စိဖြင့် မမြင်နိုင်သော ပရလောကသားတို့မှာ အများအပြားပင် ရှိနေသည်။ သင်သည် မိမိနဲ့စပ်အပ်သောအကျင့်၊ မိမိနဲ့စပ်အပ်သောနေရာ၌ တရားကျင့်ကြံမှသာလျှင် သင်လိုချင်သော ဈာန်လေးပါး သမာပတ်ရှစ်ပါးတို့နှင့် ပြည့်စုံပေလိမ့်မည်။ ဝိသုဒ္ဓိမဂ်က ဆိုသကဲ့သို့ သီလပြည့်စုံမှသာ သမာဓိကို ပွားများအပ်သည်။ သင်သည် သီလတည်းမှူသော အကျင့်မြတ်ကို ကျင့်လော့၊ မကျိုးပေါက်မပြောက်ကြားသော ကာယကံ၊ ဝစီကံ၊ မနောကံတို့ သင့်ကိုယ်မှာ တည်ပါစေတော့၊ သည်တော့မှပင် သင်သည် သမာဓိတရားကို ပွားများ၍ ရလိမ့်မည်"



ကျွန်ုပ်မှာ ကျင့်ကြံအားထုတ်လာရာမှ အမရပူရသို့ ရောက်မှသာ ဘဝဟောင်းတစ်ခုကို တွေ့မြင်ပြီး သမာဓိတရားပျက်ပြားသွားခြင်းဖြစ်ကြောင်း ကျွန်ုပ် သတိထားမိသည်။

ကျွန်ုပ်သည် ဆရာသခင်ကို စိတ်တွင်းမှပင် ပြန်၍ လျှောက်ထားမိလေသည်။

"အရှင်မြတ် တပည့်တော်မှာ ရေစကြို၊ ပခန်းတွင်နေစဉ်က သီလကိုလည်း မြဲခဲ့ပါတယ်၊ သမာဓိကိုလည်း အတော်အတန်ရခဲ့ပါတယ်"

ဆရာသခင်၏ ကြည်လင်အေးမြသော အသံ ပြန်ပေါ်လာလေသည်။

"ကျွန်ုပ် သိရှိပေသည်၊ ဤအမရပူရမှ သင်သည် ရေစကြို–ပခန်းသို့ ပြန်ကြွကာ သီလနှင့်သမာဓိကို အလျှင်က ကဲ့သို့ရအောင် ပြန်ကျင့်ရပေဦးမည်"

"မှန်လှပါ ဆရာသခင်၏ အစီအစဉ်ကိုသာ တပည့်တော် လိုက်နာပါတော့မည်၊ တပည့်တော်၏စိတ်ကိုကား တပည့်တော်ထိန်း၍ နိုင်မည် မဟုတ်တော့ပါ"

ကျွန်ုပ်သည် အမှန်အတိုင်းပင် ဆရာသခင်ကို ဝန်ခံစကားပြောလိုက်မိလေတော့၏။

"ကောင်းပေပြီ .. သင့်အား ကျွန်ုပ်သည် ..ဂ်တရားနှင့် မွေ့လျော်နိုင်သော ရေစကြို–ပခန်းနယ်ကိုပင် ပြန်ပို့ရပေတော့မည်။ ထိုနယ်၌ သင့်အားကူညီသူ သင်နှင့် ဘဝပေါင်းရစ်ရှိသူများသည် သင့်ကို ဝမ်းနည်းပူပင်အောင် နှောင့်ယှက်ကြမည် မဟုတ်။ မနက်ဖြန်မှာပင် သင်သည် ရေစကြို–ပခန်းသို့ ပြန်ရပေတော့မည်"

ကျွန်ုပ်အား အဆက်မပြတ် စောင့်ရှောက်လာသော ဆရာသခင်သည် ကျွန်ုပ်အား အမိန့်ချလိုက်ပေပြီ။ ကျွန်ုပ်သည် ထန်းတောင်ကျွန်ုပ်အား ဝမ်းနည်းစိတ်မကောင်းစွာ နှုတ်ခွန်းဆက်သလိုက်သော ဦးမြို့တို့မိသားစုကို မြင်ယောင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်က ယဉ်ကျေးမှုနှင့်စာပေကို သင်ကြားပေးခဲ့သည့် ဉာဏ်ကောင်းလှသော မကြွယ်နှင့်မငယ်တို့ညီအစ်မကိုလည်း မြင်ယောင်လာသည်။

ကျွန်ုပ်၏ စေ့စပ်ပေးမှုကြောင့် ထန်းတောမှ ဖြစ်ခဲ့သော ရန်ညိုးကို မပြေနိုင်သော ဦးမြို့၏ရန်ဘက်ဦးဘိုးဉာဏ်တို့ကိုလည်း သတိရလှာမိသည်။ သူတို့အားလုံးသည် သူတော်ကောင်းစိတ်ဓာတ်ခံရှိသူများပင် ဖြစ်လေသည်။

ကျွန်ုပ်သည် ကပ္ပိယကြီးဘိုးအေးအား နောက်တစ်နေ့တွင် နှုတ်ဆက်စကားဆိုကာ ကျောက်တော်ကြီးဘုရားမှ ထွက်လာခဲ့၏။ ဦးဘိုးအေးမှာ လောကဓံအတွေ့အကြုံများ၍ ကျွန်ုပ်အား တည်ငြိမ်စွာ နှုတ်ဆက်ခဲ့ပေတော့သည်။

* * * * * *

ပခုက္ကူဘက်ကမ်းသို့ ရောက်သောအခါ ကျွန်ုပ်သည် ယခင်တစ်ခါက လိုက်ပို့ခဲ့သည့် ခင်လေး၏လှည်းယာဉ်လေးကို ရှာဖွေကြည့်မိသည်။ ထနောင်းပင်အောက်တွင် လှည်းတစ်စီးရပ်ထားသည်ကို တွေ့ရသည်။ လှည်းယာဉ်တော့ မဟုတ်ပါချေ။

ကျွန်ုပ်သည် ထိုလှည်းကြီးရှိရာ ထနောင်းပင်နားသို့ လာခဲ့သည်။ လှည်းပေါ်တွင် ထိုင်နေသူမှာ အသားမဲမဲ၊ အရုပ်ဆိုးဆိုးလူကြီးတစ်ယောက်ဖြစ်ရာ ကျွန်ုပ်မှာ လရောင်ဖြင့် ထင်ရှားစွာ တွေ့မြင်ရသောကြောင့် ထိတ်လန့်သွားမိသည်။

"ရေစကြိုကို လှည်းငှားချင် ပို့လား ခင်ဗျာ"

ရုပ်ရည်ပင်ဆိုးလှသော်လည်း လူမဲကြီး ကျွန်ုပ်ကို ချိုသာသော အသံဖြင့် မေးမြန်းလိုက်သည်။ ကျွန်ုပ်သည် တောစောင့်နတ်၊ တောင်စောင့်နတ်နှင့် ရှိသမျှနတ်ကောင်းနတ်မြတ်များအားလုံးအား ကျွန်ုပ် ပြုလုပ်ခဲ့သမျှ ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်တို့အား အမျှပေးဝေလိုက်၏။



"ဟုတ်ပါတယ် . . ကျုပ် အရင်တစ်ခေါက်လာတုန်းက ကျုပ်ရဲ့ အသိမိန်းကလေးက လိုက်ပို့ပါတယ်၊ ခု သူ မအားဘူးထင်ပါရဲ့"

ကျွန်ုပ်၏ စကားကြောင့် တစ်ကိုယ်လုံး မဲနက်နေသော လူက

"ဟုတ်ပါတယ် . . မမလေးတို့ မအားကြပါဘူး၊ ဒါကြောင့် ရသေ့ကြီးတစ်ပါး ကြွလာလိမ့်မယ်၊ ရေစကြိုရောက်အောင် လိုက်ပို့လိုက်ပါလို့ မှာလို့ပါ"

ကျွန်ုပ်သည် ခင်လေးမအားကြောင်း သိရ၍ အားလျော့သွားမိသည်။ သို့သော် ခင်လေးသည်လည်း သူ့ဘဝနှင့်သူ့တာဝန် ဆောင်ရွက်စရာများ ရှိနေပေလိမ့်မည်။

ကျွန်ုပ်၏ သပိတ်ကို ယူကာ အသားမဲကြုတ်နေသော လူက လှည်းပေါ်သို့ တင်ပေးသည်။ ကျွန်ုပ်အားလည်း ဖေးမကာ လှည်းပေါ်သို့ တင်ပေးသည်။

လှည်းစီးရသည့် အတွေ့အထိမှာ ယခင်အကြိမ်ကလို နူးညံ့သာယာဖွယ်ဟူ၍ မရှိတော့ပေ။ လှည်းကလည်း ကြမ်းသည်။

လူကလည်း ကြမ်း၍ လမ်းကလည်း ကြမ်းသောကြောင့် ကျွန်ုပ်မှာ လှည်းပေါ်မှ ပြုတ်ကျမသွားစေရန် ရုံတိုင်များကို လက်နှင့် ဆုပ်ထားသည်။

ကျွန်ုပ်၏ စိတ်ထဲတွင်လည်း ကိလေသာ(၁၀)ပါး ကျင်းခင်းတော်မူသော တဏှာဟူသမျှ ပယ်သတ်တော်မူနိုင်ထသော သဗ္ဗညုဘုရားရှင်၏ ဂုဏ်တော်ကိုသာ ရွတ်ပွားနေမိပါတော့သည်။

ကျွန်ုပ်သည် ရေစကြိုနှင့် ပခန်းနယ်၌ သီလကို အခြေပြုကာ ကျွန်ုပ် လိုချင်သော ဂန္ဓာရီကျင့်စဉ်နှင့် အလယ်ဘမ်းသို့ ရောက်အောင် ကြိုးစားအားထုတ်ရပေဦးမည်။

အိမ်းကြာသိုက်

www.burmeseclassic.com